လုံးချင်းဝတ္ထုသစ်

# မြူလဲသွယ်



တရားဝင် ချစ်သူ

လင်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၇၂၃၀၅၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၉၂၀၀၇၀၉ |
| အဖုံးဒီဇိုင်း | - | Lလင်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၀၉ ခုနှစ်၊ အောက်တိုဘာလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

၈၉၅ . ၈၃

မြပုလဲသွယ်

တရားဝင်ချစ်သူ/မြပုလဲသွယ်။ - ရန်ကုန်

စိုးမိုးစာပေ၊ ၂၀၀၉

၂၈၈- စာ ၊ ၁၂×၁၈ စင်တီ။

(၁) တရားဝင်ချစ်သူ

# အခန်း (၁)

အမြဲတမ်း စေ့ပိတ်ထားသော ဟော်နန်းစံအိမ်၏ နိုင်ခန့်ထည်ထဲသော ခြံဝင်းတံခါးကြီး နှစ်ချပ်စလုံး ဒီနေ့မှာတော့ ထူးထူးခြားခြား ပွင့်နေ၏။

ထိုထက်ပို၍ ထူးခြားသည်က ကြီးကျယ်ခမ်းနားခြင်း အဆောင်အယောင်တို့ အစဉ်ထာဝရ ပြည့်လျှမ်းနေသော ဟော်နန်းစံအိမ်ကြီး၏ အပေါ်ထပ်အောက်ထပ်ရှိ ပြတင်းတံခါးချပ်များအားလုံး တစ်ခုမကျန် ဖွင့်လှစ်ထားခြင်းဖြစ်သည်။ မြင့်မားစိမ်းညို့လျက် နေပြောက်မထိုးနိုင်သော သစ်ပင်ကြီးများ အုပ်ဆိုင်းမှိုင်းညို့နေသလို မှိုင်းသက်ရှုံ့ကဲသော လေနှင့် ကောင်းကင်ထုကလည်း ခြံဝင်းကျယ်ကြီးအတွင်းရှိ စုဝေးရောက်ရှိနေသည့် လူစုလူဝေးကို သနားကြင်နာစွာ ငုံ့ကြည့်နေသည့်နှယ်။

ယော်နန်းစံအိမ်၏ ခြံဝင်းကျယ်ကြီးထဲမှာ ကားရောင်စုံတွေ ရှိသလို လူတစ်စုသည် တိတ်တိတ်ဆိတ်ဆိတ် ငြိမ်သက်စွာ စုဝေး ရောက်ရှိနေသည်။

သို့သော်လည်း များပြားလှသော လူစုလူဝေးထဲတွင် မည်သည့်စကားသံမျှမရှိ။ ရယ်မောရွှင်ပျစ်လည်းမနေ။ ညှိုးနွမ်း ကြေကွဲသော မျက်နှာအမူအရာများမှာ တစ်ပုံစံထဲလို ရှိနေကြပြီး အားလုံး၏ အာရုံစူးစိုက်မှုကလည်း တစ်နေရာထဲကို စုဝေးရောက်ရှိ နေကြသည်။

"နောင် . . . ဝေ . . . ဝေ"

ကြေးစည်သံတစ်ချက် ပေါ်လာ၏။

ငြိမ်သက်နေသော လူစုလူဝေးတစ်ခုလုံး လှုပ်လှုပ်ရှားရှား ဖြစ်လာကာ နာရီကို ကြည့်သူကကြည့်၊ သံမဏိဝင်းတံခါးကြီး၏ အပြင်ကို လည်ကိုဆန့်၍ လှမ်းမျှော်ကြည့်သူကကြည့်နှင့် အလုပ် ရှုပ်သွားကြသည်။

ကျိတ်၍ ရှိုက်ငင်သံတချို့ ဟိုတစ်စ ဒီတစ်စ ပျံ့လွင့်လာ၏။ ကျလုဆဲဖြစ်သော မျက်ဝန်းအစုံမှ မျက်ရည်တို့မှာလည်း ဝမ်းနည်းကြေကွဲဖွယ်ဖြစ်သော ထိုကြေးစည်သံကပင် အလို အလျောက် လိမ်းလျှောစီးဆင်းစေသည့်အဖြစ်သို့ ရောက်ရှိစေခြင်း ဖြစ်သည်ကို ယော်နန်းစံအိမ်အတွင်းရှိ လူတိုင်း သိရှိနားလည်ကြလေ

နိုး:မိုး:၀၇၆ပ



သည်။

"အခုထိ ရောက်မလာသေးပါလား"

"အချိန်ကစေ့နေပြီဗျာ၊ ဘယ်လိုလုပ်ကြမလဲ"

"ဘယ်တတ်နိုင်ပါ့မလဲဗျာ၊ လုပ်စရာရှိတာတော့ ဆက် လုပ်ကြရမှာပဲပေါ့"

တိုးတိုးကျိတ်ကျိတ် စကားသံများနှင့်အတူ ဟင်းလင်းပွင့် နေသော ယော်နန်းစံအိမ်ကြီး၏ ခြံဝင်းတံခါးကြီးရှိရာသို့ လည်ကို ဆန့်၍ စောင့်မျှော်နေကြသော လူတစ်စုထံမှ သက်ပြင်းရှိုက်သံ ကိုယ်စီပျံ့လွင့်လာ၏။

သူတို့အားလုံး၏ အကြည့်တွေက အခုချိန်ထိ မည်သည့် အရိပ်အယောင်မျှ မမြင်မတွေ့ရသေးသော အိမ်ရှေ့လမ်းမကြီးသို့ ငုံ့တူနီးပါး ရောက်နေကြချိန်မှာ ဒုတိယမြောက် ကြေးစည်သံကို ကြားလိုက်ရပြန်သည်။

လှုပ်ရှားနေသော လူတစ်စုနှင့် ဆန့်ကျင်ဘက် ကျောက်ရုပ်တစ်ရုပ်ချထားသလို တည်ငြိမ်သော မျက်နှာထားဖြင့် တစ်ယောက်တည်း တိတ်ဆိတ်ငြိမ်သက်နေသူ တစ်ဦးကတော့ ရှိပါသည်။

ထိုသူက တခြားသူမဟုတ်။

ယော်နန်းစံအိမ်၏ ဦးရီးတော် ဦးစိုင်းဟိန္ဒ။

နိုး:မိုး:၀၇၆ပ

''ဟော…ဟိုမှာ ဟိုမှာ ရောက်လာပြီ''

''ရောက်လာပြီ''

''သူဌေးလေး ခွန်ရှေးလတ် ရောက်လာပြီ''

ပွင့်နေသော ခြံဝင်းတံခါးကြီးအတိုင်း အရှိန်ပြင်းစွာ ချိုးကွေ့ဝင်ရောက်လာသည့် အနက်ရောင် လင်ခရုဆာကားကြီးတစ်စီးကြောင့် အားလုံးလှုပ်ရှားသွားသည်။

အနက်ရောင် လင့်ခရုဆာကားကြီးက ဖုံအလိမ်းလိမ်းကပ်ငြိလျက် ခရီးဝေးမှ အပြင်းနှင်လာခဲ့ရခြင်းကို ဖော်ပြလျက်ရှိ၏။ အားလုံး၏ အကြည့်တွေက ကုန်းမြေမြင့်ပတ်လမ်းအတိုင်း စံအိမ်ကြီးရှိရာသို့ အရှိန်မလျှော့စတမ်း ကွေ့ပတ်မောင်းနှင်လျက် အပြင်းတက်လာသော ကားနက်ကြီးရှိရာသို့ အာရုံစူးနစ်နေခိုက်မှာပင်

အနက်ရောင် လင်ခရုဆာကားကြီးက ခမ်းနားကြီးကျယ်မှုအပေါင်းတို့ စုဝေးလျက်ရှိသော ဟော်နန်းစံအိမ်ကြီး၏ ရှေ့တည့်တည့်သို့ ခပ်ကြမ်းကြမ်း ထိုးဆိုက်ရပ်တန့်လိုက်ခြင်းဖြင့် သူ၏ခရီးကို အဆုံးသတ်လိုက်၏။

အားလုံးကြည့်နေဆဲမှာပင် ကားမောင်းသူနေရာက တံခါးချပ် ဖျတ်ခနဲပွင့်လာပြီး ထွားကြိုင်းမြင့်မားသောအရပ်၊ တည်ကြည်ခန့်ညားသော ဥပဓိရုပ်ဖြင့် နှစ်ဆယ်ကျော်အရွယ် လူတစ်ယောက်ဆင်းလာ၏။





ယောကျ်ားပီသစွာ ချောမောသော ရုပ်ရည်ပိုင်ရှင်ဖြစ်သလိုမျက်နှာပေါ်တွင် နှုတ်ခမ်းမွေး ပါးသိုင်းမွေးတို့ရှိနေသည့်တိုင် နုငယ်သောအသွင်ကိုက ဖုံးကွယ်နိုင်စွမ်းမရှိ။ မားမတ်ခန့်ညားသောခြေလှမ်းကျဲကြီးများဖြင့် မည်သူတစ်ဦးတစ်ယောက်ကိုမှ နှုတ်ဆက်ခြင်းမပြုဘဲ တိတ်ဆိတ်ငြိမ်သက်ခြင်းတို့ ကြီးစိုးလွှမ်းမိုးနေသည့်ဟော်နန်းစံအိမ်ကြီးအတွင်းသို့ ခြေလှမ်းမှန်မှန် နင်းလျှောက်လျက်ဝင်ရောက်သွားဟန်ကို အားလုံး ငေးမောကြည့်လျက် ကျန်ရစ်၏။

ကျိတ်၍ရှိုက်ငင်သံသဲ့သဲ့ ထွက်လာ၏။ ခွန်ရှေးလတ်ကအားလုံးကိုကျော်ဖြတ်ပြီး ဖခင်ကြီး၏ ခမ်းနားစွာ ပြင်ဆင်ထားသည့်ရုပ်ကလာပ်ရှေ့မှာ ဒူးထောက်ထိုင်ချလိုက်သည်။

အမွေးနံ့သာတို့ ထုံမွှန်လျက် ပန်းပေါင်းစုံကြားမှာ အိပ်ပျော်နေသကဲ့သို့ မှတ်ထင်ရသော ဖခင်ကြီးမျက်နှာကို နောက်ဆုံးကြည့်ခြင်းမျိုးဖြင့် တစိမ့်စိမ့် စူးစိုက်လျက် အကြာကြီး ငြိမ်သက်နေ၏။

ငယ်ရွယ်နုနယ်သော မျက်နှာလေးက ခရီးပြင်းနှင်လာခဲ့ရခြင်းကြောင့် ပင်ပန်းနွမ်းနယ်ဟန်ရှိသော်လည်း တည်ကြည်ခန့်ညားမှုတို့ဖြင့် ဝင့်ထည်ကာ တစ်မျိုးသောအသရေကို ဆောင်လျက်ရှိသည်။

''အစ်ကိုကြီးရေ…အစ်ကိုကြီးရဲ့၊ အချစ်ဆုံးသားပြန်လာပြီလေ ထကြည့်ပါဦး အစ်ကိုကြီးရဲ့''

"အစ်ကိုကြီး"

ကမ္ဘာမျက်မတတ် ငိုကြွေးလိုက်သည့် မိန်းမတစ်ယောက်၏အသံက ခွန်ရှေးလတ်နားထဲ လျှံသွားသည်။

"ကျေးဇူးရှင်ကြီးရဲ့ နန်းရဲ့အသက်သခင်ကြီးရယ်"

မိထွေးတော် ဒေါ်နန်းသိဂီ၏ ပဋာမြေလူးနေသည့် ဟန်အမူအရာတွေ။ အမှန်တကယ်ပဲ ရင်ထဲကပါလို့ ခံစားပြနေခြင်းလား။ သို့တည်းမဟုတ် မြောက်မြားလှစွာသော အမွေအနှစ်များ ဆက်ခံရရှိဦးမည့်အတွက် အများရှေ့မှာ လူတွေက သူ့ကို သနားလာအောင် ကရုဏာသက်လာအောင် ဟန်လုပ်ပြနေခြင်းလားဆိုသည်ကို ကာယကံရှင်ဖြစ်သော ဒေါ်နန်းသိဂီသာ သိပေမည်။

ဖေဖေ။

ဖေဖေရယ်။

ဟော်နန်းစံအိမ်ကြီးရဲ့ အရှင်သခင်။ စေတနာမေတ္တာတရားကြီးမား၍ စိတ်ကောင်းနှလုံးကောင်းရှိသော ဖခင်ကြီး။ ကိုယ်ကိုယ်တိုင် စည်းစနစ်ကျကျ နေထိုင်ခဲ့သူဖြစ်သည့်အတွက် သူ့စည်းကမ်းဖောက်ဖျက်သူများအပေါ်မှာလည်း ခွင့်မလွှတ်နိုင်အောင် ပြင်းထန်စွာ အပြ ပေးတတ်သူ။

တင်းမာရက်စက်ခြင်း၊ နူးညံ့ပျော့ပျောင်းခြင်း၊ လိုက်လျောချစ်ခင်ခြင်းနှင့် ခက်ထန်ပြတ်သားခြင်း ဆန့်ကျင်ဘက်များ၏ အရှင်





သခင်။

အခုတော့ သူ့အင်မတန် ချစ်ခင်မြတ်နိုးသော ဟော်နန်းစံအိမ်ကြီးနှင့်တကွ မြောက်မြားလှစွာသော စည်းစိမ်ချမ်းသာ၊ တာဝန်ဝတ္တရားများကို ထားရစ်စွန့်ပစ်ကာ သူ့အင်မတန် အလေးထားသော အရာများကို ကျောခိုင်းလျက် တမလွန်ဘဝခရီးကို ထွက်ခွာသွားခဲ့လေပြီ။

မောင်ရှေးလတ်…
မင်းဖေဖေ နေမကောင်း၍
ဟော်နန်းစံအိမ်ကို အမြန်ပြန်လာပါ။

ဦးကြီးစိုင်းဟိန္ဒ
ဟော်နန်းစံအိမ်

သူ့ကိုမတွေ့၍ သူ့အိမ်မှာ ထားပစ်ခဲ့သည့် ဦးကြီးစိုင်းဟိန္ဒ၏ လက်ရေးနှင့် စာတိုလေးတစ်စောင်။ ခရီးလွန်ပြီးပြန်ရောက်လာ မှ သူ့အခန်းထဲက စားပွဲမှာတွေ့ရသည်။ ဤမျှဖြစ်သွားလိမ့်မည်ဟု တွေးခဲ့။ နှစ်ရက်လောက် နောက်ထပ် အချိန်ဖြုန်းပစ်လိုက်ချိန်မှာ ခင်ကြီးက လူ့လောကကြီးထဲမှာ မရှိတော့။

ဖခင်ကြီးကို သင်္ဂြိုလ်မည့်နေရာနှင့် အချိန်နာရီအတိအကျ သိရပြီးနောက်မှာ ခွန်ရှေးလတ် ဟော်နန်းစံအိမ်ရှိရာသို့ အပြေးပြန် ာခဲ့ပေမယ့် ဤတစ်ကြိမ် ဟော်နန်းစံအိမ်ကို သူရောက်ရှိလာခြင်း

က ဖခင်ကြီးနှင့် သူတို့သားအဖ နောက်ဆုံးတွေ့ဆုံခြင်းမျှသာ။

သံသရာတစ်လျှောက်လုံး ပထမဆုံးနဲ့ နောက်ဆုံး တွေ့ဆုံရခြင်းဆိုလည်း မမှား။ ဘယ်သောအခါမှ ပြန်မဆုံနိုင်ကြတော့သည့် သားအဖဘဝ။ နောက်ဘဝတွေရှိ၍ ပြန်ဆုံတွေ့ခဲ့လျှင်တောင် တစ်ယောက်နှင့်တစ်ယောက် မသိနိုင်ကြတော့သည့်အဖြစ်တွေ။

ကျွန်တော့်ကိုခွင့်လွှတ်ပါ ဖေဖေရယ်။

ခွန်ရှေးလတ်ဆိုတဲ့ ဖေဖေ့သားဟာ ဖေဖေ့ကို တစ်ချိန်လုံး စိတ်ပင်ပန်းစေခဲ့ပေမယ့် ဖေဖေ့ကို ကျွန်တော်သိပ်ချစ်ခဲ့တဲ့သူပါ။

ဘာဖြစ်လို့များ ကျွန်တော်တို့နှစ်ယောက်ဟာ ဒီဘဝမှာ ဒီလိုအဖြစ်မျိုးတွေနဲ့ လာဆုံတွေ့ကြရတယ်ဆိုတာ ကျွန်တော်မသိဘူး။

တွေးလည်း ပြန်မတွေးချင်တော့ပါဘူး ဖေဖေ။

ဒါပေမယ့် ဖေဖေဟာ ကျွန်တော့်ဖေဖေပါ။

ဖေဖေ့ကို ကျွန်တော်ချစ်ပါတယ်။

ကျွန်တော့်ဘဝတစ်လျှောက်လုံး ဖေဖေကိုယ်တိုင် အမှတ်တရပေးခဲ့ဘူးတဲ့ မွေးနေ့လက်ဆောင် ဆွဲကြိုးလေးကိုပဲ ဖေဖေ့ကိုယ်စား ကျွန်တော်သွားလေရာ ကိုယ်နဲ့မကွာ အမြဲရှိစေခဲ့တာ ဒီနေ့ ဒီအချိန်အထိပဲဆိုတာ ဖေဖေသိရင်

ကျွန်တော်ဆိုးခဲ့၊ မိုက်ခဲ့သမျှကို ဖေဖေ နားလည်ခွင့်လွှတ်

နိုးမိုး၈၇၆၀



နိုင်မှာပါ။

ဖေဖေ့ကို ကျွန်တော် ကန်တော့ပါတယ်၊ ကျွန်တော်ပြုခဲ့သမျှ အပြစ်တွေအားလုံး ဒီနေရာကပဲ ဖေဖေ ခွင့်လွှတ်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ်။

မြင့်မြတ်တဲ့ ဘုံဘဝသာလျှင် ဖေဖေ့ဝိညာဉ်ရဲ့ နားခိုရာစစ်စစ် ဖြစ်နိုင်ပါစေ။

ပါးပြင်ပေါ် မျက်ရည်တစ်စက်မကျပေမယ့် တင်းကျပ်စွာဆုပ်ထားသည့် လက်သီးဆုပ်တွေနှင့် တောင့်တင်းလျက်ရှိသော သူ၏ခန္ဓာကိုယ်က နက်ရှိုင်းပြင်းပျသော ရင်ထဲက သောကထုထည်ကို အထိရောက်ဆုံး ဖော်ပြနေပါသည်။

"လူလေး မောင်ရှေးလတ်၊ မင်းဖေဖေကို ကန်တော့လိုက်တော့ အချိန်စေ့နေပြီကွယ်၊ သွားတဲ့လူက သွားပြီ၊ ကျန်ရစ်တဲ့လူတွေဂ လုပ်စရာရှိတာ ဆက်လုပ်ကြရဦးမယ်မဟုတ်လား၊ လူလေးဖေဖေကို နှုတ်ဆက်တော့ကွယ်၊ အပြင်မှာ လူတွေစောင့်နေကြပြီ"

ဖေဖေ့အစ်ကို ဦးကြီးစိုင်းဟိန္ဒ၏အသံ။ ခွန်ရှေးလတ်၏ ငယ်စဉ်ဘဝတစ်လျှောက်လုံး ဦးကြီးစိုင်းဟိန္ဒလက်ပေါ်မှာသာ အချိန်ကုန်ခဲ့ရသည့်အဖြစ်တွေ။ မှုန်သီရီရှိုင်းလျက် အိုစာသွားသော မျက်နှာနှင့် နီရဲစိုစွတ်သော မျက်လုံးတွေကိုကြည့်ပြီး ဖေဖေ့အတွက် ဦးကြီး

နိုးမိုး၈၇၆၀

ကိုယ်တိုင် အဘယ်မျှ စိတ်ထိခိုက်ကြေကွဲရကြောင်း သူ ကောင်းစွာ သဘောပေါက်လျက် နှုတ်ခမ်းကို တင်းတင်းစေ့ပါသည်။

ဖေဖေ့ကို နောက်ဆုံးနှုတ်ဆက်ခြင်းဖြင့် ကန်တော့လိုက်သည်။ သည့်နောက်တော့ ဦးကြီး၏ အစီအစဉ်အတိုင်း ဖေဖေ့ရုပ်ကလာပ်ကို မိသားစုမျိုးရိုးအစဉ်အဆက် ပိုင်ဆိုင်သည့် သင်္ချိုင်းမြေသို့ ပို့ဆောင်နှုတ်ဆက် ဂူသွင်းသဂြိုလ်ကြသည်။ စိမ်းလန်းစိုပြေ၍ အစဉ်အုံ့မှိုင်းညို့နေသော ဝက်သစ်ချပင်ကြီးအောက်မှာ လဲလျောင်းအိပ်စက်ခြင်းအဖြစ်မှာ ဘဝတစ်ခု၏ နောက်ဆုံးခရီးဖြစ်သည်။

အဘယ်မျှ ကြေကွဲဝမ်းနည်းဖွယ်ကောင်းသနည်း။ လောဘကြီးစွာ ဘဝတဏှာအတွက် မဆုတ်မနစ် ရှုပ်ရှုပ်ချွံချွံ လောကဓံတိုက်ပွဲများကို ပုံစံအမျိုးမျိုးဖြင့် ငယ်ဘဝ၊ ကြီးဘဝ၊ လူငယ်လူလတ် လူကြီးဘဝတို့၏ အဆုံးသတ် နိဂုံးချုပ်ရာ။

အလုပ်ဆိုတာ မဖေ့ဘဝပဲ။

အလုပ်မလုပ်နိုင်တဲ့နေ့ဟာ ဖေဖေ သေဆုံးတဲ့နေ့လို့ဆိုခဲ့သူ ဖေဖေ။

တကယ်လည်း အချိန်ပြည့် အလုပ်ကို နောက်ဆုံးအချိန်အထိ မနားတမ်းလုပ်ခဲ့သည့် ဖေဖေ။ ဒီအလုပ်တွေကြောင့်ပဲ လင်နဲ့မယား၊ သားအဖကြားမှာ စိတ်ဝမ်းကွဲစရာတွေ၊ သဘောထားတွေကွဲလွဲခဲ့ရသည့်အဖြစ်တွေအားလုံး အခုချိန်မှာ သူ့ခေါင်းထဲ အစီအရီ





ပေါ်လာပြန်သည်။

မေမေနှင့်သူ့ကြားက ပြဿနာတွေ။ မေမေ အသက်ရှိနေစဉ်ကာလတစ်လျှောက်လုံး ခွန်ရှေးလတ်ဆိုသည့် သူ့ကို မေမေက ဘယ်တုန်းကမှ ကိုကို့လောက် မချစ်ခဲ့ဘူးဟု ယုံကြည်စွဲမှတ်လက်ခံထားခဲ့သည်။ အခုတော့ ဖေဖေနှင့် သူ့ဘဝကြားမှာ အကြီးမားဆုံးသော ဆုံးရှုံးမှုကြီးဖြစ်ခဲ့ရပြီ။

ထိုအရာက သေခြင်းတရားဆိုသည့်အရာ။ လောကလူသားမှန်သမျှ ဘယ်သူမှ မလွန်ဆန်နိုင်သည့် နောက်ဆုံးခရီး။ လူစုလူဝေးကြီးက တဖြည်းဖြည်း ထွက်ခွာသွားကြသည်။ ဖခင်ကြီး၏ အုတ်ဂူဘေးမှာ ခွန်ရှေးလတ်နှင့် ဦးကြီးစိုင်းဟိန္ဒ။ မိထွေးဒေါ်နန်းသီဂီနှင့် အစ်ကိုဖနီးဖြစ်သူ မရီးဂျူလီယာတို့သာ ကျန်ရစ်သည်။ စိမ်းစိုသော ဝက်သစ်ချပင်ကြီးက သူတို့ခေါင်းပေါ်မှာ အုပ်မိုး၍။

ဦးကြီးစိုင်းဟိန္ဒက ခွန်ရှေးလတ်နှင့် မျက်နှာချင်းဆိုင်မှာ ရပ်နေ၏။ အုတ်ဂူလုပ်သော ပန်းရံဆရာများရှိရာသို့ သူကြည့်လိုက်သည်။ အခုတော့လည်း ဖေဖေသည် ဘာမှမဟုတ်တော့။ စိုင်းစံတစ်ဆိုသော အမည်ကလေးမှတစ်ပါး တခြားဘာဆိုဘာမှမဟုတ်တော့။

"ပြီးသွားပါပြီ"

အလွန်မောပန်းနွမ်းနယ်သည့် အသံဖြင့် ဦးကြီးက တိုးတိတ်စွာဆိုသည့်အတွက် ခွန်ရှေးလတ် အသာအယာ ခေါင်း ညိတ်လိုက်သည်။

''သူဖြစ်ချင်တာတွေ၊ သူစိတ်ချမ်းသာမယ့်ဟာတွေ အားလုံး တတ်နိုင်သလောက်တော့ လုပ်ပေးခဲ့ပြီးပါပြီ''

''ဦးကြီးကို ကျေးဇူးတင်ပါတယ်၊ ဖေဖေ့နောက်ဆုံးအချိန် မှာ ဖေဖေ့နားမှာ ဦးကြီးရှိနေတာဟာ ဖေဖေ့အတွက် အင်မတန် ကံကောင်းတယ်လို့ ဆိုရမှာပါ''

ဦးကြီးစိုင်းဟိန္ဒက ဘာမှမပြောဘဲ ခွန်ရှေးလတ်ကို တစ်ချက်လှမ်းကြည့်ပြီး ငြိမ်သက်စွာ ရပ်နေကြသည်။ ဖေဖေနဲ့ ပတ်သက်ပြီး ခွန်ရှေးလတ်ရင်ထဲမှာ ဘာမျှမရှိ။

ဟာလာဟင်းလင်း။ ဖေဖေနှင့် ခွန်ရှေးလတ်တို့၏ တမ်းတလွမ်းမောစရာ၊ နာကြည်းခါးသီးစရာ အတိတ်ခရီးအပိုင်းအစ များအားလုံး ခွန်ရှေးလတ်၏ အသည်းနှလုံးတွင် ခံစားခဲ့ရသမျှ ဖေဖေ၏ အုတ်ဂူအတွင်းမှာ ကျန်ရစ်ခဲ့ရပြီမဟုတ်လား။

အသက်ကို ပြင်းပြင်းရှူလိုက်သည်။

''ကျွန်တော်ပြန်မယ''

''ဘယ်ကိုလဲ''

''ကျွန်တော့်အိမ်ကိုပေါ့''





''အခုချိန်ထိ မင်း ဒီလိုယူဆနေတုန်းပဲလား ခွန်ရှေးလတ်''

ဦးကြီး ခေါင်းခါနေချိန်မှာ မိထွေးဖြစ်သူနှင့် မရီးဖြစ်သူက ခွန်ရှေးလတ်မျက်နှာကို ပြိုင်တူလှမ်းကြည့်လိုက်ကြတာကို မြင်လိုက် ရသည်။

''ဟော်နန်းစံအိမ်နဲ့ ပတ်သက်ပြီး မင်းနဲ့ငါ ဆွေးနွေးတိုင်ပင် စရာတွေ အများကြီးရှိသေးတယ်၊ တခြားဘယ်ကိုမှ မသွားပါနဲ့၊ ဦးကြီးနဲ့အတူ ဟော်နန်းစံအိမ်ကိုပဲ ပြန်လိုက်ခဲ့ပါ၊ အနည်းဆုံးတော့ မင်းအဖေဟာ မင်းအပေါ် ဘယ်လိုမျှော်လင့်ချက်တွေထားခဲ့တယ်၊ ဘာတွေဖြစ်စေချင်ခဲ့တယ်ဆိုတာလောက်တော့ မင်းသိသင့်တယ်''

''တစ်နည်းပြောရရင် သူ့နောက်ဆုံးအချိန်အထိ မင်းအပေါ် မှာထားခဲ့တဲ့ သူ့ရဲ့ဆန္ဒနဲ့ သူ့ရဲ့မျှော်လင့်ချက်တွေဆိုရင်လည်း မမှား ဘူး''

ခွန်ရှေးလတ်မှာ ပြောစရာစကားမရှိတော့ဟု သိလိုက် သည်။ လေးကန်သော ခြေလှမ်းများဖြင့် သုသာန်မြေကို ကျောခိုင်း ထွက်ခွာခဲ့သည်။ ဒရိုင်ဘာက ကားတံခါးကို ဖွင့်ပေးသဖြင့် ကားထဲ သို့ ဝင်ထိုင်လိုက်၏။ ကားတံခါးကို ပြန်ပိတ်ပေးပြီး မောင်းသည့် နေရာကို ပြန်သွားသည်။

ကားထဲမှာ ခွန်ရှေးလတ်တစ်ယောက်တည်း။ ကားကို နေရာက မောင်းလိမ့်လာ၏။

"ဘယ်ကိုမောင်းရမလဲခင်ဗျာ"

"အိမ်ကိုပဲမောင်း"

"ဟုတ်ကဲ့"

နောက်ကိုပြန်လှည့်ကာ နောက်ဘက်မှန်ကို ကျော်ပြီးကြည့်လိုက်သည်။ ဦးကြီးစိုင်းဟိန္ဒနှင့် မိထွေး ဒေါ်နန်းသီဂီ၊ မရီးဖြစ်သူ ဂျူလီယာတို့ လိုက်ပါလာသည့်ကားကို လှမ်းမြင်ရသည်။ မိထွေးဖြစ်သူက သူ့မျက်နှာကို လက်နှစ်ဘက်နှင့် အုပ်ထား၏။ ခွန်ရှေးလတ် စီးလာသည့်ကားက ကုန်းမော့လေးတစ်ခုသို့ ရောက်လာသဖြင့် နောက်ဘက်ရှိ မြင်ကွင်းအားလုံး ပျောက်သွားသည်။

စီးကရက်တစ်လိပ်ကို အားပါးတရ ဖွာရှိုက်လိုက်သည်။ ဖြစ်နိုင်လျှင် အားလုံးနှင့်ဝေးရာကို ပြေးချင်သည်။ ဖေဖေ အပြီးအပိုင် လဲလျောင်းသည့်နေရာ။ သေခြင်းတရားရှိရာအရပ်။ အိပ်မက်ဆိုးများ မက်ရာအရပ်။

ခွန်ရှေးလတ်အတွက် တမ်းတလွမ်းမောစရာများ တစ်ပုံတပင်ရှိနေသည်။ ဝေးရာမှာသာ နေလိုသည်။ သို့သော် စိတ်ရှိတိုင်း လုပ်၍မဖြစ်သော အကြောင်းများက သူ့စိတ်ဆန္ဒရိုင်းကို ချိုးနှိမ်လျက် စိတ်သွားတိုင်း ကိုယ်မပါနိုင်ခြင်း အဖြစ်ကို လေးပင်စွာ သက်ပြင်းရှိုက်ခြင်းဖြင့် အဆုံးသတ်လိုက်ရ၏။

* * *

## အခန်း (၂)

"ဒါ လုံးဝမဖြစ်နိုင်တဲ့ကိစ္စပဲ ဦးကြီးဟိန္ဒ၊ ကျွန်တော် ဖေဖေ့ကို ချစ်ပါတယ်၊ ဖေဖေကလည်း ကျွန်တော့်ကိုချစ်တယ်လို့ အကြွင်းမဲ့ယုံကြည်ပေမယ့် အခုကိစ္စကိုတော့ ကျွန်တော် ဘယ်လိုမှ မလိုက်လျောနိုင်ဘူး"

"ဖေဖေ့ရဲ့ဆန္ဒကို ဖျက်လိုဖျက်ဆီး လုပ်တယ်လို့ပဲ ပြောပြော၊ ဖေဖေ့ရဲ့နောက်ဆုံး မျှော်လင့်ချက်ဆိုတာ လုံးဝမဖြစ်နိုင်တဲ့ ကိစ္စပဲဗျာ၊ ဦးကြီး ကြိုက်သလိုသာ လုပ်ပါ၊ မနက်ဖြန် ကျွန်တော် ပြန်မယ်"

"နေရာတကာ စိတ်လိုက်မာန်ပါချည်း မဆုံးဖြတ်နဲ့လေ ခွန်ရှေးလတ်၊ အခုကိစ္စက ကလေးကစားသလို အခုဆုံးဖြတ်၊ အခု ဘည်ပြု၊ အခု ဖျက်သိမ်းလုပ်လို့ရတဲ့ ကိစ္စမျိုးမဟုတ်ဘူးဆိုတာ

လည်း နည်းနည်းပါးပါး စဉ်းစားဆင်ခြင်ဦးမှပေါ့ လူလေးရယ်"

"ကျွန်တော့်ဆုံးဖြတ်ချက်ကတော့ နောက်ထပ်ပြောင်းလွဲဖို့ရာ အကြောင်းမရှိတော့ပါဘူး ဦးကြီး"

"မဟုတ်သေးပါဘူးလေ၊ မင်းဘက်က ဒီလိုဆုံးဖြတ်ရင် ဒီယော်နန်းစံအိမ်ကြီးနဲ့ တခြားစီးပွားရေးလုပ်ငန်းတွေအားလုံး မင်းဘယ်လိုလုပ်မှာလဲ"

သူ တစ်ချက်ပြုံးလိုက်သည်။

အခုချိန်ထိ ဦးကြီးဟိန္ဒကုက ခွန်ရှေးလတ်အကြောင်း ကောင်းကောင်းမသိသေးပါလားဟုလည်း တစ်ပြိုင်ထဲ တွေးသည်။ ဘုရားသခင်ပြီးလျှင် ငွေဆိုတာ လူသားတိုင်းရဲ့ သည်းခြေကြိုက်။ ဒုတိယ တန်ခိုးရှင်ဆိုတာ မှန်ပေမယ့် ငွေနောက်ကို အသည်းအမည်း လိုက်နေသူထဲမှာ ခွန်ရှေးလတ်ဆိုသည့် သူမပါ။

ကြီးမားကျယ်ပြန့်သော ဖခင်ကြီး၏ များပြားလှသော စီးပွားရေးလုပ်ငန်းတွေကိုလည်း ဘာတစ်ခုမှ စိတ်မဝင်စား။ စည်းစိမ်ချမ်းသာ အမွေအနှစ်များကို သူတစ်ဦးတည်း ရယူပိုင်ဆိုင်လိုစိတ်လည်း မဖြစ်ခဲ့။ ထိုအရာတွေကို ဆက်ခံရယူပိုင်ဆိုင်ချင်သူက ဖေဖေ့သားကြီး စိုင်းယီ။

ဖေဖေ့မယားကြီးက မွေးသည့် ဖေဖေ၏ တစ်ဦးတည်းသော သားကြီးဩရသ။ တစ်ချိန်လုံး ခွန်ရှေးလတ်အပေါ်မှာ ရန်လို





နေသည့် အစ်ကိုကြီး။ ဖေဖေ့ ဒုတိယမယားမှမွေးသော ခွန်ရှေးလတ်က အစ်ကိုဖြစ်သူ စိုင်းယီအတွက် အကြီးမားဆုံးသော အနှောင့်အယှက်ကြီးဖြစ်ခဲ့ရသည်။ အဖေတူ အမေကွဲဆိုသည့်စိတ်ဖြင့် ငဲ့ညှာမှုမရှိ။ ခွန်ရှေးလတ်ကိုရော ခွန်ရှေးလတ်မိခင်အပေါ်မှာပါ စိုင်းယီတို့သားအမိနှစ်ယောက်က မတူမတန်သလို နှိမ့်ချဆက်ဆံခဲ့တာတွေ။

လူကြားသူကြားမရှောင် အရှက်ခွဲခဲ့တာတွေအားလုံး မနေ့တစ်နေ့ကလို ခွန်ရှေးလတ်ရင်ထဲမှာ လတ်ဆတ်ခံစားနာကျင်နေရဆဲဖြစ်သည်ဆိုလျှင် ယုံကြည်ချင်ကြပါမည်လား။ ဖေဖေက ခွန်ရှေးလတ်တို့ သားအမိဘက်က ကာကွယ်ရပ်တည်ပေးခဲ့သည်ဆိုပေမယ့် ဒေါ်စဝ်ဝတီနှင့် အစ်ကိုဖြစ်သူ စိုင်းယီတို့ကတော့ ဖေဖေ့ကွယ်ရာမှာ မနာလိုမှု၊ ရန်ငြိုမှု၊ နှိမ့်ချစော်ကားမှုတွေနှင့် တွေ့သည့်နေရာ တွေ့သည့်အချိန် ခွန်ရှေးလတ်တို့ သားအမိအပေါ် အချိန်ပြည့်ရန်လိုမုန်းထား အငြိုးကြီးစွာ လက်တုံ့ပြန်ခဲ့သည်။

ကြားထဲက ခြေစသပ်ဖြစ်ရသူက ခွန်ရှေးလတ်တို့သားအမိ။ ဖေဖေနှင့် အိမ်မှာတစ်ခုခု အဆင်မပြေလို့မှာတော့ ခွန်ရှေးလတ်တို့ သားအမိ နေစရာမရှိအောင် ဒေါ်စဝ်ဝတီတို့သားအမိက အငြိုးထားသည်။ အလုပ်များသော ဖေဖေ့ကြောင့် ကိစ္စတိုင်း လိုက်ပြောနေ၍ မဖြစ်။

သားအမိနှစ်ယောက်ထဲ ဖြစ်လာသမျှ ရင်စည်းခံသည်။

တတ်နိုင်သမျှ သူတို့သားအမိနှင့် ဝေးဝေးရှောင်သည်။ လူမြင်ကွင်းမှာ မဆုံမိအောင်နေသည်။ ပထမဆုံး ခွန်ရှေးလတ် သူ့ဘဝသူ နာကြည်းလာသဖြင့် ဟော်နန်းစံအိမ်နှင့် ဝေးရာ တခြားတစ်မြို့ တစ်ရွာသို့ ပြောင်းပြေးခဲ့ကြသည်။

လိုအပ်သည့် ငွေကြေးပမာဏနှင့်တကွ သူတို့သားအမိအတွက် တိုက်တစ်လုံး၊ ကားတစ်စီး အားလုံး ဖေဖေကိုယ်တိုင် ဝယ်ပေးသည်။ ခွန်ရှေးလတ်ကို စာကြိုးစားသင်ဖို့ ပြောပေမယ့် ထိုနှစ်မှာပင် မေမေဆုံးသည်။ ရောဂါက နှလုံးရောဂါ။ ဆေးကုချိန်ပင် ကြာကြာမရလိုက်။ မေမေ့ရောဂါက ကျွမ်းနေပြီ။

မေမေ့နောက်ဆုံးခရီးကို ဖေဖေ ရောက်မလာခဲ့။ ခွန်ရှေးလတ် ဖေဖေ့ကို စိတ်နာသွားသည်။ မေမေ အခုလိုဖြစ်ရသည့်ကိစ္စတွေထဲမှာ ဖေဖေ့တာဝန်မကင်း။ ဖေဖေ့ကြောင့် သူတို့သားအမိ ရွှေပေါ်မြတင် စည်းစိမ်ချမ်းသာအပြည့် နေထိုင်ရပေမယ့် ဒေါ်စင်ဝတီတို့သားအမိကြောင့် အမြဲမပျော်ရွှင်နိုင်ဘဲ ပူလောင်ခဲ့ရသည်။

ဖေဖေသာ ဒီကိစ္စမှာ ပိုင်နိုင်စွာ အရေးယူနိုင်ခဲ့မည်ဆိုလျှင် ဆိုသည့်အတွေးနှင့် မေမေဆုံးပြီးထဲက ခွန်ရှေးလတ် ဖေဖေနှင့် ဆန့်ကျင်မှုတွေ တစ်ခုပြီးတစ်ခု လုပ်ပြသည်။ လူတော်လူကောင်းဖြစ်စေချင်သည့် ဖေဖေ့ဆန္ဒနှင့် ဆန့်ကျင်ဘက် ဖေဖေ့ရှေ့မှာ တမင်ဆိုးသည်။ မိုက်သည်။ အရွဲ့တိုက်သည်။ ဖေဖေက မေမေဆုံးပြီး





နောက်မှာ ခွန်ရှေးလတ်ကို ဟော်နန်းစံအိမ်မှာ သူနှင့်အတူနေဖို့ခေါ်သည်။

ခွန်ရှေးလတ်က တစ်ခုမှ လက်မခံ။

သူ့ဘဝနှင့်သူ ပျော်အောင်နေသည်။

ဖေဖေနှင့်တွေ့သည့်အချိန်၊ တွေ့သည့်နေရာမှာ လူဆိုးလူမိုက် လုပ်ပြသည်။ မူးရူးပေတေ လေလွင့်ပြသည်။ ခွန်ရှေးလတ်နှင့် ပတ်သက်သမျှ ဖေဖေ ဘယ်တုန်းကမှ စိတ်မချမ်းသာခဲ့ရ။

ဖေဖေဘာပြောပြော ခွန်ရှေးလတ်က လက်မခံ။ ဖေဖေက ဖြူဆိုလျှင် သူက မည်းသည်။ ဖေဖေက အေးတော့ သူက ပူသည်။ ဒီလိုအနေအထားမှာ ဖေဖေ ရုတ်တရက် ဆေးရုံတက်လိုက်ရတော့ ဖေဖေ့စီးပွားရေးလုပ်ငန်းနှင့် များပြားလှသော အမွေအနှစ်တွေကို တစ်ဦးတည်း အပိုင်သိမ်းနိုင်ဖို့ ဒေါ်စင်ဝတီနှင့် သားအမိက ရှေ့နေရှေ့ရပ်နှင့် အပိုင်သိမ်းဖို့ ကြိုးစားကြသေးသည်။

ကံတရားက သူတို့သားအမိဘက်မှာ မရှိတော့ ကြံစည်တိုင်း ဖြစ်မလာဘဲ ဖေဖေ ပြန်နေကောင်းလာသည်။ ခွန်ရှေးလတ်ကို မုန်းတီးသည့် အမုန်းနှင့် ဖေဖေနှင့် ပတ်သက်သည့် မည်သည့် ပိုင်ဆိုင်ခွင့်ကိုမှ မပေးလိုသော ဒေါ်စင်ဝတီတို့သားအမိ သဘောထားကိုသိပေမယ့် ဖေဖေ ဘာမှမပြော။ အစ်ကိုစိုင်းယီနှင့် သူ့ချစ်သူဂျူလီယာတို့ လက်ထပ်ပွဲကို အကောင်းဆုံး အခမ်းနား အဖိုးအတန်

ဆုံး တိုက်တွေ ကားတွေနှင့် ဂုဏ်ပြုလက်ဖွဲ့သည်။ လုပ်ငန်းတချို့ လွှဲပေးခဲ့သည်။

ဒေါ်စိဝတီက သူပိုင် စိန်ရွှေရတနာတွေ ချွေးမကို ခွဲပေးသည်။ သားအမိတစ်တွေ ပျော်မဆုံး၊ မော်မဆုံးအချိန်ကာလများဟု ဆိုလျှင်မမှား။ ငွေကြေးချမ်းသာကြွယ်ဝသော်လည်း မောက်မာသော သဘောထားရှိ၍ ရက်စက်ကြမ်းကြုတ်သော စိတ်နှလုံးသားရှိသူများ ဖြစ်သည့်အတိုင်း လူမုန်းများသော ဒေါ်စိဝတီတို့သားအမိ စီးလာသည့်ကားကို ဘရိတ်ဖောက်ပြီး လုပ်ကြံခံရသဖြင့် သားအမိ နှစ်ယောက်စလုံး ဘဝဇာတ်သိမ်းက မလှ။

ဂျူလီယာမှာ သမီးတစ်ယောက်က ကျန်ခဲ့သည်။ ထိုကလေးလေး သုံးနှစ်ပြည့်ချိန်မှာ ဖေဖေ ဆုံးသည်။ ဖေဖေ မကွယ်လွန်မီ ဖေဖေ့နောက်ဆုံးဆန္ဒအရ ခွန်ရှေးလတ်နှင့် မရီးဖြစ်သူ ဂျူလီယာကို လက်ထပ်ပြီး ဟော်နန်းစံအိမ်နှင့်တကွ မြောက်များလှစွာသော စီးပွားရေးလုပ်ငန်းများ၊ အမွေအနှစ်ပစ္စည်းမြားကို နှစ်ဦးအတူ အမွေဆက်ခံအုပ်ချုပ်ရန် ရှေ့နေနှင့် တရားဝင်စာချုပ်ချုပ်ဆိုထားသည်။

ဖေဖေ့သဘောကို ဦးကြီးဟိန္ဒကလည်း သဘောတူသည်။ သူကိုယ်တိုင်ကလည်း ဦးလေးလူပျိုကြီးမို့ အမွေဆက်ခံစရာမရှိ။ ဒီကြားထဲ ကျန်းမာရေးကလည်း ကောင်းလှသူမဟုတ်။



ဖေဖေ့လို ကျန်းကျန်းမာမာ ငယ်ရွယ်သူပင်လျှင် သေမင်းခေါ်ရာနောက် ကောက်ကောက်ပါအောင် လိုက်သွားရပုံကို မြင်တွေ့ရတော့ ဦးကြီးဟိန္ဒက သံဝေဂရ ထိတ်လန့်ပြီး တရားဘက်ကို ကူးချင်နေသည်။ အမွေထိန်းရသည့်အလုပ်ကို မလုပ်ချင်။

ညီဖြစ်သူ ဦးစိုင်းစံတစ်နှင့် တစ်သဘောထဲအတိုင်း ဟော်နန်းစံအိမ်၏ တစ်ဦးတည်းသော အမွေဆက်ခံမည့်သူအဖြစ် ခွန်ရှေးလတ်ကို မရီးဖြစ်သူ ဂျူလီယာနှင့် လက်ထပ်ပြီး သူကတော့ လွတ်ရာကျွတ်ရာ တရားစခန်းမှာ အချိန်ကုန်နေချင်သည်။

ညီဖြစ်သူ ရက်လည်ပြီးနောက်မှာ တူဝရီးနှစ်ယောက် ထိုကိစ္စကို အခြေအတင် ဆွေးနွေးတိုင်ပင်ညှိနှိုင်းသည်။ ဦးဟိန္ဒ မျှော်လင့်ထားသည့်အတိုင်း ခွန်ရှေးလတ်က ခါးခါးသီးသီးငြင်းသည်။ သူတို့ဖြစ်စေချင်သလို ဒီလိုကိစ္စမျိုး ခွန်ရှေးလတ်ဘက်က အလွယ်တကူ လိုက်လျောလိမ့်မည်မဟုတ်မှန်းသိသဖြင့် သူတို့ဘက်ကလည်း ကြိုတင်ပြင်ဆင်စရာရှိတာ ပြင်ဆင်ထားပါသည်။

အခု ဦးဟိန္ဒထင်သည့်အတိုင်း ဖြစ်လာပြီမို့ ခွန်ရှေးလတ် မျက်နှာကိုသာ စိုက်ကြည့်နေလိုက်သည်။ သူဘာပြောမည်နည်း။ သူပြုံးတာ မြင်ရသည်။ လောကကြီးကို အရွဲ့တိုက်သော ပမာမခန့်အပြုံး။

"ဦးကြီးက ကျွန်တော့်ကို ငွေမက်တဲ့ကောင်လို့ ထင်နေ

လို့လား၊ မေမေကျွန်ခဲ့တဲ့ အမွေတစ်ပြားမှ မရရင်နေပါစေ ကျွန်တော် မလုပ်နိုင်တာဆို ဘာတစ်ခုမှ မလုပ်ဘူး"

"မင်းဆိုလိုတာက ဒီအိမ်ကြီးရော လုပ်ငန်းတွေကိုပါ ဂျူလီယာကို အပိုင်ပေးခိုင်းနေတာလား"

"ဒါက ဦးကြီးသဘောပါ၊ ကျွန်တော့်သဘောကို ထပ်မေးမနေနဲ့တော့၊ ဒီအိမ်ကြီးမှာလည်း ကျွန်တော် မနေဘူး၊ အမွေကိုလည်း မမက်ဘူး၊ ဦးကြီးတို့ စီစဉ်တာတွေလည်း မလိုက်နာနိုင်ဘူး"

"ဒီတော့ ကျွန်တော် ဒီနေ့ပဲပြန်ပါရစေ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ"

ဆုံးဖြတ်ချက်ချပြီးလျှင် မပြင်တတ်သော စိုင်းစံတစ်၏ သွေး ပီသစွာ ကားသော့ကိုဆွဲပြီး သူ့ဦးကြီးဟိန္ဒကို နှုတ်ဆက်ကျောခိုင်းပုံက ပေါ့ပေါ့ပါးပါး။ သက်တောင့်သက်သာ။

တစ်ချိန်လုံး ပေတောလေလွင့်ပြီး ဟော်နန်းစံအိမ်ကို အဆက်ဖြတ်ထားပြီး သူလုပ်ချင်ရာလုပ်၊ သူသွားချင်ရာသွားနေသည့် ခွန်ရှေးလတ်။ ဖခင်ကြီးရင်ထဲက အပူသောကကို မသိသလို ဦးကြီးဖြစ်သူ ရင်ထဲက စိုးရိမ်ဗျာပါဒကို နားမလည်သောကလေး။

အခုလည်း ထင်ရာစိုင်းသည့် ဉာဏ်အတိုင်း ဟော်နန်းစံအိမ်က ထွက်ခွာသွားသည်နှင့် ဖမ်းလို့မရအောင် ခြေဦးတည့်ရာ

ဝိုးမိုး ၀၁၆ပ



လေလိုလွင့်ချင်ရာ လွင့်ဦးတော့မည်။ ထွက်သွားပြီးလျှင် နောက်ကြောင်း ပြန်လှည့်ကြည့်တတ်သူမျိုးမဟုတ်။

နာကြည်းခဲ့ရသော သူ့ဘဝ၏ အတိတ်ဆိုးထဲက ရုန်းမထွက်နိုင်သူ။ ဒီလိုဖြစ်ခဲ့ရအောင် ဒေါ်စဝ်ဝတီတို့သားအမိဒဏ်ကို အရွယ်နှင့်မမျှအောင် အလူးအလဲ ခံခဲ့ရသည်။ ဦးစိုင်းစံတစ်ကလည်း အပျော်မယားတွေ မှိုလိုပေါက်အောင် ထားခဲ့တော့ ခွန်ရှေးလတ်တို့ သားအမိကို ကောင်းကောင်းပြန်မကြည့်နိုင်ခဲ့။ အလုပ်မအားတာလည်း ပါပေမယ့် အငယ်တွေဆီ သွားနေရတာလည်း ပါသည်။

တရားဝင်လက်ထပ်ယူခဲ့သည့် မိန်းမသုံးယောက်ရှိသည်။ ပထမမိန်းမက ဒေါ်စဝ်ဝတီနှင့် သားတစ်ယောက်ရသည်။ ဒုတိယမိန်းမအဖြစ် ခွန်ရှေးလတ်၏မိခင် ဒေါ်နန်းလတ်။ တတိယအငယ်ဆုံးမယားက ဒေါ်နန်းသီဂီ။ သူ့ကိုတော့ ထိုက်သင့်သည့်အမွေခွဲပေးပြီး ဟော်နန်းစံအိမ်မှာ မထားတော့။ ငွေပုံပေးလိုက်သည်။

ငွေမက်၍ယူထားသည့် မိန်းမဖြစ်သည့်အတိုင်း ရင်ကော့ပြီး ခပ်ပြုံးပြုံးဆင်းသွားကာ နောက်လူတစ်ယောက်နှင့် တွဲနေသည်။ ဒါက ပြဿနာမရှိ။ ဂျူလီယာက တစ်ဦးတည်းသောသမီး။ ဖခင်မရှိ။ မိခင်က အသက်ကြီးပြီဆိုတော့ အားကိုးတိုင်ပင်ဖော်မရ။

ဆက်ခံရရှိမည့်အမွေတွေက သူမပိုင် အများအပြားရှိသလို စိုင်းယီနှင့်ပတ်သက်သည့် အမွေအနှစ်တွေကြောင့်လည်း သူတို့

ဝိုးမိုး ၀၁၆ပ

နှစ်ယောက် ဥမကွဲသိုက်မပျက် လက်ဆက်ပြီး ဟော်နန်းစံအိမ် အမွေဆက်ခံမည့်သူများအဖြစ် ထားရှိစေလိုခဲ့တာဖြစ်ပေမယ့် ခွန်ရှေးလတ်နှင့်မရ။

“ရပ်လိုက်စမ်း ခွန်ရှေးလတ်၊ မင်းကို အခုချိန်ကစပြီး ဟော်နန်းစံအိမ်ထဲကနေ ဘယ်ကိုမှ သွားခွင့်မပြုနိုင်ဘူး”

ခွန်ရှေးလတ်က ဦးဟိန္ဒစကားကို နားထောင်ခြင်းမပြု၊ သွားမြဲသွားသည်။

“ဟေ့…မောင်အိုက်တူး၊ သူ့ကို ချက်ချင်းဖမ်းလိုက်စမ်း”

“ဟုတ်ကဲ့ပါ”

လူစာစ်ယောက် ရိုပ်ခနဲ ရောက်လာကာ နောက်ဆုံးမြင် လိုက်ရသည်။

“ဟာ…ဟိတ်လူ ဒါဘာလုပ်တာလဲ”

“ဒုတ်”

“အား”

အဖြစ်အပျက်တွေက လျင်မြန်သလို အိုက်တူးကလည်း လက်ယဉ်ပါသည်။ ဦးဟိန္ဒ မျက်ရိပ်ပြလိုက်တာနှင့် ကြိုပြီးတိုင်ပင် ထားသည့်အတိုင်း သူ့ကားရှိရာသွားနေသည့် ခွန်ရှေးလတ်ရှေ့ကု ပိတ်ရပ်ကာ လက်ဝါးစောင်းဖြင့် ရိုက်ချလိုက်ရာ အလစ်အငိုက်မိ သွားသဖြင့် ဘာတစ်ခွန်းမှ မပြောနိုင်ဘဲ သတိမေ့သွား၏။



“သူ့အခန်းထဲပို့ပြီး သော့ခတ်ထားလိုက် အိုက်တူး”

“ဟုတ်ကဲ့”

ခွန်ရှေးလတ်ခန္ဓာကိုယ်ကြီးကို ပေါ့ပါးစွာ လွှားခနဲ သယ်ယူသွားသူက အိုက်တူး။ ဦးဟိန္ဒကိုယ်တိုင် လိုက်သွားပြီး အခန်းသော့ကို သိမ်းယူလိုက်သည်။

ခုတင်ပေါ်မှာ အိုက်တူးလက်ချက်ဖြင့် သတိမေ့နေသော ခွန်ရှေးလတ်၏ ငယ်ရွယ်နုနယ်သော မျက်နှာလေးကို အခန်းထဲက မထွက်ခင် တစ်ချက်စိုက်ကြည့်ခဲ့သည်။

“ဦးကြီးကိုခွင့်လွှတ်ပါ လူလေး၊ ဒီလိုမှမလုပ်ရင် ဟော်နန်းစံအိမ်ရဲ့ အနာဂတ်ဟာ တွေးဝံ့စရာမရှိအောင် ပျက်သုန်း သွားလိမ့်မယ်ဆိုတာ မင်းသိမှာပါ”

“ဂျူလီယာကိုပဲ လက်ထပ်ပါ။ တခြားဘယ်ကိုမှ မသွား ဘဲ ဟော်နန်းစံအိမ်ကြီးရဲ့ အရှင်သခင်ရာထူးကို ကျေကျေနပ်နပ်ကြီး လက်ခံယူလိုက်စမ်းပါဆိုတဲ့ စကားကလွဲပြီး ဦးကြီးမှာ တခြားပြော စရာမရှိပါဘူးကွယ်။ မင်းကို ဦးကြီးချစ်ပါတယ်”

* * *

## အခန်း (၃)

လောကကြီးတစ်ခုလုံး ဘာတွေဖြစ်ကုန်ပြီနည်း။ ဘဝမှာ မကြားဘူးတာတွေ ကြားပြီး မကြုံဘူးတာတွေ လာကြုံနေရသည့် အဖြစ်မို့ ကိုယ့်အဖြစ်ကို မခံချိမခံသာ တစ်ချက်မျှ လှောင်ရယ်လိုက်မိ၏။

ဟော်နန်းစံအိမ်၏ အကျဉ်းသားဘဝ သူ့ကို ကလေးပေါက်စတစ်ယောက်လို သူ့စိတ်သူ့သဘောနှင့် သွားချင်ရာသွားခွင့်မရအောင် လူမိုက်အုပ်စုနှင့် အခန်းထဲမှာ လှောင်ပိတ်ထားသူကလည်း တခြားသူမဟုတ်။ ခွန်ရှေးလတ်၏ ဦးကြီးအရင်းခေါက်ခေါက် ဦးကြီးဟိန္ဒကိုယ်တိုင်။

"အဟတ်...ဟား ဟား"

သူ အော်ရယ်ပစ်လိုက်သည်။



အသက်ကြီးကြီး ဦးလေးလူပျိုကြီးမို့ ဘာဆိုဘာမှမသိ။ ့တစ်ယောက်စိတ်ခံစားချက်ကို နားမလည်။ သူ့သဘောနှင့်သူ ျူလီယာကို လက်ထပ်ဖို့အတွက် ခွန်ရှေးလတ်ကို အခန်းထဲမှာ လှောင်ပိတ်သော့ခတ်ထားပုံက ရယ်ရခက်၊ ငိုရခက်။

ဦးကြီးဟိန္ဒ နားလည်သည်က သူ့ညီစကားအတိုင်း ာသွေမတိမ်း လိုက်နာစေချင်သည့် စိတ်ဆန္ဒ။ ဟော်နန်းစံအိမ်၏ ာစ်ဦးတည်းသော အမွေဆက်ခံသူဖြစ်သော ခွန်ရှေးလတ် သူ့မျက်စိ ရှေ့မှ မပျောက်ကွယ်ရေး၊ ဂျူလီယာနှင့် ခွန်ရှေးလတ်တို့ သူ့မျက်စိ ရှေ့မှာ အမြန်ဆုံးလက်မှတ်ရေးထိုး လက်ထပ်ရေးဆိုသည့် အရေး ကြီးဆုံးအချက်မှ တစ်ပါး တခြားဘာမှတွေးပုံမရ။

ဦးကြီး ကျန်းမာရေးမကောင်းတာ သူသိသလို သူ့ကို ညီအဖြစ် ဘယ်တုန်းကမှ မသတ်မှတ်ဘဲ အမြဲရန်သူတစ်ယောက်လို ဆက်ဆံခဲ့သော အစ်ကိုစိုင်းယီမိန်းမကို သူ့လိုလူတစ်ယောက်က ာယ်သောအခါမှ လက်ထပ်မည်မဟုတ်ကိုလည်း ဦးကြီး သိသင့် သည်။

ဖေဖေကိုယ်တိုင် မဖြစ်နိုင်တာကို တောင်းဆိုသွားသည့် ကိစ္စအဖြစ် နာကြည်းစွာ ပြုံးရုံမှတစ်ပါး သူ့မှာ ဘာခံစားချက်မျှ ရှိ။ အမွေဆိုတာ စံထိုက်မှ စံရတာမျိုး။ ဖွတ်အတင်းလုယူချင်လို့ ရတာ အစ်ကိုစိုင်းယီတို့သားအမိအဖြစ်က သက်သေရှိသည်။

ငွေရလျှင် ဘနဖူးသိုက်တူးရ တူးရဆိုသည့်လူတွေထဲ ခွန်ရှေးလတ်မပါ။ သူနေရာမှာ အစ်ကိုစိုင်းယီသာလျှင်တော့ အခု ဦးကြီးဖြစ်စေချင်သည့်ဆန္ဒ၊ ဖေဖေ့နောက်ဆုံး မျှော်လင့်ချက်ကို မလွဲမသွေ ပျော်ပျော်ကြီး လိုက်လျော ဖြည့်ဆည်းပေးလိမ့်မည်။

သူက အစ်ကိုစိုင်းယီမဟုတ်တော့ ခက်သည်။ ဦးကြီး ပြောသမျှ မနာခံ။ ဖေဖေပြောသလိုလည်း မဖြစ်။ နောက်ဆုံး စိတ်ညစ်ညစ်ဖြင့် ဦးကြီးက သူထွက်မပြေးအောင် အခုလို ကြိုတင် စီစဉ်ထားပုံရသည်။ ဦးကြီးကို နောက်ထပ်မတွေ့ရတော့ သူ့အခန်း ထဲမှာရော အခန်းပေါက်ဝမှာရော ယော်နန်းစံအိမ်ကြီးအနှံ့ ဦးကြီးဟိန္ဒ သူ့လူတွေ အစောင့်ချထားသည်။

ကိုယ်ခံပညာ ကျွမ်းကျင်သူမို့ ခွန်ရှေးလတ်ကိုယ်တိုင် တစ်ယောက်နှင့်အများ နိုင်အောင် မတိုက်နိုင်။ နှစ်ခါတိတိထွက် ပြေးဖို့ ကြိုးစားသည်။ မရ။ သူ့ထက် သန်မာထွားကြိုင်းသည့် လူတွေက ခွန်ရှေးလတ်ကို ကြက်ကလေး ငှက်ကလေး ဖမ်းသလို ဖမ်းပြီး အခန်းထဲပြန်ထည့်ပြီး သော့ခတ်ပိတ်သိမ်းလိုက်ကြသည်။

ဦးကြီးနှင့် လူချင်းမတွေ့ပေမယ့် ဖုန်းတော့ပြောလို့ရသည်။ ဒါကလည်း တခြားကို ဖုန်းဆက်တာဆို ခေါ်လို့မရအောင် လိုင်းကို ဖြတ်တောက်ပစ်သည်။ ဦးကြီးမှတစ်ပါး တခြားဘယ်သူနှင့် ပြောဆို ဆက်သွယ်ခွင့်မရ။ ပထမတော့ ဒေါသဖြစ်ဖြစ်နှင့် အခန်းထဲရှိသမျှ



ဆုရိုက်ဖောက်ခွဲပြီး အော်သည်၊ ဟစ်သည်။

အကျိုးဆက်က လူပဲမောတာ အဖတ်တင်သည်။ သူလုပ် ချင်ရာလုပ်၊ ဘယ်သူမှ တုတ်တုတ်မလှုပ်။ လာလည်းမမေး။ ဘာမှ လည်းမပြောကြ။ နောက်ဆုံး ဦးကြီးထံ ဖုန်းဆက်သည်။

"ဘယ်လိုလုပ်တာလဲဗျာ၊ ဦးကြီး စိတ်ထင်ရာ လျှောက် လုပ်နေတာနဲ့ ကျွန်တော်တော့ ရူးချင်နေပြီ"

"ကျွန်တော့်ကို တံခါး အမြန်ဆုံးလာဖွင့်ပေးပါ ဦးကြီး၊ ပြောတဲ့အတိုင်း မလုပ်ရင်တော့ ဦးကြီး အခုလိုလုပ်နေပုံကို ရဲစခန်း ကို အကြောင်းကြားရလိမ့်မယ်"

"မင်းပြောချင်တာ ဒါပဲလား"

"ဂျူလီယာကို ကျွန်တော်မယူနိုင်ဘူး၊ ဒီမိန်းမကို ယူဖို့ အတွက် ကျွန်တော့်ကို အခုလို အခန်းထဲ ပိတ်လှောင်ပြီး သော့ခတ် ထားတာဆိုရင်တော့ ဦးကြီး သိပ်ကိုလွန်နေပြီဗျာ"

"ဦးကြီး အသက်ကြီးနေပါပြီ လူလေး၊ စိတ်ရှုပ်တာ စိတ်ညစ်လည်း မခံနိုင်တော့ဘူး၊ မင်းသာ တို့ညီအစ်ကိုနှစ်ယောက် ရဲ့စကားကို နားထောင်မယ်ဆိုရင် မင်း အခန်းထဲမှာပို့ထားတဲ့ စာချုပ် နှစ်စောင်မှာ လက်မှတ်ထိုးပြီးတော့သာ အပို့ခိုင်းလိုက်"

"ဦးကြီးကိုယ်တိုင် မင်းကို ချက်ချင်း တံခါးဖွင့်ပေးမယ်၊ ယော်နန်းစံအိမ်ရဲ့ အမွေဆက်ခံခွင့်တစ်ဦးတည်းသော မျိုးဆက်က

မင်းပဲ၊ မင်း ဒါကို သေချာစဉ်းစားပါ''

''ဦးကြီး''

သူ ဘာမှမပြောရသေးခင် ဦးကြီးက အရင်ဦးအောင် ဖုန်းကိုချသွားတာမို့ ခံပြင်းဒေါသတွေနှင့် ဆူဝေပြီး ကျန်ခဲ့သည်။ သူက သွေးဆူနေသလောက် ဦးကြီးလေသံက ခပ်အေးအေး။ အမှား လုပ်ထားသည့်လူမှာ မည်သူနည်း။

ခွန်ရှေးလတ်က ပြောရင်းပြောသည့်အတိုင်း လုပ်သလို ခွန်ရှေးလတ်၏ ဦးကြီးကလည်း ဗူးဘိုဖရုံမသီးတော့။ ထိုသူနှစ်ဦး ထိပ်တိုက်တွေ့သည့်ပွဲမှာ မည်သူကမျှ အရှုံးပေးမည်မဟုတ်မှန်း သိသည်။

ဟူး…။

အခုမှ ပြဿနာပါလား။

ဦးကြီးကတော့ ခွန်ရှေးလတ်ကို သူဖြစ်ချင်တာကို ဖွတ်ဖြင် အောင် ဖန်တီးစီရင်နေပါရောလား။ အလွယ်နှင့် အရှုံးပေးလျှင် သူ ခွန်ရှေးလတ် မဟုတ်တော့။ ဦးကြီးချသွားသောဖုန်းကို ချက်ချင်း ကောက်နှိပ်လိုက်သည်။

''ဦးကြီး''

''ပြော မောင်ရှေးလတ်''

''ဂျူလီယာနဲ့ အခုချက်ချင်းတွေ့ဖို့ စီစဉ်ပေးပါ



နှစ်ယောက်တည်းနော်၊ ကျွန်တော် သူနဲ့အရင်ဆွေးနွေးမယ်''

ဦးကြီးဟိန္ဒဘက်က ဘာမှပြန်မပြောဘဲ အကြာကြီးငြိမ် သွားသည်။ သမာသမတ်ကျသော ခွန်ရှေးလတ်၏ စကားအသွား အလာက အဓိပ္ပာယ်ရှိသည့်အတွက် ခွင့်ပြုစကားဆိုလိုက်၏။

''ကောင်းပြီ၊ အခုပဲ ဂျူလီယာကို လူလေးတွေ့ချင်တဲ့ အကြောင်း ပြောလိုက်မယ်''

နာရီဝက်အတွင်း သူမျက်စိရှေ့သို့ ဂျူလီယာရောက်လာ သည်။ ငယ်ရွယ်လှပသော ဂျူလီယာကိုယ်တိုင် ကလေး တစ်ယောက်အမေဟု မထင်ရအောင် အလှအပတွေကို ထိန်းသိမ်း ထားနိုင်သူဖြစ်သည်။

''ဂျူလီယာကို တွေ့ချင်လို့ဆို''

''ဟုတ်တယ်၊ ဆွေးနွေးတိုင်ပင်စရာလေးလည်း ရှိလို့ဆိုပါ တော့၊ ထိုင်ပါဦး''

ဂျူလီယာက လှပစွာ သူနှင့် မျက်နှာချင်းဆိုင် ခုံတစ်လုံး မှာ ဝင်ထိုင်ရင်း ခွန်ရှေးလတ်မျက်နှာချောချောကို အကဲခတ်နေ သည်။ ဦးကြီးခေါ်လို့ ရောက်လာပေမယ့် ခွန်ရှေးလတ်နှင့် ယော်နန်း စံအိမ်ကြီးထဲက အဖြစ်အပျက်တွေကို ဘာတစ်ခုမှ မသိသေး။ ကိုယ့်ကို ဦးကြီးဟိန္ဒက အကျယ်ချုပ်ချုပ်ပြီး သူလူတွေနှင့် ဖမ်းထား လို့ဆိုသည့် စကားကလည်း ဂျူလီယာလို မိန်းကလေးတစ်ယောက်

ကို ခံပြောပြရန် သင့်တာမျိုးမဟုတ်။

ဘာဖြစ်လို့ ဦးကြီးက အခုလိုလုပ်ရတာလဲဟု မေးလာခဲ့လျှင် ခွန်ရှေးလတ်က သူမကို လက်မထပ်ချင်လို့ဆိုသည့် အဖြေစကားကို သူမကိုယ်တိုင်လည်း နှစ်သက်မည်မထင်။

"ကလေးရော"

"အိမ်မှာ သူ့အဘွားနဲ့နေခဲ့တယ်လေ၊ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး"

"ဖေဖေရေးသွားတဲ့ သေတမ်းစာကို ဂျူလီယာလည်း သိပြီးသားပဲ၊ ကိုယ် ဂျူလီယာကို ခင်ပါတယ်၊ မိတ်ဆွေသူငယ်ချင်းတစ်ယောက်လိုလည်း ဆောင့်ရှောက်နိုင်သားပဲ၊ လက်ထပ်ဖို့ကိစ္စတော့ မဖြစ်နိုင်ဘူး"

"ရှေးလတ်မှာ ချစ်ရမဲ့သူ ရှိနေလို့လား"

"ဟုတ်တယ်၊ ကိုယ့်မှာချစ်သူရှိတယ်၊ ဆက်ထပ်ဖို့လည်း ကတိပေးထားခဲ့ပြီးပြီ၊ ကိုယ်ပြောတာ ဂျူလီယာနားလည်လား"

ဂျူလီယာ ငိုင်သွားတာကို သူငေးကြည့်နေသည်။ တကယ်တော့ ဂျူလီယာမှာရော သူမသမီးလေးမှာပါ အပြစ်မရှိခြင်းကို ခွန်ရှေးလတ်ကိုယ်တိုင် လက်ခံသည်။ ငွေမက်ပြီး ကိုယ်မချစ်သည့် မိန်းမတစ်ယောက်ကို ဖွတ်နစ်ပြီး လက်ထပ်ရအောင်လည်း မမိုက်မဲ။

"အဲဒီတော့ ရှေးလတ် ဘာလုပ်ချင်လဲ"



"စာချုပ်အရဆိုရင် ဖေဖေ့စကားကို နားမထောင်တဲ့ ကိုယ့်အနေနဲ့ အမွေပစ္စည်းတွေကို စွန့်လွှတ်ရုံပေါ့"

ဂျူလီယာက ခွန်ရှေးလတ်၏ ယောကျ်ားပီသစွာ ခန့်ညားချောမောသော မျက်နှာကို စူးရှနက်ရှိုင်းစွာ စိုက်ကြည့်သည်။

"ရှေးလတ်ကိုယ်တိုင် အဲဒီလိုလုပ်မယ်လို့ ဆုံးဖြတ်ထားလား"

"မတတ်နိုင်တဲ့အဆုံးမှာပေါ့လေ၊ ကိုယ် ငွေမမက်ဘူး ဂျူလီယာ၊ ပိုက်ဆံအတွက် မိန်းမတစ်ယောက်ကို တကယ်မချစ်ဘဲနဲ့ အသုံးချရုံသက်သက် ရက်ရက်စက်စက် နင်းချေမပစ်ချင်ဘူး"

"ဂျူလီယာကိုယ်တိုင်က ကျေနပ်တယ်ဆိုရင်ရော"

"ဂျူလီယာ"

အံ့ဩသောမျက်နှာနှင့် ဂျူလီယာကို လှမ်းကြည့်လိုက်တော့ ဂျူလီယာက ချစ်စရာကောင်းအောင် ပြုံးသည်။

"ခွန်ရှေးလတ်ဆိုတဲ့လူကို ဂျူလီယာ တစ်ခါမှ မမြင်ဘူးခင်ထဲက စိတ်ဝင်စားခဲ့ရတဲ့သူပါ၊ အပြင်မှာတွေ့လိုက်ရတော့လည်း လူအများစု ပြောစမှတ်ပြုအောင် ရှေးလတ်မှာ ဆွဲဆောင်မှုအပြည့်ရှိနေတာပဲ"

"ဂျူလီယာ ဝန်ခံပါတယ်၊ ရှေးလတ်ကို ဂျူလီယာ စိတ်ဝင်စားတယ်၊ ဒါဟာ ဂျူလီယာအတွက် ကံဆိုးတာလည်း

ဖြစ်ချင်ဖြစ်နိုင်တာပဲ၊ ဒါပေမယ့် ဂျူလီယာကျေနပ်တယ်ဆိုရင် ရှေးလတ် ဘာပြောဦးမလဲ"

သူပြုံးလိုက်သည်။

ဂျူလီယာကလည်း မခေပါပဲလား။ သူခေါင်းတစ်ချက်ညိတ်လိုက်ပြီး ဂျူလီယာ့မျက်နှာကို စိုက်ကြည့်လိုက်တော့ ဂျူလီယာက သူ့အကြည့်ကို လွှဲဖယ်ခြင်းမပြုဘဲ ခပ်ရဲရဲတုံ့ပြန်စိုက်ကြည့်ပါသည်။

"ပြောရမယ်ဆိုရင် ဂျူလီယာ ကံဆိုးတယ်ဆိုတာ တကယ်ပဲလို့ပဲ ပြောချင်တယ်၊ ကိုယ် ဂျူလီယာ့ကို လက်ထပ်မှာ မဟုတ်ဘူး"

"ဖေဖေပေးခဲ့တဲ့ အမွေတွေအားလုံးကို ဂျူလီယာ တစ်ယောက်တည်း ယူလိုက်တော့လို့ ပြောချင်တာလား"

"ဒါပဲရှိတာပေါ့"

"ကိုယ်နဲ့ထိုက်လို့ရလာတဲ့ အမွေပစ္စည်းတွေကို ပျော်ပျော်ရွှင်ရွှင်သုံးပြီး ကျန်းမာစွာနေရစ်ပါ၊ ကိုယ်သွားမယ်"

"ဘယ်ကိုလဲ"

"ဒီလိုပဲ ခြေဦးတည့်ရာပေါ့"

"ခွန်ရှေးလတ်"

ဂျူလီယာ အလန့်တကြား လှမ်းအော်ပေမယ့် ခွန်ရှေးလတ်

နိုး:နိုး:၀၇၉ပ



...ည့်မကြည့်တော့။ နှစ်ယောက်တည်း သီးသန့်ဆုံတွေ့ခွင့်ရသည့် ...ခန်းထဲက ပြတင်းတံခါးရှိ သံပိုက်လုံးကတစ်ဆင့် ပေါ့ပါးဖျတ် ...တ်စွာ မြေပေါ်သို့ ဖျတ်ခနဲ ခုန်ချလိုက်ပုံကို ဂျူလီယာ အံ့သြစွာ ...ိုက်ကြည့်နေသည်။

"ဟာ...ဟိုမှာ ဟိုမှာ"

"လိုက်..လိုက်"

လူတစ်စု ဝေါခနဲ ပြေးလိုက်သွားတာ မြင်ရသလို ...ရှေးလတ်ရှေ့က ဦးဆောင်ထွက်ပြေးသွားတာကို ကြည့်ရင်း ဂျူလီ...ာ အခန်းထဲက ပြေးထွက်ခဲ့သည်။

တစ်ခုခုတော့ တစ်ခုခုပဲဟု တွေးလိုက်မိပေမယ့် အခြေ...နေကို ဤမျှရှုပ်ထွေးနက်ရှိုင်းလိမ့်မည်ဟု ဂျူလီယာကိုယ်တိုင်...ည်း မသိခဲ့။

"ဦးကြီးဟိန္ဒ...ဦးကြီး"

ဟော်နန်းစံအိမ်ကြီး၏ အရှင်သခင်ဖြစ်လာမည့်သူကို ...ည်သူမည်ဝါမှန်းမသိသော လူတစ်အုပ်က အပြေးအလွှား လိုက်လံ...မ်းဆီးနိုင်သည့် အခွင့်အာဏာကို ပေးနိုင်မည့်သူက တစ်ယောက်...ရှိသည်။

ထိုသူက ဦးကြီးဟိန္ဒမှတစ်ပါး တခြားမရှိ။ ဟော်နန်းစံအိမ်...ကြီးထဲမှာ ဂျူလီယာမသိနိုင်အောင် ဘာတွေဘယ်လိုဖြစ်နေသနည်း။

နိုး:နိုး:၀၇၉ပ

ချက်ချင်းလိုပင် ဦးကြီးဟိန္ဒူဖုန်းကို လှမ်းဆက်သည်။ ဖုန်းကိုင်မည့်သူ မရှိ။

ဂျူလီယာ သူမကားရှိရာ ပြေးသွားသည်။ နေရာက ကားကို ဝေါခနဲ ခပ်ကြမ်းကြမ်းမောင်းအထွက်မှာ မြင့်မားမတ်စောက်သော တောင်စောင်းအတိုင်း အပြေးဆင်းလာသည့် ခွန်ရှေးလတ်နှင့် သူ့နောက်အပြေးလိုက်လာသူ လူတစ်စု။ မိုလုမှိုခင် အနေအထားက အသည်းယားဖွယ်။

"ကျွိ"

"ကားပေါ်တက် ရှေးလတ်၊ ကားပေါ်တက်"

"မောင်း...မောင်း"

"ဝေါ"

"ကျွီး"

အသင့်ရပ်ပေးသည့် ဂျူလီယာ့ကားပေါ် ခုန်အတက် နောက်ကလူကလည်း ခွန်ရှေးလတ်ကို လှမ်းခုန်အဖမ်း ကားက တောင်ကုန်းအတိုင်း ဝေါခနဲ လိမ့်ဆင်းပြေးထွက်သွားတာမို့ ဂျူလီယာ့ကားနောက်မှာ အလဲလဲအပြိုပြို ဖြစ်ကျန်သည့် လူတစ်စု ကျန်ခဲ့သည့်အခိုက်မှာပင်

"ဟင် နောက်ကလိုက်လာကြပြန်ပြီ"

ကားတစ်စီး ဝူးခနဲ ပြေးထွက်လာပြီး လဲကျနေသူတွေ





ကားပေါ်ရောက်သွားကာ သူတို့ကားနောက် အရှိန်ပြင်းစွာပါလာတာကြောင့် ခွန်ရှေးလတ် စိတ်ညစ်သည့်ကြားမှ ကိုယ့်အဖြစ်ကိုယ် သဘောကျစွာ ရယ်မိသေးသည်။

ဦးကြီးဟိန္ဒူကတော့ ခွန်ရှေးလတ်ကို နည်းနည်းမှ အလွတ်ပေးမည့်ပုံမပေါ်ပါလား။

"နောက်က ကားလိုက်လာပြီ၊ ဘယ်လိုလုပ်မလဲ ရှေးလတ်"

"ရှေ့လမ်းကွေ့အချိုးရောက်ရင် ဂျူလီယာကားကို ကွေ့လိုက်၊ ကိုယ်ဆင်းနေခဲ့မယ်၊ ဂျူလီယာက ဟန်မပျက် ကားကို ဆက်မောင်းသွား"

"မောင်းသွားတာက ဟုတ်ပါပြီ၊ အခု ရှေးလတ်ဘာဖြစ်နေတာလဲ၊ သူ့တို့ကရော ဘယ်သူတွေလဲ၊ ဘာဖြစ်လို့ ရှေးလတ်ကို"

"ကျွီး"

"ဝေါ"

"တီ...တီ"

လူတစ်ယောက် ကားရှေ့မှ ရိပ်ခနဲပေါ်လာသည့်အတွက် ဂျူလီယာကားကို ဘရိတ်ဆောင့်နင်းလိုက်ရသဖြင့် တိတ်ဆိတ်သော ဝန်းကျင်မှာ ဆူညံသော ကားဘရိတ်ဖမ်းသံက ဖုံးလွှမ်းသွားသည်။

ခွန်ရှေးလတ် ဖျတ်ခနဲ ဂျူလီယာကားပေါ်က ဆင်းလိုက်
သည်။ ပြီးတော့ ဘယ်သူမှ သတိမထားခင် သူတို့ကားနှင့်
ဘေးချင်းယှဉ်ရပ်ထားသည့် ကားနှစ်စီးကို အကာအကွယ်ယူကာ
ရပ်ထားသည့် တခြားကားတစ်စီးပေါ် တက်ပြီး ကားနောက်ခန်းမှာ
သူ့ကိုယ်ကြီးကို လှဲအိပ်ချလိုက်သည်။

ဂျူလီယာကား ဆက်ထွက်သွားသလို ပြစ်တင်စကားသံ
ကားဟွန်းသံတွေ ဆူညံသွားသည်။ ခွန်ရှေးလတ် တက်မိတက်ရာ
တက်လာသည့်ကားပေါ်မှာ ကားမောင်းသည့် လူတစ်ယောက်ထဲ
သာပါသဖြင့် အဆင်ပြေစွာ အိပ်လိုက်လာခဲ့သည်။ ညကလည်း
အိပ်ရေးပျက်၊ စိတ်မောလူမော ပင်ပင်ပန်းပန်း ပြေးလွှားလာရခြင်း
ကြောင့် လှုပ်သိပ်သလို ဖြစ်နေသည့် ကားပေါ်မှာ တစ်ခဏအတွင်း
မှာပင် စိတ်ချလက်ချ အိပ်ပျော်သွားသည်။

* * *

## အခန်း (၄)

"ဟယ်…ဒါက ဘယ်လိုဖြစ်တာလဲ"

အသံလေးတစ်သံ။

အံ့သြဟန်ဖြင့် စူးစမ်းဟန် အကြည့်လေးတစ်ခုဖြင့် ကား
နောက်ခန်းမှာ ခပ်ကွေးကွေးအိပ်နေသည့် လူကို စေ့စေ့ကြည့်နေမိ
သူက ခမ်း။ ဘယ်အချိန်ထဲက သူမကားပေါ်ရောက်နေမှန်း မသိ
လိုက်သလို၊ ဘယ်အချိန်မှာ ဤမျှ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေ
သည် မသိရသောအဖြစ်။

စိတ်ညစ်ညစ်နှင့် ကားလျှောက်မောင်းပြီး ခြေဦးတည့်ရာ
သွားနေမိပါသည်ဆိုမှ ပြဿနာက ခမ်း၏ကားပေါ်မှာ အကောင်
သိုက် ရောက်နေ၏။ အကြောင်းမသိလျှင် ခမ်းကပဲ မိုင်းမောခြ်က
ထွက်လာပြီး ယောကျ်ားခိုးပြေးလာသလိုလိုပါလား။

"အပွန်း"

ကိုယ့်အတွေး ကိုယ်သဘောကျစွာ ခမ်း ပြုံးရယ်လိုက်သည့်အခိုက်မှာ ခမ်းအနားကို ရေးကြီးသုတ်ပျာ အမူအရာနှင့် ခြံစောင့်ကြီး ဦးဘစံ ရောက်လာသည်။

"ဘယ်လိုလုပ်လိုက်တာလဲ ကလေးရယ်၊ ဟိုမှာ ကလေးပျောက်လို့ အားလုံး ခေါင်းတောက်နေကြပြီ၊ မောင်နန္ဒဆို ဖုန်းဆက်နေတာ အကြိမ်ပေါင်းမနည်းတော့ဘူး၊ တော်ပါသေးရဲ့ကွယ် မက်မွန်မြိုင်ကို ချောချောမောမော ရောက်လာလို့"

"ခမ်းပါ အဘစံရဲ့၊ ဘာမှမဖြစ်ပါဘူး"

ခမ်းမျက်နှာလှလှလေးက အပြုံးမပျက်။

အဘစံက ခြံတံခါးကို အကျယ်ကြီးဆွဲဖွင့်သည်။ ပါးစပ်ကလည်း ခမ်းကို မနားတမ်း အပြစ်တင်သည်။ ခမ်း၏ကားကို မြင်လိုက်ရုံဖြင့် ဤမျှ ရေးကြီးသုတ်ပြာ ဖြစ်နေလျှင် မိုင်းမောခြံတွင် ဆိုဖွယ်ရာမရှိဟု သိလိုက်သည်။ ကားကို နေရာမှ မောင်းထွက်လိုက်သည်။

"ဝူး…ဝရော"

"မောင်နန္ဒဆီကို ချက်ချင်းဖုန်းဆက်လိုက်ဦးနော် ကလေး"

"အဘစံပဲ ပြောလိုက်ပါ၊ ခမ်း အနားယူချင်ပြီ"

[redacted]



ကားနောက်ပိုင်းမှာ ခမ်းအသံချိုချိုလွင်လေး ပျံ့လွင့်ကျန်ရစ်ခဲ့သည်။ ဒါက ခမ်းစတိုင်လ်။ ခမ်း မလုပ်ချင်တာဆို ဘာတစ်ခုမှ ဖွတ်နှစ်ခိုင်းလို့မရ။ ဗူးဆို ဖရုံမသီးတတ်သည့် ခမ်း။ ဒါကိုသိရက်နဲ့ ခမ်းကိုမှ ပြဿနာရှာရက်သူက အစ်ကိုနန္ဒ။

အခုမှ စိတ်ပူနေလို့မကလို့ ရူပဲလောင်ကျွမ်းကျွမ်း။ ခမ်းက ဂရုစိုက်မည့်သူမဟုတ်။ အခုကိစ္စမှာ ခမ်းဘက်က ဘာတစ်ခုမှ အမှားမရှိ။ အမှားကို ကျူးလွန်သူက အစ်ကိုနန္ဒကိုယ်တိုင်သာ။ ကားကို အိမ်ရှေ့တည့်တည့်မှာ မရပ်ဘဲ ဂိုဒေါင်ထဲ တစ်ခါထဲ မောင်းသွင်းလိုက်သည်။

ကားထဲမှာ ပြဿနာထုပ်က ရှိနေသည်။ ဒါကို ဘယ်သူမှ မသိစေလို။ အချိန်တန်လို့ အိပ်ရာကနိုးလာလျှင် သူ့နည်းသူဟန်ဖြင့် မက်မုံမြိုင်ထဲက ပြန်လည်ထွက်ခွာသွားလိမ့်မည်ဟု ယုံကြည်သည်။ ခမ်းရဲ့ကားပေါ်ကို ရောက်လာတုန်းကလည်း ခမ်းမသိ။ ပြန်ထွက်သွားတော့လည်း ခမ်း သိစရာမလို။

ကိုယ့်ပြဿနာကိုယ် ရှုပ်ထွေးနေတာမို့ တခြားလူကို ပြဿနာရှာလိုစိတ်လည်းမရှိ။ သူ့ပြဿနာကို ကိုယ်ကရှင်းလျှင် ကိုယ်ပါ ရှုပ်ရတော့မည်။ ဒီလိုအဖြစ်မျိုး အလိုမရှိ။ ကားတံခါးကို ဖွင့်ပြီး ဆင်းလိုက်သည့်အခိုက်မှာ ကားနောက်ခန်းထဲကလူက လှုပ်ရှားလူးလွန့်လာ၏။

[redacted]

ဒီလူ အိပ်ရာကနိုးပြီပဲ။

လက်ကလေးပိုက်ပြီး ကားထဲကလူကို ငုံ့ကြည့်လိုက်တော့ ချောမောလှပသော ခမ်းမျက်နှာလှလှလေးကို အံ့သြစွာစမ်းဟန် တုံ့ပြန်ကြည့်ရင်း လဲလျောင်းနေရာက ထလာသည့်လူကို ကြည့်နေမိသည်။

"ကျုပ် ဘယ်ကိုရောက်နေတာလဲ"

အကြောက်အလန့်မရှိ။

စိုးရိမ်ထိတ်လန့်ခြင်းကင်းသည့် မျက်နှာက ပကတိတည်တည်ငြိမ်ငြိမ်။ ဥပမိရုပ်က အမိုက်စားဖြစ်သလို ဝတ်စားထားသည့် အဝတ်အစားကြပြန်တော့လည်း တော်ရုံလူမသုံးနိုင်သည့် နာမည်ကြီးတံဆိပ်တွေ။ ခမ်းကိုမေးလိုက်ပုံကလည်း အေးအေးသက်သာ သူ့ပုံစံ၊ သူ့စတိုင်လ်ကို ကြည့်ပြီး တော်ရုံလူ ဖြုံသွားနိုင်သော စွမ်းအားတစ်မျိုး လွှမ်းခြုံထားနိုင်သူ၏ မျက်နှာချောချောကို တစ်ချက်ကြည့်ပြီး သက်ပြင်းရှိုက်လိုက်၏။

"ရှင် ဘာလို့ ကျွန်မကားထဲ ရောက်နေလည်းဆိုတာ ကျွန်မမေးလည်း မမေးဘူး၊ ရှင်လည်းမဖြေပါနဲ့၊ အကြောင်းကိစ္စ တစ်ခုခုကြောင့်ဆိုရင်လည်း နောက်တစ်ခါ ထပ်ပြီး ကျွန်မနဲ့ပတ်သက်ဖို့ မကြိုးစားပါနဲ့"

"ရှင် သွားနိုင်ပါပြီ"





မျက်လုံးလေးတွေ မြရောင်စိမ်းလဲ့နေသလို စကားပြောပုံကလည်း စိမ်းရင့်လှသော မိန်းမချောလေးကို စိုက်ကြည့်ရင်း ခွန်ရှေးလတ် တစ်ချက်ပြုံးပြီး ပခုံးနှစ်ဖက်ကို တွန့်ပစ်လိုက်သည်။

ပြီးတော့ ကားတံခါးကိုဖွင့်ဆင်းပြီး ခန္ဓာကိုယ်ကို အညောင်းအညာဆန့်ရင်း သူရောက်ရှိနေသည့် နေရာဝန်းကျင်ကို နူးရှုတော်ပသော မျက်လုံးများဖြင့် ဖျတ်ခနဲ ဖျတ်ခနဲ ဝေ့ဝိုက်အကဲခတ်ကြည့်ရှုလိုက်သည်။

ခြံကြီးကကျယ်သလို သစ်ပင်ဥယျာဉ်တွေကလည်းလှသည်။ ပန်း၏သခင်မ ပိုလှသည်။ သူရောက်ရှိနေသည့်နေရာက ကားဂိုဒေါင်တစ်ခု။ ကားတစ်စီးနှင့် မိန်းမလှလေးတစ်ယောက်။

"ဟား အခုမှပဲ စိတ်ထဲလန်းသွားတော့တယ်၊ ညက ပြေးရလွှားရနဲ့ လူလည်း စိတ်ရောအတော်ပင်ပန်းသွားတယ်၊ မင်းကားနဲ့သာ မတွေ့ခဲ့ရင် အခုချိန်ဆို ဘာတွေဘယ်လို ဖြစ်နေမယ်ဆိုတာ ကျုပ်ကိုယ်တိုင်လည်း တပ်အပ်သေချာ မပြောနိုင်ဘူး"

"ရှင့်အကြောင်း ကျွန်မ စိတ်မဝင်စားဘူးလို့ ပြောပြီးပြီလေ"

"ကိုယ်က ပြောချင်နေတယ်ဆိုရင်ရော"

"သိပ်ကို ဝမ်းနည်းစရာတွေ ဖြစ်ကုန်မှာပေါ့ရှင်၊ ရှင့်လိုလူတစ်ယောက်ကို ရဲလက်အပ်ပြီး ကျွန်မကိုယ်ကျွန်မ စစ်လား

ဆေးလားလုပ်လာမှာမျိုး နည်းနည်းမှ သည်းမခံနိုင်ဘူးရှင့်"

"မင်းကိုကြည့်ရတာ သိပ်စိတ်မရှည်ဘူးထင်တယ်၊ ကျုပ်လည်း သိပ်ပြီးသည်းခံတတ်တဲ့ လူစားမျိုးမဟုတ်ဘူးဆိုတော့ မင်းနဲ့ အတူတူပဲလို့ ဆိုရမှာပေါ့လေ"

လေသံက ဝဲပေမယ့် နားထောင်လို့ကောင်းသလို လူပုံကလည်း ချောသည်။ အရမ်မြင့်မြင့်ကြီးက ခမ်းကိုယ်ပေါ် အုပ်မိုးလုမတတ်။ ခမ်းက စကားမပြောချင်ပါဘူးဆိုမှ တမင်သက်သက် ခမ်းကို ရှည်ရှည်ဝေးဝေး စကားတွေပြောနေသည်။

ဒီလူ ဘယ်လိုလူနည်း။

ဥပဒေအကြောင်းတရားကို မကြော်ကြာတာပဲလား။ ခမ်းကိုပဲ တမင်သက်သက် မလေးမစားလုပ်နေခြင်းလား။ ဘယ်လိုပဲဖြစ်ဖြစ် အခုချိန်မှာ ဘယ်လိုလူနှင့်မှ ဘာပြဿနာမှ မဖြစ်ချင်။ ခမ်းတစ်ယောက်တည်း ကိုယ့်အတွေးနှင့်ကိုယ် အေးအေးဆေးဆေးနေချင်သည်။

လက်ကိုင်အိတ်ထဲက ပိုက်ဆံတစ်ထပ်ကို ဆွဲထုတ်လိုက်ပြီးနောက် ခမ်းရှေ့တည့်တည့်လူကို လှမ်းပေးလိုက်တော့ အံ့သြသောအမူအရာဖြင့် သူက ခမ်းကိုကြည့်သည်။

"ဒါက ဘာလဲ"

"ပိုက်ဆံလေ"



"ရှင့်အတွက် လိုအပ်တာသုံးဖို့ ယူသွားပါ၊ တစ်လမ်းလုံးအားမောင်းလာရလို့ ကျွန်မ အနားယူချင်နေပြီ"

"အဘစံ"

"လာပါပြီကလေး"

"ညှိသည်ကို ပြန်ပို့ပေးလိုက်ပါ အဘစံ၊ ရှင် အဘနဲ့ လိုက်သွားလိုက်ပါ"

"လာ လူလေး"

ဘယ်အချိန်က ခမ်းညှိသည်ရောက်လာတာလည်းဟု အဘစံ မမေးပါ။ ကားပေါ်က အတူဆင်းလာတာ ကားဂိုဒေါင်ဘဲမှာ နှစ်ယောက်အတူ စကားပြောနေတာ အဘစံရှေ့မှာငွေတစ်ထပ် ထုတ်ပေးနေတာအားလုံး ဦးဘစံ တွေ့မြင်ကြားသိပြီးဖြစ်ပါသည်။

"ပိုက်ဆံကတော့ လောလောဆယ် ကိုယ့်အတွက် လိုအပ်သို့ ယူသွားရမှာပဲ၊ နောက်တော့ ပြန်ယူပေါ့ဟုတ်လား"

"အဘစံနောက်ကို ရှင်လိုက်သွားလိုက်ပါ၊ ဘယ်သူ့ဖုန်းဘလာ ကျွန်မကို ခေါ်မပေးနဲ့နော် အဘစံ၊ ကျွန်မ နားချင်ပြီ"

"ကောင်းပါပြီ ကလေး"

ခမ်းကပဲ သူတို့နားက အရင်ဦးအောင် လမ်းခွဲလာခဲ့သည်။ အဘစံအမြင်မှာ ဘယ်လိုမြင်သည်။ ဘယ်လိုထင်သည့်ကို ဂရု

မစိုက်။ အိပ်ရာထဲလှဲပြီး ကောင်းကောင်းအနားယူချင်နေတာ သိသည်။ အိမ်ထဲကို လှမ်းဝင်တာနှင့် ဖုန်းသံက အရင်ဆီးကြိုနေ သည်။ ဖုန်းခွက်ကိုယူပြီး ဘေးသို့ ချထားလိုက်တော့ ဆူညံသံ တွေ ပျောက်သွားသည်။

ပေါလစ်ရောင်ဖိတ်ဖိတ်လက်နေသော ကျွန်းလှေကားကြီး အတိုင်း အပေါ်ထပ်ရှိ သူမအိပ်ခန်းရှိရာသို့ ခမ်း တက်လာခဲ့ သည်။ တစ်ပတ်တစ်ခါ အိမ်သန့်ရှင်းရေးလုပ်ပေးသည့် အဒေါ် ကြီးကြောင့် တစ်အိမ်လုံး ဖိတ်ဖိတ်လက်နေသည်။

အိပ်ခန်းတံခါးကို တွန်းဖွင့်လိုက်တော့ ခမ်းအိပ်ရာဖြူဖြူ လေးက မောပန်းနွမ်းနယ်လာသော ခမ်းကိုယ်လေးကို အသင့်အနား ယူဖို့ နွေးထွေးစွာ ကြိုဆိုနေ၏။ အိပ်ရာထက်မှာ ဘယ်ညာလူးလိမ့် ရင်း အစ်ကိုနန္ဒသဘောထားကို နားမလည်နိုင်အောင် ဖြစ်နေသည်။

တစ်ချိန်လုံး ခမ်းအပေါ်မှာ အကောင်းကြီး ကောင်းလာခဲ့ ပြီးမှ ရုတ်တရက်ကြီး ဘယ်လိုဖြစ်သည်မသိ။

အို ဒါတွေ ဘာတစ်ခုမှ ပြန်မတွေးတာဘဲကောင်းမည်၊ အစ်ကိုရင်းတစ်ယောက်လို ချစ်ခင်တွယ်တာလာခဲ့ရပြီးမှ ခမ်းချစ် သော အစ်ကိုနန္ဒ ပျောက်ဆုံးသွားသလို ဖြစ်သွားရခြင်းကိုပဲ စိတ် ထဲမှာ မကောင်း။ ခမ်းအပေါ် ဤသို့ပြုရက်သော အစ်ကိုနန္ဒအဖြစ် ကိုတွေးပြီး ပမ်းနည်းတာလည်းပါသည်။

ဝိုး : မိုး : ၈၁၉ပ



တခြားသူတစ်ယောက်က ခမ်းအပေါ်မှာ အခုလို မရိုး သား ကြံစည်လာခဲ့ရင်တောင် အစ်ကိုနန္ဒက ခမ်းဘက်ကနေ ဘကယ့်အစ်ကိုရင်းချာတစ်ယောက်လို ကာကွယ်စောင့်ရှောက်ရမည့် အနေအထားမျိုးဖြစ်ပါလျက် အစ်ကိုနန္ဒမှ ခမ်းအပေါ်မှာ ရက်စက် လွန်းသည်။

မေ့ပစ်ဖို့ ကြိုးစားပေမယ့် မနေ့ကအဖြစ်ကိုမမေ့။ မတွေး ပါဘူးဟု ဆုံးဖြတ်ထားသည့်ကြားက အစ်ကိုနန္ဒအကြောင်းတွေး ပြီး ဝမ်းနည်းပူဆွေးမရဖြစ်ရပြန်သည်။ အန်တီ ဒေါ်ချယ်ရီရှိသော် သည်း ဘာအကူအညီမှမရ။ ဒီကိစ္စမှာ အလိုတူအလိုပါဟုပင် ဆိုရမည့်အနေအထား။

တမင်သက်သက် ရှောင်ပေးတာနေမှာဆိုသည့်အတွေးက အခုမှ ခမ်းအသိတရားထဲ ရောက်လာရသည့်အဖြစ်။ တစ်ချိန်လုံး ဒေါသဖြစ်နေသည်။ ခံပြင်းစိတ်နှင့် ဝမ်းနည်းကြေကွဲရခြင်းကြောင့် သူက ထူပူပြီး ကိုယ့်ကားပေါ် တခြားလူစိမ်းတစ်ယောက် ရောက် နေတာကိုပင်မသိ။

ခမ်းကိုသာ တစ်စုံတစ်ရာ အန္တရာယ်ပြု နှောင့်ယှက်ရန်မှ သည်ဆိုလျှင် အခုချိန်ဆို ခမ်းတစ်ယောက် မက်မုံမြိုင်ကိုပင် ပြန် ရောက်လာနိုင်စရာ အကြောင်းမရှိ၊ ခမ်းကို ဘာအန္တရာယ်မှ ပြုမသွား သည့်လူကို ပြန်ကျေးဇူးတင်ရဦးမည်။

ဝိုး : မိုး : ၈၁၉ပ

ဘယ်သူဘယ်ဝါဟု မသိရပေမယ့် လူကတော့ တော်တော်ချောသလို ဆွဲဆောင်မှုလည်းရှိသည်။ အမူအရာက လည်း လူကြီးလူကောင်းဆန်ပြီး စကားပြောဆိုပြုမူလှုပ်ရှားပုံ ဝတ်စားဆင်ယင်ပုံကအစ အထက်တန်းလွှာယဉ်ကျေးတစ်ယောက်၏ အပြုအမူအပြည့်။

ခမ်းပေးသော ငွေတစ်ထပ်ကို ယူသွားပုံက သက်တောင့် သက်သာ။ ခမ်းကိုကြည့်ပုံ စကားပြောပုံတွေကလည်း ဟိုးအရင် ထဲက သူနဲ့ခမ်း ရင်းနှီးကျွမ်းဝင်ထားသည့်အတိုင်း ဘာတစ်ခုမှ ရှိုးတိုးရှန့်တန့်မရှိ။ မှင်မောင်းကောင်းကောင်းနှင့် သရုပ်ဆောင် တာလား သူ့ပုံစံအစစ်ပဲလားဆိုတာ ခမ်းမသိပေမယ့် အဘစ်က ခမ်းအကြောင်း ဘာတွေများ မေးသွားမှာပါလိမ့်ဟု အခုမှတွေးမိ သည်။

သူ့ပုံစံကြည့်ရတာ အဲဒီလိုပုံစံမျိုးတော့ မေးမယ့်လူမျိုးတော့ မဟုတ်လောက်ပါဘူး။ သူမေးလာခဲ့ရင် အဘစ်ကလည်း အလွယ် နှင့် ဖြေမည့်လူစားမျိုးမဟုတ်တာမို့ အဲသည်အတွက် ခမ်း စိတ်မပူ။ တစ်ခုခုပြဿနာဖြစ်လာရင်လည်း သူ့ပုံပန်းသဏ္ဍာန်ကိုပြောပြပြီး ရဲစခန်းကို သွားတိုင်ရုံအပြင်မရှိ။

အစ်ကိုနန္ဒကတော့ မက်မုံမြိုင်မှာ ခမ်းရှိသည်ဆိုတာနှင့် ချက်ချင်းလိုက်လာမှာသေချာသည်။ လောလောဆယ် အစ်ကိုနန္ဒ





နှင့် မျက်နှာချင်းဆိုင်လိုစိတ်လည်းမရှိ။ စကားလည်း မပြောချင်။ မှားသည် မှန်သည်ဟုလည်း ဘာတစ်ခုမှ အခြေအတင် ဆွေးနွေး ငြင်းခုန်ရန် ဆန္ဒလည်းမရှိ။

မမနန်းရယ်။

အစ်မဖြစ်သူ၏အမည်ကို တမ်းတလိုက်လှဲစွာ ခမ်းခေါ် ကိုက်မိသည်။ မမနန်းသာ ခမ်းတို့ကိုထားပြီး ရက်ရက်စက်စက် ကျောခိုင်းထွက်ခွာမသွားခဲ့ဘူးဆိုလျှင် အစ်ကိုနန္ဒနှင့် ခမ်းတို့ကြား မှာလည်း အခုလို ပြဿနာတွေ ပေါ်ပေါက်လာစရာအကြောင်းမရှိဟု ခမ်း ယုံကြည်သည်။

အခုတော့ မမနန်းက အသက်ငယ်ငယ် အရွယ်လှလှလေး နှင့် သေမင်းခေါ်ရာနောက် ကောက်ကောက်ပါအောင် လိုက်သွားခဲ့ သည်မှာ တူလေးစိုင်းတစ်သက်ရှိခဲ့ပါပြီ။ တစ်မိသားစုထဲ ဥမကွဲ သိုက်မပျက် နေလာခဲ့သည့် အစ်ကိုနန္ဒ။ မမနန်းဆုံးပြီးနောက် လာပြီး စပ်ကြပ်ကြသူတွေရှိပေမယ့် အားလုံးကို ခေါင်းခါခဲ့သည့်အစ်ကို။

တူလေးစိုင်းကိုယ်တိုင် ကျောင်းအိပ်ကျောင်းစား ဘော်ဒါ သို့နိုင်ပြီဆိုမှ ဘာလို့ အခုလို ခမ်းအပေါ်မှာ ဒီလိုသဘောထားတွေ ပြောင်းလွဲခဲ့ရပါလိမ့်။ ခမ်းမှာ မိဘတွေမရှိတော့လို့များ အခုလို စိတ်ရိုင်းတွေ ဝင်လာခဲ့ခြင်းလား။

ဒါမှမဟုတ် ခမ်းအိမ်ထောင်ကျရင် ခွဲယူသွားမယ့် စီးပွား

ရေးနဲ့ ငွေကြေးအမွေအနှစ်တွေကြောင့်များလား။

အို ခမ်းဘာမှ မတွေးချင်ဘူး။

ဘာမှ မသိချင်တော့ဘူး မမရယ်။

တူလေးစိုင်းနဲ့ မမနန်းရဲ့မျက်နှာကြောင့် အစ်ကို့ကို အပြစ်မယူတော့ပေမယ့် အစ်ကိုနဲ့ မျက်နှာချင်းဆိုင်ရမှာကိုတော့ ခမ်းအသည်းမှာ ခါးနေအောင် မုန်းသွားရခြင်းကိုတော့ ခမ်းလည်းမတတ်နိုင်။

* * *



# အခန်း (၅)

မက်မုံမြိုင်။

တစ်ခြံလုံး မက်မုံပင်တွေ ဝေနေသလို လှပခမ်းနားသည့် နှစ်ထပ်တိုက် အဖြူရောင်ကြီးထဲမှာ လှပသော ခမ်းဆိုသည့် ချစ်စရာ မိန်းမလှလေးတစ်ယောက် ရှိနေသည်။ စကားပြောပုံလေးက ပြတ်သလို ခွန်ရှေးလတ်လို လူစိမ်းယောကျ်ားတစ်ယောက် သူမ ကားပေါ် ရောက်နေပုံကို စိတ်မဝင်စား။ ကြောက်လန့်ရကောင်းမှန်း မသိသည့် ဟန်အမူအရာလေးတွေက အသည်းယားစရာ။

ခြံစောင့်ကြီး ဦးဘစံက ခွန်ရှေးလတ်ကို မိန်းမလှလေး ခမ်း၏ မိတ်ဆွေဟု ထင်နေသည်။ ခန့်ညားရည်မွန်သော ခွန်ရှေး လတ်၏ ဥပဓိရုပ်ကိုကြည့်လျက် ခမ်းကားပေါ် တိတ်တဆိတ်

လိုက်ပါလာသူပါဟုဆိုလျှင် ယုံကြည်မည်မထင်။

ဦးကြီးဟိန္ဒလက်ထဲကလွတ်အောင် ကိုယ်လွတ်ရုန်းပြေးခဲ့ရသည့်အတွက် ခွန်ရှေးလတ်မှာ ငွေတစ်ပြားတစ်ချပ်မှမပါ။ အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် ခွန်ရှေးလတ်ကို ခမ်းဆိုသည့် မိန်းမလှလေးက ငွေတစ်ထပ် ထုပ်ပေးလိုက်တာကိုပဲ အခုချိန်မှာ ပြန်ပြီး ကျေးဇူးတင်နေရသေးသည်။

မက်မုံမြို့ကထွက်လာတော့ ခြေလျှင်ခရီး။ ဗိုက်ထဲမှာလေတကျွတ်ကျွတ်သနေသည်။ စားသောက်ဆိုင်တစ်ဆိုင်ကို အရင်ရှာပြီး ဝမ်းရေးပြဿနာကို အရင်ဖြေရှင်းပြီးမှ ခွန်ရှေးလတ်ပိုင် လတ်စနှာခြံကို ဖုန်းလှမ်းဆက်သည်။

"ဟာ အစ်ကိုလေး ဘယ်ကဆက်နေတာလဲ၊ အခုအိမ်မှာဦးကြီးလွှတ်လိုက်တဲ့ လူတွေ အများကြီးရောက်နေတယ်ခင်ဗျာ"

တပည့်ဖြစ်သူစကားကြောင့် ခွန်ရှေးလတ် မျက်ခုံးတွန့်သွားသည်။ အိမ်ကိုပြန့်လို့မဖြစ်တော့။ သူ့ကို ကြိုစောင့်နေသည့်လူတွေက တွေ့သည့်နေရာ တွေ့သည့်အချိန်မှာ သူ့ကို ဟော်နန်းစံအိမ်ကို ပြန်ခေါ်သွားကြမှာကို သူသိသည်။

ဦးကြီးက သူ့အစီအစဉ်ကို ဖြစ်အောင်လုပ်မှာ သေချာသည်။ ခွန်ရှေးလတ် ဆက်ခံရမည့် အမွေတွေကလည်း နည်းတာမှမဟုတ်။ ဒါတွေအားလုံး ဂျူလီယာလို လူစိမ်းတစ်ယောက်လက်ထဲကို ရက်ရက်ရောရော ထိုးအပ်ပစ်ရလောက်အောင် မိုက်မဲသူဆို၍ ခွန်ရှေးလတ်ပဲ ရှိမည်ထင်သည်။



ဦးကြီးငှားထားသည့် လူမိုက်တွေနဲ့လည်း ဘက်ပြိုင်ပြီး ခိုက်ရန်ဖြစ်မနေချင်။ သူတို့ကလည်း ခွန်ရှေးလတ်ကို ရန်ပြုနေတာလည်း မဟုတ်။ ပိုက်ဆံပေးငှားထား၍သာ လိုက်ဖမ်းဆီးနေရတာမို့ သူတို့ဦးလေးနှင့်တူကိစ္စကို ရဲတိုင်လို့လည်းမဖြစ်။ ကြားသည့်လူအပေါင်းက ရယ်ကြမှာသေချာသည်။

စိတ်ညစ်ညစ်နှင့် ဘာလုပ်ရမှန်းမသိ ဖြစ်နေတုန်း လူတစ်ယောက်က ဖုန်းလာကိုင်သည်။

"အစ်ကိုလေးလားခင်ဗျာ၊ ကျွန်တော်က ဦးဟိန္ဒရဲ့လူပါ၊ ဦးဟိန္ဒက သူသိပ်နေမကောင်းလို့ သူ့စကားနားထောင်ဖို့ ပြောခိုင်းထားပါတယ်"

"မင်းပြောချင်တာ ဒါပဲလား"

"မဟုတ်ဘူးခင်ဗျာ၊ ကျွန်တော်တို့လည်း အလုပ်မရှုပ်ရအောင်၊ အစ်ကိုလေးလည်း မပင်ပန်းရအောင် ဟော်နန်းစံအိမ်ကိုပဲ အမြန်ဆုံးလာလိုက်ပါလားခင်ဗျာ"

"ဒါဆို ကျွန်တော်တို့လည်း ကိုယ့်အိမ်ကိုယ်ပြန်လို့ရပါ

ပြီ၊ ဒီလိုမှမလုပ်ဘူးဆိုရင်တော့ အစ်ကိုလေးသွားရာနောက်ကို ကျွန်တော်တို့ တစ်အုပ်စုလုံး လိုက်နေရမှာပါပဲ"

"လိုက်နိုင်ရင်လိုက်ပေါ့ကွ"

"လိုက်မှာပါခင်ဗျာ"

"ဟာကွာ…ဒီလူတော့"

ခွန်ရှေးလတ် စိတ်တိုတိုနှင့် သူ့လက်ထဲက ဖုန်းခွက်ကို ဆောင့်ချပစ်လိုက်သည်။ ကိုယ့်အိမ်ကိုယ် ဖုန်းဆက်တာ၊ ကိုယ့်တပည့်နှင့်ကိုယ် ဘာစကားမှမပြောရ။ ဦးကြီးဟိန္ဒလူတွေ ခြေရှုပ်ပြီး ဝင်နှောက်နေတာနဲ့ပဲ စိတ်တိုပြီး ဖုန်းချလိုက်ရသည်။

ဟာ ဒီပုံစံနဲ့ဆို မလွယ်သေးပါလား။ ခမ်းပေးလိုက်သည့် မဖြစ်စလောက်ငွေလေးကလည်း သူလိုအပ်တာတွေသုံးလိုက်တာနှင့် ခဏအတွင်း ကုန်သွားတာမို့ လက်ဗလာဖြစ်သွားသည်။ သူများတစ်မြို့တစ်ရွာမှာ တစ်နေကုန် တစ်နေခန်း အချိန်ဖြုန်းလောက်အောင်လည်း သွားစရာနေရာကမရှိ။ ဘောင်းဘီအိတ်ထဲ လက်နှိုက်ပြီး မက်မုံမြိုင်ဘက် လျှောက်ခဲ့သည်။

ထိုနေရာမှာ စေတနာရှင်မလေး ခမ်းရှိသည်။ အခုချိန်မှာ သူ့အတွက် တစ်ဦးတည်းသော အသိမိတ်ဆွေမလေး ခမ်း။ ခမ်းရှိနေလျှင် သူ့အတွက် ဒုက္ခမရောက်နိုင်တော့။ ဂျူလီယာကို ဖုန်းဆက်တော့ ဖုန်းက စက်ပိတ်ထားသည်။

ဝိုး:ဝိုး:၀၁၉ပ



အခုလောက်ဆို ဦးကြီးဟိန္ဒပြောပြလို့ ခွန်ရှေးလတ်တစ်ယောက် ဂျူလီယာကို လက်မထပ်ချင်တာနှင့် ထွက်ပြေးသွားလောက်တာ သူမလည်း ကောင်းကောင်းသဘောပေါက်သွားပုံရသည်။ သူမကို လက်ထပ်ရမှာကြောက်ပြီး ရမည့်အမွေတွေကိုတောင် ဂရုမစိုက်ဘဲ ထွက်ပြေးသည့် ခွန်ရှေးလတ်ကို သူမကကားနှင့်လိုက်၍ ကူညီခဲ့မိသမျှ အခုမှ နောင်တရနေပြီထင်။

ခွင့်မလွှတ်ချင်လည်းနေတော့ ဂျူလီယာရေ။ ကိုယ် မင်းကိုဘယ်နည်းနဲ့မှ လက်မထပ်နိုင်တဲ့အဖြစ်ကိုလည်း မင်းနားလည်မှာမဟုတ်ဘူးထင်တယ်။ သူငယ်ချင်း အပေါင်းအသင်းတွေကို သတိရပေမယ့် လှမ်းဖုန်းမဆက်တော့။ ဦးကြီးဟိန္ဒနှင့်သူ့ကိစ္စကိုသူ့ဝန်းကျင်အသိုင်းအဝိုင်းမှာ ဤမျှ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်မသွားစေချင်။

ဒါက ခွန်ရှေးလတ်အတွေး။ ဦးကြီးဟိန္ဒက သူမသိအောင်ဟိုဘက်ကနေ ဘာတွေဆက်စီစဉ်နေဦးမည်ဆိုတာကို သူမသိ။ မက်မုံမြိုင်ရှေ့ကို သူပြန်ရောက်လာတော့ ခြံတံခါးက ပွင့်နေပြီး ဦးဘစံကိုလည်း မတွေ့တာနှင့် ခြံထဲကို လျှောက်ဝင်ခဲ့သည်။

ခြံက အတော်ကျယ်သည်။ ပြင်ဆင်ဖွဲ့စည်းထားပုံကလည်း ခေတ်မီသပ်ရပ် ကျယ်ဝန်းရုံမျှမက ရေကူးကန်တစ်ခုပင်ပါလိုက်သေးသည်။ အိမ်ရှေ့တည့်တည့်မှာ ကားတစ်စီးရပ်ထား

ဝိုး:ဝိုး:၀၁၉ပ

သည်။ ခွန်ရှေးလတ်အလာတုန်းက ထိုကားမရှိ။ ခမ်းထံ ဧည့်သည် ရောက်နေပုံရသည်။

ခမ်းရှိရာသို့ ဦးတည်လှမ်းနေသည့် သူ့ခြေလှမ်းများကို ကားဂိုဒေါင်ရှိရာသို့ ဦးတည်လိုက်၏။

သူကြောင့် ဧည့်သည်လူစိမ်းရှေ့မှာ ခမ်းကို အနှောင့် အယှက်မဖြစ်စေချင်။ နှစ်ယောက်ထဲတွေ့ရသည့် အချိန်ကြမှသာ အကျိုးအကြောင်း စကားအေးအေးပြောချင်သည်။

ဒီကြားထဲမှာ ခွန်ရှေးလတ်ကိုယ်တိုင်လည်း သူ့ကိုသိနေမည့် မျက်နှာစိမ်းဧည့်သည်တွေနှင့် မတွေ့ချင်။ သူ့ကိုတွေ့တာနှင့် ဟော်နန်းစံအိမ်ကို သတင်းရောက်သွားမှာမျိုး အဖြစ်မခံနိုင်။

ခမ်းကိုယ်တိုင် မောင်းသည့် ခမ်း၏ကားလေးက သူထွက်လာတုန်းက ပုံစံအတိုင်း ကားဂိုဒေါင်ထဲမှာ ရှိနေဆဲ။ ကားထဲမဝင်ဘဲ ကားဂိုဒေါင်ကို လှည့်ပတ်ကြည့်လိုက်တော့ သစ်သားခုံတန်းရှည်ကြီးတစ်ခုနှင့် စားပွဲဟောင်းတစ်လုံး။ တခြားတိုလီမိုလီပစ္စည်းတွေ ပြည့်နေသည်။ ဂိုဒေါင်က တစ်ထပ်တည်း။

သူမျှော်လင့်သလို နှစ်ထပ်ဂိုဒေါင်မဟုတ်။ ခုံတန်းရှည်ကြီးကို အနားက ကြက်မွေးတံနှင့် သန့်ရှင်းရေးလုပ်ပြီး သက်တောင့်သက်သာ လှဲချအနားယူလိုက်သည်။ ရာသီဥတုက နွေးနွေးနှင့် သိပ်မကြာလိုက်ဘဲ နှစ်ခြိုက်စွာ အိပ်ပျော်သွားသည့်အခိုက်မှာ ဦးဘစံ

ဝိုး : ဝို : ဝ ၇ ဓ ပ



ရောက်လာသည်။

ခုံတန်းရှည်ပေါ်မှာ အိပ်နေသူကို မြင်လိုက်ရတော့ ဖျတ်ခနဲ ဘွန်းသွားသည်။ သေချာကြည့်လိုက်တော့ ခွန်ရှေးလတ်ဆိုသည့်လူ။

ခမ်းရဲ့ဧည့်သည်ပါလား။

ပထမတော့ အံ့သြသွားသည်။ နောက်တော့လည်း မအံ့သြတော့။ ခမ်းရဲ့ကားပေါ် ပါလာသည်ဆိုထဲက တော်ရုံဧည့်သည် မဟုတ်မှန်း သိထား၏။ ဒီကြားထဲ မောင်နှနှင့်ပြဿနာကို ဦးဘစံ သိထားသည်။

ခမ်းရဲ့အိမ်မှာ ခမ်းရဲ့အချစ်ဆုံးသူငယ်ချင်း ဖွေးဖွေးဆိုတာ ရောက်နေတာမို့ ပျော်ရွှင်နေသည့်ခမ်းကို ဘာအနှောင့်အယှက်မှ မပေးချင်တာနှင့် သူတို့သူငယ်ချင်းနှစ်ယောက်အတွက် လိုအပ်တာတွေ လုပ်ပေးပြီး ထွက်အလာ

ကားဂိုဒေါင်ထဲမှာ နှစ်ခြိုက်စွာအိပ်ပျော်နေသည့် ခွန်ရှေးလတ်ဆိုသည့် ခမ်း၏လူငယ်လေးကို အခုလိုပုံစံနှင့် တွေ့လိုက်ရတာဖြစ်သည်။ ဘယ်အချိန်ထဲက ကားဂိုဒေါင်ထဲ ပြန်ရောက်နေသည်မသိ။ နှစ်ခြိုက်စွာ အိပ်ပျော်နေပုံကတော့ အပြစ်ကင်းစင်သော ကလေးနှင့်တူလှသည်။

ဥပမိရုပ်ကလည်း မင်းစိုးရာဇာရုပ်။ နှစ်ယောက်အတူ ယှဉ်တွဲရပ်နေခိုက်မှာ ခမ်းနှင့်ခွန်ရှေးလတ်တို့ လိုက်ဖက်တင့်တယ်

ဝိုး : ဝို : ဝ ၇ ဓ ပ

ပုံကိုလည်း တွေ့မြင်ပြီးဖြစ်သည်။ မောင်နန္ဒက ခမ်းကို ချစ်မြတ်နိုးတာ သိပေမယ့် ခမ်းက မောင်နန္ဒအပေါ်မှာ အစ်ကိုတစ်ယောက်ထက်မပို။ ဒီကြားထဲ ပြဿနာဖြစ်လာသေးသည်ဆိုတော့ လွယ်တော့မလွယ်။

မောင်နန္ဒနှင့် နိုင်းစာလျှင် ခွန်ရှေးလတ်က ခမ်းနှင့် သက်တူရွယ်တူဖြစ်ရုံမက မောင်နန္ဒထက်လည်း ပို၍ချောမောခန့်ညားသူဖြစ်သည်။ ပို၍ရွယ်ချောမောသော ခွန်ရှေးလတ်နှင့် နုနယ်လှပသော ခမ်းတို့နှစ်ယောက်က နေနှင့်လလို လက်ဖက်လွှန်းသည်ကအမှန်။

ဦးဘစံကိုယ်တိုင် ခမ်းကို သူမချစ်သောသူနှင့်သာ အသက်ထက်ထုံး ပျော်ရွှင်သွားစေလိုသည်။ ခမ်း သဘောမကျသော မောင်နန္ဒနှင့် တယ်ပြီးသဘောမတူချင်။ ခွန်ရှေးလတ်သာ ခမ်း၏ချစ်သူဆိုလျှင်တော့ ဦးဘစံ သဘောတူသည်။

ခွန်ရှေးလတ်ဆိုသည့် ဤလူချောလေးမှာလည်း မက်မုံမြိုင်အတွင်းသို့ ဤမျှရဲတင်းစွာ ပြန်လည်ရောက်ရှိလာခြင်းမှာ အကြောင်းမဲ့မဟုတ်တန်ရာ။ ခမ်းနှင့် ခွန်ရှေးလတ်တို့ လူငယ်သဘာဝ ချစ်သူရည်းစားဖြစ်နေကြ၍သာ ကားတစ်စီးထဲ အတူစီးလာခြင်း၊ ဦးဘစံရှေ့မှာ သူ့ချစ်သူကို ခမ်းက ပိုက်ဆံပေးခြင်း၊ ခွန်ရှေးလတ်မှ ဒုတိယအကြိမ် မက်မုံမြိုင်သို့ ခပ်တည်တည် ပြန်လည်ရောက်ရှိလာ





နိုင်ခြင်းတို့မှာ တမူထူးခြားသော အကြောင်းများရှိရမည်ဟု တွေးကာ ခမ်းနှင့် ခွန်ရှေးလတ်တို့မှာ ချစ်သူတို့သဘာဝ စိတ်ဆိုးကိတ်ကောက်ကြခြင်းအဖြစ် သူ့ဘာသာသူ မှတ်ယူလိုက်လေသည်။

ခွန်ရှေးလတ်ကို မြင်မြင်ခြင်း ချစ်ခင်မိသောကြောင့်လည်း လိုအပ်လာလျှင် ခမ်းနှင့်အဆင်ပြေအောင် သူကိုယ်တိုင်ပါဝင်မည်ဟု တိတ်တဆိတ် ဆုံးဖြတ်လိုက်သည့်အချိန် ခမ်းမှာလည်း သူမအချစ်ဆုံးသူငယ်ချင်း ဖွေးနှင့် စကားတွေ ရေပက်မဝင်အောင် ရှေးဟောင်းနှောင်းဖြစ်များကို ပြောဆိုလျက်ရှိသည်။

ဖွေးဖွေးမှာ သူမဖခင်ကြီး တာဝန်ကျရာ မြို့လေးသို့ လာလည်ရာမှ အပြန် ခမ်းရှိရာ မက်မုံမြိုင်သို့ ဝင်ရောက်လည်ပတ်ခြင်းဖြစ်သည်။ ဖွေးဖွေး၏ဖခင်မှာ နောက်အိမ်ထောင်နှင့် ဖြစ်သည့်အတိုင်း ဖွေးဖွေးက မိထွေးနှင့်အတူ လိုက်နေခြင်းမရှိ။ ကြီးတော်အပျိုကြီးတစ်ယောက်၊ အိမ်ဖော်ကောင်မလေးတစ်ယောက်တို့နှင့် သူမမိခင်ပိုင် တစ်ထပ်တိုက်ကလေးတစ်လုံးမှာ သူမဘာသာသီးသန့်နေသူဖြစ်သည်။

နှစ်ယောက်စလုံး ငယ်ရွယ်လွတ်လပ်သူများ ဖြစ်ကြရုံမျှမက မိဘများနှင့်အတူ မနေကြသည့်သူများဖြစ်သည့်အတိုင်း ဘဝတူချင်း တစ်ယောက်ကိုတစ်ယောက် ညီမရင်းကဲ့သို့ ချစ်ကြသူများဖြစ်သည်။

တစ်ယောက်ရင်ထဲရှိသမျှ တခြားတစ်ယောက် သိကြရသည့်အတိုင်း ဖွေးဖွေးနှင့်လည်း ခင်မင်ရင်းနှီးစွဲရှိသူ ကိုနန္ဒနှင့်ပတ်သက်သည့် ကိစ္စတချို့ကို သူငယ်ချင်းဖြစ်သူ ဖွေးဖွေးအား ခမ်းမှ ဖွင့်ဟပြောပြလိုက်ခြင်းဖြင့် သူမရင်ထဲကအပူကို လျော့ပါးသက်သာသွားစေသည်။

အစ်ကိုနန္ဒက ခမ်းကို အပိုင်ကြံစည်သည့်ကိစ္စကို မပြော။ လက်ထပ်ခွင့်တောင်းခံလာသဖြင့် စိတ်ညစ်ညစ်နှင့် ကိုနန္ဒပိုင်မိုင်းမောခြံမှတစ်ဆင့် မက်မုံမြို့သို့ ပြန်ရောက်လာရခြင်းတို့ကိုသာ ပြောပြသည်။

"အစ်ကိုနန္ဒလည်း မဆိုးပါဘူးဟယ်၊ ခမ်းအပေါ်မှာ ဘာမဆို အနစ်နာခံ အလိုလိုက်သားပဲ၊ သူပြောသလို ဥမကွဲသိုက်မပျက်နေချင်ရင်"

"တော်ပါ ဖွေးရယ်၊ အစ်ကိုနန္ဒနဲ့ ခမ်းနဲ့ မဖြစ်ပါဘူး၊ အစ်ကို့ကို အစ်ကိုတစ်ယောက်လိုကလွဲပြီး တခြားပုံစံနဲ့ လုံးဝစဉ်းစားလို့ကိုမရတာ၊ ဒါတောင် စိတ်ကူးထဲမှာနော်၊ အပြင်မှာဆို ဖွေးသာ တွေးကြည့်တော့"

"အင်း အချစ်ဆိုတာလည်း အဆန်းသားဆိုတော့လည်း ဘာမှလုပ်ယူလို့ မရတာလည်း အမှန်ပဲ ခမ်းရေ၊ ဖွေးဆိုလည်း ကိုယ်တကယ်ချစ်တဲ့သူကိုပဲ အိမ်ထောင်ဘက်အဖြစ် ရွေးမိမှာပါပဲ"

ဝိုး၊ မို၊ ၀၁၆ပေ



"ခမ်းဆုံးဖြတ်တာ မှန်ပါတယ်၊ မချစ်မနှစ်သက်တဲ့လူနဲ့ နေရတာလည်း ဝဋ်ဆင်းရဲတစ်မျိုးလို့ ဆိုတယ်မဟုတ်လား၊ မချစ်နိုင်လို့ မဖြစ်နိုင်လို့ကတော့ ခမ်း ဝေးဝေးရှောင်နေတာပဲ ကောင်းပါတယ်"

"ဒါနဲ့ ခမ်းမှာရော ချစ်ရမဲ့သူရှိနေပြီလား"

ဖွေးဖွေးစကားကြောင့် ခမ်း ပြုံးလိုက်သည်။ တစ်ပြိုင်နက်ထဲမှာပင် သူငယ်ချင်းဖြစ်သူ ဖွေးဖွေးကို စချင်လာသည်နှင့် အကြံရလာကာ ခေါင်းလေး ဆတ်ခနဲ ညိတ်ပြလိုက်သည်။

"ဟယ် တကယ်"

"တကယ်ပေါ့"

"ကြည့်စမ်း ကြည့်စမ်း ဒါမျိုးကြတော့ လျှိုထားတယ်၊ ပြော ပြော အခု ခမ်းရဲ့ချစ်သူ ဘယ်မှာလဲ၊ ဘယ်သူလဲ ချောရဲ့လား"

"ချောတယ်၊ သူ့ပုံစံက အရမ်းကြည့်လို့ကောင်းပြီး စတိုင်လ်လည်းကျတယ် သိလား"

ခမ်းက သူမနှင့်ဆုံခဲ့ရသော ခွန့်ရှေးလတ်ပုံစံကို တစ်ခုချင်း စဉ်းစားပြီး အသေးစိတ်ပြောပြနေတာကို ဖွေးက မျက်လုံးအဝိုင်းသားနှင့် စိတ်ပါလက်ပါ နားထောင်နေသည်။ ခမ်းစိတ်ထဲမှာ ခွန့်ရှေးလတ်နှင့် နောက်ထပ်ဆုံတွေ့ရော အကြောင်းမရှိဟု ထင်ပြီး

ဝိုး၊ မို၊ ၀၁၆ပေ

ဖွေးဖွေးအသည်းယားအောင် တမင်စနောက်ပြောင်ပြောခြင်းမျှ ဖြ
သော်လည်း သူမစကားတစ်ခွန်းက နောင်တွင် ရှင်းမရအော
ရှုပ်သွားမည့်အဖြစ်သို့ ပြောင်းလဲသွားလိမ့်မည်ဟု ထိုစဉ်က သူ
ကိုယ်တိုင်ပင်လျှင် ရိပ်စားမိခြင်းမရှိခဲ့ချေ။

* * *



# အခန်း (၆)

"ခမ်း"

"အစ်ကိုနန္ဒ"

မတွေ့ချင်ပါဟု ပြောထားသည့်ကြားက လိုက်လာသည့် အစ်ကိုနန္ဒမျက်နှာက ရှိရင်းအသက်ထက် အများကြီးအိုစာသွားသလို ထင်ရအောင် ရုပ်ပျက်ဆင်းပျက် နိုင်လှပေမယ့် ခမ်းကတော့ ဓာင်းမာလွန်းသည်လည်းမဟုတ်။ ပျော့ပျောင်းသည်လည်း မမည်သော အနေအထားဖြင့် အစ်ကိုနန္ဒနှင့် ရင်ဆိုင်လိုက်ပါသည်။

-"ဟယ်...အစ်ကိုနန္ဒ"

"ဖွေးဖွေးပါလား၊ ဘယ်တုန်းက ရောက်တာလဲ"

အစ်ကိုနန္ဒနှင့် ဖွေးဖွေးတို့က ခင်မင်ပြီးသားမို့ တစ်ယောက်ကိုတစ်ယောက် ရယ်မောနှုတ်ဆက်နေပေမယ့် ခမ်းက

တော့ တည်ငြိမ်သော ဣန္ဒြေလေးနှင့် ဖွေးအနားမှာ အတူရှိနေသည့် အတွက် ကိုနန္ဒမှာ ခမ်းကို တစ်ချက်သာ လှမ်းကြည့်နိုင်ပါသည်၊

ဖွေးဖွေးရှိနေသည့်အတွက် သူ့အမှားကို ဖွင့်ဟမတောင်းပန်ရဲ။

"ခဏလေးနော် အစ်ကိုနန္ဒ၊ ခမ်းနဲ့ စကားပြောနှင့်ဦး ဖွေးဖွေး အစ်ကို့အတွက် ကော်ဖီသွားယူလိုက်ဦးမယ်"

ဖွေးဖွေးက ကိုနန္ဒနှင့် ခမ်းအခြေအနေကိုကြည့်ပြီး လှပစွာ ရှောင်ထွက်သွားသည်။ ခမ်းနားသို့ ကိုနန္ဒရောက်လာသည်။

"ခမ်းကို ကိုနန္ဒ တောင်းပန်ပါတယ်ကွယ်၊ အားလုံး အစ်ကိုနန္ဒရဲ့ အမှားတွေပါ၊ နောက်လည်း ဘယ်တော့မှ ဒီလိုမျိုး ထပ်မဖြစ်စေရဘူးလို့ အစ်ကိုနန္ဒ ကတိပေးပါတယ်ကွယ်၊ အဲဒီနေ့ ကလည်း အစ်ကိုနန္ဒ အရက်နည်းနည်းသောက်လာခဲ့မိလို့ပါ"

"အစ်ကိုနန္ဒကို ခွင့်လွှတ်ပါခမ်းရယ်၊ ခွင့်လွှတ်မယ် မဟုတ်လားဟင်"

"အခုချိန်မှာ ခမ်းတစ်ယောက်ထဲ နေချင်တယ်လို့ အစ်ကိုနန္ဒကို အဘစံကတစ်ဆင့် ပြောခိုင်းထားခဲ့ပြီးသားပါ၊ ဘာဖြစ်လို့ မက်မုံမြိုင်အထိ လိုက်လာရတာလဲ"

"ခမ်းတစ်ယောက်တည်း နေပါရစေ"

"ခမ်း"

ဦး:ဦး:ဝ၁၄ပ



"ခမ်း တောင်းပန်နေတာပါ အစ်ကိုနန္ဒ၊ နောက်ထပ်လည်း ခမ်း ခွင့်ပြုချက်မရဘဲ မက်မုံမြိုင်ကို မလာပါနဲ့၊ ဒါ ခမ်းရဲ့ ဆုံးဖြတ်ချက်ပါ"

"အစ်ကို့ကို ခမ်း ဘယ်တော့မှ ခွင့်မလွှတ်ဘူးလို့ ဆိုချင်တာလား"

"အစ်ကိုနန္ဒကရော ခွင့်လွှတ်ချင်စရာဖြစ်နေလို့လား"

တင်းမာခက်ထန်သော ခမ်း၏အကြည့်စူးလေးများနှင့် တောင်းပန်တိုးလျှိုးသော အကြည့်နှစ်ခု လမ်းခုလတ်မှာ ပြင်းစွာ ဆောင်းစုံသွားကြသည်။

"အစ်ကိုပြန်ပါ၊ ခမ်း ဒါပဲပြောချင်တယ်"

"ကောင်းပြီလေ၊ လောလောဆယ် ခမ်းဆန္ဒအတိုင်း အစ်ကို လိုက်လျောပါ့မယ်၊ ဒါပေမယ့် ခမ်းကို အစ်ကို ဘယ်လောက်ချစ်တယ်ဆိုတာတော့ ခမ်း မမေ့ပါနဲ့"

"အစ်ကို မကြာခင် ပြန်လာခဲ့မယ်"

"မလာပါနဲ့"

ခမ်းပြောတာကို ဂရုမစိုက်ဘဲ နေရာက ချာခနဲ လှည့်ထွက်သွားပေမယ့် အစ်ကိုနန္ဒစကားလုံးတွေ ခမ်းရင်ထဲ အသည်းထဲကို ချွန်မြစွာ ထွင်းဖောက်သွားသည်။ ခမ်းဘက်က အခြေအနေ ဘယ်လောက်ပဲ တင်းမာတင်းမာ အစ်ကိုနန္ဒဘက်က ခမ်းကို

ဦး:ဦး:ဝ၁၄ပ

ရယူပိုင်ဆိုင်ဖို့ဆိုရင် ဘယ်တော့မှ အလျှော့မပေးဘူးလို့ ဆိုလိုတာလား။

"အစ်ကိုနန္ဒ ပြန်သွားပြီလား ခမ်း"

"အင်း"

ခန်းဆီးလိုက်ကာအကွယ်က ဖွေးဖွေး ထွက်လာ၏။

"ကြည့်ရတာ အစ်ကိုနန္ဒပုံစံက ခမ်းကို လက်လျှော့အရှုံးပေးမယ့်ပုံစံမျိုး မဟုတ်ဘူးနော်၊ ဖွေးထင်တာ ဘယ်လိုလဲဟင်"

"သူ့စိတ်ကို သူပဲသိမှာပေါ့"

နာကြည်းမနှစ်မြို့စွာ ဆိုလိုက်သည့် ခမ်းအသံက ခြောက်သွေ့သွေ့။ အစ်ကိုနန္ဒအနေနှင့် ခမ်းအပေါ်မှာ ဤမျှပြတ်သားစွာ တုံ့ပြန်လာလိမ့်မည်ဟု ထင်မထားခဲ့ခြင်းကိုက ခမ်း၏ ထပ်ဆင့်အမှားဖြစ်နေသည်။ ပေါက်သည့်နဖူး မထူးတော့ပြီလို့များ ယူဆလေသလားမသိ။ သူ့သဘောထားကို ခမ်းရှေ့မှာပင် အတိအလင်း ကြေညာသွားပုံက ရဲတင်းလွန်းလှပါဘိ။

"သူ့သဘောချည်း ပြောလို့မရဘူးလေ၊ ခမ်း အစ်ကိုနန္ဒဘက်က ဒီလိုသဘောထားရှိနေပြီဆိုမှတော့ ခမ်းလည်း ခမ်းချစ်သူနဲ့ အမြန်ဆုံး လက်ထပ်လိုက်ရုံပေါ့"

"ဘယ်မှာလဲ ခမ်းချစ်သူ၊ ဖုန်းဆက်ပြီး လှမ်းခေါ်လိုက်၊

နိုးမိုး၀၇၄ပ



ဘာနဲ့ ရုံးတက်လက်မှတ်ထိုး၊ ညည့်ခံပွဲက နောက်မှ စိတ်ကြိုက် င်းပ၊ ဒါဆို မကောင်းဘူးလား"

"အစ်ကိုနန္ဒကြီးတော့ ပျာယာခတ်ပြီး ကျန်ရစ်ခဲ့မှာ ယောင်မိပါသေးရဲ့နော်"

ပြောပြီး ဖွေးက သူ့စကားသူ သဘောကျပြီး ခိုးခိုးခစ်ခစ် ပေမယ့် ခမ်းမှာ လိုက်မရယ်နိုင်။ ခမ်း၏ စိတ်ကူးယဉ်ထဲက သူကို ဖွေးက အဟုတ်ထင်နေသည်။

"ရှင့်ချစ်ချစ်ကြီးဆီ ဖုန်းဆက်တော့လေ ခမ်း၊ ရှင်အပြော က်နေရင် ရှင့်ကိုယ်စား ဖွေးကပဲ ဖြစ်ကြောင်းကုန်စင် ပြောပြ က်မယ်"

ပြောပြောဆိုဆို ဖွေးက ဖုန်းကို ကောက်ကိုင်လိုက်တာမို့ ငိုချင်သွားသည်။ တကယ့်ချစ်သူရှိခဲ့ရင်လည်း အကောင်းသား။ ဖွေးပြောသလို ကိုယ့်ချစ်သူနှင့် လက်ထပ်လိုက်ရုံ။ အခုတော့ သို့မဟုတ်။ ထားခဲ့ဘူးသည့် ချစ်သူကြပြန်တော့လည်း နိုင်ငံ ခြား တိုင်းတစ်ပါးမှာ။ သူ့မိသားစုနှင့် သူကလေးနှစ်ယောက်ပင် ပါပြီ။

"ဖုန်းနံပါတ်ပြောလေ ခမ်း"

"ဖုန်းဆက်လို့ မှဖြစ်သေးပါဘူးဟယ်"

"ဘာဖြစ်လို့"

နိုးမိုး၀၇၄ပ

''သူ့ကိုခမ်း စိတ်ကောက်ထားလို့''

အတည်ပေါက်နှင့် ခမ်း ဆက်ပြောလိုက်သည်။

''ဒါများဟယ် ကောက်နေရင် ဖြောင့်လိုက်ရုံပေါ့''

ဖွေးဖွေးက တကယ်ယုံနေသည်။ တကယ်လည်း ဖွေးဖွေးကိုယ်တိုင် ခမ်းမှာ ချစ်သူရည်းစားရှိနေသူအဖြစ် ယုံကြည်စေချင်သည်။ ဒီလိုမှမဟုတ်လျှင် အစ်ကိုနန္ဒက ဖွေးဖွေးကို အနီးကပ်စည်းရုံးပြီး ခမ်းအကြောင်းတွေ မေးလာလျှင် ဖွေးဖွေးက သူ့ညီတာပြောမှာသေချာသည်။

စကားပြောကောင်းသည့်နေရာမှာ အစ်ကိုနန္ဒကို ဘယ်သူမှလိုက်မမှီ။ အစ်ကိုနန္ဒက ခမ်းတို့လိုမဟုတ်။ ဘဝအတွေ့အကြုံရင့်ကျက်သော စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ပီပီ လူတွေကိုသူ့ဘက်ပါအောင် ဆွဲဆောင်စည်းရုံးရာမှာ ပိုင်နိုင်ကျွမ်းကျင်သူ။

ခမ်းမှာ ချစ်သူရည်းစားမရှိတာသိလျှင် အစ်ကိုနန္ဒဘက်က ပိုဆိုးပေလိမ့်မည်။

''မဖြစ်သေးပါဘူး၊ နောက်မှ ခမ်းဘာသာ လှမ်းဆက်လိုက်ပါ့မယ်၊ ဒါမှမဟုတ်ရင်လည်း ဖွေးဖွေး ရန်ကုန်ပြန်ရင် ခမ်းပါလိုက်ခဲ့မယ်''

''ဖြစ်ပါ့မလား ခမ်းရယ်၊ တော်ကြာ အစ်ကိုနန္ဒကြီးက ဖွေးဖွေးကို မုန်းနေပါ့မယ်''





''ဘာဆိုင်လို့လဲ''

''သိဘူးလေ၊ ဆိုင်များဆိုင်သလားလို့''

''ဖွေးဖွေးနော် ခမ်းကို အစ်ကိုနန္ဒနဲ့ နောက်ထပ်ဘယ်တော့မှ မစစမ်းနဲ့သိလား၊ ခမ်းမှာ ချစ်သူရှိတယ်၊ သူကလွဲပြီးအားလုံးဖွဲချည်းပဲ''

''ခမ်းချစ်သူနာမည်က ဘယ်သူလဲ၊ ဘာလုပ်လဲ''

''ဟင်''

ပထမတစ်ကြိမ် မေးတုန်းက ခမ်းကိုယ်တိုင် ဘာဖြေရမှန်းမသိသဖြင့် ဖွေးဖွေးအမေးကို စကားရောဖွဲရောဖြင့် ရယ်မောပစ်ခဲ့သည်။ ဒီတစ်ခါတော့ ရယ်မော၍ မဖြစ်တော့။

''အင်း…ဟိုလေ ခမ်းချစ်သူက ဟို…စိုင်း…လုံတဲ့''

''ဒေါက်တာဟိုစိုင်းလုံလား''

''ဩော်…အင်း အင်း ဒေါက်တာဟိုစိုင်းလုံတဲ့၊ အဟင်းဟင်း''

''ဒေါက်တာ ဟိုစိုင်းလုံ''

ဖွေးဖွေးပေးလိုက်သည့် အမည်သစ်ကို သဘောကျပြီးခမ်း ရယ်လိုက်သည်။ ခမ်းဘာသာ ပါးစပ်ထဲတွေ့ရာနာမည်ကိုရှည်းဖျစ်ညှစ်စဉ်းစားပြီး ပြောရတာမို့ ဟိုနှင့်စိုင်းတို့ကြားက အကွာအဝေးကိုပေါင်းပြီး ဖွေးဖွေးက ဟိုစိုင်းလုံဟု ထင်ရှာသည်။ အမှန်

တော့ ခမ်းဘာသာ ဘာပြောရမှန်းမသိဘဲ တစ်ဟိုထဲ ဟိုနေခြင်းမျှသာ။

"လူကလည်း လူချောတစ်ယောက်၊ အလုပ်ကလည်း ဆရာဝန်၊ ပိုက်ဆံရောရှိရဲ့လား၊ ထားပါလေ ဒါတွေက သိပ်တော့ မလိုအပ်ပါဘူး၊ ကိုယ်ပိုင်အရည်အချင်းသာရှိရင် ငွေဆိုတာလည်း ရှာနိုင်တာပဲ"

"ပိုက်ဆံလည်း အတန်အသင့်တော့ ရှိပါတယ်"

ဖွေးဖွေးအမေးကိုပြောရင်း ဒေါက်တာဟိုစိုင်းလုံအဖြစ် အသွင်ပြောင်းပြီး ခမ်းပြောပြထားသည့် ခမ်းကားထဲမှာ ပါလာသည့် လူ၏ မျက်နှာချောချောက ခမ်းမျက်လုံးထဲ ဖျတ်ခနဲ ပေါ်လာသည်။

ပိုက်ဆံလည်း အတန်အသင့်ရှိပါတယ်။ ဒါက ခမ်း အဖြေစကား။ လက်တွေ့မှာ ခမ်းပေးသည့် ငွေတစ်ထပ်ကို တစ်ချက် မငြင်းဘဲ ခပ်တည်တည်ယူသွားပုံကို မြင်ယောင်လိုက်မိသည်။

"စာရိတ္တကရော"

"သိပ်ကောင်း"

သူများကားထဲ မသိအောင် တိတ်ကိုတ်ဝင်လာတဲ့လူ။

"သူကိုယ်တိုင်ကလည်း ဆရာဝန်ဆိုတော့ လူတွေအပေါ်မှာလည်း သနားကြင်နာတတ်မှာပေါ့နော်၊ ရှင့်ကိုရော သိပ်ချစ်တာပဲလား"





"ချစ်တာပေါ့၊ ခမ်းကို မောင်က သိပ်ချစ်တာ"

"မောင်လို့ခေါ်တာလား"

"အင်းပေါ့"

"ကိုကရော"

"ချစ်တဲ့"

"ခစ်…ခစ်"

ဖွေးက ခမ်းအမူအရာကိုကြည့်ပြီး ခစ်ခနဲရယ်သည်။ ကလည်း ဖွေးအသည်းယားအောင် တမင်လုပ်ပြသည်။ တကယ် တော့ ခမ်းရော သူငယ်ချင်းဖွေးဖွေးပါ ခုချိန်ထိ ဘာချစ်သူရည်းစား

"ဟွန်း…သိပ်ကို အဖြစ်သည်းနေကြတာပေါ့လေ၊ ဒါနဲ့ ဟိုတစ်ခါ ဖုန်းဆက်တုန်းက ချစ်သူရနေပြီလား မေးတော့ ဘူးလေးဘာလေးနဲ့၊ မိန်းမကိုက ကိုယ့်အချစ်ဆုံး သူငယ်ချင်းကို လိမ်တတ်ညာတတ်နေပြီ"

"အံမယ် ခမ်းက မညာပါဘူးနော်၊ အဲဒီတုန်းက ခမ်းမှ အဖြေမပေးရသေးတာ"

"တကယ်လား၊ ဒါဆို ခမ်းတို့ချစ်သူဖြစ်ကြတာ မကြာ ဘူးပေါ့"

"အင်း…မကြာသေးဘူး"

"ခမ်းချစ်သူ တာဝန်ကျနေတဲ့ဆေးရုံက ဘယ်မှာလဲ၊ ဒီမှာပဲလား"

"မဟုတ်ပါဘူး၊ သူ သူက တခြားတစ်မြို့မှာပေါ့၊ ဟိုလေ မယ်တစ်ရွာမောင်တစ်မြို့ဆိုတာလိုပေါ့၊ တွေ့ချင်တိုင်း တွေ့လို့ရတာ မဟုတ်ဘူး၊ ခမ်းက စိတ်ဆိုးတော့ ပိုဆိုးတာပေါ့"

ညာလက်စနှင့် မထူးဘူးဟု သဘောပိုက်ကာ ဖွေးယုံအောင် ဆက်ပြောနေရင်း အူယားနေမိသည်။

"သနားပါတယ် ခမ်းရယ်၊ ဟိုခများ ခမ်းကို လွမ်းနေမှာပေါ့၊ ပြီးတော့ ခမ်းက အခြေကြီးတဲ့ ရွှေမင်းသမီးဆိုတော့ ခမ်းက မလာနဲ့ဆိုရင် ဘယ်လာရဲပါ့မလဲ"

"သူက ခမ်းစိတ်ဆိုးအောင် လုပ်တာကိုး"

"ဘာတွေလုပ်လို့လဲ"

"ဟမ်"

အလစ်မှာ ဝင်မေးလိုက်တော့ ခမ်း မဖြေတတ်။ အူကြောင်ကြောင်လေး ဖြစ်သွားပြီးမှ…

"ဟို သူ့ကို တခြားကောင်မလေးနဲ့တွေ့လို့"

"သူငယ်ချင်းမိတ်ဆွေလည်း ဖြစ်နိုင်တာပဲဟယ်၊ ရှင်ကလည်း အူတိုလွန်းပါတယ်၊ ဒီတစ်ခါလာချော့ရင်တော့ ခွင့်လွှတ်လိုက်တော့"

ဝိုး၊ မိုး၊ ဝ၇၆ပ



"ဒီမှာ အစ်ကိုနန္ဒပြဿနာက ရှိသေးတယ်မဟုတ်လား"

"တူ တူ"

"ဟော ဖုန်းလာနေတယ် ခမ်းရေ"

"ဖွေးဖွေးပဲ နားထောင်လိုက်ပါ၊ အစ်ကိုနန္ဒဖုန်းဆိုရင် ခမ်းကို လုံးဝခေါ်မပေးနဲ့"

"အင်းပါ"

ဖွေးဖွေးက ဖုန်းကို ကောက်ယူပြီး ထူးလိုက်တော့ ခမ်းထင်သည့်အတိုင်း အစ်ကိုနန္ဒဖုန်း ဖြစ်နေသည့်အတွက် ထိုနေရာက ထွက်လာခဲ့လိုက်သည်။ မုန်းစရာကောင်းသည့် အစ်ကိုနန္ဒပဲ။ ခမ်းစိတ်ကို သိသိနှင့် သူမို့ ထပ်ဆက်ရဲသေးသည်။ ဒီလိုပုံနှင့် ရှေ့လျှောက် ဘာတွေဘယ်လိုဖြစ်လာဦးမည်မသိဟုတွေးပြီး ရင်လေးသွားသည်။

* * *

ဝိုး၊ မိုး၊ ဝ၇၆ပ

# အခန်း (၇)

"ခမ်းရေ…ခမ်း"

ဖွေးဖွေးက သူမသူငယ်ချင်းခမ်းကို မတွေ့တာ… လျှောက်ရှာရင်း ကားဂိုဒေါင်ဘက် ရောက်လာသည်။

"ခမ်း"

ခမ်းအမည်ကို ခေါ်ရင်း ပွင့်နေသည့် ကားဂိုဒေါင်… လှမ်းဝင်လိုက်သည်နှင့် သူမတစ်ခါမှ မမြင်ဘူး မတွေ့ဘူးသ… လူစိမ်းယောကျ်ားပျိုတစ်ယောက်ကို ရုတ်တရက် တွေ့လိုက်ရသ… အံ့ဩသွားသည်။

"ရှင်က ဘယ်သူလဲ"

"မင်းကရော"

"ဟင်"





ဖွေးဖွေးအမေးစကားကို မဖြေဘဲ တစ်ဖက်က သူမကို အမေးစကားနှင့်ပင် တုံ့ပြန်လိုက်ပုံကြောင့် ဖွေးဖွေး အူကြောင်ကြောင်လေး ဖြစ်သွားသည်။

"ဪ သိပြီ၊ မင်းက ခမ်းသူငယ်ချင်းဆိုတာလား"

"ရှင်"

ပါဝါမျက်မှန်လေးနှင့် အူကြောင်ကြောင်ကလေးမကို ကြည့်ကာ ခွန်ရွေးလတ် ပြုံးလိုက်သည်။ ကောင်မလေးက ခွန်ရွေးလတ် တစ်ကိုယ်လုံးကို မျက်လုံးအဝိုင်းသားး ပါးစပ်လေးဟပြီး စေ့စေ့စပ်စပ်လေး ကြည့်လျက် မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်လုပ်နေပြီးမှ လက်ကလေးတစ်ဖက် မြှောက်တက်လာပြီး ခွန်ရွေးလတ်မျက်နှာကို လက်ညှိုးလေးထိုးလျက် အံ့ဩလာသော အမူအရာဖြင့်

"ရှင် ရှင် ခမ်းရဲ့ချစ်သူမဟုတ်လား"

"ဗျာ"

"ဟုတ်ပါတယ်၊ ဒီရုပ်မှ ဒီရုပ်ပါပဲ၊ ခမ်းပြောတော့ ရှင်တို့ချင်း စိတ်ဆိုးနေကြတာဆို"

"ကိုယ်ကတော့ စိတ်မဆိုးပါဘူး"

"ဖွေးရေ"

"ဟော…ခမ်းလိုက်လာပြီ"

ခွန်ရှေးလတ်နှင့် ဖွေးတို့ ပြိုင်တူလို အပေါက်ဝကို လှမ်းကြည့်လိုက်တော့ လှပသည့်ခမ်းကို အဖြူရောင်ဝတ်စုံဖြင့် လှပစွာ တွေ့လိုက်ရ၏။

"ဖွေး…ဟင်…ရှင် ရှင်"

"ခမ်းကို ခွင့်မတောင်းဘဲ ရောက်လာတဲ့ကိုယ့်ကို ခွင့်လွှတ်ပါ၊ အဘစံက ဧည့်သည်တွေ ရောက်နေတယ်ဆိုတာနဲ့ ဒီမှာလာ ထိုင်နေတာ"

"အို"

ခွန်ရှေးလတ်ဆိုသည့်လူကို ရုတ်တရက်တွေ့လိုက်ရတာနဲ့ ခမ်း အံ့သြသွားသည်။

ဘယ်အချိန်က မက်မုံမြိုင်ကို ပြန်ရောက်လာသည်မသိ။ အဘစံကလည်း ခမ်းမသိဘဲ ဘကြီးစွနှင့် ဒီလူကို လက်ခံထားတာကို အံ့သြနေသည်။

"ရှင် ဒီကို ဘကြီးစွနဲ့ လာတာလဲဟင်၊ ရှင်နဲ့ နောက်ထပ် မဆုံချင်တော့ဘူးလို့ ခမ်း ပြောလိုက်တယ်မဟုတ်လား"

"အဲဒီလိုမပြောနဲ့လေ ခမ်း၊ ရှင့်ကို တွေ့ချင်လို့ သူ့ခများ ဟိုးအဝေးကြီးကတောင် ရောက်လာပြီပဲ၊ ရှင်တို့ချစ်သူချင်း ပြေလည်အောင် ဆွေးနွေးမှ ကိုနန္ဒကိစ္စကို ဖြေရှင်းလို့ရမှာမဟုတ်လား"

"အို…ဒီကိစ္စက ဖွေးထင်သလို မဟုတ်ပါဘူး"





အရေးထဲ ဖွေးက တစ်မျိုးထင်ပြီး ဝင်ပြောနေသဖြင့် ဖွေးဘက်ကို လှည့်ပြောရသည်။

"တီ…တီ"

ကားဟွန်းသံ အဆက်မပြတ် အော်မြည်သံနှင့်အတူ ကုန်းအတိုင်း အပြေးတက်လာသည့် ကားတစ်စီးကို မြင်လိုက်တာနှင့် ခမ်းမျက်နှာလေး ဖျက်သွားသည်။

"အစ်ကိုနန္ဒနဲ့ အန်တီချယ်ရီပါလား"

အစ်ကိုနန္ဒ၏ ဘက်တော်သားအဖြစ် ခမ်း နားလည်ထားသည့်အတိုင်း အန်တီချယ်ရီကိုယ်တိုင် မက်မုံမြိုင်ကို အစ်ကိုနန္ဒနှင့်အတူ လိုက်လာသည်ဆိုတော့ ခမ်းမျက်နှာလှလှလေး ညှိုးရပြီပေါ့။

"အစ်ကိုနန္ဒတို့ လာကြပြန်ပြီ ခမ်း၊ ဒီတစ်ခါတော့ အန်တီချယ်ရီပါ လိုက်လာပြီဆိုတော့ ခမ်း ဘယ်လိုလုပ်မလဲ"

ခမ်း ဘာမှမဖြေနိုင်ဘဲ ကြောင်ငေးငေးလေး ကြည့်နေတာကို ခွန်ရှေးလတ် တစ်ချက်စိုက်ကြည့်လိုက်သည်။ ကိုယ်ကိုယ်တိုင်ကိုယ့်ပြဿနာကိုယ် မရှင်းနိုင်၍ ထွက်ပြေးလာနေရသည့်အထဲ ခမ်းဆိုသည့် မိန်းကလေးမှာလည်း သူ့ပြဿနာ သူရှုပ်နေပုံကိုကြည့်ပြီး သူ တစ်ချက်ပြုံးလိုက်သည်။

"ဟော…ဟိုမှာ အဘစံနဲ့အတူ ဒီကိုလာနေကြပြီ ခမ်းရေ၊ ရှင်တို့နှစ်ယောက် ဒီလိုပဲ ငြိမ်နေကြတော့မှာလား၊ အန်တီချယ်ရီပါ

လာပြီဆိုမှတော့ ခမ်းလည်း ခမ်းချစ်သူနဲ့ လက်ထပ်တော့မှာ အပြတ်သာပြောလိုက်တော့"

"ဒီလိုမှမဟုတ်ရင် အစ်ကိုနန္ဒအကြောင်းလည်း ခမ်း အသိဆုံးပဲမဟုတ်လား"

"ခမ်းရေ ကလေး၊ ဒီမှာ မောင်နန္ဒနဲ့ မချယ်ရီတို့လာတယ်ကွဲ့"

အဘစံ၏အသံနှင့်အတူ ခမ်းမျက်စိရှေ့ကို ဘွားခနဲရောက်လာသူက အစ်ကိုနန္ဒနှင့် အန်တီချယ်ရီ။ ရုတ်တရက် ခမ်းကိုလှမ်းကြည့်လိုက်တော့ အစ်ကိုနန္ဒအကြည့်တွေက ခမ်းနှလုံးသားကို ခါးသွား၏။ မတွေ့ချင်ပါ။မလာပါနဲ့ဟု ပြောထားသည့်ကြားက အန်တီချယ်ရီကိုခေါ်ပြီး ရောက်လာသည့် အစ်ကိုနန္ဒ အပြုအမူတွေက ခမ်းကို အရေးမစိုက်တာလား။ သူပိုင်ပစ္စည်းအဖြစ် သူ့လက်က ပြေးမလွတ်မှန်းသိလို့ အပိုင်ကိုင်နေခြင်းလား။

"အန်တီချယ်ရီ နေကောင်းတယ်နော်"

"သြော်...ဖွေးဖွေးလည်း ရောက်နေတာကိုး၊ နေကောင်းပါတယ်ကွယ်၊ ဒါနဲ့ သူက ဘယ်သူများပါလိမ့်"

ခမ်းနားမှာ မားမားကြီးရပ်နေသည့် ခွန်ရှေးလတ်ဆိုသည့်လူရိုင်ရာ အကြည့်စူးတွေ စုပြုံရောက်သွားသူက အစ်ကိုနန္ဒနှင့် အန်တီချယ်ရီ။ ဖွေးက ခမ်းကို လှမ်းကြည့်သလို ခွန်ရှေးလတ်ကလည်း

မိုး:မိုး:ဝ၁၆ပ



အစ်ကိုနန္ဒနှင့် အန်တီချယ်ရီကို သေချာကြည့်နေ၏။

"ခမ်း ပြောလိုက်လေ"

ဖွေးက ခမ်းကို တိုက်တွန်းသလို ခမ်းကိုယ်တိုင်ကလည်း အစ်ကိုနန္ဒစိတ်ထဲမှာ မုန်းလာသည်နှင့် ဖျတ်ခနဲ အနားသွားရပ်ကာ

"အန်တီ့ကို မိတ်ဆက်ပေးရဦးမယ်၊ သူက ခမ်းချစ်သူဟို ဟို"

"ကျွန်တော် ခွန်ရှေးလတ်ပါ"

ခမ်းအခက်အခဲကို ခွန်ရှေးလတ်က ဝင်ဖြေရှင်းလိုက်တာမို့ ခမ်း အသက်ရှူချောင်သွား၏။

"ဘယ်လို မင်းက ခမ်းချစ်သူ ဟုတ်လား"

"လုံးဝမဖြစ်နိုင်ဘူး အန်တီ၊ ခမ်းမှာ အခုချိန်ထိ ဘာချစ်သူရည်းစားမှမရှိဘူးဆိုတာ ကျွန်တော် အသိဆုံးပဲ"

"ဟိတ်ကောင် မင်းလိမ်နေတာမဟုတ်လား"

အန်တီက အံ့သြရုံဖြစ်သော်လည်း အစ်ကိုနန္ဒအသံက ကဲကဲဆတ်နေသည်။

မျက်နှာကလည်း ဖြိုတော့မည့်မိုးနှယ် ညစ်ထေးမည်းမှောင်လျက်။ ခွန်ရှေးလတ်မျက်နှာကို စေ့စေ့ကြည့်ပြီး ရန်လိုစွာပြောလိုက်ပုံကလည်း ပိုင်နိုင်လှတာမို့ ခမ်းရင်ထဲ ပိုပြီး အမုန်းပွားစရာဖြစ်ရပြန်သည်။

မိုး:မိုး:ဝ၁၆ပ

"ဘာလိမ်စရာရှိလဲ အစ်ကိုနန္ဒ၊ သူဟာ ခမ်းချစ်သူပါလို့ ခမ်းကိုယ်တိုင်ပြောနေပြီပဲ"

"ခမ်းမှာ ဘယ်တုန်းက ချစ်သူရှိခဲ့လို့လဲ"

"အရင်တုန်းက မရှိပေမယ့် အခုရှိနေပြီပဲဗျာ၊ ခင်ဗျားက ဘာဖြစ်ချင်နေတာလဲ"

အခြေအနေကိုကြည့်ပြီး ခွန်ရှေးလတ်က ဝင်ပြောလိုက်တော့ ကိုနန္ဒ ဒေါသအိုးက ခံပြင်းစွာ ပေါက်ကွဲသွား၏။

"ဒါဖြစ်ချင်တယ်ကွာ"

"ခွပ်"

"အမလေး"

"ကဲကွာ"

"ဒုန်း"

"ဝုန်း"

"မောင်နန္ဒ မလုပ်နဲ့လေ"

ယောက်ျားနှစ်ယောက် မျက်စိရှေ့မှာပင် လုံးထွေးသွားတာမို့ မိန်းမသားအုပ်စုထံမှ အလန့်တကြား အော်ဟစ်သံတွေ ဆူညံစွာ ရန်ပွဲကို ဖြေရှင်းနိုင်ရန် ကြိုးစားကြသည်။ အလစ်အငိုက်မှာ ခွန်ရှေးလတ်မျက်နှာ လက်သီးစာမိသွားသလို ကိုနန္ဒကိုယ်တိုင်လည်း ခွန်ရှေးလတ်လက်ချက်နှင့် မျက်နှာမှာ အညိုအမည်း စွဲသွားပါ

ဝိုး : မိုး : စာပေ



သည်။

"ခမ်းက ငါလက်ထပ်မယ့် မိန်းကလေးကွ"

"အဲဒါ ကျုပ်က ဘာလုပ်ရမှာလဲ"

"မင်း မင်း ကဲကွာ"

"စိတ်ကိုထိန်းပါ မောင်နန္ဒရယ်၊ လာ လာ"

"အစ်ကိုနန္ဒ ရှင်သိပ်လွန်နေပြီနော်၊ ကြည့်စမ်းပါဦး ခမ်းချစ်သူမျက်နှာ သွေးတွေထွက်နေပြီ"

အန့်တီချယ်ရီက အစ်ကိုနန္ဒကို ဝင်ထိန်းသလို ခမ်းကသည်း ခွန်ရှေးလတ်ရှေ့မှာ ဝင်ရပ်ရင်း နှုတ်ခမ်းထောင့်စွန်းမှာ စီးကျလာသည့် ခွန်ရှေးလတ်နှုတ်ခမ်းက သွေးတွေကို ကြည့်ပြီး ဘုန်လှုပ်နေ၏။ အစ်ကိုနန္ဒမျက်နှာကို ဒေါသဖြင့် ခက်ထန်တင်းမာစွာ စူးစိုက်ကြည့်လိုက်သည့် ခွန်ရှေးလတ်မျက်လုံးများကို မြင်လိုက်ရတော့ ခမ်းအတွက် ပိုပြီး ထိတ်လန့်စရာဖြစ်လာသည်။

တကယ်ဆို ခွန်ရှေးလတ်ဆိုသည့်လူနှင့် ခမ်းက ဘာမဆိုင်၊ ညာမဆိုင်လူတွေ။ တစ်ယောက်နှင့်တစ်ယောက် သိပင်မသိ။ ခွန်ရှေးလတ်က အစ်ကိုနန္ဒကို ဒေါသဖြစ်ဖြစ်နှင့် အဖြစ်မှန်အတိုင်း ပြောပြလိုက်လျှင် ခမ်းတော့ အစ်ကိုနန္ဒလက်က ပြေးလွတ်တော့မည်မထင်။

"ဒီမှာခမ်း၊ မင်းညာဏ်တစ်ထွာတစ်မိုက်နဲ့ ကိုယ့်လိုလူ

ဝိုး : မိုး : စာပေ

တစ်ယောက်ကို လာပြီး လိမ်ညာဟန်ဆောင်နေလို့ ရမယ်ထင်နေလား"

"ဒီကောင်က မင်းနဲ့ဘာမှမဆိုင်ဘူးဆိုတာ အစ်ကိုသိတယ်၊ ဟန်ဆောင်တယ်၊ လိမ်ညာတယ်ဆိုတာ ခဏပဲရမယ် ခမ်း၊ မင်းလက်ထပ်ရမယ့်လူက အစ်ကိုနန္ဒပဲ၊ တခြားဘယ်သူမှ မဖြစ်ရဘူးဆိုတာ မြဲမြဲမှတ်ထား"

"ဟင်"

"မဟုတ်ဘူး အစ်ကိုနန္ဒ၊ ခမ်းတို့က တကယ့်ချစ်သူတွေပါ၊ မကြာခင် လက်ထပ်ကြတော့မှာလို့လည်း ပြောပါတယ်၊ ခမ်း ပြောလိုက်လေ"

ဖွေးဖွေးက ခမ်းကို ပြောခိုင်းနေသလို ခွန်ရှေးလတ်က လည်း ခမ်းကို စိုက်ကြည့်နေသည်။ ခမ်းအပေါ် အပိုင်တွက်ထားသည့် အစ်ကိုနန္ဒစကားတွေကို အတိအကျ ခြေဖျက်ရမည့်သူက ခမ်းမှတစ်ပါး တခြားမရှိ။ ခမ်းဖြေမည့် အဖြေကို အားလုံး စိတ်ဝင်စားနေကြသည်။

"ခမ်းတို့နှစ်ယောက် မနက်ဖြန်ဘဲ ရုံးတက်လက်မှတ်ထိုးကြမှာပါ၊ အစ်ကိုနန္ဒမယုံရင် အန်တီချယ်ရီနဲ့အတူ တရားရုံးကို မနက်ဖြန်ဆယ်နာရီအရောက် လာခဲ့ကြပါ"

"မင်းတကယ်ပြောနေတာလား ခမ်း"





တုန်လှုပ်သွားသည့် အစ်ကိုနန္ဒကို ကြည့်ပြီး ခမ်း ပြုံးလိုက်သည်။

"အစ်ကိုနန္ဒမှ မယုံတာ၊ ခမ်းက ယုံအောင် လက်တွေ့ပြရမှာပေါ့"

ခမ်းက မဒိုးမခန့် ပြန်ပြောလိုက်တော့ အစ်ကိုနန္ဒမျက်နှာ ထိန်းမရအောင် ပျက်သွားသည်။

"အစ်ကိုနန္ဒကို ခမ်း နည်းနည်းမှ မသနားတော့ဘူးပေါ့ တ်လား"

"အစ်ကိုနန္ဒကရော ခမ်းအပေါ်မှာ သနားလို့လား၊ အခုပဲ အိမ်အထိ လိုက်လာပြီး ခမ်းကို အနိုင်ကျင့်၊ ခမ်းချစ်သူကို မှုနေတာ ကောင်းတဲ့အလုပ်လား"

"ဘာပဲဖြစ်ဖြစ် အစ်ကိုနန္ဒကလွဲပြီး မင်း ဘယ်သူနဲ့မှ က်မထပ်ရဘူး ခမ်း"

"ခမ်းကို အမိန့်ပေးနေရအောင် အစ်ကိုနန္ဒက ဘာမို့လဲ"

"လာ မောင် ခမ်းတို့သွားကြမယ်"

ခမ်းက ခွန်ရှေးလတ်လက်တစ်ဖက်ကို ပိုင်နိုင်စွာ တွဲယူ က်ရင်း နေရာက ချာခနဲလှည့်အထွက်မှာ ဖွေးဖွေးရော ခွန်ရှေး တ်ပါ ခမ်းနှင့်အတူ အိမ်မကြီးထဲ ပါလာပါသည်။

"ခမ်း...မင်း...မင်း သူ့ကိုလက်မထပ်ရဘူးလို့ အစ်ကို

ပြောနေတယ်နော်"

"ဟိတ်ကောင် မင်းဘယ်သူလဲ၊ ဘာကိစ္စနဲ့ ခမ်းနားကို ရောက်နေရတာလဲ၊ ခမ်းအနားက အခုထွက်သွားစမ်း"

ကုလားမနိုင်တော့ ရခိုင်မဲသည်က သဘာဝ။

ကိုနန္ဒ ခမ်းကိုပြောမရတော့ ခွန်ရှေးလတ်ဘက် လှည့်လာသည့်အတွက် လှမ်းလက်စခြေလှမ်းတွေကို ခွန်ရှေးလတ် ရပ်လိုက်သည်။

"ကျုပ်နာမည် ခွန်ရှေးလတ်၊ ခမ်းရဲ့ချစ်သူ၊ ခမ်းရဲ့သတို့သားလောင်း၊ မကြာခင် ခမ်းနဲ့ လက်ထပ်တော့မှာဆိုတော့ ခင်ဗျားပဲ ကျုပ်တို့ချစ်သူနှစ်ယောက်ကြား ဝင်မရှုပ်ပဲ အခုချက်ချင်း မက်မုံမြိုင်က ပြန်ထွက်သွားလိုက်ပါ"

"မင်းကများ ငါ့ကို ဘာကောင်ထင်နေလဲကွဟင်"

"ခင်ဗျားဘာကောင်ဖြစ်ဖြစ် ကျုပ် စိတ်မဝင်စားဘူး။ ကျုပ်စိတ်ဝင်စားတာက ကျုပ်ချစ်သူတစ်ယောက်တည်းပဲ"

"လာ…ခမ်း၊ မောင်တို့သွားမယ်"

နေရာက ချာခနဲလှည့်ထွက်သွားသူကို ကြည့်ပြီး ကိုနန္ဒ မခံချိမခံသာ ဖြစ်ကျန်ရစ်သော်လည်း သူ့ဘက်က ဘာတစ်ခုမှ ပိုင်တာမရှိတော့ လက်သီးတင်းတင်းဆုပ်၊ အံကြိတ်ရုံကလွဲပြီး ဘာတစ်ခုမှ မတတ်နိုင်ခဲ့ပါ။





"လာပါ မောင်နန္ဒရယ်၊ အခုချိန်မှာ ခေါင်းအေးအေးထားနိုင်မှ တော်ကာကြမှာပေါ့၊ လာ လာ"

"ဟိုကောင် သိပ်လူပါးဝတယ် အန်တီချယ်ရီရ၊ ကျွန်တော် မကျေနပ်ဘူးဗျာ၊ ပြီးတော့ ဒီကောင့်ကို ကျွန်တော့်ခမ်းနားမှာ တစ်ခါမှ မမြင်ဖူးဘူးဗျာ၊ ခမ်းချစ်သူ လုံးဝမဟုတ်တာ ကျွန်တော်သိတယ်"

"ခမ်းကိုယ်တိုင်က သူ့ချစ်သူပါ၊ သူနဲ့လက်ထပ်မဲ့သူပါလို့ ပြောနေမှကွယ်"

"သူညာနေတာပါ အန်တီရယ်"

မကျေမချမ်းနိုင်လှပေမယ့် အိမ်ရှင်ကိုယ်တိုင်က လက်မခံသော ဧည့်သည်အဖြစ် ကိုနန္ဒနှင့် အန်တီချယ်ရီတို့ ကားကို ဝှန်းဒိုင်းကျဲပြီး မောင်းထွက်သွားတာ မြင်လိုက်ရ၏။

ဘယ်အချိန် ပြန်လာမည်ဆိုသည်ကိုက ခမ်းလည်းမသိ။ စိတ်ရှုပ်စွာ သူမအိပ်ခန်းထဲ ပြေးဝင်သွားချိန်မှာ ခွန်ရှေးလတ်က မက်မုံမြိုင်အိမ်ကြီး၏ ခမ်းနားသည့် ပြင်ဆင်ဖွဲ့စည်းမှုတွေကို စိတ်ဝင်တစား လိုက်ကြည့်လျက် ကျန်ရစ်သည်။

* * *

# အခန်း (၈)

"အီး…အဟင့်…ဟင့်"

တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်သော ခမ်းထံမှ ရှိုက်ငိုသံလေးကြောင့် ဖွေးဖွေးအကြည့်တွေက ခွန်ရှေးလတ်ထံ ဖျတ်ခနဲရောက်လာသည်။ တသိမ့်သိမ့်ရှိုက်ငိုနေသည့် ချစ်သူကို နှစ်သိမ့်ချော့မော့ခြင်း လုံးဝမရှိဘဲ သူနှင့်မဆိုင်သလို အနားမှာနေပြီး ပွဲကြည့်ပရိသတ်လုပ်နေသော ခွန်ရှေးလတ်ကို မျက်နှာရိပ်မျက်နှာကဲဖြင့် ချော့မော့နှစ်သိမ့်ရန် ဖွေးဖွေးက တိုက်တွန်းပေမယ့် ခွန်ရှေးလတ်မလှုပ်။

စီးကရက်တစ်လိပ်ကိုသာ အသည်းအမည်း သောက်နေပြီး ခမ်း ငိုနေတာ သူနှင့်မဆိုင်သလို လုပ်နေတာကို အသည်းယားလှသဖြင့် နောက်ဆုံး နှုတ်က ထုတ်ပြောလိုက်မိသူက ဖွေးဖွေး။

"ခမ်းကိုချော့လိုက်ဦးလေ ကိုခွန်ရှေးလတ်"





"ဗျာ"

"ခမ်းကို ချော့ဖို့ပြောနေတာရှင့်"

"ချော့ရမယ်"

ခွန်ရှေးလတ်အသံက ယောင်ဝါးဝါး။

"အံ့ပါရှင်၊ ကိုယ့်ချစ်သူတစ်ယောက်လုံး ဒီလောက်စိတ်ဆင်းရဲပြီး ငိုယိုနေတာကို ကိုယ်နဲ့ဘာမှမဆိုင်သလို လက်ပိုက်ကြည့်နေနိုင်တဲ့ ချစ်သူမျိုးလည်း ရှိသေးတာပဲ"

ဖွေးဖွေးက ခွန်ရှေးလတ်လုပ်နေပုံကိုကြည့်ပြီး အားမလိုအားမရ ဝင်ပြောလိုက်တော့ ခွန်ရှေးလတ် မျက်ခုံးအစုံ မြင့်တက်သွားကာ ဖွေးဖွေးကို တအံ့တဩ ပြန်ကြည့်သည်။

"အခန်းထဲဝင်သွားလေ"

"ဗျာ"

"ဩော်…ဒုက္ခပါပဲဗျာ၊ ခမ်းက ရှင့်ချစ်သူမဟုတ်ဘူးလား၊ ခမ်းအခန်းထဲကို ဝင်သွားလို့ပြောနေတာ"

"ဟို အဲဒါက"

"လာစမ်းပါရှင်၊ ဖွေးကိုယ်တိုင် ရှင့်ကို လိုက်ပို့စမ်းပါ့မယ်"

"မဖြစ်ဘူးထင်တယ်"

"ဘာလို့မဖြစ်ရမှာလဲ၊ လာ ဖွေးဖွေးနဲ့လိုက်ခဲ့"

ဖွေးဖွေး ရှေ့က ဦးဆောင်ထွက်သွားတာကိုကြည့်ပြီး ခွန်ရှေးလတ် အခက်တွေ့နေသည်။ လိုက်သွားလို့ကလည်း မဖြစ်။ ကျန်ရစ်လို့ကလည်း မကောင်း။

"လာလေ"

"ဗျာ ဟုတ်ကဲ့"

ရပ်နေလို့ မဖြစ်တော့သည့်အတူ ဖွေးဖွေးခေါ်ရာနောက် ခွန်ရှေးလတ် ပါလာသည်။ ကာယကံရှင် ခမ်းကိုမပြောဘဲ အဖြစ်မှန်ကို အမှန်အတိုင်း ဖွေးဖွေးကို ရှင်းပြရမလားဟု စဉ်းစားကြည့်သည်။ မိန်းမလှလေးမှာရှိနေသော အခက်အခဲနှင့် ကိုနန္ဒဆိုသည့်လူကြောင့် ထိုအတွေးကို ခွန်ရှေးလတ် ချက်ချင်းရပ်သိမ်းလိုက်သည်။

"ဒီအခန်းပဲ ဝင်သွားလေ"

"သူကြိုက်မယ်မထင်ဘူးဗျာ"

"အို···လာစမ်းပါ"

"ဟော့···ဟော့"

"ဒုန်း"

"ဝုန်း"

ဖွေးဖွေးက ဆိုးဆိုးဆတ်ဆတ်။

ခမ်းအခန်းတံခါးကို တွန်းဖွင့်ပြီး ခွန်ရှေးလတ်ကိုယ်ကြီးကို ခမ်းအခန်းထဲအရောက် နောက်က တအားတွန်းထည့်လိုက်တာမို့





ခွန်ရှေးလတ်မှာ တယော့ယော့ အော်ဟစ်ရင်း ခမ်းအိပ်ခန်းထဲ ရောက်သွားရသလို ဖွေးဖွေးက အိပ်ခန်းတံခါးကို ဆွဲပိတ်သွားတာကြောင့် အခန်းထဲမှာ ခမ်းနှင့် ခွန်ရှေးလတ် နှစ်ယောက်တည်း ကျန်ရစ်သည်။

"ရှင်···ရှင် ဘာဖြစ်လို့ ခမ်းအခန်းထဲ ဝင်လာရတာလဲ ဟင်"

အိပ်ရာထက်မှာ လူးလိမ့်ငိုနေရာက ဆူဆူညံညံအသံတွေ နှင့် ခမ်းအိပ်ခန်းထဲ ရောက်လာသည့် ခွန်ရှေးလတ်ကြောင့် အိပ်ရာ ထက်မှာ အလန့်တကြား ထထိုင်လိုက်မိသူက ခမ်း။

"ကိုယ်ဝင်လာတာ မဟုတ်ပါဘူး၊ ဖွေးက ဖွတ်အတင်း တွန်းပို့လိုက်တာပါ"

"ဟင်"

"ဖြစ်ပျက်နေတဲ့ အခြေအနေတွေကို ကိုယ် ဘာတစ်ခုမှ တိတိကျကျမသိပေမယ့် ခမ်းအတွက် ကိုယ် စိတ်မကောင်းပါဘူး"

"ခမ်းကို နှုတ်ဆက်ခဲ့ပါတယ်၊ ကိုယ်သွားတော့မယ်"

"သွားတော့မယ် ဟုတ်လား၊ ရှင်က ဘယ်ကိုသွားမှာ လဲ"

"ဒီလိုပဲ ခြေဦးတည့်ရာပေါ့"

"ဟင်"

ခွန်ရှေးလတ်မျက်နှာကို ခမ်း အလန့်တကြား မော့ကြည့်လိုက်သည်။ ညှိုသည်က အချိန်တန်တော့ အိမ်ပြန်သည်။ ဒါဘာမှမထူးဆန်းသည့်ကိစ္စ ဖြစ်ပေမယ့် ခမ်းအတွက် သိပ်ပြီး ထူးခြားဆန်းကြယ်သောကိစ္စ ဖြစ်နေသည်။

"ရှင်ဘယ်မှမသွားပါနဲ့"

"ဗျာ"

"အစ်ကိုနန္ဒ မနက်ဖြန် ထပ်လာဦးမှာပဲ၊ သူလာရင် ခမ်းနားမှာ ရှင်ရှိနေမှဖြစ်မှာ၊ သူ့စိတ်ကို ခမ်းသိတယ်၊ အလိမ်အညာတွေပေါ်သွားရင် ခမ်းကို ဘယ်လိုနည်းနဲ့မှ အလွတ်ပေးမှာမဟုတ်ဘူး"

"သူက ခမ်းချစ်သူလား"

အရေးကြီးဆုံးအချက်ကို ခွန်ရှေးလတ် မေးလိုက်တော့ ခမ်းက ဦးခေါင်းကို ညင်သာစွာ ခါယမ်းသည်။

"အစ်ကိုနန္ဒသာ ခမ်းချစ်သူဆိုရင် ဒီလိုကိစ္စတွေ ဖြစ်လာစရာဘယ်ရှိပါ့မလဲ၊ ခမ်းကို ကူညီလက်စနဲ့ ဆက်ပြီးကူညီပါဦး"

"အဲဒီအတွက် ရှင့်ကျေးဇူးကို ခမ်းမမေ့ပါဘူး၊ ခမ်းကို ရှင်ကူညီမယ်မဟုတ်လားဟင်"

"ဘာကိုကူညီစေချင်တာလဲဆိုတာ အရင်ပြောလေ ဒီမှာပဲ ပြောမလား၊ အခန်းပြင်ထွက်ပြောမလား"



"ခမ်းပြောမယ့်ကိစ္စကို မွေးမွေး မသိစေချင်ဘူး၊ ဒီနေရာမှာလည်း မပြောချင်ဘူး၊ ခမ်းနောက်က လိုက်ခဲ့ပါ"

ဒီတစ်ခါ ခွန်ရှေးလတ်ကို ဦးဆောင်ခေါ်သွားသူက ခမ်း။ လွတ်လပ်ကျယ်ပြန့်သော လေသာဆောင်မှာ ခွန်ရှေးလတ်တို့နှစ်ယောက် ရောက်နေသည်။ ခမ်းက အစ်ကိုနန္ဒနှင့် သူမ ပတ်သက်ဆက်နွယ်ပုံနှင့် လက်ရှိအခြေအနေကို ရှင်းပြသည်။ နောက်ဆုံး ခမ်းချစ်သူအဖြစ် ဆက်လက်ရပ်တည်ဟန်ဆောင်ပေးရန်ဆိုသည့်စကားဖြင့် အဆုံးသတ်သော်လည်း ခမ်းတောင်းသည့် အကူအညီကိုပေးရန် ထင်သလောက်မလွယ်ကူနိုင်ကြောင်း ခွန်ရှေးလတ် သိနေသည်။

"ကိုယ့်အနေနဲ့ ခမ်းတောင်းဆိုတဲ့ အကူအညီကို ပေးဖို့ဝန်မလေးပါဘူး၊ ဒါပေမယ့် ကိုနန္ဒဆိုတဲ့လူ ယုံကြည်လက်ခံလာနိုင်အောင် ခမ်းအနေနဲ့ ထိထိရောက်ရောက် လှည့်စားနိုင်ပါ့မလား"

"ရှင်"

"ခမ်းပဲ စဉ်းစားကြည့်လေ၊ ဒီကိစ္စမျိုးဆိုတာ အပြောလွယ်သလောက် လက်တွေ့မှာ ဘယ်လောက်ခက်ခဲတယ်ဆိုတာ ခမ်းလည်း သိမှာပါ၊ ပြီးတော့ ကိုယ်ကိုယ်တိုင်က ခမ်းကို လက်ထပ်ဖို့ဆိုရင် အများကြီး စဉ်းစားစရာတွေရှိတယ်"

"ဟန်ဆောင်လက်ထပ်မှာကို ပြောတာရှင့်၊ ရှင့်ကို

ဘယ်သူကများ အတည်တကျ လက်ထပ်ယူမှာမို့လဲ''

ကောက်ညှင်းကမစေး ဆန်ကြမ်းကစေးနေသည့် အဖြစ်ကြောင့် ခွန်ရှေးလတ်၏ မျက်နှာချောချောကို စိတ်အလိုမကျနိုင်စွာ မျက်စောင်းလေးရှယ်လိုက်မိသူက ခမ်းဖြစ်သည်။

''ဘယ်လိုပဲဖြစ်ဖြစ်လေ လက်ထပ်ပြီဆိုထဲက အတည်ရယ် ဟန်ဆောင်တာရယ်ဆိုတာက ကိုယ်တို့နှစ်ယောက်ထဲ သိကြရမယ့်ကိစ္စပဲ၊ တခြားသူတွေအမြင်မှာတော့ ခမ်းနဲ့ကိုယ်က တရားဝင်လင်မယားပဲ''

''ရှင်ဆိုလိုတာက ဘာလဲရှင့်၊ ခမ်းကို ရှင် မကူညီနိုင်ဘူး၊ ဒါပဲမဟုတ်လား''

''ကိုယ် အဲဒီလိုပြောမိလို့လား''

''ဒါဖြင့် ရှင် အခုပြောနေတဲ့ စကားအဓိပ္ပာယ်က ဘာလဲ''

ခွန်ရှေးလတ်က သူ့မျက်စိရှေ့က ခမ်းဆိုသည့် အပျိုမချောချောလေး၏ မျက်နှာမှုန်မှုန်လေးကို စူးရှတောက်ပသော မျက်လုံးနက်နက်များဖြင့် စိုက်ကြည့်လိုက်သည်။ မြစိမ်းရောင်ဝတ်စုံအောက်မှာ ဖြူဖွေးနုညက်သော အသားအရည်က ရွှေလိုဝင်းနေသည်။ သွယ်မယောင်နှင့် ဝိုင်းသော မျက်နှာလေးတွင် မျက်ခုံးစိမ်းတွေဖင်ရော်တောင်လို ကော့ပျံနေ၏။ မျက်သားဖြူဖြူအောက်ခံမှာ နက်မှောင်သော မျက်ဆံနက်နက်တွေက ရှင်းသန့်လျက် အပြစ်ကင်းစင်



စွာ သူ့ကိုပြန်ကြည့်နေ၏။

နှာတံကစင်းပြီး အဖျားမှာ လုံးချွန်သွားကာ နှုတ်ခမ်းခမ်းမှာက နှင်းဆီဖူးသဖွယ် ပြည့်ပြည့်ဖောင်းဖောင်းလေး နီရဲနေ၏။ အရပ်မှာ ငါးပေသုံးလက်မခန့် ရှိမည်ဖြစ်သော်လည်း ပြည့်တင်းသွယ်လျသော ခန္ဓာကိုယ်အချိုးအဆစ်အား သေးကျဉ်းသောခါးလေးက ပိုင်းခြားလျက်။ ဖွံ့ဖြိုးသောရင်နှင့် စွင့်ကားသောတင်တို့ကသေပစွာ ထုဆစ်ထားသော ယမင်းရုပ်နှင့် တူလှပေသည်။

နက်မှောင်သော ဆံနွယ်များက ပိုးသားလို တောက်ပြောင်စွာ ကျောလယ်ခန့်ထိ ဝဲကျနေ၏။ ဤချစ်စရာ မိန်းမလှလေးကခွန်ရှေးလတ်နှင့်အတူ မချစ်မနှစ်သက်သူ၏ အပိုင်သိမ်းဆည်းခြင်းခံရမည့်ဘေးမှ ကင်းဝေးအောင် ကြံမိကြံရာ ကြံဆောင်နေရရှာသူလေးအဖြစ် တွေးမိသောအခါ ခွန်ရှေးလတ်နှုတ်ခမ်းမှာ မချင့်မရဲအပြုံးတစ်စ တွဲခိုလာ၏။

ရိုးသား၍ အပြစ်ကင်းစင်သော ခမ်းက ခွန်ရှေးလတ်ကိုဘယ်သူဘယ်ဝါအဖြစ် သိရှိသူကမဟုတ်ချေ။ သူမပြောပြ၍ မိဘမဲ့တစ်ကောင်ကြွက်မလေးအဖြစ်ကိုက သိထားနှင့်ပြီးဖြစ်သည်။ သူ့သာမကယ်လျှင် ကလေးမကို အစ်မယောကျ်ားခဲအိုမှ အပိုင်ကြံ၍ သိမ်းပိုက်ခြင်းခံရမည့်အဖြစ်ကလည်း ရင်လေးစဖွယ်။

ထိုထက်ပို၍ဆိုးသည်မှာ ခွန်ရှေးလတ်ကိုယ်တိုင်

ဤတလေးမလေးအား လက်ထပ်၍ ဖြစ်နိုင်၊ မဖြစ်နိုင် ဖြစ်သည်။ ရွှန်းလဲ့တောက်ပသော ခမ်း၏မျက်လုံးအစုံက ခွန်ရှေးလတ်၏ အသည်းနှလုံးကို ညှို့ယူဖမ်းစားနိုင်စွမ်းခြင်းကို သူ မငြင်းဆန်နိုင်။

"မင်းဘက်က သေချာစဉ်းစားဖို့လိုဦးမလားလို့ပါ၊ မင်းနဲ့ လက်ထပ်မယ့်ကိုယ်က ဘယ်သူလဲ၊ ဘယ်လိုလူလဲဆိုတာ မင်း မသိချင်ဘူးလား"

"သိလို့ရော ဘာအကြောင်းထူးမှာမို့လဲ၊ ခမ်းကို အန္တရာယ်ပြုမယ့်သူမဟုတ်ဘူး၊ ဒုက္ခပေးမယ့်သူမဟုတ်ရင် ပြီးတာပဲ တခြားရှင်ပြောမယ့် အကြောင်းအရာတွေဆိုတာက အမှန်တွေလည်း ဖြစ်ချင်ဖြစ်မယ်၊ ပုံပြင်တွေကို လုပ်ကြံပြီးပြောတာလည်း ဖြစ်ချင် ဖြစ်မယ်"

"ဘာဖြစ်လို့လဲဆိုတော့ ခမ်းမှ ရှင့်ကိုမသိဘဲကိုး၊ ဒီတော့ ရှင်ဘာပြောပြော ခမ်းက နားထောင်ရမှာပဲလေ"

"ဆိုလိုတာက ကိုယ်ဘာကောင်ပဲဖြစ်ဖြစ် လက်ထပ်မှာ ပဲလား"

"ဒါပဲရှိတာပဲလေ၊ ခမ်းကို ကူညီရတဲ့အတွက်လည်း ရှင့်ကို မနစ်နာစေရပါဘူး"

"နစ်နာကြေးပေးမယ်လား"

"အဲဒီလိုသဘောမျိုး မဟုတ်ပေမယ့် စေတနာကို





စေတနာနဲ့ တုံ့ပြန်တဲ့သဘောလို့ပဲ နားလည်ပေးလိုက်ရုံပါ"

"ကိုယ့်ကို ဘယ်လောက်ပေးမှာလဲ"

ခမ်းနှင့် ခွန်ရှေးလတ် တစ်ယောက်မျက်နှာကို တစ်ယောက် စိုက်ကြည့်လိုက်ကြသည်။ ရွှန်းလဲ့တောက်ပသော ခမ်း၏ နူးညံ့အပြစ်ကင်းသော မျက်ဝန်းအစုံက ခွန်ရှေးလတ်၏ နူးရှနက်ရှိုင်းသော အကြည့်များထဲကို ညင်သာပျော့ပျောင်းစွာ နူးနူး ညံ့ညံ့ သိမ်မွေ့စွာ စီးဝင်လာသည်။ ခွန်ရှေးလတ်ရင်ထဲ ဘယ်နေရာ ဆီကမှန်းမသိ သိမ့်ခနဲ လှုပ်ခတ်သွားသော အမည်မသိ ခံစားချက် တစ်မျိုး ဖျတ်ခနဲဝင်လာခြင်းကို အံ့သြသွားသည်။

အတော်ထူးဆန်းတဲ့အဖြစ်ပဲ။

"ရှင်ကရော ဘယ်လောက်လိုချင်တယ်ဆိုတာ ပြောကြည့်လေ"

"အခုလား"

"အင်း"

ခွန်ရှေးလတ်ဦးခေါင်းကို ဆတ်ခနဲ ညိတ်လိုက်သည်။ ပြီးတော့ ခမ်းမျက်နှာလေးကို စိုက်ကြည့်လိုက်၏။ ခမ်းက သူ ပြောမည့်စကားကို စိတ်ဝင်စားစွာ နားစွင့်နေပုံနှင့် ငြိမ်သက်စွာ သူ့ကိုပြန်ကြည့်နေသည်။

"ခမ်း တကယ်စေတနာရှိတယ်ဆိုရင် ကိုယ်ဒုက္ခရောက်

နေတဲ့အချိန်မှာ ခမ်းဘက်ကရော ကိုယ့်ကို အချိန်မရွေး ပြန်ကူညီပေးနိုင်မလား''

''ဘယ်လိုကူညီရမှာလဲ''

''အတိအကျတော့ ကိုယ်လည်းမပြောတတ်ဘူး၊ တစ်ခုခုပေါ့၊ အခုလို အကူအညီမျိုးလည်း ဖြစ်ချင်ဖြစ်နိုင်တာပဲ''

''ဟင်''

''ကိုယ်လည်း ခမ်းလိုပဲ၊ ကိုယ်မလိုချင်တဲ့ မိန်းမတစ်ယောက်ကို လက်မထပ်ချင်လို့ အိမ်ကထွက်လာတာ''

''တကယ်လား''

''တကယ်ပေါ့''

''အို''

''ဘယ်လိုလဲ ကူညီမှာလား''

ခမ်းက ခွန်ရေးလတ်မျက်နှာချောချောကို နားမလည်နိုင်သော အမူအရာနှင့် မော့ကြည့်သည်။ စူးရှရွှန်းလဲ့သည့် မျက်ဝန်းညိုတွေ စိုလက်နေပုံကို ကြာရှည်ရင်မဆိုင်ရဲသလို ဖျတ်ခနဲ အကြည့်ကို လွှဲလိုက်ပြီးမှ ခပ်တိုးတိုးပြောလိုက်သည်။

''လိုအပ်လာရင်တော့ ကူညီမှာပေါ့''

''သင့်ခ်ယူ''

ထိုညက ခွန်ရေးလတ် မက်မုံမြိုင်မှာ အိပ်သည်။





ခွန်ရေးလတ်က ခေါင်းချလိုက်တာနှင့် နှစ်ခြိုက်စွာ အိပ်ပျော်သွားပေမယ့် ခမ်းကိုယ်တိုင်ကမူ အိပ်ရာထက်မှာ တလူးလူးတလိမ့်လိမ့်နှင့် ဘယ်လိုမှ အိပ်မပျော်နိုင်ဘဲဖြစ်နေသည်။ ဘယ်ကလာ၍ ဘယ်ကိုသွားမည့်သူမှန်းမသိသော လူစိမ်းယောကျ်ားတစ်ယောက်ကို မည်သူမည်ဝါမှန်းမသိဘဲ စာချုပ်ပေါ်မှာ တရားဝင်လက်ထပ်ပြီး ချက်ချင်းကွာရှင်း လက်မှတ်ထိုးကြရမည်ဆိုပေမယ့် ဖြူစင်လွန်းသော သူမ၏ ရိုးမိုက်မှုအတွက် ကိုယ့်ကိုယ်ကို အပြစ်တင်ဝေဖန် ရှုံ့ချနေမိသည်။

ငါတော့ ဒီလိုလုပ်ဖို့ ဆုံးဖြတ်မိတာ သိပ်ကို မိုက်မဲလွန်းနေပြီ။ ခွန်းရေးလတ်ဆိုတဲ့လူဟာ ဘယ်လိုလူဆိုတာ ငါလည်း မသိဘူး။ သူသာ လူဆိုးတစ်ယောက်ဆိုရင် ငါ ဘာဆက်လုပ်ရမှာလဲ။

သူပြောသလို ကိုယ်မလိုချင်တဲ့ မိန်းမတစ်ယောက်ကို ယူချင်လို့ အိမ်ကထွက်ပြေးလာတာဆိုတဲ့ စကားကရော ဖြစ်နိုင်လို့လား။ ခမ်းဖြစ်ပျက်နေတဲ့ အခြေအနေတွေကိုကြည့်ပြီး သူ့ကိုယ်သူ ခမ်းနဲ့အဖြစ်ချင်းတူတဲ့သူဖြစ်အောင် ချော်လဲရောထိုင်တာရော မဖြစ်နိုင်ဘူးလား။

သူ့ဥပမိရုပ်နဲ့ အနေအထိုင် အပြုအမူတွေကိုကြည့်ရတာ ဒီလိုမျိုး ရမ်းရမ်းကားကားထဲက မဖြစ်နိုင်လောက်ပါဘူးလေ။

အို ဒီလိုတစ်ဖက်သတ်ပြောလို့လည်း ဘယ်ဖြစ်မလဲ။ လူဆိုးဆိုတာ လည်ပင်းမှာ စာဆွဲထားတာမျိုးမဟုတ်တော့ သိပ်ခက်တာပဲ။ ဘယ်လိုများ ကြံရပါ့မလဲနော်။ ခမ်း အတွေးက လွန်ဆွဲနေသည်။ ဘာတစ်ခုမှ ဝေခွဲမရဖြစ်နေပေမယ့် အစ်ကိုနန္ဒမျက်နှာကြီးကို ဖျတ်ခနဲ သတိရလိုက်တော့ စောစောဆီက လွန်ဆွဲနေသော အတွေးလေးတွေလည်း ချက်ချင်းဘယ်ဆီ လွင့်စင်သွားရသည်မသိ။

မဖြစ်ဘူး မဖြစ်ဘူး။

အစ်ကိုနန္ဒလိုလူကိုတော့ လုံးဝမယူနိုင်ဘူး။ သူ့လိုလူတစ်ယောက်ရဲ့လက်ထဲ ခမ်းဘဝကို အဆုံးခံမယ့်အစား ကိုယ့်ကိုယ်ကို သတ်သေပစ်လိုက်တာကမှ ပိုကောင်းဦးမည်။

အို ဖြစ်ချင်ရာဖြစ်စမ်းပါစေတော့လေ။ အခုအခြေအနေမှာ သန်းခေါင်ထက် ညဥ့်ပိုမနက်နိုင်တော့ပါဘူး။ ခွန်ရှေးလတ်ဆိုတဲ့လူကိုပဲ အစ်ကိုနန္ဒလက်ကလွတ်အောင် ဟန်ဆောင်လက်ထပ်ရတော့မှာပဲ။ ဒါထောင်, အစ်ကိုနန္ဒက ယုံကြည်လက်ခံလာအောင် မနည်းလုပ်ပြရဦးမှာ။

ဟိုတုန်းကတော့ အစစအရာရာ အစ်ကိုနန္ဒအပေါ်မှာ အလုံးစုံစိတ်ချယုံကြည်အားကိုးမိတာ မှန်ပေမယ့် ကိုနန္ဒနှင့် ပြဿနာဖြစ်ပြီးနောက်မှာ ခမ်းကိုယ်တိုင် အစ်ကိုနန္ဒကို ကြောက်စရာကောင်းသော လူတစ်ယောက်မှန်း သိလာခဲ့ရပါပြီ။ အစ်ကိုနန္ဒ၏ စီးပွား



ပုပ်ငန်းတွေမှာ မရိုးသားမှုတွေရှိသလို အစ်ကိုနန္ဒမွေးထားသည့် ည့်လူမိုက်တွေက သူတို့ဆရာအတွက်ဆို ဘာမဆို လုပ်ပေးမည့်သူတွေချည်းဆိုတာကိုပါ ခမ်း သိခဲ့ရသည်။

ဒီလိုလူမျိုးတွေနှင့် ဘာတစ်ခုမှ ခမ်း မပတ်သက်ချင်။ ကိုနန္ဒကိစ္စရှင်းပြီးတာနှင့် ရန်ကုန်ကို ခမ်း ထွက်သွားတော့ ည်။ ဟိုမှာ အခြေတကျနေထိုင်ပြီး ပညာဆက်သင်မည်။ သင်တန်း တက်မည်။ သူမမှာ ရည်မှန်းချက်ရှိသည့်အတိုင်း နောက်တော့ င်ခြားထွက်ပြီး အလုပ်လုပ်မည်။

ခမ်းမှာ နောက်ဆံငင်စရာ တွယ်တာလောက်သော ယောခင်ကြီး ဘာတစ်ခုမှမရှိအောင် အစ်ကိုနန္ဒကပဲ ရက်ရက် စက် ဖြတ်တောက်ခဲ့တာဖြစ်သည်။ အခြေအနေအရ နိုင်ငံခြား ပဲ အပြီးနေဖြစ်လျှင်လည်း နေဖြစ်သွားမည်။ ဘာတစ်ခုမှ ပုံသေ ျှမရတော့။

မနက်ဖြန်မနက် ခွန်းရှေးလတ်နှင့် တရားရုံးသွားပြီး အသိ က်သေတွေရှေ့မှာ လက်ထပ်မည်။ အစ်ကိုနန္ဒက ခမ်းပြောတာကို ယုံတာနှင့် မက်မုံမြိုင်ကို ရောက်အောင်လာဦးမှာ သေချာသည်။ ချင်လည်း လာပါစေ။ ခမ်းကတော့ သူမအစီအစဥ်ကို နောက် တ်ဘတော့ဟု စိတ်ကို ရဲဝံ့စွာ ပိုင်းဖြတ်လိုက်တော့မှ စိတ်နှလုံး း ချပြီး အိပ်ပျော်သွားသည်။

* * *

## အခန်း (၉)

''ဘယ်လိုလုပ်ကြမလဲ''

''ဘာလုပ်ရမှာလဲ၊ ကိုယ့်အစီအစဉ်အတိုင်း ကိုယ်ဆက်လုပ်ရုံပေါ့''

ပြတ်သားသည့် ခမ်းစကားကြောင့် မက်မုံမြိုင်ခြံဝမှာ ကြိုရောက်နေသည့် ကိုနနွကားကို ကြည့်နေရာက ခွန်ရှေးလတ် ပခုံးနှစ်ဖက်ကို တွန့်လိုက်သည်။

ကိုနနွဆိုသည့်လူကလည်း တကယ်မလွယ်ပါလား။ ခွန်ရှေးလတ်နှင့်ခမ်း ဘာမှမပြင်ဆင်ရသေးခင် သူက ဝီရိယကောင်းကောင်းနှင့် ကြိုရောက်နေသည်ဆိုတော့ လွန်တာပေါ့။

''ရှင့်အတွက် အဝတ်တွေ ရှင့်အခန်းထဲမှာ ပို့ထားတယ်၊ ရှင့်ကိုယ်ပေါ်က ဝတ်စုံကိုချွတ်ပြီး ခမ်းပို့ထားတဲ့ဝတ်စုံနဲ့ လဲလိုက်





ပါ''

တစ်စုံတည်းသာပါသော ကိုယ်ပေါ်က ဝတ်စုံကို ငုံ့ကြည့်ရင်း ခွန်ရှေးလတ် ခမ်းကို ပြန်ကြည့်လိုက်သည်။ သူ့အကျင့်က တစ်မျိုး။ သူ့ကိုယ်ပိုင်အဝတ်ကလွဲပြီး တခြားဘယ်သူ့အသုံးအဆောင်ပစ္စည်းကိုမှမသုံး။ ကိုယ့်ဘာသာ သီးသီးသန့်သန့်နေတတ်သူမျိုးဖြစ်သည်။

''ဒီအတိုင်းပဲသွားလို့ရော မဖြစ်ဘူးလား၊ ကိုယ်က သူများအဝတ်တွေ မဝတ်တတ်ဘူး''

''သူများအဝတ်တွေမဟုတ်ဘူးရှင့်၊ အားလုံး ဒီမနက်ကမှ ဈေးဖွေးကို အကူအညီတောင်းပြီး ဝယ်ခိုင်းလိုက်တဲ့ အဝတ်တွေ''

''အားလုံး အသစ်တွေချည်းပဲ၊ အဟောင်းလည်း ပေးစရာမရှိပါဘူးလေ၊ ခမ်းဖေဖေ့အဝတ်အစား အသုံးအဆောင်တွေအားလုံး လှူပစ်လိုက်လို့ ဘာမှမကျန်တော့ပါဘူး၊ စိတ်သန့်သန့်သာဝတ်ပါရှင်''

''ကြီးကျယ်တယ်လို့တော့ မထင်ပါနဲ့ဗျာ၊ လူတစ်ကိုယ် အကျင့်တစ်မျိုးလို့သာ သဘောထားလိုက်ပါ၊ ကိုယ် အခုပဲ သွားလဲလိုက်ပါ့မယ်''

ခမ်းမျက်နှာလေးကိုကြည့်ပြီး ခွန်ရှေးလတ် တောင်းပန်ခြင်းမည်သော လေပြေစကားကိုဆိုလိုက်ပြီး သူ့အတွက်ပေးထားသော

အိပ်ခန်းထဲကိုဝင်ခဲ့သည်။ သူအိပ်သည့်အိပ်ရာပေါ်မှာ အသစ်စက်စက် လက်ဆွဲစက္ကူအိတ်နှင့်ထည့်ထားသည့် အင်္ကျီအဖြူလက်ရှည် ပိုးပုဆိုးပန်းရင့်ရောင်တစ်ထည်တို့ကို တစ်ခုချင်းကိုင်ကြည့်ပြီး မျက်ခုံးတွန့်လိုက်သည်။

ခွန်ရှေးလတ် ဘဝတစ်သက်တာမှာ တစ်ကြိမ်တစ်ခါမှ မဝတ်ဖူးတဲ့ အဝတ်အစားတွေပါလား။ တိုက်ပုံနဲ့ပုဆိုး။ အဝတ်တွေကို ပစ်ချပြီး အိပ်ရာပေါ် ဝုန်းခနဲ လှဲချလိုက်သည်။ သူဖြစ်ပျက်ကြုံတွေ့နေရသည့် အခြေအနေတွေကို ဘာတစ်ခုမှ မမှီနိုင်ဘဲ ဖြစ်နေရခြင်းကို ရယ်ရမည်လား။ စိတ်ဆိုးဒေါသဖြစ်ရမည်လား။ အံ့ဩပျော်ရွှင်ရမည်လားဆိုတာ သူကိုယ်တိုင်လည်း မခွဲခြားတတ်တော့ပါ။

ပုဆိုးကို သူတစ်ခါမှ မဝတ်ဖူးသလို တိုက်ပုံအင်္ကျီကိုလည်း သူ မဝတ်ဖူး။ ဝတ်မဲ့ဝတ်ရတော့လည်း ရိုးရိုးအဝတ်အနေနှင့်မဟုတ်။ တစ်ကြိမ်တစ်ခါမှ သိကျွမ်းခင်မင်ရင်းနှီးခြင်းမရှိသည့် မိန်းမလှလေးတစ်ယောက်ကို ဟန်ဆောင်လက်ထပ်ရမည့် သတို့သားအတုဝတ်စုံဖြစ်နေသည်။

ဩော် ခွန်ရှေးလတ်။

ခွန်ရှေးလတ်။

မင်း ဘာ့ အတော့်ကို ရူးနေပြီထင်တယ်။

ဝိုးဝိုး၁၁၉ပ



မဆီမဆိုင် ဘာကိစ္စ သူများကိစ္စထဲ ဝင်ရှုပ်နေသနည်း။ ကိုယ့်ကိစ္စကိုယ် မဖြေရှင်းနိုင်ရသည့်အထဲ သူများကိစ္စမှာလည်း သူကိုယ်တိုင် ဓားစာခံနေရာက ထိပ်ဆုံးကပါဝင်နေပြန်သည်။

မိန်းမတစ်ယောက်ကို ယူချင်၍ ထွက်ပြေးလာသည့်လူ က တခြားမိန်းမတစ်ယောက်ကို အလွယ်တကူ ကြည်ကြည်ဖြူဖြူ လက်ထပ်ဖို့ကိစ္စ သဘောတူနေသည်ဟုဆိုလျှင် ကြားရသူအပေါင်း ယုံနိုင်ကြပါမည်လားမသိ။

တစ်ခုတော့ကောင်းသည်။

ဒီသတင်းကို ဦးကြီးဟိန္ဒသိလျှင် တစ်ချက်ခုတ်နှစ်ချက် ပြတ်ဆိုသလို ဂျူလီယာနှင့်ကိစ္စကို သူ့အလိုလို ဦးကြီးရော ဂျူလီယာပါ လက်လျှော့သွားကြမှာ သေချာသည်။ ခွန်ရှေးလတ်မှာ တရားဝင်လက်ထပ်ထားသည့် ဇနီးမယားရှိနေပြီဆိုလျှင် သူတို့ ဘာတတ်နိုင်မည်နည်း။

ဘာမှမတတ်နိုင်။

ဂျူလီယာလို မိန်းကလေးကလည်း သူမကိုယ်သူမ ခွန်ရှေးလတ်၏ အငယ်အနှောင်းအဖြစ်ခံမည့်သူမဟုတ်။ ခမ်းကို သူ့ အခက်အခဲမှ ကူညီခြင်းမှာ သူ့အခက်အခဲကိုလည်း ဖြေရှင်း ကူညီခြင်းလည်းဖြစ်နေသည်။

"ဒေါက် ဒေါက်"

ဝိုးဝိုး၁၁၉ပ

"မောင်ရေ ပြီးပြီလား"

ခမ်း၏ ချိုလွင်သာယာသော အသံလေးက တံခါးခေါက်သံနှင့်အတူ ရောထွေးထွက်လာတော့ ခွန်ရှေးလတ်ကိုယ်ကြီး တွန့်ခနဲ ဖြစ်သွားသည်။ ခမ်းက သူ့ကို မောင်လို့ခေါ်လိုက်တိုင်း ခွန်ရှေးလတ် အသည်းထဲ ငြိမ့်ခနဲ သိမ့်ခနဲဖြစ်သွားတတ်သည်မှာ ဘာကြောင့်ဟုမသိ။

"ကျို"

"ဟင် ရှင် အခုချိန်ထိ ဘာမှမလုပ်ရသေးဘူးပေါ့ ဟုတ်လား"

"ခမ်း"

ခွန်ရှေးလတ်နှုတ်ဖျားက ခမ်းအမည်လေးကို အလန့်တကြား တိုးဖွညင်သာစွာ ခေါ်လိုက်မိသလို ပန်းနုရောင်ဝတ်စုံလေးဖြင့် အလှကြီးလှနေသူလေးကိုလည်း မျက်လုံးနက်နက်တွေ အရောင်လက်ဖြာသွားသည်အထိ စူးစူးနစ်နစ် တအံ့တသြ စိုက်ကြည့်မိလျက်သား ဖြစ်သွားသည်။

ခမ်းလှတာ ချစ်စရာကောင်းတာကိုသိပေမယ့် ဤမျှ သူ့စိတ်ကို လှုပ်ရှားသွားစေနိုင်လောက်အောင် အလှတစ်ပါးဖြစ်လာလိမ့်မည်ဟု မျှော်လင့်ထားခြင်းတော့မရှိခဲ့။ ခွန်ရှေးလတ်ဆိုသည်က မိန်းမလှလေးပေါင်း မြောက်မြားစွာ၏ အသည်းကို စိတ်ကြိုက်ဆော





ကစားလာသော အချစ်သခင်။ အချစ်ဘုရင်တစ်ပါးဖြစ်သော်လည်း ခမ်း၏ အလှညို့ချက်ပြင်းပြင်းဖြင့် သူ့နှလုံးသားကို သိမ်းကျုံးဆွဲယူခြင်း ခံရသည်အထိတော့ မကြုံဖူးပါ။

တစ်ခဏတာ အချိန်တိုလေးအတွင်းမှာ ခမ်းဆိုသည့် မိန်းမလှလေးက ခွန်ရှေးလတ်အသည်းနှလုံးထဲသို့ စူးရှနက်ရှိုင်းစွာ နေရာယူသွားပြီဟု သိလိုက်ချိန်။ ခမ်းကတော့ ခွန်ရှေးလတ်အတွက် ပေးထားသည့် အိပ်ခန်းတံခါးကို တွန်းဖွင့်ပြီး အိပ်ခန်းထဲလှမ်းအဝင် ခုတင်ကြီးပေါ်မှာ ပက်လက်ဆန့်ဆန့်ကြီး ခေါင်းအောက်မှာ လက်နှစ်ဖက်ကို ထိုးသွင်းလျက်အနေအထားအတိုင်း မျက်စိတည်ရာ စင်းစင်းကြီးကြည့်နေသော ခွန်ရှေးလတ်ကိုကြည့်ကာ ခုချိန်ထိ ဘာတစ်ခုမှ မပြင်မဆင်ရသေးဘဲ ငြိမ်ငြိမ်ကြီးလုပ်နေသူကို စိတ်ဆိုးဒေါသတွေဖြစ်သွားသည်။

"ရှင် ရှင် ဒါဘာသဘောလဲဟင်၊ ခမ်းကို အစ်ကိုနန္ဒရှေ့မှာ အရှက်ရွဲ့ ဒုက္ခရောက်အောင် လုပ်မလို့ပေါ့ဟုတ်လား"

ခမ်းအသံလေးက တုန်တုန်ရီရီ။

စိတ်လှုပ်ရှားခြင်းကြောင့် လှပသောမျက်နှာလေးမှာလည်း ဖြူတစ်ခါနီတစ်လှည့်နှင့် ခွန်ရှေးလတ်ကို စိတ်ဆိုးစွာမော့ကြည့်သည်။

"ကိုယ့်ကို ခမ်း အထင်လွဲနေပြီ၊ ခမ်းပြောသလို လုပ်ချင်

မှတော့ ခမ်းကို အခုလို ကူညီနေစရာတောင်မလိုပါဘူးဗျာ၊ ကိုနန္ဒ ဆိုတဲ့လူလာထဲက ကိုယ်နဲ့ဘာမှမဆိုင်ဘူးလို့ပြောပြီး ထည့်ပေးလိုက်ရုံပေါ့"

"ဒါဖြင့် ခုချိန်ထိ ဘာမှမလုပ် နေနေတာကရော၊ ဘာသဘောလဲရှင် ပြောပါဦး"

ခမ်းမှာက စိတ်ရှုပ်သလို စိတ်တွေလည်း လှုပ်ရှားနေပါသည်။ ခမ်းဘဝအတွက် အကြီးမားဆုံးသော စွန့်စားမှုကြီးတစ်ခုအဖြစ် မိန်းကလေးတစ်ယောက်၏ အရှက်နှင့်ဂုဏ်သိက္ခာ ရှိရှိသမျှ ပုံအောပြီး လောင်းကြေးထပ်နေချိန်မှာ ခွန်ရှေးလတ်ဆိုသည့် လူလုပ်နေပုံတွေက ခမ်းကို အစ်ကိုနန္ဒရှေ့မှာ ရှုံးသွားစေနိုင်ခြင်းကို ဒီလူက သိမည်မဟုတ်။

"ရှုး"

"သိပ်ပြီး စိတ်တွေလှုပ်ရှားမနေပါနဲ့ဦးဗျာ၊ ကိုယ့်မှာလည်း ကိုယ့်အခက်အခဲနဲ့ကိုယ် စဉ်းစားနေရတုန်းမို့ပါ"

"ရှင့်မှာ ဘာအခက်အခဲရှိလို့ ဒီလောက်တောင် စဉ်းစားနေရတာလဲ၊ ရှင် ခမ်းကို အကူအညီမပေးနိုင်တာလား"

"နိုး နိုး ခမ်းထင်သလို မဟုတ်ဘူး၊ ဒီမှာလေ ဒါကို စဉ်းစားနေတာ"

"ပုဆိုးကိုပြောတာလား"





ခွန်ရှေးလတ် ကိုင်မြှောက်ပြသော ပိုးပုဆိုးကိုကြည့်ပြီး ခမ်း နားမလည်နိုင်စွာ နှုတ်က တိုးတိုးလေး ရေရွတ်လိုက်ချိန်မှာ သူက ဖြုံးလျက် ခေါင်းကို ဆတ်ခနဲညိတ်သည်။

"အင်း ပုဆိုး၊ အဲဒါကို ကိုယ် တစ်ခါမှမဝတ်ဖူးဘူးဆိုရင် ခမ်းယုံလား"

"ရှင်"

"ကိုယ့် အခုအသက်အရွယ်ထိ ဘောင်းဘီအတိုအရှည်နဲ့ပဲ နေလာတာ၊ ပုဆိုး တစ်ခါမှမဝတ်ဖူးဘူး၊ အထူးသဖြင့် မိန်းမလှလေး တစ်ယောက်နဲ့ လက်ထပ်ရင်ဝတ်ရမယ့် သတို့သားလောင်း တစ်ယောက်ဝတ်တဲ့ သတို့သားပုဆိုးဆိုတာကိုကြည့်ပြီး အံ့သြလွန်းလို့ ဘာလုပ်ရမှန်းကိုမသိဘူး"

"ဟင်"

ရှုပ်နေသည့်ခေါင်းက ပို၍ရှုပ်ထွေးသွားကာ ခွန်ရှေးလတ် မျက်နှာကို ခမ်း အူကြောင်ကြောင်လေး ပြန်ကြည့်နေမိသည်။ ဒီလူ ခမ်းကို ဘာတွေပြောနေသနည်း။ ဒီအသက်အရွယ်အထိ ပုဆိုးတစ်ခါမှ မဝတ်ဖူးပါဟုဆိုရအောင် သူက ဘယ်လိုလူစားမျိုး ဖြစ်နေ၍ ယောကျ်ားတိုင်းဝတ်နေသည့် ပုဆိုးကို မဝတ်ဖူးပါဟု ပြောနေရသနည်း။

အို သူ့ဘာသာ ဘယ်လိုလူစားမျိုးပဲဖြစ်ဖြစ် ခမ်းနှင့်မဆိုင်။

အရေးကြီးသည်က အခုချိန်မှာ ခမ်းပေးထားသည့် သတို့သားဝတ်စုံကို ဝတ်ရမည်။ ပြီးတော့ ခမ်းနှင့်အတူ အစ်ကိုနန္ဒတို့ရှေ့က ရင်ကော့ခေါင်းမော့ပြီး တရားရုံးမှာ လက်ထပ်ရမည်။ ဒါထက်အရေးကြီးတာက ဘာမှမရှိ။ ခွန်ရှေးလတ်၏ အူကြောင်ကြောင် စကားတွေကို အချိန်ပေးပြီး နားထောင်ရအောင်လည်း ခမ်းမှာ အချိန်ပိုမနေပါ။ အရေးအကြီးဆုံးအချိန်မှာ အရေးကြီးတာကိုပဲ စဉ်းစားရမည်။

"ရှင်က ပုဆိုးမဝတ်ဖူးဘူးဆိုတော့ ရှင့်ကို ခမ်း ကူညီရမလား"

"ဗျာ"

"ရှင့်ကို ပုဆိုးဝတ်နည်းသင်ပေးရမလားလို့ မေးတာပါ"

"ဩော် အဲဒီလောက်အထိတော့ မလိုပါဘူး၊ ကိုယ်ဝတ်တတ်မှာပါ၊ ခဏပဲစောင့် ဟုတ်လား"

"အိုး"

ခမ်းကို အပြင်ထွက်ပါဟုမပြောဘဲ သူကိုယ်ပေါ်က အင်္ကျီကို ဖြုံးခနဲဖျတ်ခနဲ ဆွဲချွတ်လိုက်ပုံကြောင့် ခမ်း မျက်လုံးထဲ ပြာခနဲဖြစ်သွားကာ ပါးလေးတွေရဲသွားသည်။ သူ့စိမ်းမိန်းမပျိုလေးတစ်ယောက်ရှေ့မှာဆိုပြီး ဒီလူဟာ နည်းနည်းမှ မရှက်တတ်တဲ့လူပါလား။ သူ့အပြုအမူ ရဲတင်းတာအရေးမကြီး တော်ကြာ ခမ်းရှေ့မှာ ပုဆိုးလဲမည်ဆိုပြီး သူခါးပေါ်က ဘောင်းဘီရှည်ကိုပါ ဆက်ပြီး





ချွတ်ချနေမှဖြင့် ယိုသူမရှက်ပေမယ့် မြင်သူရှက်ရမည့်အရေးမို့

"ခမ်း အပြင်ကစောင့်နေပါ့မယ်"

"အိုကေ"

အခန်းထဲမှ ခပ်သွက်သွက်လေးပြေးထွက်ပြီး သူ့အိပ်ခန်းတံခါးကိုပါ နောက်ကိုတစ်ချက်လှည့်မကြည့်ရဲဘဲ ဆွဲပိတ်ပေးခဲ့ရသည်။ လူမှုရေးနားမလည်သည့် ဒီလူနှင့် မလွယ်ပါလား။ ကိုယ့်ကြောင့် မိန်းမပျိုလေးတစ်ယောက် အနေရခက် ရှက်သွားလိမ့်မည်ဟယ်လို့လည်း စဉ်းစားမိပုံမပေါ်။ သူ့မျက်နှာက သာမန်လုပ်ရိုးသုပ်စဉ်တစ်ခုကို ဆောင်ရွက်နေသည့် အနေအထားထက် ပိုမထူး။

အပြင်မှာကလည်း အစ်ကိုနန္ဒရှိနေသည်။ အခုပုံအတိုင်းဆို အစ်ကိုနန္ဒနှင့်မလွယ်။ ခမ်းကို ဘယ်အထိအောင်များ ဒုက္ခပေးဖို့ စိတ်ကူးထားသည်မသိ။ ခမ်းဘက်က အလိမ်တွေပေါ်သွားလျှင်ဆိုးတော့မည်။ ခမ်းကိုယ်ခမ်း အစ်ကိုနန္ဒ၏ ဖနီးမယားနေရာမှာထားပြီး တွေးကြည့်လိုက်တာနှင့်ပင် အသည်းနှလုံးထဲမှာ ခါးသီးမွန်ထူသွားသည်။

"ခမ်း"

"ဟင် ဖွေး"

"ယူ့မောင်တော်ရော အိမ်ရှေ့မှာတော့ လူဆိုးတွေကခမလေးကိုခိုးဖို့ အသင့်ပြင်နေပြီ"

"အို ဖွေးကလည်း အရေးထဲ ဘာတွေလာပြောနေမှန်း မသိဘူး၊ ဒီမှာ စိတ်ညစ်ပါတယ်ဆိုမှ"

မျက်စိပျက် မျက်နှာပျက်နှင့် ခမ်းက ဆိုလိုက်တော့ ဖွေးက ရယ်သည်။

"စ,တာပါ ခမ်းရဲ့၊ အခုပဲ ကိုယ့်ချစ်သူနဲ့ လက်ထပ်တော့မယ့်သူကို ဘယ်သူက ဖွတ်အတင်း ကားတင်ပြေးရဲမှာလဲ၊ သိတယ်မဟုတ်လား၊ ကိုရှေးလတ်က ဒါတွေဒါတွေ အပြတ်မိုက်တယ်"

ဖွေးက လက်ကို ဘယ်ညာလက်သီးထိုးပြပေမယ့် ခမ်းမရယ်နိုင်။

"ကျွီး"

"ခမ်း"

"ဟော ကိုရှေးလတ်လာပြီ၊ ဟောတော့ ပုဆိုးက ဘယ်လိုဖြစ်ရတာလဲ"

"အို"

ခွန်ရှေးလတ်ဝတ်ထားသည့် ပုဆိုးခါးပုံစံပုံစံကိုကြည့်ကာ ဖွေးထံမှ တအံ့တသြလေးထွက်လာသလို ခမ်းမှာလည်း ခွန်ရှေးလတ်ဝတ်ထားသည့် ပုဆိုးပုံစံကိုကြည့်ကာ စိတ်ညစ်နေသည့်ကြားမှ မျက်နှာလှလှလေး ပြုံးသွားမိသည်။

"ဘာဖြစ်လို့လဲ ကိုယ် ဒီလိုပဲဝတ်တတ်တယ်"

ဦး ဦး စာပေ



"ခမ်းရေ ရှင့်လူကိုကြည့်လုပ်ပါဦး၊ အဲဒါက ပုဆိုးဝတ်ပုံမဟုတ်ဘူးရှင့်၊ ဘုန်းကြီးသင်းပိုင်ဝတ်ပုံဝတ်နည်းကြီး သူများတွေမြင်ရင် ဝိုင်းရယ်ကြတော့မှာပဲ"

"သွား သွား ရှင့်မောင်တော်ကို အခန်းထဲခေါ်ပြီး ပုဆိုးဝတ်နည်းလေးဘာလေး သင်ပေးလိုက်ဦး"

"ခစ် ခစ်"

ဖွေးက ဟန်ဆောင်တတ်သူမဟုတ်သည့်အတိုင်း ခွန်ရှေးလတ်ကိုကြည့်ပြီး တခစ်ခစ် ရယ်မဆုံးချေ။ ခမ်းမှာ ဖွေးပြောသလို ခွန်ရှေးလတ်ကို အိပ်ခန်းထဲပြန်ခေါ်သွားပြီး ပုဆိုးဝတ်ပုံဝတ်နည်းကို သင်ဖို့အရေး အတွေးနှင့်ပင် အနေရခက် ရှက်နေမိသဖြင့် နေရာကရွေ့ဘဲ ငြိမ်နေလျှင် ဖွေးက ခမ်းလက်ကိုဆွဲကာ ခွန်ရှေးလတ်လက်ထဲ ဖိုးခနဲ ဖတ်ခနဲ ထည့်ပေးလိုက်ပြီး

"ကဲ ကဲ ရှင့်ဇနီးလောင်းလေးကိုသာ ခပ်မြန်မြန်ခေါ်သွားပြီး ပုဆိုးဝတ်ပုံဝတ်နည်းကို သင်ခိုင်းလိုက်တော့"

"ခစ် ခစ်"

ဖွေးက ရယ်မဆုံး။

"ခမ်း"

ခွန်ရှေးလတ်က ခမ်း၏ နူးညံ့အိထွေးသောလက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်ရင်း ခမ်းမျက်နှာလှလှလေးကို မျက်လုံးနက်

ဦး ဦး စာပေ

နက်များဖြင့် ငုံ့မိုးစူးစိုက်ကြည့်လာတော့ ခမ်းမှာ ပါးလေးတွေရဲပြီး အနေရခက်သွား၏။

"ကဲ လာ လာ ခမ်းတို့ အခန်းထဲသွားမှဖြစ်မယ်"

"ကိုယ်ပုဆိုးဝတ်တာ မှားတယ်ပေါ့"

"သိနေရင်လည်း ကိုယ့်ဘာသာပဲ ပြင်ဝတ်လိုက်တော့ရှင်၊ ခမ်းတော့ ကိုယ့်ပုဆိုးကိုယ်ဖြောင့်အောင် မဝတ်တတ်တဲ့လူနဲ့ လာတွေ့နေရတာ သိပ်ကိုစိတ်ညစ်တာပဲ"

ခမ်း တကယ်စိတ်ညစ်ပြီး မျက်နှာလေး ညိုနေတော့ ခွန်ရှေးလတ်က ခမ်းလက်ကလေးကို အသာဖြေလွှတ်လိုက်သည်။

"ခမ်း စိတ်မညစ်ပါနဲ့၊ ကိုယ် အတတ်နိုင်ဆုံး အဆင်ပြေအောင် ကြိုးစားပါ့မယ်၊ ဝတ်ရမယ့် နည်းကိုပဲ ခမ်းကပြောပါ"

"ရှင် တကယ်မသိတာလား"

"ကိုယ် ဟန်ဆောင်နေတယ်လို့ ခမ်းက ထင်လို့လား"

တစ်ယောက်မျက်နှာကို တစ်ယောက် စူးနင့်စွာ စိုက်ကြည့်လိုက်ကြသည်။ တည်ကြည်ခန့်ညားသည့် ခွန်ရှေးလတ်မျက်နှာမှာ မည်သည့်အရိပ်အငွေ့မျှမတွေ့ဘဲ ရွှန်းလဲ့သည့် နူးညံ့သော အကြည့်တစ်မျိုးကိုသာ တွေ့ရခြင်းကြောင့် ခမ်းမှာ စိတ်ရှုပ်ရှုပ်နှင့် အကြည့်လွှဲလိုက်ရ၏။

"ဒီပုံစံက ကိုယ့်ကို မေမေရှင်ပြုပေးတုန်းက ဝတ်တဲ့ပုံစံ





ါ၊ ပထမဆုံးနဲ့ နောက်ဆုံးထိပါတော့လေ၊ အခု ဒီလိုဝတ်တာ ကိုယ့်ဘဝအတွက် ဒါ ဒုတိယအကြိမ်ပဲ"

ခွန်ရှေးလတ်လေသံက တွေးတွေးဆဆ။ လေးနက်တည်ကြည်သော မျက်နှာမှာ အရိပ်တချို့ ဖျတ်ခနဲပေါ်လာပြီး ချက်ချင်းသို့ ကွယ်ပျောက်သွားသည်။ ခမ်းက သူမတတ်သမျှ မှတ်သမျှနည်းဖြင့် ခွန်ရှေးလတ် ပုဆိုးဝတ်ပုံဝတ်နည်းကို သင်ရင်း လူကအောချေးပျံချင်နေသည်။

သူစိမ်းယောကျ်ားပျိုတစ်ယောက်နှင့် နီးနီးကပ်ကပ် အတူရှိနေရခြင်းအဖြစ်ကို စိတ်ထဲက သဘောမကျတိုင်း သက်ပြင်းကိုကျိတ်ရှိုက်သည်။

"ရပြီ ရပြီ၊ ဒီလောက်ဆိုရင် တော်ပါပြီ၊ ဘုရားရုံးကိုသွားဖို့ အချိန်လည်းနီးနေပြီဆိုတော့ သွားကြစို့"

"ကောင်းပြီ"

ခမ်းနှင့်အတူယှဉ်တွဲပြီး ကားပေါ်အတက်မှာ ကိုနန္ဒ၏ ႏုးလက်တောက်ပသော မျက်လုံးများကို အမှန်းငြင်းစွာတွေ့ရသည်။ ကားကို ခွန်ရှေးလတ်ကိုယ်တိုင်မောင်းသည်။ သူ့ဘေးမှာ ခမ်း။ ကားနောက်ခန်းမှာက ဖွေး။ သူတို့ကားထွက်သည်နှင့် ကိုနန္ဒကား သပ်ကြပ်ပါလာသည်။

အဓိပ္ပာယ်အပြည့်ပါသော ကိုနန္ဒအကြည့်များကို ခမ်းက

မမြင်ဟန်ဆောင်နေသလို ခွန်ရှေးလတ်ကတော့ ရှေ့ဆက်ရမည့် ခမ်း၏အနာဂတ်ခရီးအတွက်ရော သူ့ဘဝအနာဂတ်အတွက်ပါ စိတ်မောရင်မော ပင့်သက်ဖြာနေမိသည်။

ထိုနောက်မှာတော့ ခမ်းညွှန်ပြသည့်အတိုင်း တရားရုံးမှာ ကားကို ထိုးရပ်လိုက်သည်။

* * *



# အခန်း (၁၀)

နွေးထွေးသည့် နေခြည်နုက မှန်ပြတင်းတံခါးကို ◌်းဖောက်ဝင်ရောက်လာသလို တေးဆိုသည့်ငှက်ကလေးတွေ ◌ကြောင့်လည်း ခွန်ရှေးလတ် နှစ်မြိုက်စွာ အိပ်ပျော်ရာကနိုးလာသည်။ ◌ ◌်တရက် ကိုယ့်ကိုယ်ကို ဘယ်ရောက်လို့ရောက်နေမှန်းမသိ။ ◌ောက်မှ ကိုယ့်အဖြစ်ကို တစ်ခုချင်းစဉ်းစားမိပြီး အသံထွက်သည် ◌ထိ ခပ်တိုးတိုးရယ်လိုက်သည်။

ဘယ်သူနဲ့မှမတူသော ခွန်ရှေးလတ်အဖြစ်ဇာတ်ကြောင်း စိတ်ပျက် ◌ကောင်းသလို ရယ်စရာလည်းကောင်းသည့်အဖြစ်ပါ။ ထင်မှတ် ◌ားတာတွေ တစ်ခုပြီးတစ်ခု ဖြစ်လာသည်။ မိန်းမတစ်ယောက်ကို ◌ချင်၍ ထွက်ပြေးလာသူက တခြားမိန်းကလေးတစ်ယောက်ကို ◌တော့ စိတ်သဘောထား ကြည်ကြည်လင်လင်နှင့် လက်ထပ်

ထားပြန်သည်။

သူ ဘာတွေဖြစ်နေပြီနည်း။

ခွန်ရှေးလတ်ကိုယ်တိုင်လည်း သူ့အဖြစ်သူ နားမလည်နိုင်တော့။

"ဒေါက် ဒေါက်"

"ကိုရှေးလတ် အိပ်ရာကနိုးနေပြီလားဟင်"

ချိုလွင်သာယာသောအသံလေးတစ်ခု။

ခမ်းဆိုသည့် မိန်းမချောလေး၏မျက်နှာက သူ့မျက်ဝန်းထဲ ဖျတ်ခနဲရောက်လာတော့ နူးညံ့နွေးထွေးသည့် အိပ်ရာထက်မှာ ဝပ်ဆင်းငြိမ်သက်နေသည့် ခွန်ရှေးလတ်ကိုယ်ကြီး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ ဒီနေ့ သူ့မှာ ဆောင်ရွက်ရမည့် အစီအစဉ်တွေ အတော်များသည်။

"ကိုရှေးလတ်"

"ဂျောက်"

"ကျွိုး"

"ကိုယ် အိပ်ရာကနိုးပါပြီ"

"အိုး"

ဖျတ်ခနဲ အိပ်ခန်းတံခါးပွင့်သွားကာ အိပ်ခန်းဝမှာ မားမား ကြီးရပ်လာသူကို မြင်တွေ့လိုက်ရပုံကြောင့် ဖြူဖွေးနုနယ်သော ခမ်း

ဝိုး:မိုး:စာပေ



မျက်နှာလေးမှာ ရှက်သွေးဖြင့် ရဲရဲနီသွားသလို ခန္ဓာကိုယ်အပေါ်ပိုင်း ဗလာကျင်းလျက် အနေအထားနှင့် ခွန်ရှေးလတ် ရင်အုပ်ကျယ်ကြီးကို မကြည့်ရဲစွာ ဖျတ်ခနဲ မျက်လွှာချလိုက်၏။

"ခမ်းတို့ ခရီးစောစောထွက်ရမှာမို့ လာသတိပေးတာပါ"

"နောက်ထပ် နာရီဝက်စောင့်လိုက်ရင် ကိုယ့်ဘက်က အသင့်ဖြစ်နေမှာပါဗျာ"

"ထမင်းစားခန်းက ခမ်း စောင့်နေပါ့မယ်"

"ကောင်းပြီ"

နေရာက လှစ်ခနဲ ပြေးထွက်ပျောက်ကွယ်သွားသော ခမ်း၏ နောက်ပိုင်းအလှကိုကြည့်ရင်း ခွန်ရှေးလတ် တစ်ချက်မျှ ရယ်လိုက်သည်။ သူ့ခန္ဓာကိုယ်အပေါ်ပိုင်း ဗလာဖြစ်နေတာကို မကြည့်ရဲသလို ရှက်သွေးဖြင့် နွေးသွားသော ပါးမို့မို့ရဲရဲလေးနှင့် ခမ်းကို သူ သဘောကျသည်။

သူနှင့်တွေ့ဖူးသော တခြားမိန်းကလေးတွေတော့ ခမ်းနှင့်မတူ။ ခမ်းအသွင်က ရိုးရှင်းသည်၊ အရိုင်းဆန်သည်၊ ဘာတစ်ခုမှ ဖန်တီးလုပ်ကြံတာမရှိ။ ရေချိုးခန်းထဲပြေးဝင်ပြီး ရေချိုးခေါင်းလျှော်ပစ်သည်။ တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းသွားမှ လျှော်ဖွပ်မီးပူတိုက်ပေးထားသော သူ့ဝတ်စုံကို ပြန်ဝတ်သည်။ ထမင်းစားခန်း

ဝိုး:မိုး:စာပေ

ထဲရောက်သွားတော့ ခမ်းတစ်ယောက်တည်း သူ့ကို စောင့်နေတာ မြင်ရသည်။

"မောနင်း ခမ်း"

"မောနင်းပါ ကိုရှေးလတ်"

"ဘရိတ်ဖတ်က ဘာကြိုက်တာမှန်းမသိလို့ ခမ်းစားသလို ပဲ တို့ဟူးနွေးပဲပြင်ထားပါတယ်"

"ခမ်းလက်ရာပေါ့"

"ဟုတ်ကဲ့"

ခွန်ရှေးလတ်က ခုံတစ်လုံးကို ဆွဲယူထိုင်ရင်း သက်သောင့် သက်သာမေးလိုက်ပုံက သူ့အိမ်သူ့ရာနယ် လွတ်လပ်ပေါ့ပါးလွန်းလှ သည်။

"ကိုယ့်အတွက် ဘာဖြစ်ဖြစ်ရပါတယ်၊ ခမ်းလက်ရာကို အားပေးကြည့်ရဦးမှာပေါ့ဗျာ"

"ခဏလေးစောင့်ပါနော်၊ တို့ဟူးနွေးက ပူပူနွေးနွေးမှ စားလို့ကောင်းတာမို့ပါ"

"အိုကေ"

ဖျတ်ခနဲ မီးဖိုခန်းထဲ ခမ်းဝင်သွားသည်။ ကြာကြာမစောင့် လိုက်ရ။ ခမ်း ပြန်ထွက်လာတော့ သူမလက်ထဲမှာ အငွေ့တထောင်း ထောင်းထနေသော တို့ဟူးနွေးနှင့် မုန့်လာချဉ်တစ်ပန်းကန် ပါလာ





သည်။

"သုံးဆောင်ပါ"

ဟင်းရနံ့က မွှေးနေသည်။

တူကို ကျွမ်းကျင်စွာကိုင်ပြီး အငွေ့တထောင်းထောင်းထနေ သည့် တို့ဟူးနွေးပန်းကန်ကို ငုံ့စားသည်။ ချိုစိမ့်မွှေးအီသော အရသာ က ခွန်ရှေးလတ် လျှာဖျားမှာစွဲသွားသည်။

"အား အရသာက ချိုစိမ့်ပြီး လျှာထဲကိုစွဲသွားတာပါပဲ ဘား၊ ဒီလက်ရာက ကိုယ့်မေမေလက်ရာနဲ့တူတယ်"

"အကြောင်းတိုက်ဆိုင်လာရင်တော့ မကြာခဏချက်ကျွေး နိုင်ပါတယ်"

"ဒါပေါ့ ကိုယ့်မှာ ဆန္ဒရှိတယ်ဆိုရင် အကြောင်းတိုက်ဆိုင် ဖို့ဆိုတာလွယ်ပါတယ်"

ခွန်ရှေးလတ်စကားကို မည်သို့မျှ မတုံ့ပြန်ဘဲ ခမ်း ငြိမ် နေသည်။ မကြာခင် နှစ်ယောက်စလုံး လမ်းခွဲရတော့မည့် အခြေ အနေမှာ သူ့မျက်နှာကိုသာ ကျေးဇူးတင်စွာ ကြည့်နေမိသည်။

သူ့ကြောင့် အစ်ကိုနန္ဒလက်က ခမ်း လွတ်မြောက်နိုင်ခွင့် ရခဲ့သည်။ သူ့နာမည် ခွန်ရှေးလတ်ဆိုသည့် အမည်ကလွဲပြီး သူ ဘယ်သူလဲ။ ဘာလုပ်လဲ။ ဘယ်ကလာတာလဲ။ ဘယ်ကိုသွားမှာ လဲဆိုတာ ဘာဆိုဘာမှမသိ။ သိအောင်လည်း မကြိုးစားချင်။

မေးမြန်းစုံစမ်းခြင်းလည်း မပြုမိ။

ထိုအတွက် ခမ်းကို မိုက်မဲသည်ဟုဆိုချင် ဆိုနိုင်သည်။ ခမ်းက ဂရုစိုက်မည်မဟုတ်။ ကိုနန္ဒလက်ကလွတ်မြောက်ရန်မှာ ဤနည်းလမ်းတစ်ခုသာရှိသည်။ ခမ်းဆန္ဒအတိုင်း တရားရုံးမှာ နှစ်ဦးသဘောတူလက်ထပ်သည်။ ပြီးတော့ ထိုနေ့မှာပဲ နှစ်ဦးသဘောတူကွာရှင်းသည်။ ခမ်းနှင့်အတူ မက်မုံမြိုင်မှာ တစ်ပတ်တိတိ နေပေးသည်။ ဘာအခွင့်အရေးမှမယူ။ ခမ်းကို မရိုးသားသည့်အကြည့်နှင့်ပင်မကြည့်။

ဖွေးဖွေးက ခမ်းတို့လက်မှတ်ထိုးသည့်နေ့မှ ပြန်သည်။ ခမ်းကိုယ်တိုင်လည်း မက်မုံမြိုင်ကိုထားပြီး ရန်ကုန်မြေကိုဆင်းတော့မည်။ ခွန်ရှေးလတ်ကလည်း ခမ်းနှင့်အတူ ရန်ကုန်ကို လိုက်မည်ဆိုသည့်အတွက် ခရီးအတူထွက်ဖို့ဖြစ်လာသည်။ ကိုနန္ဒအမြင်မှာတော့ ခမ်းတို့နှစ်ယောက် ဟန်းနီးမွန်းဟုထင်ကြမည်။

ဒါကို ခမ်းက သဘောကျသည်။ တမင် ဖန်တီးတာမဟုတ်ဘဲ အကြောင်းတိုက်ဆိုင်တာကို ကျေနပ်သည်။ ခွန်ရှေးလတ်ပါသည့်အတွက် ခမ်း၏ လင်ခရုဆာနှင့်သွားဖို့ ဆုံးဖြတ်သည်။ အိမ်က ကားစထွက်တော့ ကိုနန္ဒကားရောက်လာသည်။

"ခမ်း"

"ကျွီး"



"အစ်ကိုနန္ဒ"

ကိုနန္ဒမျက်နှာက အိပ်ပျက်များကြောင့် ပင်ပန်းနွမ်းနယ်... ဆံပင်တွေ ဖွာကျဲလျက် မုတ်ဆိတ် နှုတ်ခမ်းမွေးငုတ်တို အကျီ...သီဖတ်သီနှင့် အကြည့်ရဆိုးနေသည်။ ခမ်းတစ်သက် အစ်ကိုနန္ဒ...မျှရုပ်ပျက်ဆင်းပျက် ဖြစ်တာမျိုး ဒီတစ်ခါသာမြင်ဖူးသည်။

"ရက်စက်လွန်းလှချည်လား ခမ်းရယ်၊ အစ်ကိုနန္ဒကို ...လောက်တောင်ပဲ မုန်းနေလား၊ ပြောပါဦးဗျာ ပြောခဲ့စမ်းပါဦး"

အစ်ကိုနန္ဒရယ်။

အရက်နံ့က ထောင်းထောင်းထနေသည်။

ရင်ကွဲသံကြီးနှင့် အော်ဟစ်နေသော အစ်ကိုနန္ဒကိုကြည့်ပြီး ...ဘ်မကောင်းပေမယ့် မတတ်နိုင်။

"ခမ်းကို ခွင့်လွှတ်ပါ အစ်ကိုနန္ဒ၊ ခမ်းတို့ကို သွားခွင့်ပြု... မောင်းတော့ မောင်"

"ခမ်း"

"ရှူး"

"ဝရော"

အစ်ကိုနန္ဒနားက ခွန်ရှေးလတ်ကားက အရှိန်ပြင်းစွာ ဖြတ်...န်းသွားသည်။

ခမ်းကို ခွင့်လွှတ်ပါ အစ်ကိုနန္ဒ။

မချစ်မနှစ်သက်သော သူနှင့် အတူနေရခြင်းဟာလည်း ဒုက္ခဆင်းရဲခြင်းပဲမို့ အစ်ကိုနန္ဒနဲ့ဝေးရာမှာ ခမ်းကိုနေခွင့်ပြုပါ။

ဦးခေါင်းငိုက်စိုက်နှင့် ကျန်ရစ်ခဲ့သူအတွက် စိတ်မကောင်းခြင်းကြီးစွာ ခမ်းစိတ်ထဲက ထိုတောင်းပန်စကားလေးကိုပဲ ဆိုလိုက်မိပါသည်။ တကယ်တော့ ခမ်းကိုယ်တိုင် အစ်ကိုနန္ဒဆိုသည့် လူတစ်ယောက်၏စိတ်ကို ယုံကြည်စိတ်ချနိုင်စွမ်းမရှိတော့သည်မှာ ကြာပါပြီ။ အစ်ကိုနန္ဒကို ခမ်းကြောက်သည်။ ရွံ့သည်။ သူ့စကားလုံး အပြုအမူတိုင်း ဘာဆို ဘာမှ မယုံကြည်နိုင်တော့။

"စိတ်မကောင်းဖြစ်နေလား"

"ရှင်"

"သြော် ဟိုလူအတွက်များ စိတ်မကောင်းဖြစ်နေသလားလို့ပါ"

ခမ်းထံမှ [illegible]မှ ထွက်လာခြင်းမရှိ။ ခွန်ရှေးလတ်တစ်ချက်ပြုံးလိုက်သည်။ မိန်းမတွေအသည်းနုပုံကို သဘောကျပါ။ ကိုယ့်ကို ဒုက္ခပေးတဲ့ ရန်သူအတွက်တောင် ကြံဖန်သနားသည့် မိန်းမတွေအဖြစ်ကို သူသိသည်။ စာနာနားလည်သည်။

ခွန်ရှေးလတ်မေမေတုန်းကလည်း ဖေဖေက မေမေ့အပေါ်မှာ ဘယ်လောက်ပဲ ဂရုမစိုက်ဘဲပစ်ထား ပစ်ထား။ မေမေ့မေတ္တာစိတ်တစ်ခုထဲဖြင့် အမြဲခွင့်လွှတ်သည်းခံသည်။ ဖေဖေ့ကိုသူဌေးကြီးတစ်ယောက်ကို ကြံဖန်ပြီး သနားနေတတ်ပြန်သေးသည့် မေမေ့အဖြစ်များ။ ညဥ့်နက်မှာ အကြောင်းကိစ္စအရေးကြီးလို့ ခွန်ရှေးလတ်အိမ်က ဖေဖေ ချက်ချင်းပြန်ရသည့်ညတွေဆို မေမေတစ်ညလုံး မအိပ်နိုင်ဘဲ ဖေဖေ့အတွက် တစ်စုံတစ်ယောက်ကများ ချောင်းမြောင်းလုပ်ကြံမှာလား၊ ဘာလား ညာလားနှင့် အိပ်ရာထဲမှာ ပူဆွေးသောကတွေနှင့် တလူးလူးတလိမ့်လိမ့်။

အခု သူ့နားမှာရှိနေသည့် မိန်းမလှလေးကလည်း မေမေနှင့်တူသည်။ ရုပ်ကလေးမှုန်နေအောင် ချောတာရော၊ အသည်းနှလုံးနုတာရော၊ ကိုယ့်ရန်သူကို ကြံဖန်သနားရာမှာရော ခွန်ရှေးလတ်ရဲ့ မေမေမှ မေမေ။

ကားကို အရှိန်ပို၍မြှင့်လိုက်တော့ မြင်ကွင်းတွေက တရိပ်ရိပ်ဖြစ်ကျန်ရစ်သည်။

"ရန်ကုန်ရောက်ရင် ဘယ်မှာနေမှာလဲ"

"လောလောဆယ်တော့ အခန်းငှားနေဖို့ စိတ်ကူးထားပါတယ်"

"ဈေးသက်သက်သာသာနဲ့ ငှားမယ့်ကိုယ့်အသိအိမ်ရှိနေတယ်၊ လိုက်ကြည့်ပြီးမှ မငှားချင်လဲရတယ်၊ အဲဒီကိုပို့ပေးရမလား"

"ခမ်းအတွက် စိတ်ချရမယ့်နေရာဆိုရင် လိုက်ကြည့်ချင်မယ်"

"သိပ်စိတ်ချရတာပေါ့"

"အိမ်ရှင်က နိုင်ငံခြားမှာ၊ ပစ္စည်းအပြည့်အစုံနဲ့၊ ကိုယ့်ဆီမှာ သော့အပ်သွားတာ၊ ဒါထက် စိတ်ချလုံခြုံတဲ့နေရာရှိမလား"

"ဒါဖြင့် အိမ်ငှားမဲ့လူက ရှင်လား"

"ဒါပေါ့"

"အို"

အံ့ဩစိတ်ဖြင့် နှုတ်ခမ်းပွင့်ဟပြီး ကားမောင်းနေသူ၏ မျက်နှာချောချောကို စိတ်လှုပ်ရှားသလိုလေး လှမ်းကြည့်နေပေမယ့် သူက ခမ်းကိုမကြည့်ဘဲ ကားကိုသာ ဂရုစိုက်မောင်းနေပါသည်။

အရယ်အပြုံးကင်းသော ဥပဓိရုပ်က ပကတိ တည်တည် ငြိမ်ငြိမ်။ ကားကက်ဆက်ခလုတ်ကို ကားမောင်းရင်းလှမ်းဖွင့်တော့ ထွက်လာသည့်သီချင်းသံက မြန်မာသံစဉ်တေးတစ်ပုဒ်။

"ခမ်းကားထဲမှာ ဒီလိုသီချင်းတွေချည်းပဲလား"

"ရှင်က ဘယ်လိုသီချင်းမျိုး နားထောင်ချင်တာလဲ"

"ခပ်သွက်သွက် ခပ်မြူးမြူးထဲကပေါ့၊ ဒီလို သီချင်းတွေ နားထောင်ရရင် အိပ်သွားလိမ့်မယ်"

သူပြောသည့်သဘောကို နားလည်သဖြင့် ဆုံးဆုံးညံ့ညံ့သိမ်းဆို ထားသော လှုမည်းအဆိုတော် ဘီယွန်းဆေး၏အခွေကို ခမ်းကိုယ် တိုင် ထည့်ဖွင့်ပေးလိုက်တော့ ငြိမ်သွားသည်။ ကားထဲမှာ စကားသံ





တ်သွားပြီး ဘီယွန်းဆေး၏ တေးသံသာဆိုညည်းသံတစ်ခုထဲ ွင့်နေ၏။ မြို့တွေ တစ်မြို့ပြီးတစ်မြို့ ဖြတ်လာသည်။ ခမ်း၏ တွေးတွေ မဆုံးသလို ခွန်ရှေးလတ်ကိုယ်တိုင်လည်း ရှေ့ဆက်ရ ည့် အနာဂတ်ခရီးအတွက် တွေးလာသည်။

နှစ်ယောက်စလုံး၏အဖြစ်က လွယ်မယောင်နှင့်ခက်သလို မ်မယောင်နှင့် နက်ရှိုင်းရှုပ်ထွေးနေကြခြင်းကို ကိုယ့်အတွေးနှင့် ယ် သိနေ၏။

"ရှေ့မှာ ကားရောလှူပါ၊ ခဏနားကြမယ် ဟုတ်လား"

"ကောင်းပါပြီ"

ခွန်ရှေးလတ်စကားကို ခမ်း သဘောတူခေါင်းညိတ်လိုက် ည်။ ခွန်ရှေးလတ်က ကားမောင်းသည့်နေရာမှာ ပထမတန်းကျွမ်း င်သူအဖြစ် ခမ်းစိတ်ထဲက တိတ်တဆိတ် အသိအမှတ်ပြုလိုက် သည်။ ဒီလူသာ ခမ်းနားမှာ အတူပါမလာလျှင် ခမ်းလည်း တ်သွားတိုင်း ကိုယ်ပါနိုင်မည်မဟုတ်ပါ။ အခုတော့ စိတ်ရှိရုံဖြင့် ရာခရီး ရောက်နိုင်အောင် ခမ်းအတွက် ခွန်ရှေးလတ်ဆိုသည့်လူကို ဘီးစီရင်ပို့လိုက်သလား ထင်ရသည်။

လူစည်ကားရှုပ်ထွေးသော မြို့လေးထဲကို ကားဝင်လိုက် ည့်နှင့် ခွန်ရှေးလတ် ဘေးပတ်ဝန်းကျင်ကို အရင်ဦးစွာ အကဲခတ် သည်။ ဦးကြီးဟိန္ဒူလူတွေနှင့် တွေ့မည်စိုး၍ပါ။ ဒီတစ်ခါ

ခွန်ရှေးလတ်တစ်ယောက်ထဲမဟုတ်တော့ ဘာကိုမှ စိတ်နှောက်ကိုယ် ဝါ လုပ်မဖြစ်တော့။ အနားမှာ သူ့ကို အားကိုးနေသည့် ခမ်းဆ် သည့် မိန်းမချောလေးရှိနေသည်။

ခမ်းက သူနှင့်ဘာမှမဆိုင်ပေမယ့် ဆိုင်နေသည်။ မပိုင် ပေမယ့်လည်း ပိုင်သလိုလို ဘာလိုလို။

"အဟွန်း"

ကိုယ့်အတွေးကိုယ် သဘောကျမိသဖြင့် မျက်နှာချော ချောမှာ အပြုံးလေးတစ်ပွင့် ပေါ်လာသည်။ သူ့အဖြစ်က ဘယ်သူ့ မှမတူသည့် အဖြစ်မဟုတ်လား။

"ကျွီး"

အဝေးပြေးလမ်းမတစ်နေရာက ဖယ်ဆင်းပြီး မြို့လေး အတွင်းပိုင်းကို ကျွမ်းကျင်စွာ သူ ကားကို မောင်းဝင်သွားလိုက် သည်။ ဤနေရာဒေသက ခွန်ရှေးလတ် စိမ်းသောနေရာမဟုတ် ခရီးသွားရင် သူ အမြဲဝင်ထွက်သွားလာသော အဆင့်အတန်းမြင့်မြ ဆိတ်ငြိမ်အေးချမ်းစွာ အနားယူ အပန်းဖြေနိုင်သည့်နေရာကို ရွေးချ ခြင်းဖြစ်သည်။

အေးချမ်းဆိတ်ငြိမ်သော ဟိုတယ်တစ်ခုမှာ သူ့ကား ရပ်လိုက်သည်နှင့် ညှို့ကြိုကောင်လေး အပြေးရောက်လာကာ ကြ ဆိုနေရာပေးသည်။





"ဒီမှာ နာရီဝက် တစ်နာရီလောက် အချိန်ဖြုန်းလိုက်ကြ ာပေါ့ ဟုတ်လား၊ ခမ်း စိတ်လွတ်လပ်သလိုနေပါ"

"နေလည်စာ ထမင်းဟင်းကို ခမ်း စိတ်ကြိုက်မှာစားလို့ တယ်"

"ရှင်ကရော"

"အင်း ကိုယ်လည်း မင်းနဲ့အတူပဲစားမှာပါ၊ လာလေ နေရာလေးမှာထိုင်ကြမယ်"

ခွန်ရှေးလတ်ရွေးသည့်နေရာမှာ အတူထိုင်ဖြစ်ကြသည်။

"မင်းကြိုက်တာမှာလေ"

စားပွဲထိုးက မီနူးကဒ်ကို လာချပေးသဖြင့် ဟိုဟိုဒီဒီ ကြည့်မိသည်။ ခွန်ရှေးလတ်က မီနူးကဒ်ကို မကြည့်။

"ကိုယ့်ကို ရေသန့်အရင်ပေးဦး"

"ဟုတ်ကဲ့ဆရာ"

ဝိတ်ကာကောင်လေး ပေါ့ပါးစွာ ပြေးလွှားပြီး ရေသန့်နှင့် ခွက်နှစ်လုံးယူလာပြီး အသင့်ထည့်ပေးသည်။

"ရော့ ရေအေးအေးလေး သောက်လိုက်ဦး"

"ကျေးဇူး"

ခွန်ရှေးလတ်ပေးလာသည့် ရေဖန်ခွက်ကို လှမ်းယူပြီး စင်အောင် သောက်လိုက်သည်။

"ဘာစားမှာလဲ"

"ရှင်ရော"

"ကိုယ်က ရိုးရိုးထမင်းဖြူဆိုရင်ရပြီ"

"ခမ်းလည်း ထမင်းဖြူပဲ ဟင်းကိုတော့ ရှင်ပဲမှာပေါ့"

"ဝက်သားစားတယ်နော်"

"အင်း"

ခွန်ရွှေးလတ်က သူ့အကြိုက် အသီးအရွက်ကြော်တစ်ပွဲ၊ တုန်ယမ်းဟင်းရည်နှင့် အသားဟင်းလေးမျိုးလောက် သူ့စိတ်ကြိုက်မှာပြီး ပူပူနွေးနွေး စားဖြစ်ကြသည်။ ခမ်းက ထမင်းကိုပုံမှန်သာ စားနိုင်သော်လည်း ခွန်ရွှေးလတ်ကတော့ ထမင်းကို ပန်းကန်လုံး ထဲထည့်ပြီး သူ့စိတ်ကြိုက် ဟင်းအမယ်စုံဖြင့် စိတ်အေးလက်အေး စားနိုင်သူဖြစ်သည်။

"ဘီလ်ကိုတော့ မင်းပဲရှင်းနော်၊ လောလောဆယ် ကိုယ့် လက်ထဲမှာ ငွေမပါဘူး၊ နောက်မှ ပြန်ဆပ်မယ်ဟုတ်လား"

"သိပ်ကြွားမနေပါနဲ့ရှင်၊ တော်ကြာ လမ်းမှာ ရှင့်ကြောင်းများပြတိုက်နေပါ့မယ်"

"အဟွန်း ဟွန်း ဟွန်း"

ခမ်းထံမှ အရွဲ့တိုက်စကားကို သဘောကျစွာ သူ့ရယ်ရင်း ခမ်းကို မျက်လုံးလက်လက်တွေနှင့် လှမ်းကြည့်သည်။

ဦး:မိုး:ဝ၁၆ပ



"အင်း ကိုယ့်အဖြစ်ကလည်း ပြောစရာဖြစ်နေပြီ၊ အခုမှ ဆော့ မထူးတော့ပါဘူး၊ ကိုယ် သုံးမယ့်ငွေကို မင်းပဲရှင်းပေးပါဦး"

"ပြန်မဆပ်နိုင်ရင် ဘယ့်နှယ်လုပ်မလဲရှင့်"

"အဲဒီအခါကြတော့လည်း လူကိုသိမ်းပေါ့ဗျာ"

"ဖြစ်မလားရှင့်၊ ရှင့်လိုလူကိုလည်း မလိုချင်ပါဘူး"

ခွန်ရွှေးလတ်က မျက်လုံးကို မှေးစင်းကြည့်ရင်း ခမ်း မျက်နှာကို ခပ်ပြုံးပြုံးလှမ်းကြည့်သည်။

"ဒါဖြင့် ဘယ်လိုလူကိုမှ လိုချင်တာလဲ"

"ဘယ်လိုလူကိုမှကို မလိုချင်တာ၊ ဒါပဲနော် ငွေပြန်ဆပ် ရင်တော့ အရင်းရော အတိုးပါပေးရမှာ"

"စိတ်ချပါဗျာ၊ ကိုယ် တကယ်ပေးပြီဆိုမှ လက်မခံနိုင် ဘူးလို့ မငြင်းပါဘူးလို့ အခုကတည်းက ကြိုတင်ကတိပေးထား ပါ"

"ရှင်သာ ရှင့်ကတိတည်ပါစေ"

"ကိုယ်တောင်းတဲ့ကတိစကားကို လက်ခံလိုက်ပြီဆိုတော့ သေချာတယ်နော်"

"သိပ်သေချာတာပေါ့"

"ကောင်းပြီ၊ ဒါဆို အခုပဲ ခရီးဆက်ကြမယ်"

နှစ်ယောက်အတူ တစ်ယောက်မျက်နှာ တစ်ယောက်

ဦး:မိုး:ဝ၁၆ပ

ကြည့်လိုက်ကြပြီး ကားရပ်ထားသည့်နေရာသို့ လျှောက်သွားသည့် အခိုက် တစ်နေရာမှ လူတစ်ယောက်က လိုက်ဖက်ညီ၍ ချောမော လှပသော ချစ်စရာစုံတွဲလှလှလေးကို စူးစူးစိုက်စိုက်ကြည့်ငေးရင်း ကျန်ရစ်ခဲ့သည့်အဖြစ်ကိုက ခွန်ရွှေလတ်ရော ခမ်းပါ နှစ်ယောက်စလုံး သတိမထားမိလိုက်ကြချေ။

* * *



## အခန်း (၁၁)

"သေချာရဲ့လား ဦးထင်မြင့်ရယ်"

"သြော် ကျွန်းကိုက်ပါတယ်ဆိုမှ အပေါက်လေးနဲ့လားလို့ မေးနေပြန်ပါပြီ ကိုနန္ဒရယ်၊ ကျုပ် အခုပဲ သူတို့ကားနောက်က ပါလာတာဗျာ"

"တစ်ချိန်လုံး ခင်ဗျားခယ်မကချည်း ဟိုကောင်သုံးသမျှ ငွေထုပ်ကိုင်ပြီး လိုက်ရှင်းနေတာ ကျုပ်မျက်စိနဲ့အမြင်ပဲ၊ ခင်ဗျား ပြောသလိုဆိုရင် ဒီကောင်ဟာ ရုပ်ကလေးဇန်းပြပြီး ပိုက်ဆံရှိတဲ့ မိန်းကလေးတွေကို ချူစားညာစား ပိုင်းလုံးကောင်ပဲ ဖြစ်မယ်ဗျို့"

"ဒါပဲနေမှာပေါ့ဗျာ၊ မိန်းကလေးတစ်ယောက် ပိုက်ဆံကို အရှက်မရှိ သုံးနေဖြုန်းနေတယ်ဆိုထဲက ဒီလိုကောင်စားပဲရှိတာပေါ့၊ ခမ်းတော့ ငရဲပန်းကို နတ်ပန်းထင်ပြီး သူ့ဒုက္ခ သူရှာနေပြီဗျာ"

"အဲဒီကောင် ဘာလုပ်တယ်၊ ဘယ်လိုနေတယ်ဆိုတာ ခင်ဗျားပဲ စောင့်ကြည့်ပေးစမ်းပါဗျာ၊ ခင်ဗျားကျေးဇူးကို မမေ့ပါဘူး၊ ကျွန်တော် အခုချက်ချင်း ခင်ဗျားတို့နောက်ကို လိုက်ခဲ့ပါမယ်"

"ဒီလိုကောင်မျိုးလက်ထဲမှာ ကျွန်တော့်ခယ်မကို အဆုံးမခံနိုင်ဘူးဗျာ၊ ကျွန်တော် အခုပဲလိုက်ခဲ့မယ်"

"ဟိုတ်လူ ခဏနေဦး"

ကိုနန္ဒက ဦးထင်မြင်စကား ဆက်ပြောသည်ကို နားထောင်ခြင်းမပြုဘဲ ဖုန်းချသွားသဖြင့် ဦးထင်မြင်လည်း သူ့ဖုန်းကိုကားဒက်ရှ်ဘုတ်ပေါ် ပြန်တင်လိုက်ပါသည်။ ဦးထင်မြင်နှင့် ကိုနန္ဒက စီးပွားဖက်လူရင်းများဖြစ်ကာ ခမ်းကို ဇနီးမယားအဖြစ်သိမ်းပိုက်ရန် ကိုနန္ဒကို တိုက်တွန်းအားပေးခဲ့သူများထဲမှာ တစ်ဦးအပါအဝင်ဖြစ်သည်။

"ဒီလူနှယ် အခုမှပျာနေတယ်၊ အစထဲက စောစောစီးစီးကိုယ့်ခယ်မကို အပိုင်သိမ်းမထားနိုင်တာ အခုမှခံရုံပဲ"

ကိုနန္ဒ၏လက်နှေးမှုကို အပြစ်တင်ပြီး စာနာစိတ်ဖြင့် မချင့်မရဲ ပြောလိုက်သောစကားကို ကိုနန္ဒမကြားပါ။ လူကို ယူ၍ နှင့်အားမရ ခမ်းမှာပါလာသည့် ငွေတွေကိုပါ စိတ်ကြိုက်သုံးဖြုန်းနေပါသည်ဆိုသော သတင်းစကားအောက်မှာ ကိုနန္ဒတစ်ကိုယ်လုံး





လောင်ကျွမ်းပူထူနေပါသည်။

အန်တီဒေါ်ချယ်ရီကိုပင် အဖြစ်သနစ်စုံကို တင်ပြမနေတော့ဘဲ စိတ်နောက်ကိုယ်ပါ ကားကို ဒုန်းမောင်းပြီး ဦးထင်မြင်နောက်ကို ခမ်းတို့ရှိရာ အမှီလိုက်သွားသည်။ အစထဲက ခွန်ရှေးလတ်ဆိုသည့်ကောင်ကို ယုံကြည်သက်ဝင်လှတာမဟုတ်။ အသက်ငယ်ပြီးရုပ်ချောသူနှင့်တွေ့တော့ ကိုနန္ဒလို အဘိုးကြီးပေါက်စကို ထားခဲ့ခြင်းဟုတွေးကာ သူမပိုင်ဆိုင်လိုက်ရသော ခမ်းအတွက် ပူဆွေးသောကရောက်နေတုန်း ဤသတင်းဆိုးကို ထပ်ဆင့်ကြားရခြင်းဖြစ်သည်။

ခွန်ရှေးလတ်တဲ့။

ဒီကောင်ကိုလည်း တစ်ခါမှ ခမ်းလေးနားမှာ မတွေ့မိပါဘူး။

ချစ်သူရည်းစားတောင် မထားခဲ့ဘူးတဲ့ ခမ်းလေးနှုတ်ဖျားက ခွန်ရှေးလတ်ဆိုတဲ့လူဟာ သူ့ချစ်သူပါဆိုပြီး ပြောရုံတင်မကဘူး ကိုနန္ဒ ဒီလောက်တားမြစ် အသနားခံနေတဲ့ကြားက ဒီကောင်ကို ရုံးတက်ပြီး လက်ထပ်ပြလိုက်သေးတယ်။

အခု ခွန်ရှေးလတ်ဆိုတဲ့ကောင်က သူ့ဇာတိရုပ်တွေပြနေပြီလေ။

ခမ်းလေး ဘာတတ်နိုင်တုန်း။

ဟိုကောင်သုံးသမျှဖြုန်းသမျှ အခုထဲက ငွေကို အိတ်နဲ့

ထည့်ပြီး လိုက်ရှင်းနေရပြီမဟုတ်လား။

မိုက်လိုက်တဲ့ကလေးမ။

ရွှေပေါ်မြတင် ဖူးဖူးမှုတ်ထားတဲ့ အစ်ကိုနန္ဒလိုလူမျိုးကို တော့ မျက်နှာမမြင်ချင်ဘူး။ အသံမကြားချင်ဘူးနဲ့ စိမ်းစိမ်းရက်ရက် ပြောထွက်လိုက်တာ။

အခု ဟိုကောင်က ရုပ်ကလေးဖန်းပြပြီး လူကိုယူသည်။ ငွေကိုယူသည်။ ရွှေကိုယူသည်။ ရတာ အကုန်ယူသည်ဆိုတာမျိုး လုပ်ပြနေပြီ။

ဘယ်လိုနည်းပဲသုံးရသုံးရ။

ခမ်းလေးကိုတော့ ဟိုကောင်လက်ထဲက မရအရ ဖွတ် အတင်းပြန်သိမ်းမှ ဖြစ်မှာပါပဲ။ ငွေဘယ်လောက်ကုန်ကုန် ကုန်ချင် သလောက်ကုန်စမ်းပါစေ။ ခမ်းလေးကိုသာရမယ်ဆိုရင်။

ကိုနန္ဒအတွေးက ထိုနေရာအရောက်မှာ တုံးတိရပ်သွားကာ ကိုယ့်ကိုယ်ကို မချင့်မရဲစိတ်နှင့် ဒေါသတွေပွက်ထလာသည်။ အစထဲက ဒီလိုဖြစ်မည်မှန်းသာ ကြိုသိမည်ဆိုလျှင် ခမ်းကို မိုင်း မောကနေ ဘယ်ကိုမှသွားလာခွင့်မပြုရုံမက ဇနီးမယားအဖြစ် မရရသည့်နည်းဖြင့် သိမ်းပိုက်ယူငင်ပစ်မိမှာ သေချာပါသည်။

ဟင်း ငါကိုကလည်း အသုံးမကျတာပါ။

အားလုံးက ဝိုင်းသတိပေးနေတဲ့ကြားက သူတော်ကောင်း





ကြီးလိုလို ဘာကြီးလိုလို အလုပ်ကောင်းလို့ အခုလို ခမ်းရော ငါရော မဖြစ်သင့်တာတွေ ဖြစ်ကြရတာ။

ငါဟာ စောစောထဲက ခမ်းကို သိမ်းပိုက်နိုင်ခဲ့ရင်။

လူ့လောက လူ့သဘာဝအတိုင်း ကိုယ့်အတ္တ ကိုယ်မမြင်။ သူတစ်ပါးချည်း အပြစ်တင်ရင်း ကားကို အရှိန်အမြင့်ဆုံး မောင်းနေ မိသည်။ ဘာကြောင့် ခမ်း သူ့ကို အကြည်ညိုပျက်ရသည်။ ရွံရှာ စက်ဆုပ်ရသည်ကို မတွေး။

ငါတစ်ယောက်ထဲနဲ့ ဒီကိစ္စ ဒီလိုလုပ်လို့မဖြစ်သေးပါဘူး။ အရေးအကြောင်းသုံးဖို့ထားတဲ့ ငါ့လူတွေကို ခေါ်ဦးမှပဲ။

နောက်ထပ်အကြံတစ်မျိုးရကာ ဖုန်းကို နှိပ်လိုက်သည်။

"ဟဲလို"

"အေး မင်းတို့အားလုံး အခုပဲ ကားနဲ့ ငါပြောတဲ့နေရာကို လိုက်ခဲ့ကြ၊ ကျန်တာနောက်မှ ဆက်ညွှန်ကြားမယ် ဒါပဲ"

အစထဲက ဒီလိုအတွေးအကြံမျိုးရှိခဲ့ရင်ဟု တွေးကာ ကိုယ့် ကိုယ်ကို အပြစ်တွေတင်နေမိသည်။ ချစ်မေတ္တာတရားဆိုသည့်အရာ မှာ ကိုယ်လိုချင်သလို ကိုယ်ဖြစ်ချင်သလို ဖြစ်ခွင့်မရနိုင်ခြင်းကို မစဉ်းစားဘဲ ကိုယ့်အတ္တ ကိုယ့်လောဘကိုချည်း ကြည့်နေမိသူက အမှန်တရားဆိုသည်ကိုပင် မသိနားမလည်နိုင်တော့ဘဲ ဖြစ်နေသည့် အချိန်။

ခွန်ရှေးလတ်နှင့် ခမ်းတို့ နှစ်ယောက်မှာလည်း တစ်ယောက်ကိုတစ်ယောက် မကြာခဏ အကဲခတ်လေးများကိုယ်စီခတ် ရင်း အကြည့်တစ်မျိုးလေးတွေနှင့် ကိုယ်စီရှိနေကြပါသည်။ အထူး သဖြင့် ခမ်းအတွက် ခွန်ရှေးလတ်၏ လှုပ်ရှားပြုမူပုံတိုင်းကို အံ့သြ နေမိသည်။

တစ်ပြိုင်ထဲမှာပင် ဒီလူဟာ ဘယ်လိုလူပါလိမ့်ဟုလည်း တွေးနေမိ၏။ ခွန်ရှေးလတ်ကတော့ ခမ်း၏ ချစ်စရာအမူအရာလေး များဖြင့် သူပြုမူလုပ်ရှားမှုတိုင်း အံ့သြဟန် မျက်လုံးဝိုင်းဝိုင်းလေး များဖြင့် သူ့ကို မကြာခဏ အကဲခတ်ဟန်ကိုသာ အဓိပ္ပါယ်တစ်မျိုး နှင့် တိတ်တခိုး ချစ်စနိုးပြုံးနေမိသည်။

ခမ်းနေရာမှာ တခြားမိန်းကလေးဆိုလျှင် သူလုပ်ပုံနှင့် မလွယ်။ ခမ်းလိုလည်း သူ့ကို ယုံကြည်ချင်မှ ယုံကြည်ပေမည်။ ခမ်းကတော့ သူဝယ်ယူသုံးစွဲသည့် နာမည်ကြီးဘောင်းဘီ၊ ဖိနပ် အင်္ကျီ အပေါ်ဝတ်ဂျာကင်မှအဆုံး ဈေးအကြီးဆုံး ကောင်းပေ့ညွှတ် ပေ့ဆိုတာတွေဝယ်တိုင်း နောက်ကတကောက်ကောက် ငွေလိုက်ရှင်း ရုံကလွဲပြီး ဘာတစ်ခုမှ ဝေဖန်ဆန်းစစ်ခြင်းမပြု။

ဝ: စုံတစ်ရာ မေးမြန်းခြင်းလည်းမရှိ။ တစ်ခဏအတွင်း မှာပင် ခမ်းအတွက် ခရီးသွားဟန်လွဲ သုံးစွဲနိုင်ရန်အတွက် ရှာညှိ လာသည့် ငွေဆယ်သိန်းအနက်မှ ခွန်ရှေးလတ်၏ အဝတ်အစား





အသုံးအဆောင်အတွက် ငွေ ၁ သိန်းကို ထုတ်သုံးပေးလိုက်ရပြီဖြစ် သည်။

"မင်းအတွက်ရော ဝယ်လေ"

"ဟင့်အင်း ခမ်းမှာ အားလုံး အပြည့်အစုံပါပြီးသားပါ၊ ရှင်သာ"

"အင်း ကိုယ်သာ အဝတ်တစ်ထည် ကိုယ်တစ်ခုဖြစ်နေ ဘာလို့ ပြောမလို့မဟုတ်လား"

"ကိုယ့်ကိုယ်ကိုသိရင်လည်း ပြီးတာပဲရှင့်"

ခမ်းစကားအဆုံးမှ သူပြုံးသည်။

ပြီးတော့ ခမ်းမျက်နှာလှလှလေးကို ခပ်ပြုံးပြုံးစိုက်ကြည့် ရင်း ခမ်းနားကပ်ကာ ခပ်တိုးတိုးလေးမေးသည်။

"ဘယ်လိုလဲ မင်းငွေတွေ ကိုယ်သုံးနေတာ နည်းနည်းမှ မနှမြောဘူးလား"

"ရှင် ပြန်ပေးမယ်လို့ ကတိပေးထားသားပဲ"

"ကိုယ့်ကိုယုံတယ်ပေါ့"

"ယုံတယ်"

"တယ်ဟုတ်ပါလား၊ ဒီလောက် အယုံလွယ်နေရင် ကိုယ် တော့ လူတွေကို လိမ်စားလို့ရပြီပဲ"

"အဟွန်း ဟွန်း ဟွန်း"

သူ့စကား သူသဘောကျပြီး ခွန်ရှေးလတ် ရယ်ပစ်လိုက်သည်။ ခမ်းလို မိန်းကလေးနှင့် လာတွေ့ရတာ သူ့အတွက် ကစားစရာနည်းအသစ်တစ်ခုကိုရသလို တစ်မျိုးတော့ ပျော်စရာကောင်းသည်။ သူ့ဘဝအစစ်အမှန် သိထားသူတွေကြားမှာ ခွန်ရှေးလတ်ဘဝက မွန်းကျပ်မှုတွေ ခါးသီးမှုတွေနှင့် ဘာတစ်ခုမှ မလွတ်လပ်။

ဘာလေးပဲလုပ်လုပ်။

ဘာလေးပဲပြောပြော ခွန်ရှေးလတ်ကို မျက်စိဒေါက်ထောက်ကြည့်နေကြသူတွေကြားမှာ စိတ်မျက်စရာအကြည့်၊ စိတ်ရှုပ်ထွေးစရာစကားလုံးတွေချည်း ပြည့်နှက်နေသည့်ဘဝကို ငြီးငွေ့စက်ဆုပ်နေသမျှ သူဘာကောင်မှန်း ဘာမှန်းမသိသူနှင့် နေရတာ ပျော်စရာကောင်းသည်။ လွတ်လပ်သည်။

"ရှင်က ခမ်းကို ရယ်တယ်ပေါ့"

"မဟုတ်ရပါ ...မျာ၊ ကိုယ့်အဖြစ်ကိုယ် သဘောကျလို့ပါ၊ ကိုယ့်လို လက်ထဲမှာ ငွေတစ်ပြားတစ်ချပ်မှလည်းမပါ၊ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့လူကို "ခမ်းလိုမိန်းမလှလေးက ယုံတယ်ဆိုလို့ပါ"

"ယုံကြည်ရမယ့် အကြောင်းရှိလို့ပေါ့ရှင်၊ ပြီးတော့ ကိုနန္ဒလက်က ရှင့်ကြောင့် လွတ်လာရဆိုတော့ ခမ်းကို ရှင် လိမ်ညာသွားလည်း ကျေးဇူးတုံ့ပြန်တယ်လို့ပဲ သဘောထားမှာမို့ပါ"





"ကိုယ့်စေတနာကို ငွေနဲ့ပိုင်းဖြတ်တယ်ပေါ့"

"ရှင် ကြိုက်သလိုထင်ပါ၊ ဘာဖြစ်လို့လဲတော့မသိဘူး၊ ရှင်ဟာ ခမ်းကို ဒုက္ခပေးမယ့်သူ မဟုတ်ဘူးဆိုတာ ခမ်းစိတ်ထဲမှာ သူ့အလိုလို သိနေသလိုပဲ"

"ထင်တဲ့အတိုင်း ဖြစ်မလာခဲ့ရင်ရော"

"ကံပေါ့"

"ကံ ဟုတ်လား"

"ဟုတ်တယ်"

"ရှင်နဲ့ခမ်း အခုလို ဆုံတွေ့ခွင့်ရတာကိုက ကံတရားရဲ့အစီအမံပဲ၊ ခမ်းတို့နှစ်ယောက်မှာ အတိတ်က ရေစက်ရှိလို့သာ အခုလို ကြုံဖန်ဆုံရတာလို့ ခမ်းထင်တယ်"

"ဖြစ်နိုင်ပါတယ်"

ထိုစကားကိုတော့ ခွန်ရှေးလတ် လိုက်လျှော ထောက်ခံလိုက်ပါသည်။ တကယ်ဆို သူလိုလူတစ်ယောက်နှင့် ခမ်းလိုမိန်းကလေးတစ်ယောက် သာမန်အနေအထားနှင့် ဆုံတွေ့ရန်ကိစ္စမှာ အလွန်အင်မတန်မှ ခက်ခဲသည့်ကိစ္စဖြစ်ပါသည်။

ခမ်းဆိုသည့် မိန်းမလှလေးကို တခြားတစ်နေရာ တခြားပုံစံတစ်ခုနှင့်တွေ့လျှင် အခုလို စိတ်ဝင်စားမိချင်မှ စိတ်ဝင်စားမိပါလိမ့်မည်။ ရင်ခုန်စိတ်လှုပ်ရှားခြင်းလည်း ဖြစ်မိမည်မဟုတ်။

ဟော်နန်းစံအိမ်၏ သူဌေးကြီးဦးစိုင်းစံတစ်၏သားအဖြစ် ခွန်ရှေးလတ်ကိုသိထားသည့် အသိုင်းအဝိုင်းထဲမှာ ခွန်ရှေးလတ်အဖြစ် သူ့ကို အကြောင်းအမျိုးမျိုးနှင့် ချဉ်းကပ်လာသော မိန်းမချော မိန်းမလှများစွာကို မမြင်မတွေ့လို၍ ဓာပြေးထဲ ရှောင်ပြေးနေသူ မာနမင်းသား။ ဘယ်မိန်းမကိုမှ ဂရုမစိုက်သူအဖြစ် နာမည်ကြီးနေသူတစ်ယောက်က ခမ်းလို သူ့အပေါ်မှာ ဘာတစ်ခုမှ စိတ်ပါဝင်စားခြင်းမရှိသော သူလေးနှင့်ကြမှ ဘုမသိ ဘမသိ ခွန်ရှေးလတ်က ရင်ထခုန်မိခြင်း ဖြစ်သည်။

"ခမ်း"

"ရှင်"

"ကိုယ့်ကို ဘယ်လိုထင်လဲဟင်"

ခမ်းက သူ့အမေးကိုမဖြေဘဲ ကားမောင်းနေသော သူ့မျက်နှာကို တစ်ချက်လှမ်းကြည့်သည်။

"ခမ်းအထင်ပြောရရင် ရှင်ဟာ ဘာကိုမှ ဂရုမစိုက်သလို ဘာကိုမှ စိတ်မဝင်စားတဲ့ လောကကြီးကို တမင်အရွဲ့တိုက်နေတဲ့ လူတစ်ယောက်လို့ထင်တယ်"

"မဆိုးပါဘူး၊ ခမ်းအထင်နဲ့ ကိုယ့်ဘဝက နီးစပ်သားပဲ၊ တကယ်လည်း ကိုယ်ဟာ မိဘမဲ့တစ်ကောင်ကြွက်တစ်ယောက်ပဲလေ၊ ခမ်းနဲ့ဘဝတူတဲ့သူတစ်ယောက်ပေါ့"

ဝို:မို:ဝ၁၄ပ



"ရှင်က ခမ်းထက်တော့ အများကြီးသာပါတယ်လေ"

"ဘာဖြစ်လို့"

"မိဘမဲ့တစ်ကောင်ကြွက်ခြင်းအတူတူ ရှင်က ယောကျ်ားလေးဖြစ်နေလို့ပေါ့၊ ခမ်းလည်း ရှင့်လို ယောကျ်ားတစ်ယောက်ဖြစ်ခွင့်ရရင် ကောင်းမယ်"

"တူ တူ တူ"

"ခဏလေးနော် ဖုန်းလာနေလို့ ကြည့်လိုက်ဦးမယ်"

နှစ်ယောက်သား စကားစပြတ်သွားပြီး ခမ်းက သူ့ဖုန်းလေးကို ထုတ်ယူပြီး နံပါတ်ကိုကြည့်လိုက်တော့ ခမ်း မျက်နှာပျက်သွားသည်။

"ဘယ်သူ့ဖုန်းလဲ"

"အစ်ကိုနန္ဒ"

နှစ်ယောက်စလုံး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး စကားသံတိတ်သွားသည်။ ဖုန်းက အသံဗြော်မြည်နေဆဲ။

"နားထောင်ကြည့်လိုက်လေ"

"ဟင့်အင်း"

"ဖုန်းဆက်တယ်ဆိုထဲက သူ့မှာ ပြောစရာရှိလို့နေမှာပေါ့၊ နားထောင်ကြည့်လိုက်ပါ"

ဝို:မို:ဝ၁၄ပ

"ဟဲလို"

ခွန်ရှေးလတ်တိုက်တွန်းသဖြင့် ဖုန်းကို ဖွင့်နားထော
လိုက်တော့ အစ်ကိုနန္ဒအသံက အလောတကြီးထွက်လာသည်။

"ခမ်း အစ်ကိုဆီ ပြန်လာခဲ့တော့ ခမ်းနားကကောင်
ယောကျ်ားသိုက်သမား၊ အခုထဲက ခမ်းငွေကိုချည်း သုံးနေတာ"

"ရှင့်ကို ဘယ်သူပြောလဲ"

"ဘယ်သူပြောပြော၊ ခမ်းကို အခုချိန်ကစပြီးမရရ
နည်းနဲ့ ပြန်ခေါ်ဖို့ ဆုံးဖြတ်ပြီးပြီ၊ ခမ်းကို ပြန်ခေါ်ဖို့ ကိုယ့်လူ
လည်းလွှတ်လိုက်ပြီ၊ အစ်ကို ဘာဖြစ်ဖြစ် ရင်ဆိုင်တော့မယ်"

"အစ်ကို့လက်က ခမ်း ပြေးလို့မလွတ်တော့ဘူးဆို
ပြောတာ"

"တီ"

ဆက်မကြားရဲတော့သဖြင့် ခမ်းက သူမဖုန်းကို ပိတ်
လိုက်သည်။ ယုတ်မာလိုက်တ

"ဘာတဲ့လဲ"

"ခမ်းကို မရရဟဲ့နည်းနဲ့ပြန်ခေါ်ဖို့ သူ့လူတွေကို လွှ
လိုက်ပြီတဲ့၊ ဒါ ခမ်းကို တမင်သက်သက် ခြိမ်းခြောက်နေတာ"

"မဟုတ်လောက်ဘူးထင်တယ်"





"ရှင်"

"သြော် ရန်သူကို လျှော့မတွက်သင့်ဘူးဆိုလို့ပါ"
ကားထဲမှာ ရုတ်တရက် စကားသံတိတ်သွား၏။

* * *

# အခန်း (၁၂)

""ဦးရှေးလတ် ရှေ့လူတွေကဘာလဲ၊ ခမ်းကို ဖမ်းမဲ့လူ
လား""

လမ်းဘေးမှာရပ်ထားသည့်ကားက နှစ်စီး။

တစ်စီးမှာ လက်နှစ်ဘက်ကို အကျအနပိုက်ပြီး မှီရပ်
သူက တခြားသူမဟုတ် ခွန်ရှေးလတ်ကို အကူအညီပေး
ဦးကြီးဟိန္ဒလက်ထဲ ခက်ခက်ခဲခဲ ကယ်ထုတ်လာသည့် ဂျူလီ

အဲသည်အချိန်တုန်းက ခွန်ရှေးလတ်ကို ဦးကြီးဟိန္ဒလူ
လက်ထဲက ကားနှင့် သူမကိုယ်တိုင် ခွန်ရှေးလတ်ကို ခေါ်ထုတ်
မိခြင်းကို အခုမှ နောင်တတွေတသီကြီးရနေသည်လား မပြောတတ်
ခွန်ရှေးလတ်ကို အမိဖမ်းဖို့ ငှားထားသည့်လူတွေနှင့် စောင့်နေသ
ဂျူလီယာ့ပုံစံက ဒီတစ်ခါတော့ ခွန်ရှေးလတ်ကို သူမလက်





ကျ်မပြေးနှင့်ဆိုချင်ပုံရသည်။

""ကျိုး""

""ကိုရှေးလတ်""

""ကားကို သေချာကိုင်ထား ခမ်း""

""လိုက်ကြစမ်း""

ကားကို နောက်ကြောင်းလှည့်ပြန်မောင်းသွားသည့် ခွန်ရှေး
တ်ကြောင့် သူထင်သလို ဖြစ်မလာသည့် ဂျူလီယာ့အသံက
တ်ဆတ်ခါနေသလို အချိန်ပြင်းစွာ မောင်းနေသည့် ခွန်ရှေးလတ်
းပေါ်က ခမ်းမှာလည်း ဂျူလီယာကိုလည်းမမြင်။ ခွန်ရှေးလတ်
က်ဖမ်းနေသော ဦးကြီးဟိန္ဒ၏ လူတွေမှန်းလည်းမသိ။ သူမကို
ကိုနှနှ အဖမ်းခိုင်းလိုက်သည့်လူတွေပဲဟုထင်ကာ နောက်ကို
စ်ချက်လှည့်ကြည့်ပြီး ကြောက်ရွံ့စိတ်ဖြင့် ရင်တဒိတ်ဒိတ်ခုန်နေပါ
သည်။

""တီ တီ""

""ကျိုး""

""ဝူး""

""ဝရော""

""အမလေး""

ကားတွေကို ခွန်ရှေးလတ်က တစ်စီးပြီးတစ်စီး ကျော်တက်

တိုင်း ခမ်းရင်ထဲအသည်းထဲ အေးခနဲ အေးခနဲဖြစ်ကာ မျက်လုံး တွေပါ ပြာပြာသွားသည်။

ဘုရား ဘုရား။

မတော်တဆ ရှေ့ကကားတစ်စီးစီးနဲ့ ဝင်အောင်းလိုက်မှ ဖြင့်ဆိုသည့် ကြောက်စိတ်ကို အသံမထွက်မိအောင် ဖွတ်မြိုသိပ်နေ ရခြင်းက နောက်မှ အကြောက်အလန့်မရှိ ခမ်းတို့ကားကို အမိုလိုက် နေသည့် ကားနှစ်စီးကြောင့် ဖြစ်ပါသည်။

"သတိထားနော် ကိုရှေးလတ်၊ ရှေ့မှာ ရှေ့မှာ ကား ကား"

"ရှူး"

"ဝရော"

အရှိန်ပြင်းစွာ တစ်ဖက်ကားကို ကွေ့ရှောင်ပြီး လမ်းကွေ့ တစ်ခုထဲကိုပါ ခွန်ရှေးလတ်က သူ့ကားကို မောင်းသွင်းပစ်လိုက် သည်။ ဖြစ်ချင်တော့ ကားဂိုဒေါင်တစ်ခုက ပွင့်နေသည်။ ခွန်ရှေး လတ် ဘာမှစဉ်းစားမနေဘဲ သူ့ကားကို ပွင့်နေသည့် ဂိုဒေါင်ထဲ မောင်းသွင်းလိုက်သည်။

"ရှူး"

"ကျွီး"

"ဟာ ဘာလဲ"





ကားဂိုဒေါင်ထဲက လူကြီးက သူ့ကားကို ပြင်နေရာက ...နဲ့တကြား ထအော်ပေမယ့် လူက ကားအောက်ထဲကမထွက် ...ဘဲ ခွန်ရှေးလတ်တို့ကားကို မျက်လုံးကြီးပြူးကြည့်နေတုန်း ...ရှေးလတ်က ကားဂိုဒေါင်တံခါးကို ဆွဲပိတ်ပစ်လိုက်သည်။

အချိန်မီသည်ဆိုရုံလေးဟု ဆိုရမည်။ ခွန်ရှေးလတ် ကားဂို ...င်ကို ပိတ်အပြီး ဂျူလီယာနှင့် ဦးကြီးဟိန္ဒူလူတွေက သူတို့ ...က ဖြတ်ကျော်ပြီး အတွင်းလမ်းရှိရာဘက် အားကုန်မောင်းဝင် ...းသဖြင့် ခွန်ရှေးလတ်တို့ကားကို မမြင်လိုက်။

"ဒါနဲ့ နေပါဦး၊ မောင်ရင်တို့က ဘယ်သူတွေလဲ၊ ဘာကိစ္စ ...ားဂိုဒေါင်ထဲ ရောက်လာရတာလဲ"

"ဆောရီးပါခင်ဗျာ၊ ရုတ်တရက် ကျွန်တော့် အမျိုးသမီး တွိုင်းလက်ဝင်ချင်တယ်ဆိုလို့ နီးရာ ဦးတို့အိမ်ထဲ ကားကို ...င်းဝင်လိုက်မိတာပါ"

"ဟုတ်ပါတယ်ရှင် ဟုတ်ပါတယ်၊ ကျွန်မတို့ကို ကူညီ နော်"

ခွန်ရှေးလတ်ပြောသလို ခမ်းကလည်း အတူလိုက်ပြော ... သဏ္ဍာန်လုပ် သရုပ်တူ ဗိုက်ကလေးကို လက်တစ်ဖက်ဖြင့် ...ပ်လျက် မျက်နှာလေးကိုပါ ရှုံ့မဲ့ပြလိုက်၏။

"အန္တရာယ်မလွှယ်နိုင်လို့ အကူအညီပေးတာကဟုတ်ပါ

ပြီ၊ ဦးကားဂိုဒေါင်တံခါးကို ပိတ်လိုက်တာကရော ဘာဖြစ်လို့တုန်း"

"ဟို အဲဒါက ကျွန်မယောကျ်ားက ယောင်တတ်လို့ပါရှင်၊ ဟုတ်တယ်နော် မောင်"

"ဟုတ်ပါတယ်ခင်ဗျာ၊ ဟုတ်ပါတယ်၊ တဆိတ် ကျွန်တော်တို့ကိုသာ"

"ဟိုနောက်ပေါက်တည့်တည့်ကိုသာသွား ကလေးမ၊ အဲဒီမှာရှိတယ်"

"ကျေးဇူးတင်ပါတယ်ရှင်"

"မောင်ရင်လည်း လိုက်သွားပါ၊ အန္တရာယ်ဆိုတာ ကြိုရှင်းထားတာ အကောင်းဆုံးနဲ့ စိတ်အချရဆုံးပါ"

"ဟုတ်ကဲ့ခင်ဗျာ"

အဘိုးကြီးက လိုက်သွားခိုင်းတာနှင့် ခွန်ရှေးလတ်လည်း ခမ်းနောက်ကို အတူလိုက်သွားသည်။

"ကိုရှေးလတ်"

"ဗျာ"

"စောစောက လူတွေကို ရှင်သိလား"

"မသိပါဘူး ဘာဖြစ်လို့လဲ"

ခွန်ရှေးလတ် ပြောင်ညာလိုက်တော့ ခမ်းမျက်နှာလေးမဲ့

ဝိုး:မိုး:ဝ၁ပေ



သွားသည်။

"ခမ်းသိပါတယ်၊ ဒီလူတွေ အစ်ကိုနန္ဒလူတွေပါ၊ ခမ်းကို ခမ်းဖို့ လွှတ်လိုက်တာဖြစ်မယ်၊ ကြည့်ပါလေ့အား၊ ခမ်းကားကို သူတို့ ဒီလို တမင်လူရှင်းတဲ့နေရာက ကြိုစောင့်နေတာသိလား"

"ဟုတ်မှာပေါ့"

"ခမ်းကြောက်တယ်ရှင့်၊ အစ်ကိုနန္ဒကိုလည်း မယူနိုင်ဘူး"

"ခမ်း ယူချင်ပါတယ်ဆိုလို့လည်း မရဘူးလေ"

"ရှင်"

"ခမ်းက ကိုယ့်ဇနီးလေ၊ တရားရုံးမှာ လက်ထပ်ထားတာ မေ့နေလား"

"အို"

အခုမှ ခွန်ရှေးလတ်စကားကို သဘောပေါက်သွားသလို ခမ်းမျက်နှာလေး ပြန်ပြုံးလာသည်။

"ဟုတ်တယ်၊ ခမ်းမှာ လက်ထပ်စာချုပ်တွေရှိသေးတယ်၊ ခမ်းကို မတရားလုပ်လာရင် ရှင် တရားစွဲနော်"

"ဘယ်သူ့ကိုလဲ"

"အစ်ကိုနန္ဒကိုပေါ့ရှင့်"

"ဘာမှုနဲ့ တရားစွဲရမှာလဲ"

ဝိုး:မိုး:ဝ၁ပေ

"အို ရှင်သိရဲ့နဲ့ မေးနေပြန်ပါပြီ၊ ဘာမှရှိရမှာလဲရှင့်၊ ရှင်တရားဝင်လက်ထပ်ထားတဲ့ ရှင့်မိန်းမကို ခိုးယူတဲ့ မယားခိုးမှုနဲ့ပေါ့"

"သြော် ဟုတ်ပြီ"

ခွန်ရှေးလတ်ပုံစံက ပြုံးစိစိ မခိုးမခန့်မို့ ခမ်းမှာ သူ့အပြုအမူကို အသည်းယားယားနှင့် မျက်စောင်းရွယ်လိုက်တော့ သူက ရယ်သည်။

"တကယ်မသိလို့ မေးတာပါဗျာ၊ စိတ်မဆိုးပါနဲ့၊ အခု ရှေ့ဆက်ဘယ်လိုလုပ်ကြမလဲ"

"ခမ်းလည်း မသိဘူးရှင့်"

ခမ်းလည်း တကယ်မသိတော့ပါ။ ကိစ္စက ခွန်ရှေးလတ်ကိစ္စမဟုတ်ဘဲ သူမကိစ္စဟုထင်သဖြင့် မျက်နှာငယ်လေးနှင့် သူမအနားမှာ မားမားကြီးရှိနေသော ခွန်ရှေးလတ်ကိုသာ အားကိုးရာတစ်ခုလို မျက်လုံးအဝိုင်းသားဖြင့် မော့ကြည့်လိုက်မိသည်။

"ကားကို ထားခဲ့မယ်"

"ရှင်"

"ကားကိုမှတ်မိလို့ လိုက်လာတာမဟုတ်လား၊ လူတွေ ချ_ုးဆိုရင် ဘယ်သူမှမမှတ်မိအောင် ရုပ်ဖျက်သွားနိုင်သားပဲ"

"ကားကိုတော့ ဘယ်လိုလုပ်မှာလဲ"

နိုး:မိုး:ဝ၁ငပ



"ဒီမှာပဲပြောဆိုပြီး အပ်ထားခဲ့မယ်လေ၊ နောက်မှ ကိုယ့်ဘပည့်တစ်ယောက်လွှတ်ပြီး ယူခိုင်းလိုက်မယ်"

"ရှင့်မှာ တပည့်ရှိလို့လား"

"အင်"

ကိုယ့်စကားနှင့်ကိုယ် အငိုက်မိသွားသည့်အဖြစ်ကို သဘောကျစွာ ပုခုံးနှစ်ဘက်တွန့်လိုက်သည်။

"လူတစ်ယောက်ကို ပိုက်ဆံနဲ့ငှားပြီး ကားအယူလွှတ်မယ် ပြောတာ"

"ခမ်းတော့ ဘာမှမသိတော့ဘူး၊ ရှင် ကောင်းသလိုသာ ငစဉ်ပါရှင်၊ ဒီနေရာကနေ ချောချောမောမော ထွက်နိုင်ရင် ကျေနပ်ပါပြီ"

"ဒီလောက်တော့ဖြစ်ပါတယ်၊ အနားမှာ ကိုယ်ရှိနေပြီပဲ ဒန်းခဏပေး"

ခမ်းက သူမအိတ်ထဲက လက်ကိုင်ဖုန်းကို ခပ်သုတ်သုတ် ဘုတ်ပေးလိုက်တော့ ခွန်ရှေးလတ်က သူ့သူငယ်ချင်းတစ်ယောက်ဆီ ဖုန်းဆက်သည်။ ဘာပြောသည်ကို ခမ်းလည်းမသိရ။ ခမ်းမသိသည့် တိုင်းရင်းသားဘာသာစကားတစ်ခုက ခမ်းရှေ့မှာ ပွင့်လွှင့်ငီးမျောလျက်။

* * *

နိုး:မိုး:ဝ၁ငပ

# အခန်း (၁၃)

အိမ်ကြီးတစ်ဆောင်လုံးကို လှည့်ပတ်ကြည့်ရင်း ဤမျှပြည့်စုံခမ်းနားသော အိမ်၏ အဆောင်အယောင် အခမ်းအနားတိုင်းကို အံ့ဩလျက်ရှိနေသူက ခမ်းဖြစ်သည်။

ခွန်ရေးလတ်ကတော့ အိစက်ပျော့ပျောင်းသော ရှားညိုရောင် ဆိုဖာလုံခုံတစ်လုံးမှာ သက်သောင့်သက်သာအနေအထားဖြင့် ရွှေရောင်ခပ်ပြားပြား စီးကရက်ဗူးတစ်ဗူးထဲမှ စီးကရက်တစ်လိပ်ကို နှုတ်ခမ်းမှာ လှပစွာ ရှိုက်ဖွာလျက် ခမ်း၏ လှုပ်လှုပ်ရှားရှား အမူအရာတိုင်းကို မျက်တောင်မခတ်တမ်း လိုက်ငေးနေ၏။

"ခမ်းအတွက်တော့ ဒီကိစ္စဟာ မဖြစ်နိုင်ဘူးလို့ကို ထင်တာပါပဲရှင်"

"ဖြစ်နိုင်လို့ ဖြစ်နေပြီပဲ"





"မဟုတ်သေးပါဘူးရှင်"

"ဟုတ်ပါတယ်ဗျာ"

"ခက်လိုက်တာရှင်"

"ဘာမှမခက်ပါဘူးဗျာ၊ ခမ်းသာ ခေါင်းညိတ်လိုက်ရင် ကိစ္စကပြီးပါပြီ"

ခမ်းထံမှ ဆုံးဖြတ်ရခက်ခဲသော အမူအရာလေးနှင့် သက်ပြင်းရှိုက်သံက ခွန်ရေးလတ်၏ ဧည့်ဆောင်ခန်းမကြီးအတွင်းသို့ စီးမျောသွားသည်။ နန်းတော်တမျှ ကြီးမားခမ်းနားသည့် အိမ်ကြီးတစ်လုံးနှင့် အဖိုးတန်အသုံးအဆောင်တွေအပါအဝင် အားလုံးကို တစ်သိန်းဆိုသော ဈေးနှင့် ခမ်းကို ငှားရမ်းမည်ဆိုခြင်းက ဘယ်လိုမှ မဖြစ်နိုင်သော ကိစ္စသာဖြစ်ပါသည်။ ကနေ့ခေတ်ကြီးမှာ တိုက်ခန်းတစ်ခန်းကို ငှားသည့်ငှားခပင် ဤမျှဈေးသက်သာမည်မဟုတ်။ အခုကိစ္စက ခမ်းကို အလကားနီးပါး ထားခြင်းဖြစ်နေတာကိုပဲ ခမ်းစိတ်မှာ ဘဝင်မကျ။ မတင်မကျ ဖြစ်နေရခြင်းဖြစ်သည်။

"ခမ်း အထင်ပြောရရင် ကိုရေးလတ်သူငယ်ချင်းဘက်က တစ်ခုခုကို မှားနေပြီလို့ ထင်တာပဲရှင့်၊ ဒီအိမ်ကြီး တစ်အိမ်လုံး ခမ်းတစ်ယောက်ထဲ တစ်လ တစ်သိန်းနဲ့ ငှားမယ်ဆိုတာ"

"ကိုယ်လည်း မကြာခဏ လာနေဦးမှာလည်းပါတယ်လေ"

"အဲဒီကိစ္စလည်းထားပါ၊ ရှင်အပေါ်ထပ်နေရင် ခမ်းက အောက်ထပ်နေလိုက်ရင် ဖြစ်တာပါပဲ"

"မဖြစ်တာက ဘာလဲ"

"အို ခမ်းကို အလကားသက်သက် အိမ်စောင့်သဘော မျိုးထား"

"အမှန်တော့ အိမ်စောင့်ကလည်း တကယ်လိုနေတာ လေ၊ သူငယ်ချင်းက ကိုယ့်ကို အိမ်စောင့်အဖြစ်ထားချင်တာ"

"အခု ခမ်းက ကိုယ့်ကိုယ်စား အိမ်စောင့်လုပ်ပေါ့၊ နှစ်ဦး နှစ်ဘက် အဆင်ပြေမယ့်ကိစ္စပဲ၊ ကိုနန္ဒလည်း ရှင်းပြီးသားဖြစ်သွား မယ်"

ကိုနန္ဒဆိုတာနှင့် ခမ်းနှုတ်ဖျားမှာ ဘာစကားမှ ဆက်ပြော စရာမရှိအောင် ဖြစ်သွားသည်။ ကိုနန္ဒရန်ကိုကြောက်၍ ခမ်းက သူမလက်ကိုင်ဖုန်းလေးကိုပင် မသုံးရဲသည်အထိ။ ကိုနန္ဒထံ အဆက်မပြတ် ဖုန်းသံတွေ လာပဲလာနိုင်လွန်းသည်။

ဖုန်းစက်ကို ပိတ်ထားလိုက်မှ နားအေးတာမို့ စက်ကို လုံးဝမဖွင့်တော့။ ရန်ကုန်ကို ခမ်းတို့ရောက်နေသည့် သုံးရက်အတွင်း မှာ ခွန်ရှေးလတ်၏အိမ်ကြီးကို ငှားနေဖို့ ခမ်းအနေနှင့် ပိုင်ပိုင်မင်း ဖြတ်ရဲဘဲ တွေဝေနေခြင်းဖြစ်သည်။

ခွန်ရှေးလတ်က သူ့အိမ်ဟုမပြော။ သူငယ်ချင်း





တစ်ယောက်အိမ်အဖြစ် ခမ်းကိုပြောသည်။ ဒါတောင် ခမ်းအသွင် လေးက တကယ့်ကို ချီတုံချတုံ။ ခွန်ရှေးလတ်အတွက်တော့ ခမ်းကို သူ့အိမ်မှာထားခြင်းက တစ်ချက်ခုတ် နှစ်ချက်ပြတ်သဘော။

သူချစ်သော ခမ်းကို မျက်စိအောက်မှာ အမြဲမြင်နိုင်တွေ့ နိုင်သလို ဦးကြီးဟိန္ဒနှင့် ဂျူလီယာတို့လိုက်လာလျှင်လည်း သူ့ ဘက်က အခြေအနေကို ခမ်းကိုပြပြီး စာချုပ်စာတမ်းနှင့် ဖြေရှင်း ရုံ။

ဂျူလီယာ လက်လျှော့တာမြင်ချင်သည်။ ဦးကြီးဟိန္ဒ စိတ်လျှော့တာတွေ့ချင်သည်။ ငွေရေးကြေးရေးအပိုင်းကိုတော့ ဦးကြီးဟိန္ဒ စိတ်ကြိုက်ဆုံးဖြတ်သမျှ ကျေကျေနပ်နပ်နှာခံရန် အသင့် ပြင်ထားသည်။

"ကဲပါလေ၊ ခမ်းမှာလည်း ကိုယ့်ကိစ္စနဲ့ကိုယ်ဆိုတော့ လောလောဆယ် ဒီမှာနေရဦးမှာပေါ့၊ ဒါပေမယ့် တစ်ယောက်ထဲ တော့ မနေဘူးနော်၊ တစ်ခါတစ်ရံ ဖွေးဖွေးကိုပါ အဖော်ခေါ်ထား မယ်"

"ခမ်း စိတ်ချမ်းသာသလိုလုပ်ပါ၊ ဒါတွေ ကိုယ့်ကို ပြောနေဖို့မလိုပါဘူး၊ ခမ်းက အိမ်ရှင်ဖြစ်သွားပြီဆိုတော့ အိမ်ရှင်မ သဘောအတိုင်း ဖြစ်ရမှာပေါ့"

"ခမ်းသဘောတူပြီဆိုရင် ကိုယ် အပြင်သွားစရာရှိတယ်၊

မိုးချုပ်မယ် ဟုတ်လား"

"စာချုပ် မချုပ်ဘူးလား"

"ဘာစာချုပ်လဲ"

"အိမ်ရှင်အိမ်ငှားစာချုပ်လေ"

"ဘယ်သူနဲ့ချုပ်မှာလဲ"

"ရှင်နဲ့ပေါ့"

"ကိုယ်နဲ့"

"အင်း"

ခွန်ရှေးလတ်က သူ့ရင်ဘတ်ကို လက်မနှင့်ထောက်အပြမှာ ခမ်းက ခေါင်းလေးညိတ်ပြလိုက်တာမို့ တစ်ချက်မျှရယ်လိုက်သည်။

"စာချုပ်တစ်ခုဆို မလုံလောက်ဘူးလား"

"ရှင်"

"ကိုယ်နဲ့ခမ်းနဲ့ စာချုပ်ကိုပြောတာလေ"

"အို အဲဒါက"

လက်ထပ်စာချုပ်ကို ရည်ညွှန်းပြီး ပြောမှန်းသိသဖြင့် ခမ်း နှုတ်ဆွံ့သွားသည်။ သူက ပခုံးကို တွန့်သည်ဆိုရုံတွန့်သည်။

"တောပါပြီဗျာ၊ ခမ်းနဲ့ နောက်ထပ် ဘာစာချုပ်မှ လက်မှတ်မထိုးချင်တော့ဘူး၊ ဒီမှာ နေလို့လည်း ဘာပြဿနာမှ မရှိဘူး၊ စိတ်ချမ်းသာသလိုနေ"





"ည ပြန်အလာကိုလည်း စောင့်စရာမလိုဘူး၊ ကိုယ့်မှာ သော့ပိုရှိတယ်၊ ကိုယ်သွားပြီ"

"ကိုရှေးလတ်"

ခမ်း လှမ်းခေါ်သော်လည်း သူက လှည့်မကြည့်တော့။ ာက်တစ်ဖက်မြှောက်ပြပြီး အသင့်ရပ်ထားသည့် ကားကြီးပေါ်တက် ပြီး ခပ်ကြမ်းကြမ်းမောင်းထွက်သွားသည်။

ဘယ်လိုလူလည်းမသိ။

သူ့အပြုအမူ အနေအထိုင်တွေအားလုံး ခမ်းစိတ်ထဲမှာ ူးခြားနေတာမှန်ပေမယ့် ဘယ်နေရာက ဘယ်လိုထူးခြားပြီး ဆွဲ ဆောင်နေမှန်းမသိ။ စကားပြောတာ ပြုမူနေထိုင်တာတွေအားလုံး ုတွေကို ဂရုစိုက်သလိုလို ဂရုမစိုက်သလိုလိုနှင့် ဘာမှန်းမသိ။

တိတ်ဆိတ်သော အိမ်ကြီးထဲမှာ ခမ်းတစ်ယောက်ထဲ ာတွေးချာချာလည်ပြီး ကျန်ရစ်သည်။ အိမ်ရှင်မရှိသော အိမ်ကြီးထဲ ာ ခွန်ရှေးလတ် သဘောတစ်ခုထဲနှင့် အိမ်ငှားစာချုပ်ပင် မချုပ်ရ ဘဲ နေနေရသည့် ခမ်းအဖြစ်ကိုလည်း သဘောကျရမှာလား၊ ိတ်ညစ်ရမှာလည်း မခွဲခြားတတ်။

ဒီလူနဲ့တော့ သိပ်ခက်တာပဲ။

တော်ကြာ အိမ်ကို ဧည့်သည်တွေလာ ဘာတွေလာနေမှ ပြဿနာ။

ခမ်းကိုယ်ခမ်း ဘယ်လိုပြောရမည်မသိ။ အိမ်ငှားပါဟု လျှင် ယုံချင်မှလည်း ယုံကြမည်။

"တူ တူ တူ"

ဟော ဖုန်းက အသံမြည်လာပြီ။

ဖုန်းကိုင်ရန် သင့်မသင့် ခမ်းမှာ အခက်ဖြစ်ရသည်။ သူများအိမ်ကဖုန်းကို ကိုင်မိလို့ ဘယ်သူလဲမေးလာရင် အခြေ ခက်သည်။ ဖုန်းကလည်း မရပ်မနား အသံမြည်နေ၏။ နောက်ဆုံး ကြံရာမရတာနှင့် ဖုန်းခွက်ကို ကောက်ယူပြီး ဘေးကို ချထားလိုက် တော့မှ နားအေးသွားသည်။

ခမ်းအတွက်ပေးထားသော အိပ်ခန်းလေးထဲဝင်ပြီး ခမ်း အသင့်ယူလာသည့် ဘွဲ့လက်မှတ်။ ကွန်ပျူတာစာရင်းကိုင် အင်္ဂလိပ်စာ။ ပြင်သစ်စာ ဒီပလိုမာတွေအားလုံး အထပ်လိုက် ထုတ် ကြည့်သည်။ အလုပ်တစ်ခုခုတော့ လုပ်မှဖြစ်မည်။ ဘဝ အဓိပ္ပါယ်မဲ့ ဒီအတိုင်းထိုင်ပြီး အချိန်ဖြုန်းမနေနိုင်။

ဖွေးဖွေးကိုခေါ်ပြီး မနက်ဖြန်ဘဲ ကုမ္ပဏီတစ်ခုမှာ အလုပ် ဝင်လျှောက်ဖို့ ဆုံးဖြတ်သည်။ ခွန်ရှေးလတ်ဆိုသည့်လူကတော့ ခမ်းလိုမဟုတ်။ သူ့ပုံစံကြည့်ရတာ ဘာတစ်ခုမှ ပူပင်ကြောင့်ကြ စရာမရှိသလိုပင် လွတ်လပ်ပေါ့ပါးသည်။ ခမ်းတို့နှင့် မတူတာတော့ သေချာသည်။

နိုး:မိုး:ဝ၁၄ပ



အို သူဘာသာ ဘယ်လိုနေနေ ဘယ်လိုထိုင်ထိုင် ခမ်းနဲ့ ဆိုင်ပါဘူးလေ။

ကိုယ့်အလုပ် ကိုယ်လုပ်ဦးမှပါပဲ။

ခွန်ရှေးလတ်အကြောင်း ခေါင်းထဲမထည့်နိုင်သေးဘဲ ရှဆက်ရမည့် သူမအနာဂတ်ခရီးအကြောင်းလောက်ကိုသာတွေးပြီး သူမဖုန်းလေးကို စက်ဖွင့်ပြီး ဖွေးဖွေးထံ ဆက်လိုက်သည်။

"ဟဲလို"

"ခမ်း အမလေး အခုလေးတင်ပဲ ကိုနန္ဒကြီး ဖွေးအိမ်က ပြန်သွားတာရှင်ရေ၊ လူကြီးက ဘာဖြစ်လာလဲမသိဘူး၊ ပုံစံကြီး က တကယ်ကြောက်စရာသိလား၊ ဖွေးကို မေးလိုက်တာများ စုံနေ တာပဲ"

"ဘာတွေမေးတာလဲ"

ဖွေးအသံတွေက တကယ့်ကို အူယားဖားယား။

အစ်ကိုနန္ဒ သူမအိမ်အထိလိုက်လာပြီး သောင်းကျန်းသွား တာကို ကြောက်နေပုံရသည်။

"မေးတာတော့ စုံနေတာပဲ ခမ်းရေ၊ အဓိကကတော့ ခမ်းချစ်ချစ်ကြီး ကိုရှေးလတ်အကြောင်းမေးတာ၊ ဘယ်တုန်းက ခမ်းနဲ့တွေ့တာလဲ၊ ဘယ်သူ့သားသမီးလဲ၊ ဘာအလုပ်လုပ်တာလဲ ဒီ အစုံအစုံပဲ"

နိုင်မိုး:ဝ၁၄ပ

"ဖွေးဖွေးလည်း သူ့ဘာမေးမေး မသိဘူးလို့ပြောလိုက်တယ်၊ တကယ်လည်း သိမှမသိဘဲကိုး ခမ်းရဲ့၊ ဒါနဲ့ ခမ်းရော အခုဘယ်ကဆက်နေတာလဲ၊ ရန်ကုန်မှာပဲလား"

"အင်း"

"နေရာပြောလေ၊ ဖွေးလာခဲ့မယ်၊ ဒါမှမဟုတ် ကိုရွှေလတ်နဲ့ခမ်းပဲ ဖွေးဆီလာကြမလား"

"ဖွေးပဲ ခမ်းဆီလာပါကွယ်"

"ခမ်းအသံကလည်း ကြင်စဦးသတို့သမီးအသံ မဟုတ်သလိုပဲဟယ်၊ ဘယ်လိုလဲ၊ ကိုယ့်ချစ်သူနဲ့ကိုယ် လက်ထပ်ခွင့်ရထားတာတောင် မပျော်ဘူးလား"

"ပျော်ပါတယ်"

ဖွေးအသံက ရွှင်မြူးတက်ကြွသလောက် ခမ်းအသံက ခပ်ပျော့ပျော့။ ကိုနန္ဒ လိုက်လာသည်ဆိုတာနှင့် ခမ်းမှာ စိတ်ဆင်းရဲသွားသည်။

"ပျော်ပါတယ်ဆိုတဲ့ အသံကိုက မဟုတ်သေးပါဘူး ခမ်း အခုဘယ်မှာလဲ၊ အနားမှာရော ကိုရွှေလတ်ရှိလား"

"သူမရှိဘူး၊ အပြင်သွားတယ် ဖွေး"

"ခမ်းတစ်ယောက်ထဲပေါ့"

"အင်း"





"လိပ်စာပြော၊ ဖွေး အခုပဲ ခမ်းဆီလာခဲ့မယ်"

ခမ်းက ခွန်ရွှေလတ်နေအိမ်နှင့် လိပ်စာကိုပြောပြီး ဖုန်းချလိုက်သည်။ ခမ်းအကြောင်း အတိအကျမသိသော ဖွေးအတွက်တော့ ခမ်းရဲ့ လက်ရှိအခြေအနေကို ပျော်စရာအကောင်းဆုံး စိတ်ချမ်းသာစရာအကောင်းဆုံးဟု ထင်နေသည်။ အဖြစ်မှန်အတိုင်းဆိုလျှင်တော့ ဖွေးပြောသလို ခမ်းလည်း ပျော်ရမှာပါ။

အခုတော့ ခမ်းအဖြစ်က ကိုယ်ဝမ်းနာကိုယ်သာသိဆိုသည့်အတိုင်း မရေရာ မသေချာသည့်ဘဝမှာ စိတ်ညစ်ညူး ရှုပ်ထွေးစရာတွေချည်းဖြစ်နေသည်။

အစ်ကိုနန္ဒ အစ်ကိုနန္ဒ။

ရှင် ဘယ်အထိအောင်များ ခမ်းကိုရော ခမ်းဘဝလေးကိုပါ ဒုက္ခပေးနေဦးမှာလဲရှင်။

ဝဋ်ကြွေးရှိခဲ့ရင်လည်း အစ်ကိုနန္ဒနဲ့ခမ်းတို့ ဒီဘဝမှာတင်ပဲ အဆုံးသတ်ပြီး ငြိမ်းပါရစေလို့ ဆုတောင်းနေပါတယ်။

အစ်ကိုနန္ဒစိတ်ကို ခမ်း သိသည်။

သိ၍လည်း ရွံ့ကြောက်မိသည်။ သူဖြစ်ချင်တာ လိုချင်တာကို မရရအောင် မဖြစ်ဖြစ်သည့်နည်းနှင့် လုပ်ယူတတ်သူတစ်ယောက်အတွက် ခမ်းကသာ လက်ဦးမှုရယူလိုက်၍ အစ်ကိုနန္ဒလက်မှ လွတ်မြောက်လာရခြင်းဖြစ်သည်။

ခွန်ရှေးလတ်ဆိုသည့်လူသာ အစ်ကိုနန္ဒနှင့် ခမ်းကြားမှာ ပေါ်ပေါက်ရောက်ရှိလာခဲ့ခြင်းမရှိလျှင် အစ်ကိုနန္ဒက ခမ်းဘာပြော ပြော ဘာလုပ်လုပ် ဂရုမစိုက်မည်မဟုတ်သည်က သေချာသည်။

ခွန်ရှေးလတ်သာ ခမ်းဘက်က မားမားရပ်ပြီး အကူအညီ မပေးဘဲ ကျောခိုင်းသွားခဲ့မည်ဆိုလျှင် ခမ်းသည်လည်း အခုလောက် ဆို တစ်နည်းမဟုတ် တစ်နည်းဖြင့် အစ်ကိုနန္ဒလက်အတွင်း ကျ ဆင်းသိမ်းပိုက်ခံရပေလိမ့်မည်။ အတွေးဖြင့် ကြက်သီးဖြန်းဖြန်းထ ကာ ဘာအခွင့်အရေးမှမယူဘဲ ခမ်းကို စေတနာသက်သက်ဖြင့် ကူညီသော ခွန်ရှေးလတ်ကို ကျေးဇူးအထပ်ထပ်တင်မိသည်။

သူသာခမ်းကို မကာယ်ခဲ့လျှင်။

ခမ်းတောင်းသည့် အကူအညီကို မပေးခဲ့လျှင်။

ပြီးတော့ သူနှင့်ခမ်းတို့၏ အဖြစ်မှန်တွေကိုသာ ကိုနန္ဒ ကို ဖွင့်ပြောလိုက်မည်ဆိုလျှင် ခမ်းရင်ထဲ ပူပင်သောကလေးတွေ လှိုက်ဝေသွားကာ ရင်တစ်ခုလုံး ပူလောင်လျက် သက်ပြင်းဟင်း ခနဲ ချလိုက်သည်။

* * *



## အခန်း (၁၄)

"ရှင် သိပ်ကို ကံကောင်းတာပဲ ခမ်းရယ်၊ ကြည့်ပါဦး၊ ...ကြီးကလည်း ကောင်းလိုက်တာ၊ ပစ္စည်းအသုံးအဆောင်တွေ ...လည်း တကယ့်အဖိုးတန်တွေ၊ ရှင်တော့ သိပ်ပျော်မှာပဲနော်"

"အဟင်း ဟင်း ဟင်း"

ဖွေးစကားကို ထောက်ခံခြင်းလည်းမပြု၊ ငြင်းဆန်ခြင်း ...သည်း မပြု။ အလိုက်သင့်လေး ရယ်နေလိုက်ရသူက ခမ်းဖြစ် ...သည်။ ခြေသလုံးအိမ်တိုင်ဘဝနှင့် သူငယ်ချင်းအိမ်မှာ အိမ်စောင့် ...ဖြစ် ကပ်ရပ်နေရပါသည်ဆိုသော ခွန်ရှေးလတ်၏စကားကို ဖွေး ...အောင် မည်သို့ဖွင့်ပြောရမည်နည်း။

သူ့မှာ ငွေအသုံးလိုတိုင်း ခမ်းပိုက်ဆံကို ချေးငှားသုံးနေ ...သည့်လူ။

"ခမ်းကံကို အားကျလိုက်တာ၊ ဖွေးလည်း ခမ်းလို ကောင်းခွင့်ရရင် သိပ်ကောင်းမှာပဲ၊ ခမ်းလို ဖြစ်ချင်လိုက်တာ"

အားကျချီးမွမ်းမှုန်းသိသော်လည်း ခမ်းမပျော်နိုင်။ စိတ်ထဲကတော့ ဖွေးကို ခမ်းလို မဖြစ်ချင်စမ်းပါနဲ့ဟုသာ ဆိုမိသည်။ ခမ်းရဲ့အဖြစ်မှန်တွေကိုသာ ဖွေးသိလျှင် ဤနေရာကနေ အလဲတကြား ဆင်းပြေးမိမည်လားမသိ။ အခုတော့ အဖြစ်မှန် ဘာတစ်ခုမှ ဖွင့်မပြောဘဲ ပြုံးပြုံးလေး ငြိမ်နေသောခမ်းကို ဖွတ်အထင်ရှေ့ ကြီးနေသည်။

"ကျိုး"

"ဟော ခမ်းမောင်တော်ပြန်လာပြီ၊ သွားကြိုလိုက်ဦး"

"အင်"

ဖွေးက ခမ်းကိုယ်လေးကို ဖွတ်အတင်း တွန်းလွှတ်သည်။ ဖွေးရှေ့မှာ သဏ္ဌာန်လုပ် သရုပ်တူရဦးမှာမို့ ခမ်းမျက်နှာလေးကို အလှဆုံးပြုံးပြီး ခွန်ရှေးလတ်ကားပေါ်က ဆင်းအလာကို ကြင်စေ့စနီးမောင်နံ့ဟန်ဖြင့် အပြေးထွက်ကြိုပြရသည်။

"ပြန်လာပြီလားမောင်"

"ဗျာ"

အတူနေကြသည့်ရက်တွင်း ခမ်းက ချစ်စရာအမူအရာနှင့် မောင်ဟု မခေါ်ဖူးတာမို့ ခွန်ရှေးလတ် အံ့ဩနေခိုက်



"မောင်သိလား၊ အိမ်မှာ ဖွေးရောက်နေတယ်"

"ဩော်"

အရိပ်ပြမှ အကောင်ထင်တာမဟုတ်။ အကောင်လိုက်ပြမှ မြင်သော ခွန်ရှေးလတ်မှာ အခုမှ သူ့ကားရပ်ရာသို့ အပြေးရောက်လာပြီး မောင်ချင်းထပ်အောင်ခေါ်နေသော ခမ်းကို ချစ်စနိုးပြုံး ကြည့်လျက် ကိုယ့်အဖြစ် ကိုယ်သဘောကျစွာ တစ်ချက်ရယ်လိုက်သည်။

"ဟုတ်လား အဟွန်း ဟွန်း၊ ဒီမှာ စားစရာတွေ မောင်ဝယ်လာတယ်၊ မောင်တို့နဲ့အတူ ဖွေးကိုပါ တစ်ခါထဲ ထမင်းကျွေးလိုက်လေ၊ မောင်လည်း ဆာနေပြီ"

"ဟုတ်ကဲ့ပါ မောင်"

မှန်သောစကားကို ခွန်ရှေးလတ် ဆိုလိုက်ခြင်းသာ။ တကယ်လည်း သူ ဘာမှမစားရသေး။ အိမ်မှာလည်း ခမ်းတစ်ယောက်တည်းကျန်တာကို သတိရ၍ အတူစားရန် ဝယ်လာခြင်းဖြစ်သည်။

"ဖွေး ဘယ်တုန်းကရောက်လဲ"

"မကြာသေးဘူး ကိုရှေးလတ်၊ ကိုနန္ဒ ဖွေးအိမ်လိုက်လာပြီး ခမ်းကို ဖွဲ့ကြီးပြနေတဲ့အကြောင်း လာပြောတာ"

"အဲဒီလောက်တောင်ပဲလားဗျာ"

"ဒါထက်တောင်ပိုတယ်လို့ ပြောရဦးမယ်ထင်တယ်၊ ကိုရှေးလတ်သာ ခမ်းဆီ အချိန်မှီရောက်မလာရင် အခုလောက်ဆို ကိုနန္ဒလက်ထဲ ခမ်းရောက်နေလောက်ပြီသိလား"

"အစ်ကိုနန္ဒစိတ်ကြီးက ကြောက်ဖို့ကောင်းတယ်၊ မျက်နှာကြီးကလည်း ကြောက်စရာကြီး၊ ခမ်းကို မရရတဲ့နည်းနဲ့ ပြန်ယူမယ် ချည်းပြောနေတာကို ဖွေးဖြင့် မုန်းလွန်းလို့ ကြည့်မရပါဘူး"

"သူ့မို့လို့ ငရဲမကြောက် ဘာမကြောက် ဒီစကားတွေ ပြောထွက်ရဲတယ်၊ ခမ်းက အပျိုလေးဆိုရင်ထားပါဦး၊ ဘယ်လိုပဲဖြစ်ဖြစ် ကိုရှေးလတ်တို့ သတိထားပြီးနေပါ"

ခွန်ရှေးလတ်က ခပ်ပြုံးပြုံးအမူအရာနှင့် ဆိုဖာတစ်လုံးမှာ ဝင်ထိုင်ရင်း ခမ်းမျက်နှာကိုကြည့်၏။

"ခမ်းကိုလည်း တစ်ယောက်ထဲ အပြင်ကို ပေးမလွှတ်နဲ့၊ တော်ကြာ ကျော်မကောင်း ကြားမကောင်းဖြစ်နေမှခက်မယ်"

ခွန်ရှေးလတ်အကြည့်တွေက ဖျတ်ခနဲ ခမ်းရှိရာရောက်လာသည့်အတွက် ခမ်းမှာ သူ့အကြည့်တွေကြောင့် မျက်နှာနီနီလေးနှင့် အနေရခက်သွားသည်။

"ဘယ်လိုလဲ ယောကျ်ားတစ်ယောက်လုံး ငုတ်တုတ်ရှိနေတာတောင် ကားတင်ပြေးချင်တဲ့လူက အသင့်ရှိနေတယ်ဆိုတော့ မလွန်လွန်းဘ 'လား"



"ကြည့်ရတာ ခမ်းကို တော်တော်ချစ်ပုံရတယ်"

"မောင်နော်၊ ဒီစကားမျိုး ခမ်းကိုပြောစရာလား၊ ခမ်းက ခမ်းက မောင့်မိန်းမ မဟုတ်တဲ့အတိုင်းပဲ"

ခွန်ရှေးလတ်က ခမ်းမျက်နှာကို စေ့စေ့ကြည့်ပြီး သူနှင့် ဘာမျှမဆိုင်သည့်စကားမျိုး ဖွေးရှေ့မှာ ပြောလာသဖြင့် ခမ်းစိတ်ထဲ ဘယ်နေရာကမှန်းမသိ လှိုက်ခနဲ ဝမ်းနည်းသွားကာ စကားဆုံးသည်နှင့် လက်ထဲက ခေါက်ဆွဲထုပ်ကိုဆွဲယူပြီး ခွန်ရှေးလတ်ကို ကျော ခင်းပစ်လိုက်ပါသည်။

"ကိုရှေးလတ် ခမ်း ဝမ်းနည်းသွားပြီ၊ ချော့လိုက်ဦးလေ၊ ဖွေးပြန်တော့မယ်"

"ထမင်းစားပြီးမှ ပြန်လေ"

"ကိုရှေးလတ်နဲ့ ခမ်းသာ အဆင်ပြေအောင်နေပါ၊ ဖွေး ပြန်ပြီနော်"

ဖွေးက ခမ်းကိုပင် နှုတ်မဆက်တော့ဘဲ သူမကားလေးနှင့် အသာလစ်ထွက်သွားပြီမို့ ခွန်ရှေးလတ်အိမ်ကြီးထဲမှာ ခမ်းနဲ့သူ နှစ်ယောက်ထဲကျန်ရစ်သည်။ တကယ့်ကြင်စဦး ဇနီးမောင်နှံစစ်စစ် ဆိုလျှင် လင်မယားနှစ်ယောက် စိတ်ဆိုးစိတ်ကောက်တာ ပျော် စရာကောင်းမှာဖြစ်ပေမယ့် ခွန်ရှေးလတ်တို့နှစ်ယောက်က ဘာမှ မဟုတ်တော့ခက်သည်။

ထိုထက်ပို၍ခက်သည်က ခမ်းကို သူ ချစ်မိနေခြင်းတည်း။ ဖွင့်ပြော၍တော့မဖြစ်။ သူ့ကို အထင်မြင်သေးမည်။ အခွင့်ရေး သမားလို့ထင်မည်။ ဒီလို အထင်အမြင်လွဲမှားတာမျိုး ခွန်ရှေးလတ် အဖြစ်မခံနိုင်။ ခြေလှမ်းမှန်မှန်နှင့်ပင် ထမင်းစားခန်းထဲဝင်သွားသော ခမ်းရှိရာ လျှောက်ခဲ့သည်။

ထမင်းစားခန်းထဲမှာ ခမ်းတစ်ယောက်ထဲ ဟင်းပွဲပြင်နေစဉ် သူဝင်လာတာမြင်တော့ မျက်လုံးတစ်ချက်လှန်ကြည့်ပြီး ပြန်ချသွား သည်။

"ကိုယ် ဘာကူလုပ်ပေးရမလဲ"

"ဖွေးကိုသာခေါ်ခဲ့ပါ"

"ဖွေး ပြန်သွားပြီ"

"ဟင်"

"ခမ်းကိုလည်း ဘာမှပြောမသွားဘူး"

"ကိုယ့်စကားကြောင့် ခမ်းဝမ်းနည်းသွားတယ်မဟုတ်လား ဆောရီး"

"တောင်းပန်စရာမလိုပါဘူး၊ ခမ်းတို့က ဘာမှမဆိုင်တဲ့ သူစိမ်းတွေပဲ၊ ခမ်း နားလည်ပါတယ်"

"ဘာမှမဆိုင်တဲ့ သူစိမ်း၊ အင်း တစ်မျိုးတော့တစ်မျိုးပဲ"

ခွန်ရှေးလတ်က ခမ်းစကားကို နောက်က သံယောင်လိုက်





ရွတ်ရင်း ထမင်းစားပွဲက ခုံတစ်လုံးမှာ ဝင်ထိုင်သည်။

"ကိုယ် ဗိုက်ဆာပြီ၊ ထမင်းစားရအောင်"

"ခမ်း မစားဘူး၊ ကိုရှေးလတ်ပဲစားပါ"

"ဘာဖြစ်လို့လဲ ကိုယ့်ကို စိတ်ကောက်တာလား"

"မဆိုင်တာတွေ မပြောပါနဲ့ရှင်"

"ဒါဖြင့် ဆိုင်တာတွေပဲပြောမယ်၊ ခမ်းနဲ့အတူ ထမင်းစား ...ယ်၊ ကိုယ်နဲ့ တစ်ခါတည်းဝင်စားပါ၊ ပြောစကားနားမထောင်ရင် ...ောင်ဖြစ်လာသမျှ ကိုယ် ဘာတစ်ခုမှ တာဝန်ယူမှာမဟုတ်ဘူး"

"ဘာကိုပြောတာလဲ"

"အားလုံးပဲ"

နှစ်ယောက်အတူ အကြည့်ချင်းဆုံသွားသည်။ ခြိမ်းခြောက် ...သည်ဟု မဆိုသာသော်လည်း ဒါလည်း ခြိမ်းခြောက်နည်းတစ်ခုပဲ ... ခွန်ရှေးလတ်နှင့် ခပ်လှမ်းလှမ်းက ထမင်းစားပွဲကခုံကို ဆွဲယူ ...ိုက်သည်။

"အဲဒီမှာမထိုင်နဲ့ ဒီမှာထိုင်"

"ထိုင်တာပဲရှင်"

"ဘယ်မှာထိုင်ထိုင် အတူတူပဲဆိုရင် ကိုယ်ပြောတဲ့နေရာမှာ ...ိုင်တာ ပိုအဆင်ပြေမှာပေါ့"

ဘယ်သူ့အတွက် ပိုအဆင်ပြေတာလည်းဟု ခမ်း မမေး

တော့ပါ။ သူ့အကြိုက် သူ ညွှန်ပြသည့်ခုံမှာပင် သူနှင့်မျက်နှာချင်းဆိုင်ထိုင်လိုက်ပြီး သူ့ထမင်းပန်းကန်ထဲ ဟင်းတစ်ဇွန်း အရင်ဦးချကာ အသံတိတ် ထမင်းစားနေလိုက်ပါသည်။

"ကိုယ် ခရီးထွက်ရမယ်၊ ခမ်းတစ်ယောက်ထဲ နေရဲလား ဒါမှမဟုတ် ကိုယ်နဲ့အတူလိုက်ချင်လား"

"အို"

ထမင်းပွဲကို ခပ်မြန်မြန် အဆုံးသတ်လိုက်၏။ မေးခွန်းနှစ်ခုစလုံး ခမ်းအတွက် ခက်ခဲပါသည်။ အိမ်အကြီးကြီးမှာ ခမ်းတစ်ယောက်တည်း နေခဲ့လို့မဖြစ်သလို ခွန်ရေးလတ်ဆိုသည့်သူနှင့် အတူလိုက်ဖို့ကြပြန်တော့လည်း ဘာမှသွေးမတော်သားမစပ်ဘဲ ယောက်ျားပျိုတစ်ယောက်နှင့် မိန်းမပျိုတစ်ယောက် ခရီးအတူထွက်ဖို့ကိစ္စက ထင်သလောက်မလွယ်ကူပါ။

"ခမ်းစိ်ပါ ကြိုက်ဆုံးဖြတ်ပါ၊ ကိုယ်ကတော့ ဘာမှမတိုက်တွန်းဘူး၊ ခမ်းနေရဲရင်လည်း နေခဲ့၊ မနေရဲရင်လည်း ကိုယ်နဲ့လိုက်ခဲ့ပဲ"

"လိုက်မယ်ဆို အသင့်ပြင်ထား"

"ဘယ်ကိုသွားမှာလဲဟင်"

"မယ်ဆိုင်ကို"

"ဟင်"





သူ့မျက်နှာကို အလန့်တကြား မော့ကြည့်လိုက်မှာ သူ့လက်ကိုင်ဖုန်းက အသံမြည်လာသည်။

"ဟဲလို"

"သြော် ဂျူလီယာ ပြော"

"ရှယ် ဘယ်လိုလုပ်လိုက်တာလဲ"

"ဘာကိုလဲ"

"မိန်းမတစ်ယောက်နဲ့ လက်ထပ်လိုက်တယ်ဆို"

"မကျေနပ်ဘူးလား"

"ဘယ်မှာလဲ အဲဒီမိန်းမ"

"ဘာလုပ်မလို့လဲ"

"သတ်ပစ်မလို့"

"အဟွန်း ဟွန်း ဟွန်း"

သူရယ်ပစ်လိုက်သည်။

မဆီမဆိုင် ဂျူလီယာရယ်။

"လိုချင်တာ တစ်ယောက်ထဲရနေပြီပဲဗျာ"

"အပိုတွေ ပြောမနေပါနဲ့၊ ရှေးလတ်လိုပဲ ဂျူလီယာလည်း အားလုံးကို စွန့်နိုင်တယ်၊ ဂရုစိုက်တယ် မထင်နဲ့"

"သြော်"

"သတင်းစာထဲကကို ကြေညာပြမယ်"

"ဘယ်လို ကြေညာမှာလဲ"

"ကျွန်မသာလျှင် တရားဝင်မယားကြီးဖြစ်ကြောင်းပေါ့"

"ဒါပဲလား"

"ဒီထက်မက ကြံထားတာတွေ အများကြီး၊ ရေးလတ် မိန်းမကိုသာ လုံအောင်ဖွက်ထား"

"ဪ"

တစ်ဖက်က သူပြောချင်ရာပြောပြီး ဖုန်းချသွားပုံက ဒေါသ တကြီး။

မင်းလည်း တစ်မျိုးရူးနေပြီပဲ ဂျူလီယာ။

* * *



## အခန်း (၁၅)

နူးညံ့နွေးထွေးသော အိပ်ရာထက်တွင် လူကလဲလျောင်း ငြိမ်သက်နေသော်လည်း ခွန်ရေးလတ် အိပ်ပျော်နိုင်ခြင်း မရှိ။ အတွေးတွေက ပျံ့လွင့်နေသည်။ သူ၏ ငယ်စဉ်ဘဝဆတစ်လျှောက် လုံးနှင့် လက်ရှိသူရင်ဆိုင်ဖြတ်သန်းနေရသော အဖြစ်အပျက်များပါ မကျန် အစမှအဆုံးတိုင်ဖြစ်သည်။

သို့သော် သူ၏အတွေးအာရုံကို အဓိကစိုးမိုးနေရာယူထား နိုင်သူမှာ သုံးဦးထဲသာရှိသည်။ ထိုသုံးဦးက ဦးကြီးဟိန်း၊ ဂျူလီယာ နှင့် ခမ်းဆိုသော မိန်းမချောလေးတို့ဖြစ်သည်။ အထူးသဖြင့် ဂျူလီယာထံမှ ထင်မှတ်မထားသော အပြောင်းအလဲဖြစ်သည်။ ဂျူလီယာလို မိန်းကလေးတစ်ယောက်ကို သူနှင့် ဤမျှ နက်ရှိုင်း ရှုပ်ထွေးစွာပတ်သက်ဖို့ ကြိုးစားလာလိမ့်မည်ဟု ခွန်ရေးလတ်ကိုယ်

တိုင် ထင်မထားခဲ့ချေ။

ကလေးတစ်ယောက်အမေ မုဆိုးမလေးက ခွန်ရှေးလတ်ကို ဘာကြောင့် အသေရရ အရှင်ရရ လိုချင်နေရသနည်း။ ခွန်ရှေးလတ် တခြားမိန်းကလေးတစ်ယောက်ကို လက်ထပ်လိုက်ခြင်းမှာ သူ့အတွက် ကျန်ရစ်ခဲ့သော အမွေအစုအဝေးအားလုံး ဂျူလီယာ တစ်ယောက်တည်း ပိုင်ဆိုင်ရန် အခွင့်ထူးတစ်ရပ်မျှသာ။ ဂျူလီယာ အနေဖြင့် ဝမ်းသာပျော်ရွှင်ရမည့် အနေအထားမှာ သူမ ဘာကြောင့် ဒေါသဖြစ်နေရသနည်း။

ဘာအတွက် ဤမျှ အလိုလောဘတွေ ပို၍ကြီးမားလာ သနည်း။ ခွန်ရှေးလတ်အပေါ်မှာ ဂျူလီယာတစ်ယောက် တစ်ဖက် သတ် မေတ္တာရှိနေခြင်းမှာ သူမအတွက် ကံဆိုးခြင်းသာ။ ခွန်ရှေး လတ်၏ အေးစက်စက်နှလုံးသားမှာ ဘယ်မိန်းကလေးကိုမှ နေရာ ပေး၍ နားခိုခွင့်မပေးခဲ့ဘူးပါ။ အချစ်ဆိုသည့် စကားလုံးကို မယုံ ကြည်တာလည်းပါသည်။

လူတစ်ယောက်၏ စိတ်ဝိညာဉ်ကို တခြားသူတစ်ယောက် က အချိန်ပြည့် စိုးမိုးနေရာယူ လွှမ်းမိုးခံထားရခြင်းသည် အချစ်ဟု ပြောသူက ပြောပေမယ့် သူမယုံကြည်။ လက်လည်းမခံခဲ့။ အခု တော့ အချစ်ဆိုသည့် စကားလေးနှစ်လုံး၏ အဓိပ္ပာယ်ကို ခမ်းဆို သည့် မိန်းမလှလေးကြောင့် ခွန်ရှေးလတ် ယုံကြည်လက်ခံခဲ့ရပါ





ပြီ။

ချစ်မိပြီ ခမ်းရယ်။

မင်းလေးကို မောင်ချစ်တယ်။

လှိုက်လှဲသော နှလုံးသားဖြင့် ခွန်ရှေးလတ် နှုတ်ဖျားက ဘီးတိုးဆိုလိုက်သည်။ ခမ်းကတော့ ခွန်ရှေးလတ်အဖြစ်တွေကို မသိ။ ခွန်ရှေးလတ်ရင်ထဲ နှလုံးသားထဲက တိတ်တဆိတ် ပွင့်လန်း လာသည့် အချစ်၏သဘောတရားများကိုလည်း နားမလည်။

အချစ်ဆိုသည့်အရာမှာ သူမနှင့် မည်သို့မျှ မသက်ဆိုင် သလို ကိုနန္ဒဆိုသည့် လူတစ်ယောက်၏ ညစ်ကျယ်ကျယ် နှောင့်ယှက်မှုများအောက်မှာ ခမ်းတစ်ယောက်တည်း ကူကယ်ရာမဲ့ စိတ်ဆင်းရဲကိုယ်ဆင်းရဲ မျက်စိသူငယ် နားသူငယ်ဖြစ်နေရပုံလေးက ခွန်ရှေးလတ်ရင်မှ ချစ်မြတ်နိုးခြင်းကို ပို၍ဖွဲ့ခြွေယူနေသည့်အလား။ ဤကလေးမကို သူ့ရင်ခွင်မှာ အပိုင်သိမ်းယူထားမှဖြစ်တော့မည်ဟု ဆုံးဖြတ်ထားပြီးဖြစ်သည်။

သူမြတ်နိုးသော ယမင်းရုပ်ကို မည်သူထိပါးချင်သနည်း။

ဂျူလီယာက သူ့ကို ခမ်းနှင့်စိန်ခေါ်ပြီး ခြိမ်းခြောက်နေခြင်း အဖြစ်ကို သဘောကျစွာ တစ်ချက်မျှ ခပ်တိုးတိုးရယ်မောလိုက်မိ သည်။ ဂျူလီယာ သူ့ကို စိတ်ပျက်၊ နာကြည်းမုန်းတီးသွားအောင် ခွန်ရှေးလတ်ဘက်က ပြန်လည်ခြိမ်းခြောက်နိုင်မည့် အခွင့်အရေး

တစ်စုံတစ်ခု လက်ဆုပ်လက်ကိုင်ပြနိုင်မှ ဖြစ်တော့မည်။

အိပ်ရာထက်မှ ထလိုက်သည်။

လေသာတံခါးကိုဖွင့်ပြီး အပြင်ဘက်ဝရန်တာသို့ ထွက်လိုက်တော့ ခွန်ရှေးလတ်အရင် ကြိုရောက်နေသော နံနက်ခင်းလှပသည့် အသွင်သဏ္ဌာန် ဖြူဖြူနုနုလေးက သူ့ကို ကျောခိုင်းအနေအထားဖြင့် တိတ်ဆိတ်စွာ ဆီးကြိုနေ၏။

မလှုပ်မယှက်။ ငြိမ်ငြိမ်သက်သက်ကလေး နက်ရှိုင်းလှပြ သော မိုးကောင်းကင်ကြီးကို တိတ်တဆိတ် ငေးမောနေသူကို သူ့ရင် လျက် စိုက်ငေးကြည့်နေခိုက် တိုးသဲ့စွာ ရှိုက်၍ရှိုက်၍ငိုသံလေး ကြောင့် ခွန်ရှေးလတ်ကိုယ်ကြီး ဆတ်ခနဲ ဖြစ်သွားကာ ချစ်သူလေး ရှိရာသို့ အလန့်တကြား လှမ်းကြည့်မိလျက်သား ဖြစ်သွားသည်။ ထို့နောက်မှာတော့ သူ့ကိုယ်သူ သတိမထားမိနိုင်ခင်မှာပဲ ခမ်းရှိရာ သို့ ခြေလှမ်းကျဲကြီးများဖြင့် လျှောက်သွားကာ ခမ်းနားမှာ မားမတ် စွာ ရပ်တန့်လိုက်သည်။

"ခမ်း"

"ဟင်…ကိုရှေးလတ်"

အနားသို့ မားမားကြီးရောက်နေရုံမက သူမနားမှာ နီးကပ် စွာ ရပ်တန့်နေသူကြောင့် ရှိုက်ငိုနေရာမှ အလန့်တကြားလေး လှည့် အကြည့် ရင်ခွင်ကျယ်ကြီးထဲ ဝင်တိုးလုမတတ် ဖြစ်သွားရသော





အနေအထားကြားမှာ ခမ်း ပါးပြင်ပေါ်က မျက်ရည်လေးများကို နုနုသော လက်ကလေးများနှင့် ကပျာကယာလေး သုတ်လိုက်မိ သည်။

"အိပ်မပျော်ဘူးလား ကိုရှေးလတ်"

"ခမ်းကရော"

"ရှင်"

"ဘာလို့ တစ်ယောက်တည်း ကျိတ်ငိုနေရတာလဲလို့ပါ ဗျာ"

ခွန်ရှေးလတ်ထံမှ နူးညံ့ရွှန်းလဲ့သော မျက်ဝန်းအကြည့် တွေက ထူးခြားစွာ စိမ်းစိမ်းညိုညို။ ခမ်းမှာ သူမအား ရွှန်းရွှန်းစား စားကြည့်နေသော ခွန်ရှေးလတ်၏ မျက်လုံးများအောက်မှာ ဘာစကား ပြောရမှန်းမသိ တစ်ကိုယ်လုံး ထူပူသွားသည်။

"ခမ်း ပါးပြင်ပေါ် မျက်ရည်တွေမစင်သေးဘူး၊ ကိုယ် သုတ်ပေးမယ်နော်"

"အို"

ပြောစကားနှင့်ထပ်တူ ခမ်းပါးပြင်ပေါ်က မျက်ရည်တွေ ကို သူ့လက်များဖြင့် နူးညံ့စွာ ဖယ်ရှားလိုက်သော အပြုအမူတို့မှာ တစ်ထပ်တည်းကျသဖြင့် ခမ်းနှုတ်များမှ ရုတ်လန့်တကြား အသံ သဲ့သဲ့မှတစ်ပါး မည်သည့်စကားမှ မဆိုနိုင်အောင် ဖြစ်သွားသည်။

"ခမ်း မိဘတွေကို သတိရနေလား"

"ဟုတ်ကဲ့"

"ကိုယ်လည်း ခမ်းလိုပဲ၊ ကိုယ့်မိဘတွေကို သတိရတာပါပဲလေ၊ ဒါပေမယ့် ခမ်းတို့မိန်းကလေးတွေလိုတော့ မငိုဘူးပေါ့"

"ခမ်းတစ်ယောက်တည်း အားငယ်နေရင် ခမ်းနားမှာ ကိုယ် အဖော်လုပ်ပေးရမလား"

"ကျေးဇူးတင်ပါတယ်ရှင်၊ ခမ်း အခုပဲ အိပ်ရာဝင်တော့မှာပါ"

တိတ်ဆိတ်သည့် ညအချိန်။

အိမ်ကြီးတစ်အိမ်လုံးမှာ သူနဲ့ခမ်း နှစ်ယောက်ထဲဆိုသည့် အသိ။ ပြီးတော့ ခမ်းနားမှာ နီးနီးစပ်စပ် ပူးကပ်ရောက်ရှိနေသည့် အနေအထား။ နှစ်ယောက်စလုံး လွတ်လပ်သော အပျိုနှင့်လူပျို။ ဒီလိုအချိန် ဒီလိုအနေအထားမျိုးမှာ ခွန်ရှေးလတ်ဘက်က ခမ်းအပေါ် ပိုင်စိုးရဲဝံ့သော အပြုအမူများ ရှိနေရုံမက ထူးခြားသော မျက်ဝန်းအကြည့်။ နူးညံ့သော စကားများက ခမ်းရင်ကို တုန်လှုပ်ချောက်ချားရပါသည်။

ခမ်းအတွက် အကောင်းဆုံးကာကွယ်နည်းမှာ ခမ်း သူ့နားက ထွက်သွားရန်သာ ရှိသော်လည်း ခွန်ရှေးလတ်က ခမ်းရှေ့မှာ ကာဆီးပိတ်ကွယ်ထားဆဲဖြစ်သော သူ့ခန္ဓာကိုယ်ကြီးကို ဖယ်ရှားခြင်း





...ပွှသေးပါ၍ ခမ်းသည်လည်း နေရာက မရွေ့နိုင်ဘဲ ရှိနေပါသည်။

"ကိုယ်ရောက်လာလို့ ခမ်းအတွက် အနှောင့်အယှက်ဖြစ်...းတာလား"

"ရှင်"

"ဖြစ်နိုင်ရင် ခမ်းနားမှာ ကိုယ်ရှိနေချင်တယ်"

"ဟင်"

"ခမ်း"

ရုတ်တရက် ခမ်းပခုံးနှစ်ဘက်ပေါ် တင်းကြပ်စွာ ရောက်ရှိ...သော ခွန်ရှေးလတ်၏ လက်အစုံကြောင့် ခမ်းပါးလေးတွေ...ထူပူသွားကာ ခွန်ရှေးလတ်မျက်နှာကို အလန့်တကြား မော့ကြည့်...က်မိသည်။

အရည်လဲ့၍ စူးနစ်စွာ စိုက်ညှို့နေသော ခွန်ရှေးလတ်၏...သို့သော မျက်လုံးများနှင့် ဆုံလျှင် ခမ်းရင်မှာ တဒိတ်ဒိတ်ဖြစ်...ာ မျက်လွှာကိုချလျက် ဦးခေါင်းကိုပါ ငုံ့ချဖစ်လိုက်၏။

"ခမ်း"

"ခမ်းကိုသွားခွင့်ပြုပါ"

ခမ်းမှာ သူ့မအသံကို တုန်ရီမနေစေရန် မနည်းအားယူ...ာ်ထိန်း၍ ပြောလိုက်ရပြီး သူ့မပခုံးနှစ်ဘက်တွင် တင်းကြပ်စွာ...ပ်ကိုင်ထားသည့် ခွန်ရှေးလတ်လက်အစုံကိုပါ သူ့မလက်ကလေး

များဖြင့် ဆွဲခွာဖယ်ရှားလိုက်သည်။

ခွန်ရှေးလတ်က သူ့လက်များကို ဖယ်ရှားရန် ကြိုးစားနေသော ခမ်း၏ ဖြူနုသွယ်လျသော လက်ချောင်းလေးများကို သူ့လက်များဖြင့် အသာအယာ ဆုပ်ယူညှစ်ထွေးလိုက်ရာ ခမ်းမှာ နေရာက ထွက်ပြေးချင်လာသည်။ ဒီညမှ သူမအိပ်ခန်းထဲမှာ ငြိမ်မနေမိဘဲ အိပ်ခန်းအပြင်သို့ သူမ အိမ်ယာနှယ် လွတ်လပ်စွာ ထွက်လာမိခြင်း အဖြစ်ကို နောင်တရနေမိ၏။

"ခမ်းလက်ကိုလွှတ်ပါရှင်"

"ခမ်း သွားပါရစေ"

"ဘယ်ကိုသွားမှာလဲ"

"ရှင်"

"အခုချိန်ကစပြီး ခမ်း ဘယ်ကိုပဲသွားသွား ခမ်းအနား အမြဲအတူရှိနေမယ့်သူက ကိုယ်ပဲ"

"ကိုရှေးလတ်"

"ပြောပါ ခမ်း"

"ခမ်းဟာ အခုလောလောဆယ် ကိုရှေးလတ်ကို မှီခိုအားထားနေရသူပါရှင်"

"အဲဒီတော့ ဘာဖြစ်လဲ"

ခမ်း မဖြေနိုင်။

ဝိုး မိုး စာပေ



သူက ခမ်းကိုယ်လေးကို သူ့ရင်ခွင်ထဲ ဆွဲယူပြီး နဖူးပြင်ကို ဖွဖွရှိုက်နမ်းလာတော့ ခမ်း ငိုချင်လာသည်။

"ခမ်းစိတ်ထဲမှာ ကိုယ့်ကို အခွင့်အရေးသမားလို့ ဆိုချင်လား"

"ခမ်း တစ်ယောက်တည်းနေပါရစေလားရှင်"

စိတ်ရှုပ်ထွေးစွာ ရှက်လန့်တကြားဆိုရင်း သူ့ရင်ခွင်ထဲက ရုန်းထွက်ဖို့ကြိုးစားတော့ သူကခွင့်မပြု။ ဦးခေါင်းကို ငုံ့စိုက်ထားသော ခမ်းမျက်နှာကို လက်ချောင်းများဖြင့်ပင် ခွန်ရှေးလတ်က ခမ်းမျက်လုံးထဲကို စူးရှနက်ရှိုင်းစွာ စူးစိုက်ကြည့်၏။ သူကြည့်ပုံက ခမ်း၏မျက်ဝန်းမှတစ်ဆင့် ခမ်း၏နှလုံးသားအထိ ထိုးဖောက်သွားသော အကြည့်ဖြစ်သည်။

ခမ်းမှာ သူ့အကြည့်စူးများကို မခံမရပ်နိုင်၍ ရှောင်ဖယ်ထွက်ပြေးလိုလှသော်လည်း ညှို့ဓာတ်ပြင်းသော အချစ်စက်ကွင်းမှ မလွတ်နိုင်သူတစ်ယောက်ပမာ သူ့မျက်နှာကို တစ်ဖန်ပြန်လည်ကြည့်ငေးမိလျက်သား ဖြစ်နေ၏။

"ခမ်းတစ်ယောက်တည်း နေစေချင်ရင် အစထဲက ခမ်းကို ကိုယ်နဲ့အတူ ဒီအထိခေါ်လာမှာမဟုတ်ပါဘူးဗျာ၊ ပြီးတော့ ခမ်းတောင်းတဲ့အကူအညီကိုလည်း ကိုယ်ပေးမှာမဟုတ်ဘူး"

"ကိုယ်ပြောတာ ခမ်း နားလည်လား"

ဝိုး မိုး စာပေ

ခမ်းတွင် ဖြေစရာစကားမရှိသလို မည်းနက်ရွှန်းလဲ့သော မျက်တောင်ကော့ကြီးများကိုသာ တဖျတ်ဖျတ်ခတ်ရင်း မျက်လွှာချ အကြည့်ကို ရုပ်သိမ်းလိုက်သည်။

"ခမ်း"

"ကိုယ့်ဘဝတစ်သက်တာမှာ မိန်းကလေးတစ်ယောက်ကို ပဲ လက်ထပ်မယ်၊ ကိုယ်လက်ထပ်မဲ့ မိန်းကလေးဟာလည်း ကိုယ့်နှလုံးသားက အမြတ်တနိုး တောင်းဆိုလာသူပဲ ဖြစ်မယ်၊ ခမ်းကို ကိုယ်ဘာကြောင့် လက်ထပ်တယ်လို့ ထင်လဲ"

"ခမ်း တောင်းတဲ့အကူအညီ"

"နိုး"

သူက ခမ်းနှုတ်ခမ်းလေးကို သူ့လက်ဖြင့် အသာလှမ်း ပိတ်ပါသည်။ ပြီးမှ ခမ်းပါးပြင်မှာ သူမျက်နှာကို တိုးဝှေ့ရင်း…

"ကိုယ် ခမ်းကိုချစ်လို့"

"တစ်ယောက်တည်း မထားခဲ့နိုင်လို့၊ ကိုယ်ချစ်တဲ့လူကို တစ်ပါတည်း အပိုင်သိမ်းပိုက်လာတာ"

"ဒါပေမယ့် ခမ်းတို့က"

"ခမ်းကို ကိုယ်ချစ်တယ်"

ကိုရှေးလတ်"

"ခမ်း"





"အို"

ခပ်ဖျော့ဖျော့ သင်းမွှေးသော ပန်းရနံ့ထဲမှာ မူးရီဝေမသွား အောင် ကြိုးစားပါသော်လည်း မအောင်မြင်။ ပျပျရေးရေး လရောင် သားသွားထဲမှာ အချစ်တေးကိုသာ ထပ်ကာတလဲလဲ သီကုံးလိုသူ ကြောင့် မျက်ဝန်းအစုံကိုသာ ရှက်လန့်တကြား မှေးမှိတ်ရသူအဖြစ် ရောက်ရှိရပြန်သည်။

"ခမ်း"

"အို တော်ပါတော့၊ ရှင့်ကို ခမ်း မုန်းမိတော့မယ် သိလား"

"ချစ်ဖို့ရော မကြိုးစားချင်ဘူးလားဗျာ"

မျက်နှာကို ဖွတ်တိုးဝှေ့လာသည့် ဝင်သက်ထွက်သက် လေးများကို ရှောင်ဖယ်ဖို့ ကြိုးစားတော့ သူက မြတ်နိုးစွာ တိုးတိုး နှဖူရယ်မောရင်း ဖြူနုသောလည်တိုင်မှာ မျက်နှာအပ်ပါသည်။ ခမ်းမှာ သူ့မျက်နှာချောချောကို မကြည့်ရဲသလို သူ့မျက်စိရှေ့က လည်း အခိုးအငွေ့အဖြစ် ကွယ်ပျောက်သွားချင်လာသည်။ နစ်ဝင် နေသော ခမ်းကိုယ်လေးကို သူ့ရင်ခွင်ထဲက ဖွတ်တိုးရုန်းထွက်တော့ သူက ခမ်းကို ပိုတိုး၍ နှောင်ဖွဲ့ရစ်ပတ်ပြန်သည်။

"မှန်မှန်ပြောစမ်း၊ ခမ်းကို ကိုယ့်အရင် ဘယ်ယောက်ျား မနမ်းဖူးဘူးမဟုတ်လား"

''အို ဒါက ဘာစကားလဲ''

''ခမ်းကို အရင်ဆုံး အကြင်နာပေးခွင့်ရလို့လေ''

အလွန်အင်မတန် နှစ်သိမ့်ကြည်နူးသော ရယ်သံတစ်မျိုးဖြင့် သူရယ်လျှင် ခမ်းမှာ နီရဲစိုစွတ်သော သူ့နှုတ်ခမ်းအစုံကို မကြည့်ရဲတော့ဘဲ ရှက်အမ်းမွှန်ထူစွာ မျက်လွှာချ အကြည့်လွှဲလိုက်သည်။

''ကျေးဇူးတင်ပါတယ် အချစ်ရယ်၊ အသန့်စင် အရိုးသားဆုံး အပြုံထည်ဘဝလေးကို ပိုင်ဆိုင်ခွင့်ပေးတဲ့အတွက်ပါ''

''ရှင်စကားတွေ လွန်လာပြီနော်''

''အင် ဟုတ်တယ်၊ တိတ်တိတ်ကလေးပဲနေတော့မယ်''

''အိုး''

''ရှင်နော်''

ခွန်ရှေးလတ် ရင်ဘတ်ကြီးကို လက်အစုံကို တွန်းထောက်ပြီး အပ်ကျလာသည့် မျက်နှာကို တားမြစ်တော့ ခွန်ရှေးလတ်က ချစ်စနိုးရယ်သည်။ ကောင်မလေးတစ်ယောက် သူ့ကိုကြောက်သွားပြီ။ စိတ်ရှိသလောက် သူ့ရင်ထဲက အချစ်စိတ်ကို လွှတ်မပေးဘဲ အသာထိန်းချုပ်ကာ ခမ်းကိုယ်လေးကို အသာဖြေလွှတ်အပေးမှာ ခမ်းက သူ့ကို တစ်ချက်ပင် လှည့်ကြည့်ဖော်မရဘဲ နေရာက လှစ်ခနဲပြေးထွက်သွားပုံကို ချစ်မြတ်နိုးသော မျက်လုံးလက်လက်





တွေနှင့် ကြည့်ငေးရင်း အေးစက်စက်နှင်းမှုန်ကြားထဲ ရင်တစ်ခုလုံး နွေးထွေးလျက် ကျန်ရစ်သည်။

ချစ်မိပြီကော ခမ်းဆိုတဲ့ မိန်းမချောလေးရယ်။

ခမ်းကို မောင်ချစ်တယ်။

* * *

# အခန်း (၁၆)

နေခြည်နွေးတို့ ဖြာဆင်းနေသည့် နံနက်ခင်း၏ အလင်း သစ်က ခါတိုင်းနှင့်မတူ အချစ်၏တန်ခိုးစွမ်းအားကြောင့် ဘယ်နေရာ ကိုပဲကြည့်ကြည့် အရာရာတိုင်း သိပ်လှနေသည်။ ချစ်စရာကောင်း နေသည်။ နွေးထွေးလှပ်ခတ်ခြင်းတွေနှင့် သက်ဝင်လှုပ်ရှားနေသည်။

ခမ်းဆိုသည့် မိန်းမ…လေးနှင့် ခွန်ရှေးလတ်တို့၏ ဆက်ဆံ ရေးက ဟိုအရင်ရက်တွေလို သာမန်ဆက်ဆံရေးမဟုတ်တော့ဘဲ ချစ်သူနှစ်ယောက်၏ ရင်းနှီးပတ်သက်မှုမျိုးအဖြစ် ပြောင်းလဲသွားရ ခြင်းကို တသိမ့်သိမ့်ကျေနပ်ကြည်နူးနေမိသူက ခွန်ရှေးလတ်။

"ချစ်တယ်ကွာ"

တိုးဖွစွာ သူဆိုသည်။

ပြီးတော့ ရှက်မွှန်နေသော မျက်နှာလှလှလေးကို ပြန်လည်





မြင်ယောင်ကာ ချစ်မြတ်နိုးစွာ နှုတ်ခမ်းအစုံ ပြုံးမိန့်သွားသည်။

"အဟွန်း…ဟွန်း…ဟွန်း"

ခမ်းဆိုသည့် မိန်းမချောလေးကတော့ အချစ်လှူဆိုးအဖြစ် ခွန်ရှေးလတ် အနားက လစ်ပြေးချင်အောင် ရှက်ရှာမှာကို သူသိ သည်။ ခမ်းသာ သူ့ဘဝထဲ ရောက်မလာလျှင် ခွန်ရှေးလတ်ကို ီနေရာတွင် တွေ့ခွင့်ရချင်မှ ရလိမ့်မည်။ တွယ်တာနားခိုစရာမရှိသော သူအဖြစ် စိတ်ထင်တိုင်း ခြေဦးတည့်ရာ ပေတေလေလွင့်ပြီး ခြေဦး ာည့်ရာ သွားချင်သွားမိမည်။

အခုတော့ ခမ်းက ခွန်ရှေးလတ်ဘဝထဲကို ထင်မှတ်မထား သည့် ပုံစံတစ်မျိုးဖြင့် ခွန်ရှေးလတ်၏ နှလုံးသားထဲအထိ နက်နက် ှိုင်းရှိုင်း ဝင်ရောက်နေရာယူနိုင်သည့် အချစ်နတ်သမီးဖြစ်လာသည်။ ခမ်းကို သူမခွဲချင်။ မျက်စိအောက်က အပျောက်ခံဖို့လည်း စိတ်မကူး။

သူရှိနေသည့်နေရာ။

သူ့မျက်စိရှေ့အောက်မှာ သူချစ်သော မြတ်နိုးသော မိန်းမ ာလေးကို သူနှင့်အတူ တစ်မိုးအောက်ထဲမှာ အတူရှိနေနိုင်အောင် ်တီးရယူခဲ့သည်။ ဦးကြီးဟိန္ဒပင်မသိသော ခွန်ရှေးလတ်ပိုင် ြိုဝှက်အိမ်ကြီးထဲမှာ ခမ်းနှင့်သူ အတူနေခဲ့သည်။ ဂျူလီယာလည်း ်ရှေးလတ် အိမ်ကိုမသိ။

သူတို့သိထားသည့် ခွန်ရှေးလတ်မာမီနှင့် ခွန်ရှေးလတ်တို့

အတူနေသည့် အိမ်ကိုသာ ဦးကြီးဟိန္ဒူလူတွေ ကြိုရောက်ပြီး စောင့်နေသည်။ အခုတော့ ထိုအိမ်မှာ ဂျူလီယာပါ ရောက်ချင်ရောက်နေနိုင်သည်။ ဘယ်သူတွေ ဘာပဲလုပ်လုပ် ဘယ်နေရာပဲရောက်ရောက် ခွန်ရှေးလတ် ဂရုမစိုက်။

သူကိုယ်တိုင် စိတ်ကြိုက်ပုံစံထုတ်ပြီး ဆောက်ထားသည့် အိမ်ကြီးထဲမှာ ခမ်းဆိုသည့် ချစ်ရသူနှင့်အတူ ရှိနေရခြင်းအပေါ် ကျေနပ်နှစ်သိမ့် ကြည်နူးသည်။ သာယာချမ်းမြေ့ပျော်ရွှင်သည်။ ခွန်ရှေးလတ်ဆိုတာ လူတစ်မျိုးဖြစ်သည်။

သူများအမိန့်ပေးတိုင်း လုပ်ချင်မှလုပ်မည်။ ဘယ်သူ့ သြဇာအာဏာ လွှမ်းမိုးမှုမှမခံ။ ချုပ်ချယ်တာလည်း မကြိုက်။ သူ့စရိုက် သူ့အမူအကျင့်အတိုင်း လွတ်လပ်သော အတွေးအခေါ် အပြုအမူတွေနှင့် နေထိုင်သူ။

သူမှန်သည်ဟုထင်လျှင် သူ့အယူအဆအတိုင်း ရဲရဲဝံ့ဝံ့ ဆုံးဖြတ်တတ်သည်။ မှားလျှင်လည်း တစ်ယောက်တည်း ကျိတ်ခံသည်။ မှန်လျှင်လည်း ထိုအတိုင်းပင်။ ခမ်းကို သူလက်ထပ်ရန် ဆုံးဖြတ်ခြင်းမှာ ခမ်းဘက်က လိုအပ်လွန်း၍ ကူညီချင်ရုံတစ်ခုတည်းအတွက်မဟုတ်ပါ။ ခမ်းဆိုသည့် မိန်းမလှလေးအပေါ် ထူးခြားသောခံစားချက်တစ်မျိုးဖြင့် ငြိငြိတွယ်တွယ် လှုပ်ခတ်လာသော စိတ်ခံစားချက်၏ တိုက်တွန်းမှုဖြင့် လက်ထပ်ရန် ဆုံးဖြတ်ခဲ့သူ





အခု သူထင်သည့်အတိုင်း မှန်နေသည်။

ခွန်ရှေးလတ်ဘဝထဲမှာ ခမ်းရှိရမည်။ ရှိမှလည်း ဖြစ်မည်။ သူ့ဘဝမှာ တစ်ကြိမ်သာ လက်ထပ်မည်ဟု ဆုံးဖြတ်သည်။ ဆုံးဖြတ်ထားသည့်အတိုင်းလည်း ခွန်ရှေးလတ် အမြတ်နိုးဆုံး၊ ချစ်ရသူ ဖြစ်နေသည်။ ခမ်းလို ဟန်ဆောင်လက်ထပ်ခြင်းမဟုတ်။

ခွန်ရှေးလတ်၏ ဘဝတစ်သက်တာအတွက် ခွန်ရှေးလတ် ဘဝကိုရော နှလုံးသားကိုပါ ကျေကျေနပ်နပ်ကြီး ပေးအပ်ထားခြင်းခံရအောင် သူ့နှလုံးသားကို စိုးမိုးနိုင်သည့် အချစ်ဧကရီဘုရင်မ ဖြစ်နေသည်။

ခွန်ရှေးလတ်၏ အထီးကျန်ဘဝက ခမ်းကြောင့် စိုပြေလာသည်။ သက်ဝင်လှုပ်ရှားလာသည်။ ဤအိမ်ကြီးထဲမှာ ချစ်သောဇနီး၊ ချစ်သောသားသမီးတွေနှင့် နေခွင့်ရလျှင် သူ့လောက်ပျော်စရာကောင်းမည့်သူမရှိဟု တွေးရင်း စိတ်ကူးယဉ်ကမ္ဘာထဲက နိုးထလာ၏။

ရေချိုးခန်းထဲဝင်ပြီး ခေါင်းလျှော်ရေချိုး အဝတ်လဲပြီး အခန်းထဲက ထွက်လာခိုက် သူပထမဆုံး မြင်လိုတွေ့လိုသူ၏ မျက်နှာပိုင်ရှင်က ခမ်းဖြစ်နေခြင်းကို သူမအံ့ညြပါ။ ခြေလှမ်းကျဲကြီးတွေနှင့် ခမ်း အိပ်ခန်းရှိရာ လျှောက်ခဲ့သည်။

အခန်းရှေ့ရောက်တော့ ထူးခြားစွာ ခွန်ရှေးလတ်ရင်တွေ

ခုန်ပြီး စိတ်တွေပါ လှုပ်ရှားလာသည်။ တကယ့်ကို ရိုမန်တစ်ဆန်တဲ့ ခံစားချက်ပဲ။ ခမ်း အိပ်ခန်းတံခါးကို ခပ်ဖွဖွခေါက်လိုက်သည်။ အခန်းတံခါးဖွင့်၍ ချစ်သူမျက်နှာလှလှကိုမြင်လျှင် ပထမဆုံး သူပြောမည့်စကားက ဘယ်လိုစကားမျိုး ဖြစ်မည်နည်း။

"အဟွန်း"

အပြုံးဖွဖွဖြင့် ခမ်း အိပ်ခန်းတံခါးကို သူခေါက်လိုက်၏။

"ဒေါက်...ဒေါက်"

"ခမ်း"

"ကိုယ်ပါ"

အခန်းထဲက မည်သည့်အသံဗလံမှ မကြားရဘဲ ပကတိတိတ်ဆိတ်နေတော့ ခွန်ရှေးလတ် မျက်ခုံးအစုံ မြင့်တက်သွား၏။

"ခမ်း"

"ကျိုး"

ခမ်းအမည်ကိုခေါ်ရင်း ခမ်းအိပ်ခန်းတံခါးကို တွန်းဖွင့်လိုက်တော့ ခမ်း အိပ်ခန်းတံခါးက လွယ်ကူစွာပင် ပွင့်သွား၏။ ရှင်းလင်းသပ်ရပ်သော အိပ်ခန်းထဲကို လှမ်းကြည့်လိုက်တော့ သူမြင်လိုတွေ့လိုသော မျက်နှာပိုင်ရှင်က မရှိ။ ခွန်ရှေးလတ် တစ်ခါမှ မခံစားစဖူး ရင်ခွင်တစ်ခုလုံး လှိုက်ဟာသွားကာ အမျိုးအမည်ဖော်ပြရခက်ခဲသော ဝေဒနာတစ်ခု သူ့ရင်မှာ မွန်းကြပ်စွာ ဖြစ်ထွန်းသွား၏။





ဒါ ဝေဒနာလား။

ချစ်သူက ထားသွားခဲ့ရင် ချစ်သူသာ ကိုယ့်အနားမရှိတော့ ... ကိုယ့်ရင်ခွင်တစ်ခုလုံး ဟာလာဟင်းလင်းဖြစ်သွားမှာလား။ ...ထီးကျန်ခြင်းဆိုသည့် စကားရပ်၏ အဓိပ္ပာယ်က ခွန်ရှေးလတ် ...သိတရားရှိရာ ဖြုန်းခနဲ ရောက်လာ၏။

"ခမ်း"

"ခမ်း ဒီမှာပါ၊ ကိုရှေးလတ်"

အသံကြားရာကို ဦးခေါင်းကို ချာခနဲလှည့်ကြည့်လိုက်တော့ ...းနုရောင်ဖျော့ဖျော့ ဝတ်စုံဖြင့် နှင်းဆီဖူးလေးလို နုနုစိုဖတ်နေသည့် ...ဏ္ဍာန်လေးက ခွန်ရှေးလတ်၏ ကျောခိုင်းအနေအထား နေရာ ...စ်ခုမှာ မခို့တရို့လေး ရပ်တန့်ကြည့်နေလို့ပါလား။

"ခမ်း"

သူ ခမ်းရှိရာသို့ ခြေလှမ်းကျဲကြီးများဖြင့် လျှောက်သွား ...း ခမ်းနှင့် မျက်နှာချင်းဆိုင် နီးကပ်စွာ ရပ်တန့်လိုက်၏။

"လက်ထဲမှာလည်း အဝတ်အိတ်နဲ့၊ ခမ်း ဘယ်ကိုသွား...လို့လဲ"

စိုးရိမ်စိတ်လွန်ကဲနေသော မျက်ဝန်းအစုံဖြင့် ခမ်းမျက်နှာ...လေးကို အံ့ဩနာကျင်စွာ ငုံ့ကြည့်သော်လည်း ခမ်းက သူ့မျက်နှာ...ကို မော့ကြည့်ခြင်းမပြုဘဲ ဦးခေါင်းကို စိုက်ချထားပါသည်။

"ခမ်း"

"ခမ်း တခြားတစ်နေရာမှာ သွားနေပါရစေ ကိုရွှေလတ်"

"အဲဒါ ခမ်းအဖြေလား"

ခမ်းထံမှ ဘာသံမှထွက်မလာ။

အရုပ်ကလေးချထားသလို ငြိမ်ငြိမ်ကလေး အဝတ်အိတ်ကိုဆွဲပြီး ခေါင်းလေးငုံ့စိုက်ပြီး ရပ်နေသူကို ကြည့်ကာ ခွန်ရွှေလတ်ရင်ထဲ မချင့်မရဲဖြစ်လာ၏။

"ကိုယ့်မျက်နှာကို မော့ကြည့်ပါဦး ခမ်း"

"ခမ်းကိုခွင့်လွှတ်ပါ"

ခမ်းက သူ့မျက်နှာကို မော့မကြည့်ဘဲ ခပ်တိုးတိုးပြောလျှင် ခွန်ရွှေလတ် နှုတ်ခမ်းအစုံ တင်းတင်းစေ့ကာ ခမ်းကို စိုက်ကြည့်ပစ်သည်။

"ဘာအတွက်လဲ"

"တူ တူ တူ"

"ကိုယ့်ကို ခမ်းက ဘာအတွက် ခွင့်လွှတ်စေချင်တာလဲ ကိုယ့်ကိုပစ်ပြီး ကိုယ့်အိမ်က ခမ်း ထွက်သွားတာကို ကိုယ်က လက်ပိုက်ကြည့်ဖို့ ခွင့်လွှတ်စေချင်တာလား"

"တူ တူ တူ"





ခွန်ရွှေလတ် ခမ်းကို စိုက်ကြည့်နေပုံက စိမ်းညို့နေ၏။ ချိတ်ဆိတ်နေသော ပတ်ဝန်းကျင်တွင် တယ်လီဖုန်းသံက အဆက်မပြတ် အော်မြည်နေခြင်းကို ခွန်ရွှေလတ်က ဂရုမစိုက်။

"ခမ်း"

"အို"

သိမ်းကျုံးပွေ့ယူလိုက်သော ခွန်ရွှေလတ်ရင်ခွင်ထဲ ခမ်း တစ်ကိုယ်လုံး နစ်သွားသည်။ ခမ်းက ခွန်ရွှေလတ်ကို တစ်စုံတစ်ရာ ပြောဖို့ ကြိုးစားသည်။ ခွန်ရွှေလတ်က ခွင့်မပြု။ ခမ်းလက်ထဲက ခရီးဆောင်အိတ်လေး ဒေါက်ခနဲကြမ်းပြင်ပေါ် ကျသွားသည့်အထိ ခွန်ရွှေလတ်ဆိုသည့်လူက ဆိုးပါသည်။

ဤပုံစံအတိုင်း ရှေ့ဆက်လာမည်ဆိုပါက ခမ်း သူ့ကို ဒူးချုံးပေးလက်မြှောက်ရတော့မည်ထင်။ ဒီရင်ခွင်နွေးနွေးမှ လွတ်မြောက်ချင်လျှင် ခွန်ရွှေလတ်အချစ်ကို အာခံနိုင်မှဖြစ်မည်။ ခမ်းအပေါ်မှာ သူ့ဘက်က အခုလိုမျိုး ပြောင်းလဲလာမည်ဟု မျှော်လင့်ထားဘဲ သူ့အပေါ် လုံးဝယုံကြည်စိတ်ချထားခြင်းအဖြစ်က သူ့အချစ်စက်ကွင်းအတွင်းသို့ သက်ဆင်းဖို့ ဖြစ်လာရသောအကြောင်းအရင်းဖြစ်နေ၏။

"အခုချိန်ကစပြီး ကိုယ်ခွင့်မပြုဘဲ ခမ်း ဘယ်ကိုမှ သွားခွင့်မရှိဘူးဆိုတာ မှတ်ထားပါ"

“ဟင်”

“ရှင် ခမ်းကို အမိန့်ပေးနေတာလား”

“ချစ်တာ”

“အို”

“ဒီထက်ပိုရှင်းအောင် ပြောမှဖြစ်မယ်ဆိုရင်လည်း”

“ရှူး”

“ကျိုး”

ခွန်ရှေးလတ် အိမ်ရှေ့တည့်တည့်သို့ အရှိန်ပြင်းစွာ ထိုးဆိုး ရောက်တန့်လာသည့် ကားနက်ကြီးကြောင့် ခွန်ရှေးလတ်ရော ခမ်း ပါ ပြိုင်တူလို လှမ်းအကြည့်

ကားတံခါးတစ်ချပ် ဖျတ်ခနဲ ပွင့်လာပြီး ကားပေါ် ဆင်းလာသူကြောင့် ခွန်ရှေးလတ် မျက်နှာချောချော သိသာ ပျက်သွားသည်။

“ဦးကြီးဟိန္ဒ”

ကားပေါ်က ဆင်းလာသူက တခြားသူမဟုတ်။ ခွန်ရှေး လတ်၏ ဦးကြီး ဦးဟိန္ဒကိုယ်တိုင် ဖြစ်နေ၍ ချစ်သူနှင့် အဆင်မပြေ ဝရုန်းသုန်းကားဖြစ်နေချိန် ရောက်လာသူကြောင့် မျက်နှာပျက်ပျ နှင့်ပင် ဒီအတိုင်း ရပ်ကြည့်နေလိုက်သည်။

“မင်းလက်ထပ်တဲ့ မိန်းမဆိုတာ ဒီကလေးမလေး





မောင်ရှေးလတ်”

“ဦးကြီး သိနေပြီပဲ”

ဦးဟိန္ဒမျက်နှာက အရယ်အပြုံးကင်းသလို ခွန်ရှေးလတ် မျက်နှာကလည်း နူးညံ့ချိုသာခြင်း အလျဉ်းမရှိလှပါ။ ဦးဟိန္ဒက သူ့တူကိုမကြည့်ဘဲ ခွန်ရှေးလတ်နှင့်အတူ နီးနီးစပ်စပ် ပူးပူးကပ်ကပ် ရှိနေသည့် ခမ်းနှင့် သူမခြေရင်းနားက အဝတ်အိတ်တို့ကို စေ့စေ့ စပ်စပ် တစ်လှည့်စီကြည့်ကာ မျက်ခုံးတို့ တွန့်ချိုးထားသည်။

“ဂျူလီယာကိစ္စကို မင်း ဘယ်လိုလုပ်မယ် စိတ်ကူးလဲ”

“အဲဒီကိစ္စ ကျွန်တော် စိတ်မဝင်စားဘူး ဦးကြီးဟိန္ဒ၊ ကျွန်တော်လမ်း ကျွန်တော်ရွေးလိုက်ပြီပဲ၊ ကျွန်တာ ဦးကြီးတို့ကြိုက် သလို စီစဉ်ဆုံးဖြတ်ပါ”

“မင်း တော်တော်မိုက်ပါလား မောင်ရှေးလတ်၊ တကယ် ဆို ဂျူလီယာအပေါ်မှာ”

“ဂျူလီယာကိစ္စ ကျွန်တော့်ကိုပြောဖို့လာတာဆိုရင် ဦးကြီး ပြန်နိုင်ပါပြီ”

တင်းမာပြတ်သားသော ခွန်ရှေးလတ်၏ စကားကြောင့် ဦးဟိန္ဒက တူဖြစ်သူမျက်နှာကို မနှစ်မြို့စွာ စိုက်ကြည့်သည်။ ခွန်ရှေးလတ်က ဦးဟိန္ဒမျက်နှာကို မကြည့်။ အနားမှာအတူရှိနေ သော ခမ်းလက်ကလေးတစ်ဖက်ကို တင်းကြပ်စွာ ဆုပ်ကိုင်ထား

ရင်း အခုချိန်ထိ ဂျူလီယာအကြောင်း မိုးမွန်အောင် ပြောနေသော ဦးကြီးဟိန္ဒကိုသာ မကျေမနပ်ဖြစ်နေသည်။

“မဘက်လိုက်တော့ မိုက်ဘက်ပါပြီပေါ့၊ မင်းမိန်းမက မင်းကို ဒီလိုပြောရဆိုရမယ်လို့ သင်ထားပြီလား”

“အို”

“ဦးကြီးဟိန္ဒ”

ခွန်ရှေးလတ်အသံက တိုက်ထဲမှာ ခပ်ကျယ်ကျယ် မြည်လွင့်သွားသလို ခမ်းမှာလည်း နေရင်းထိုင်ရင်း ဘုမသိဘမသိ သူ့ကိုပါဆွဲထည့်ပြီး အပြောခံလိုက်ရတာမို့ မျက်စိပျက်မျက်နှာပျက်နှင့် အနားမှာရှိနေသော ခွန်ရှေးလတ်မျက်နှာကိုသာ အလန့်တကြားလေး မော့ကြည့်မိလျက်သား ဖြစ်သွား၏။

တည်ကြည်ခန့်ညားသော ဥပမိရုပ်နှင့် အသက်ခြောက်ဆယ်ကျော်အရွယ် ဦးကြီးဟိန္ဒဆိုသည့် လူကြီးမှာ မည်သူနည်း။ ခွန်ရှေးလတ်နှင့် မည်သို့ တော်စပ်ပတ်သက်သည်ဟု ခမ်း မသိရသော်လည်း ဦးကြီးဟိန္ဒဆိုသူက ခမ်းကို ခွန်ရှေးလတ်၏ ဇနီးမယားအဖြစ် လက်ခံခြင်းမပြုဘဲ ခါးသီးလျက် ရှိခြင်းကို ခမ်းရင်မှာ ထိတ်လန့်စိုးကြောက်နေ၏။

“ကျွန်တော့်ကို ကြိုက်သလိုပြောပါ ဦးကြီးဟိန္ဒ ကျွန်တော့်မိန်းမကိုတော့ ဘာမှမပြောပါနဲ့၊ ကျွန်တော်တို့ကိစ္စကို





ကျွန်တော့်မိန်းမ ဘာတစ်ခုမှ မသိပါဘူး”

“မိန်းမချင်း မိုးမွန်နေပါလားကွ၊ မောင်ရှေးလတ် ကြည့်ရဘာ မင်းမိန်းမကို အတော်ချစ်ပုံရတယ်၊ ဟုတ်လား”

“ဒီလိုပါရှင်၊ ဒီကဦးကြီးကို ခမ်း ရှင်းပြပါရစေ၊ တကယ်တော့ သူနဲ့ခမ်းက”

“ခမ်း”

“ကိုယ်တို့ကိစ္စကို ခမ်းမသိဘဲနဲ့ ဝင်မပါပါနဲ့ဗျာ၊ ခမ်းက ကိုယ့်မိန်းမ၊ ကိုယ့်မိန်းမရှေ့မှာ ကိုယ် မားမားမတ်မတ်ရှိနေမယ် ကိုယ်ပြောတာ ခမ်းနားလည်လား”

“ဒါပေမယ့်”

“ခမ်းက ကိုယ့်ဇနီး၊ ကိုယ့်မိန်းမ၊ ကိုယ့်စကားကို နားလည်ဘယ်နော်၊ ကိုယ်တို့ပြောနေတဲ့ စကားတွေကို ခမ်း ဘာမှဝင်မပြောဘဲ တိတ်တိတ်လေးနားထောင်ပြီး ခမ်း ကူညီရင်ရပြီဟုတ်လား”

“ကောင်းပါပြီရှင်၊ ခမ်း ဝင်မပါတော့ပါဘူး”

ခွန်ရှေးလတ်ထံမှ အဓိပ္ပာယ်များစွာပါသော အကြည့်အပြောများနှင့် ခမ်း အကူအညီဆိုသည့် စကားလုံးအောက်မှာ ခမ်း နှုတ်ဆိတ်ငြိမ်သက်လိုက်ရပါပြီ။

သူ ခွန်ရှေးလတ်နှင့် ဦးကြီးဟိန္ဒဆိုသည့် လူကြားမှာ ခမ်းမသိသော လိုက်မမှီနိုင်ခြင်းများစွာ ရှိနေခြင်းကို ခမ်း နားလည်

သဘောပေါက်ပါသည်။ ဦးကြီးဟိန္ဒဆိုသည့်လူကိုလည်း မသိ ခမ်းအနားမှာ အတူရှိနေသည့် ခွန်ရှေးလတ်ဆိုသည့် လူကိုလည်း ခမ်းမသိ။ ထိုသူနှစ်ယောက်၏ ဆက်ဆံပတ်သက်မှုကိုလည်း ခမ်းမသိ။

အို ဘာဆိုတာမှ ခမ်းမသိသောသူများရှေ့မှာ ခမ်း ဘာလုပ်ရမည်နည်း။ ဒီနေရာမှာပဲ ခမ်း ရှိနေရမည်လား။ ထွက်သွားရမည်လား။ သို့သော် ခမ်း၏ ဒုက္ခအခက်အခဲကို ကူညီဖြေရှင်းပေးသူကို ခမ်းဘက်ကလည်း တုံ့ပြန်ကူညီပါမည်ဟု ကတိစကားရှိသည့်အတိုင်း သူမနေရာမှာ ဆက်ရပ်နေရပါသည်။

"ဦးကြီးဟိန္ဒ လာရင်းကိစ္စကိုသာပြောပါ၊ ကျွန်တော့်ကို ဘာပြောချင်လို့လဲ"

"သိချင်ရင် ဒီဖိတ်စာကိုယူထား၊ လာချင်လာ မလာချင်နေ၊ ငါ့မှာတာဝန်ရှိလို့ ဒီအထိလိုက်ရှာပြီး လာပို့တာပဲ"

ဦးဟိန္ဒလက်ထဲက ဖိတ်စာတစ်စောင် စားပွဲပေါ် ဘုတ်ခနဲ ရောက်လာ၏။

"အေးလေ…တစ်နည်းပြောရရင် ငါ့အစ်ကိုရဲ့ နောက်ဆုံးဆန္ဒ လိုက်လျောဖြည့်ဆည်းပေးခြင်း တစ်မျိုးဆိုရင်လည်း မမှားဘူးပေါ့"

"ဘယ်အထိအောင် မင်းအဖေကို ဒုက္ခပေးတဲ့လူ လုပ်ငန်း





မှာလဲဆိုတာ နောက်ထပ် စောင့်ကြည့်ရုံအပြင် ဘာများတတ်နိုင်ဦးမှာလဲ"

ဦးကြီးဟိန္ဒက ခွန်ရှေးလတ်ကို နှုတ်ဆက်စကားဆိုခြင်းမပြုဘဲ နေရာက ချာခနဲကျောခိုင်းကာ သူ့ကားနက်ကြီးပေါ် ပြန်တက်သွားပုံက အေးစက်နာကျင်မှုများစွာနှင့်ဖြစ်ကြောင်း ခွန်ရှေးလတ်သိပါသည်။

ဦးကြီးဟိန္ဒမှ သူ့အပေါ် နာကြည်းသည်မဟုတ်။ ခွန်ရှေးလတ်ကိုယ်တိုင်လည်း သူဖြစ်တည်ရှင်သန်ပေါက်ဖွားလာရသောဘဝတစ်လျှောက်လုံးကို နာကြည်းမှုများစွာဖြင့် ရင်ဆိုင်လျှောက်လှမ်းဖြတ်သန်းလာခဲ့ရခြင်းအဖြစ်ကို ပြန်လည်မြင်ယောင်လျက် စားပွဲပေါ် ပစ်ချသွားသော ဖိတ်စာချပ်ကို ဖျတ်ခနဲ ကောက်ယူလိုက်၏။

* * *

## အခန်း (၁၇)

အလှဆုံးပြင်ထားပေးပါဟုဆိုကာ နာမည်ကြီးမိတ်ကပ်ဆရာ၊ ဖက်ရှင်ဒီဇိုင်နာတို့အလယ်မှာ ရောက်ရှိနေရသော ခမ်းအဖြစ်က အိပ်မက်များအလယ်မှာ ရောက်ရှိနေရသော ပုံပြင်ထဲက မင်းသမီးအဖြစ်သို့ ရောက်မှန်းမသိ ရောက်နေသလို ထင်မိသည်။

"လှလိုက်တာဟယ်၊ အသားအရေလေးတွေများ နုဖတ်ဝင်းစိုနေတာ ထိတောင်မထိရက်အောင်ပါပဲ ရွှေမင်းသမီးလေးရယ်"

"ရွှေမင်းသားကိုကိုကလည်း သူ့မိန်းမကို အလှဆုံးပြင်ပေးပါတဲ့၊ လင်မယားနှစ်ယောက်စလုံး လန်နေ၊ မြန်နေ နတ်ဖက်တဲ့ စုံတွဲဆိုတာ ဒါပဲ ဒါပဲ"

မိတ်ကပ်ဆရာ မာမီနှင့် ဒီဇိုင်နာတို့က ပါးစပ်ကလည်း သွက်သလို လက်ကလည်း သွက်လက်စွာ လှုပ်ရှားအလုပ်များနေ

ဝိုး : မိုး : ၀၇၉ပ



သည့်ကြားက ခမ်း၏ နူးညံ့သိမ်မွေ့သော အလှနှင့် ခွန်ရှေးလတ်၏ ယောက်ျားပီသတည်ကြည်ခန့်ညားမှု အပေါင်းကို အံ့သြချီးမွမ်းလျက် အင်မတန်လိုက်ဖက်သော ဇနီးမောင်နှံအဖြစ် တဖွဖွချီးကျူးနေကြခြင်းဖြစ်ပါသည်။

ညေ့်ခံပွဲတစ်ခုသွားရမည်ဆိုသည်မှလွဲ၍ တခြားဘာဆိုဘာမှ မသိသော ခမ်းမှာ ခွန်ရှေးလတ် အကူအညီတောင်းထားသည့်အတိုင်း ခွန်ရှေးလတ်၏ ဇနီးမယားအဖြစ် ဟန်ဆောင်ကာ ဦးကြီးဘိုဖိတ်ကြားထားသည့် ညေ့်ခံပွဲသို့ ခွန်ရှေးလတ်နှင့်အတူ သွားရောက်ရမည်ဖြစ်သည်။

"ဒီရတနာပစ္စည်းလေးတွေ ဝတ်ပြီးရင် ပြီးပါပြီတဲ့ရှင်"

"ရတနာပစ္စည်းတွေ"

"ဒီမှာလေ ရွှေမင်းသမီးလေးဝတ်ဖို့ ရွှေမင်းသားကိုယ်တိုင်ဘာပို့ပေးသွားတာ"

"အို…စိန်တွေပါလား"

နက်ပြာရင့်ရောင် ကတ္တီပါအခင်းမှာ ဖွေးခနဲ လင်းလက်တောက်ပသွားသည့် စိန်ထည်တွေ။ မြင်တာနှင့် ကာလတန်ဖိုးနည်းကြောင်း သိလိုက်သူပီပီ ထိုပစ္စည်းတွေဝတ်ရမှာ ခမ်းစိတ်မှာ သူ့အလိုလို ထိတ်လန့်နေမိ၏။

ဒီပစ္စည်းတွေက ဘယ်သူ့ပစ္စည်းတွေလဲ။ ခွန်ရှေးလတ်

ဝိုး : မိုး : ၀၇၉ပ

ဘယ်ကရတာလဲ။ စိန်ထည်ပစ္စည်းတွေက အတုတွေမဟုတ်ဘဲ အားလုံး အစစ်တွေချည်းဖြစ်နေတော့ ပိုဆိုးသည်။ အခုချိန်ထိ ခမ်းသိထားသော ခွန်ရှေးလတ်က သိန်းပေါင်းသောင်းချီ၍ ချမ်းသာသော သူဌေးကြီး ဦးစိုင်းစံတစ်၏ တစ်ဦးတည်းသောအမွေဆက်ခံရမည့် ခွန်ရှေးလတ်အဖြစ် သိရှိထားခြင်းမရှိဘဲ…

ခွန်ရှေးလတ် ပြောပြထားသည့်အတိုင်း မိဘမဲ့တစ်ကောင်ကြွက်ဘဝဖြင့် အလွန်အင်မတန် ချမ်းသာကြွယ်ဝသော သူဌေးတစ်ယောက်၏သားဖြစ်သော ခွန်ရှေးလတ်၏ သူငယ်ချင်းအိမ်တွင် အိမ်စောင့်အဖြစ် ကပ်ရပ်နေရသော အလုပ်လက်မဲ့ ကားပွဲစားတစ်ယောက်အဖြစ်မျှသာ သိရှိထားသူဖြစ်သည်။

"အမလေး…လှလိုက်တာ၊ မိုးပေါ်ကကျလာတဲ့ နတ်သမီးလေးအတိုင်းပဲ၊ ကြည့်ပါဦး ညီမရယ် ဝတ်ထားတဲ့ခရမ်းအရင့်ဝတ်စုံလေးနဲ့ ဘယ်လောက်လှနေလဲ"

"အို"

မှန်ထဲမှာပေါ်လာသည့် ခမ်းပုံရိပ်ကို တအံ့တသြလေးရင်သပ်ရှုမောငေးကြည့်နေမိသူက ခမ်းကိုယ်တိုင်ဖြစ်သည်။ သူမကိုယ်သူမ လှတာကို သိပေမယ့် ဤမျှ ထိရက်ကိုင်ရက်စရာမရှိအောင် လှနေတာမျိုး ဤတစ်ကြိမ်သာ မြင်ဖူးပါသည်။

လှပသည့် မျက်နှာလေးနှင့် ဝတ်စားထားသည့် အင်္ကျီ





ချည်လှလှလေးများမှတစ်ဆင့် ခမ်းကိုယ်ပေါ်က စိန်ထည်ပစ္စည်းအရောက်မှာ ခမ်းမျက်နှာလေး မသိမသာပျက်သွားသည်။

ဒါ သူ့ ခွန်ရှေးလတ် သူငယ်ချင်းပိုင် ပစ္စည်းတွေပဲနေမှာ။

ဘာဖြစ်လို့များ ပိုင်ရှင်ကို အသိမပေးဘဲ ဒီလောက်အဖိုးတန်ပစ္စည်းတွေကို ကိုယ့်သဘောနဲ့ကိုယ် ယူသုံးရတာလဲ။

ခမ်းစိတ်ထဲမှာ တစ်ပါးသူပစ္စည်းတွေကို ပိုင်ရှင်ကိုအသိပေးဘဲ ခိုးကြောင်ခိုးဝှက် ယူဝတ်နေရသည့်အဖြစ်ကို လိပ်ပြာမသန့်သလို ခွန်ရှေးလတ်၏ ရဲတင်းလွန်းသော အပြစ်ကျူးလွန်မှုများအတွက်လည်း စိတ်မသက်မသာဖြစ်နေပါသည်။

"ပြီးကြပြီလား"

"ပြီးပါပြီတဲ့ရှင်၊ အားလုံးစိတ်ကြိုက် ဖြစ်မဖြစ် စစ်ဆေးကြည့်ပါဦး၊ ပြီးရင် များတို့ပြန်မယ်"

"ခမ်း"

မိတ်ကပ်ဆရာကွယ်၍ မမြင်ရသော ခမ်းက မိတ်ကပ်ဆရာ ဖယ်လိုက်သည်နှင့် လမင်းတစ်စင်းလို ထွန်းလင်းဝင်းပစွာ ခွန်ရှေးလတ်ရှေ့ ဘွားခနဲရောက်လာခိုက် ခွန်ရှေးလတ်အသည်းမှာ ချင်အပြင်းစားလေးတစ်ခု လှုပ်ခတ်၍သွားရပါပြီ။

လှလိုက်တာဆိုသည့် စကားက ခမ်းအတွက် မလုံလောက်ကြောင်းကို ခွန်ရှေးလတ်သိသည်။ ခမ်း၏အလှက နှန်းထိုက်သော

တော်ဝင်အလှ။

"အားလုံးကို ကျေးဇူးတင်ပါတယ်ဗျာ"

"များတို့ကလည်း ကျေးဇူးတင်ပါတယ်"

"သွားပြီနော်"

မိတ်ကပ်မာမီအုပ်စု ထွက်သွားပြီးနောက်မှာ တစ်ခန်းလုံး တိတ်ဆိတ်ငြိမ်သက်ပြီး ကျန်ရစ်သည်။

"ခမ်း"

"ကိုရှေးလတ်"

နှစ်ယောက်တည်းရှိချိန်မှာ တစ်ယောက်အမည်ကို တစ်ယောက် ပြိုင်တူလို ခေါ်လိုက်မိခြင်းဖြစ်သည်။

"ခမ်း ဘာပြောမလို့လဲ၊ ပြောလေ"

ရှက်အမ်းအမ်းလေးဖြစ်နေသော ခမ်းမျက်နှာလှလှကို အမြတ်တနိုး စူးစိုက်ကြည့်ရင်း တိုးသက်ညင်သာ နူးညံ့စွာ ခွန်ရှေးလတ် ဆိုလိုက်ခြင်းဖြစ်သည်။

"ဟို...ခမ်း ပြောချင်တာက"

ရှေ့ဆက်ရမည့်စကားကို နှုတ်ကမထွက်ရဲသဖြင့် ခမ်း နှုတ်ခမ်းလေး တရွရွနှင့် မျက်လွှာချ စိတ်ရှုပ်သွားပုံလေးကို အာ အဆုံး စိုက်ကြည့်နေသူက တွေ့မြင်ပါသည်။

"ကိုယ့်ကို ဘာပြောချင်လဲ ခမ်း၊ ပြောစရာရှိတာ ရဲရဲသာ

စိုး၊မိုး၊၀၁၉ပေ



ပြောပါ၊ ကိုယ်နားထောင်နေပါတယ်"

"ဟို ခမ်းက ခမ်းက"

"ဆက်ပြောလေ"

"ဒီပစ္စည်းတွေကို မဝတ်ချင်လို့ပါ"

"ဘာဖြစ်လို့လဲ"

"မဝတ်ချင်လို့ပါ"

"ဟုတ်ပြီ၊ မဝတ်ချင်တဲ့အကြောင်းတော့ ရှိမှာပေါ့၊ အဲဒါ ကိုယ်သိချင်တယ်"

ရွှန်းလဲ့တောက်ပသော ခွန်ရှေးလတ်အကြည့်နုနုများ အောက်မှာ ခမ်း နှလုံးခုန်သံတွေ တဒုတ်ဒုတ်နှင့် မွန်းကြပ်နေမိ သည်။ ခမ်း စိတ်ထဲရှိသည့်အတိုင်း ပြောချလိုက်လျှင် ခွန်ရှေးလတ် ကြိုက်မည်မထင်။ ခမ်းကြောင့် သူ အနေရခက် ရှက်သွားမှာကို လည်း မလိုလား။

ခမ်းကိုယ်တိုင် ပိုင်ရှင်မသိသော ပစ္စည်းတွေကို ဝတ်ထားရ ခြင်းအပေါ်လည်း စိတ်ကမလုံနှင့် နောက်ဆုံး ဖြစ်ချင်ရာဖြစ်တော့ ဟု အားတင်းကာ စိတ်ထဲရှိတာကို ပြောချလိုက်သည်။

"ပိုင်ရှင်မသိတဲ့ ပစ္စည်းကို ခမ်း မဝတ်ချင်ဘူး၊ လိပ်ပြာ လည်းမသန့်ဘူး"

"ပိုင်ရှင်မသိတဲ့ပစ္စည်း ဟုတ်လား"

စိုး၊မိုး၊၀၁၉ပေ

"ဟုတ်တယ်၊ ခမ်းမှာလည်း ထိုက်သင့်တဲ့ လက်ဝတ်လက်စားတွေရှိတယ်၊ ဒီပစ္စည်းတွေကိုတော့ ခမ်း မဝတ်ချင်ဘူး အခုသွားရမယ့် ညှော်ခံပွဲဆိုတာ ဘယ်လိုညှော်ခံပွဲမှန်း မသိပေမယ့် ခမ်း သူများပစ္စည်းတွေဝတ်ရမှာ လိပ်ပြာမသန့်လို့ပါ"

"ဒီပစ္စည်းတွေက ကိုရှေးလတ် သူငယ်ချင်းပိုင်တဲ့ ပစ္စည်းတွေမဟုတ်လား၊ တစ်ဖက်သားက ကိုယ့်ကို စိတ်ချယုံကြည်ပြီး အပ်နှံသွားတာကို"

"ကိုယ့်အနေနဲ့ အလွဲသုံးစားမလုပ်သင့်ဘူးပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်"

ခမ်း…ကိုယ့်ရဲ့ခမ်းရယ်။

နှလုံးသားတစ်ခုလုံး လှိုက်တက်လာသော ချစ်ခြင်း၊ မြတ်နိုးခြင်း ပီတိတွေက ခွန်ရှေးလတ်တစ်ကိုယ်လုံးကို ပျံ့နှံ့စီးဆင်း လှည့်လည်သွားသည်။ ကမ္ဘာပေါ်တွင် ခမ်းလောက် ချစ်စရာကောင်းသော ကလေးမ မရှိတော့ပြီဟု သိလိုက်၏။

ဖြစ်နိုင်လျှင် ဤကလေးမကို ခွန်ရှေးလတ်ရင်ခွင်မှာ အမြတ်တနိုး ထွေးပိုက်ထားချင်သည်။ သွားလေရာ အတူခေါ်သွားချင်သည်။ ရိုးမြေကျသည့်အထိ ဘဝခရီးကို မမောတမ်းအတူ လျှောက်ချင်သည်။





ဤသည်မှာ ခွန်ရှေးလတ်ရင်တွင်းက စိတ်ဆန္ဒမျှသာဖြစ်လည်း ခမ်းကိုယ်၌ကမူ အခုချိန်ထိ ခွန်ရှေးလတ်ဆိုသည့် …ပေါ် တစ်စုံတစ်ရာ ချစ်အဖြေပေးခြင်းမရှိသလို သူ့ချစ်ခြင်း …အပေါ်မှာလည်း တစ်စုံတစ်ရာ တုံ့ပြန်အသိအမှတ်ပြုခြင်းမရှိ …ပါ။

"ခမ်း"

"ရှိ"

"ပြင်ထားတာတွေ ပျက်ကုန်မယ်ရှင့်"

"ဖယ်ပါ"

ခမ်းကိုယ်လေးကို ချစ်မြတ်နိုးခြင်းများစွာဖြင့် ပိုက်ထွေး…တော့ အလန့်တကြား အော်သံလေးနှင့်အတူ ခွန်ရှေးလတ် …လန့်တကြား မော့ကြည့်လာသော မျက်နှာလှလှလေးအပေါ် …က်နှာချောချောကို ကြင်နာစွာ ငုံ့မိုးနှစ်အပ်လိုက်မိပါပြီ။

"ကိုယ့်ကြောင့်တော့ ခမ်းအလှတွေ မပျက်စေရပါဘူး …ရယ်"

"ဟင့်အင်းဆို"

"ရှိ"

နူးညံ့အိထွေးသော ပန်း၏ပွင့်ချပ်မှာ လိပ်ပြာလေး နားနို …င်းကို ရန်စောင်မာန်ထောင်၍မရပါ။ ချိုမြိန်သောဝတ်ရည်ကို

ထပ်ကာတလဲလဲ ရှာဖွေလိုသူကိုသာ လက်သီးဆုပ်ကလေးများဖြ
မနာကျင်အောင် ထုနက်ကာကွယ်ရပါသည်။

"တော်ပြီလို့ဆိုနေ"

"ရှင်နော်"

"ချစ်တယ်"

"အို ဒုက္ခပါပဲ၊ အလှတွေပျက်ကုန်မယ်ရှင့်"

"ခမ်းပြင်ထားတဲ့ အလှတွေဟာ ကိုယ့်အတွက်ပဲဆို
ခမ်းကျေနပ်တယ်မဟုတ်လား၊ ဒီနေ့ ခမ်း သိပ်သိပ်လှနေတယ်"

"ညည့်ခံပွဲကိုသွားရ"

"ဟင့်အင်း"

"နောက်ကျပြီးမှပဲ သွားရလည်း ကိုယ့်အတွက် သိပ်မ
ပါဘူးဗျာ"

"ခမ်းကို ကိုယ်ချစ်တယ်"

"ကိုရှေးလတ်"

ခမ်းထံမှ ရှက်လန့်သံတိုးတိုးလေးက ခွန်ရှေးလ
ချစ်တေးသံမှာ နစ်ဝင်ပျောက်ဆုံးသွားသည်။ ခမ်းကိုယ်တိုင် သူ
ကိုယ်သူမ ဘာတွေဘယ်လို ဖြစ်နေပြီဟုမသိတော့။ သူ့ကိုယ်ကြ
ကိုသာ အလန့်တကြားလေး ဖက်တွယ်ထားရင်း တဆိတ်ထိတ်
သော နှလုံးသားအစုံကို ထိန်းချုပ်ရခက်နေပါသည်။



"ခမ်း"

"ဟင့်အင်း"

သူက ခမ်းမျက်နှာနား တိုးငုံ့ခေါ်ပေမယ့် ခမ်းမထူးပါ။
ရှုရှုတုန်ရီသော သူ့အသံကိုလည်း ခမ်း မကြားဝံ့။ သူ့မျက်နှာ
ချောချောကို မကြည့်ရဲတော့သည့်အဆုံးမှာ ခမ်း မျက်နှာလှလှလေး
သူ့ရင်ခွင်မှာ နစ်နေအောင် ဖွတ်တိုးကွယ်ဝှက်ထားတော့ သူက
အရှက်သည်းနေပုံကို မြတ်နိုးစွာ ချစ်စနိုး တိုးဖွစွာရယ်ပါသည်။

"ကိုယ့်မျက်နှာကို မော့ကြည့်ပါဦးဗျာ"

"ဟင့်အင်း...ဟင့်အင်း"

"အဟွန်း...ဟွန်း...ဟွန်း"

ခမ်းက သူ့ရင်ခွင်ထဲ ဦးခေါင်းကို ဘယ်ညာခါယမ်းတော့
သူက ဖြူနုသော ခမ်းအသားစိုင်လေးတွေကို ဖွဖွလျှောက်နမ်းရင်း
သည်းယားစွာ ဖျစ်ညှစ်ငုံခဲပါသည်။

"ကြည့်စမ်း...လူမလေးမှတ်လို့ ချစ်မိတာ၊ အခုမှ
တောက်တဲ့မလေးဖြစ်နေပါလား"

သူက ခမ်းကို ချစ်စနိုးကျီစယ်ရင်း ခမ်း မျက်နှာလေးအနှံ့
နမ်းဖြင့် စိတ်ကြိုက်တိုးဝှေ့ဆော့ကစားနေပါသည်။

"ခမ်း"

"မခေါ်နဲ့"

"သြော်…ခက်နေပါပြီဗျာ"

"အဟွန်း ဟွန်း ဟွန်း"

"ဘယ်လိုလုပ်မလဲ"

"ညည့်ခံပွဲကို ဒီအတိုင်းခေါ်သွားမှထင်တယ်"

စွေ့ခနဲ ခမ်းကိုယ်လေးကို ပွေ့ယူချီမလိုက်တာကြောင်း ခမ်းရင်ထဲ အေးခနဲဖိုလှပ်ကာ သူမကိုယ်လေးကို ရုန်းထွက်ပါသည်

"အို…ခမ်းကို အောက်ချပေးပါ"

"ကားပေါ်အထိ ဒီအတိုင်းခေါ်သွားမယ်လေ၊ ခင် ကိုယ့်ရဲ့ကလေးလေးပေါ့"

"ခမ်းကိုယ်ပေါ်က ပစ္စည်းတွေ"

"ပိုင်ရှင်သိပြီးသားပါဗျာ၊ ကျွန်တော့်ချစ်သူ ကျွန်တော့် ချစ်ဇနီးအတွက်ပါဆိုတော့ အိုကေတဲ့"

"ဟင်…ဟုတ်လည်းမဟုတ်ဘဲနဲ့"

"သြော် မယုံရင် ခမ်းကိုယ်တိုင်လိုက်ပြောကြည့်ဘော ပစ္စည်းပိုင်ရှင်က ကိုယ်လိုပဲ သိပ်သဘောကောင်းပြီး သိပ်ချစ်ရော ကောင်းတယ်"

"ခမ်းဘာသာပဲ လမ်းဆင်းလျှောက်ပါရစေရှင်၊ ခမ်းကို အောက်ချပေးပါ"

"သယ်ယူပို့ဆောင်စရိတ် အရင်ပေးရမှာနော်"





"အို"

"အဟွန်း…ဟွန်း…ဟွန်း"

ပါးလေးတစ်ဖက် နွေးသွားတာကို လက်ဖဝါးနှင့် အလန့် ာကြား အုပ်ကွယ်လိုက်ဟန်က ခွန်ရှေးလတ်ရင်ထဲ စွဲငြိသွားတာ ဖို့ အမြတ်တနိုး ရယ်မောလျှင် ခမ်းမှာ နှုတ်ဆွံ့အသူလို ဘာတစ်ခွန်း မှ ပြန်မပြောနိုင်ဘဲ တွေတွေလေး ငေးကြည့်ဖြစ်သွား၏။

* * *

# အခန်း (၁၈)

အရောင်မျိုးစုံ တောက်ပနေသော နီယွန်မီးတွေ လင်းတစ်ခါ မှိန်တစ်လှည့်။ မဟူရာညအမှောင်ထုကို နောက်ခံပြုပြီး လှပသက်ဝင်လျက် ခြံဝင်းကျယ်ကြီး...က ငွေကို ရေလိုဖြန်းပြီး ဖန်တီးစီရင်ထားခြင်းဖြင့် လှပသော ပန်းဥယျာဉ်အသွင်သဏ္ဍာန်ကို ဆောင်ထား၏။

နောက်ဆုံးပေါ် ခေတ်မီနည်းပညာဖြင့် ဗိသုကာပညာရှင် စိတ်ကြိုက်ချယ်မှုံးထားသည့် ဒီဇိုင်းနှင့် အဆောက်အအုံကြီးကလည်း ရင်သပ်ရှုမောဖွယ်။ တဖွဲဖွဲရောက်လာသည့် ဧည့်သည်တွေအားလုံး နာမည်ကြီး ထိပ်သီးအသိုင်းအဝိုင်းထဲက သူဌေးများချည်း စုဆေး ရောက်ရှိလာနေသည်။

အဖိုးတန် အသုံးအဆောင်ပစ္စည်းများနှင့် စိန်ရောင်ရွှေရောင်





ပ်တ်ဖိတ်လက်နေခြင်းက တွေ့ရမြင်ရသူတိုင်း ဂုဏ်ကျက်သရေ တစ်မျိုး ဆောင်နေသည်။

"ခမ်း"

"ရှင်"

"ကိုယ် အသိတစ်ယောက်ကို သွားနှုတ်ဆက်ချင်လို့ တစ်ယောက်တည်း ခဏနေခဲ့လို့ဖြစ်မလားဟင်"

"ဖြစ်ပါတယ် ကိုရှေးလတ်၊ ခမ်းအတွက် စိတ်မပူပါနဲ့ ရှင်"

"သင့်ခ်ယူး...ခဏလေးနော်"

"ဟုတ်ကဲ့"

ခွန်ရှေးလတ်က ခမ်း၏ ဖြူနုသောလက်ကလေးတစ်ဖက်ကို သူ့လက်ဖဝါးနွေးနွေးများဖြင့် တစ်ချက်ဆုပ်ညှစ်ပြီး ခမ်းမျက်နှာလေးကို တစ်ချက်စိုက်ကြည့်ကာ နေရာကထွက်သွားသည်။ မြင့်မားသောအသွင်၊ တည်ကြည်ခန့်ညားသော သဏ္ဍာန်ဖြင့် ခမ်းအနားက တိုင်လိပ်ကျကျ လျှောက်သွားသူ၏ နောက်ကျောပြင်ကို ကြည့်ကာ ခမ်းထံမှ ညင်သာသော သက်ပြင်းရှိုက်သံလေး ခပ်သဲ့သဲ့ထွက်လာသည်။

ခွန်ရှေးလတ်ဆိုသည့် အမည်မှတစ်ပါး သူ့ဘဝအစစ်အမှန်ဘာလဲဆိုတာကို သိခွင့်မရသော လူတစ်ယောက်ကို ခမ်း နှလုံး

သားမှာ တိတ်တိတ်လေး ငြိတွယ်နေခဲ့ရပါပြီ။ ခွန်ရှေးလတ်ဆိုသူ
အပြုအမူအနေအထိုင် အပြောအဆိုတွေအားလုံး တွေ့စထဲက ခမ်း
ကို ထူးခြားမှုတွေနှင့် လှုပ်ခတ်စေနိုင်စွမ်းသူအဖြစ် ခမ်းရင်း
တိတ်တခိုး မှတ်ချက်ချဘူးသည်။

ခမ်းတို့နှစ်ဦး တွေ့ဆုံပတ်သက်ပုံကလည်း ခပ်ဆန်းဆန်း
အဖြစ်အပျက်တွေကြပြန်တော့ အံ့သြမယုံနိုင်စရာ။ ခမ်းမှာ အဆ
နန္ဒကို ရွံ့ကြောက်စိုးသိတ်နေရသလို ခွန်ရှေးလတ်ကြပြန်တော့လည်း
ဦးကြီးဦးဟိန္ဒဆိုသည့် ပုဂ္ဂိုလ်နှင့် အခြေအတင်။ အငြင်းအခုန်
နှင့် မပြေလည်နိုင်ကြခြင်းအဖြစ်ကို ခမ်းကိုယ်တွေ့ ရင်ဆိုင်ကြုံ
ခဲ့ရသည်။

ခွန်ရှေးလတ်ဆိုသူ မည်သူနည်း။

ဦးကြီးဦးဟိန္ဒဆိုသူကရော ခွန်ရှေးလတ်နှင့် မည်သို့
သက်ဆိုင်ပတ်သက်သည်မသိ။ ခမ်းသိသည်မှာ တစ်ခုသာရှိသည်
ထိုအရာက ခွန်ရှေးလတ်က ခမ်းကို မြတ်မြတ်နိုးနိုး ချစ်နေခြင်းနှင့်
ခမ်းကို သူ့မျက်စိရှေ့က ပျောက်ကွယ်သွားမှာ စိုးကြောက်ခြင်း
ဖြစ်သည်။

ခမ်းကိုယ်တိုင်မှာလည်း ချစ်သူရည်းစားပင် မထားဖူးသူ
အပျိုစင်မလေးဖြစ်သည့်အတိုင်း အချစ်ရေးမှာ အစိမ်းသက်သက်ပ
သာ။ ခမ်း၏ အဖြူရောင်နှလုံးသားကို ပန်းနုရောင်အသွင်သို့





ပြောင်းလွဲအရောင်ဆိုးပေးသူက ခွန်ရှေးလတ်ဆိုသည့် အချစ်လှူဆိုး
ဖြစ်သည်။ အတွေးဖြင့် ခမ်း ပါးလေးနှစ်ဖက် ရဲရဲနီစွေးသွားခိုက်မှာ
ပင်...

"ဒီနေရာမှာ ကိုယ်ထိုင်လို့ရမလားဟင် ညီမ"

လူတစ်ယောက်။

ခမ်းနားမှာ ခပ်ပြုံးပြုံးအမူအရာဖြင့် ရပ်လျက် ခွင့်တောင်း
နေပုံက ယဉ်ကျေးသော အသွင် ခင်မင်နှစ်လိုဖွယ်ရာ အပြုံးမျက်နှာ
နှင့် အသက်သုံးဆယ်အရွယ် လူတစ်ယောက်။

ခမ်း မျက်နှာလှလှလေးကို ရွှန်းရွှန်းလဲ့လဲ့ ရှုးစိုက်ကြည့်
လျက် ခွင့်တောင်းစကားဆိုနေသည်။

"ဟုတ်ကဲ့၊ ထိုင်လို့ရပါတယ်"

"သင့်ခ်ယူး"

ခွန်ရှေးလတ်ထိုင်သွားသည့် ထိုင်ခုံကို ဆွဲယူလျက် ဝင်ထိုင်
လိုက်သူထံမှ ချိုအီသောမွှေးရနံ့က ခမ်းနှင့်တကွ အနီးပတ်ဝန်းကျင်
တစ်ခုလုံး သင်းပျံ့သွားသည်။

"ကိုယ့်နာမည် စစ်ပိုင်"

"ဟုတ်ကဲ့"

"တစ်ယောက်တည်းလား"

"မဟုတ်ပါဘူး၊ အဖော်ပါပါတယ်"

"သြော်"

ရွှန်းလဲ့လဲ့အကြည့်တွေက ခမ်းမျက်နှာလေးဆီမှာ တစ်ချက်မခွာသလို နှုတ်ခမ်းအစုံမှာလည်း ပြုံးချိုနေပါသည်။

"နောက် လမ်းမှာတွေ့ရင် နှုတ်ဆက်လို့ရမလားဟင်"

"ရှင်"

"ညီမနဲ့ မိတ်ဆွေဖြစ်ခွင့်ရချင်လို့ပါဗျာ၊ နာမည်လေး တဆိတ်လောက်မသိရဘူးလား"

"ခမ်းပါ"

"ဗျာ"

"ခမ်းလို့ပြောတာ"

"သြော်…သြော် မောကေရီလေးမို့ ဒီလောက်ကြီး ထူးထူးခြားခြား လှနေတာကိုး၊ ဟုတ်ပြီ အခုချိန်ကစပြီး ကိုယ်တို့ မိတ်ဆွေဖြစ်ပြီလို့ သတ်မှတ်လိုက်ပြီနော်"

စစ်ပိုင်ဆိုသည့်လူက သူဖြစ်ချင်ရာ သို့ဘာသာပြောပြီး သဘောကျစွာ ရယ်နေပေမယ့် ခမ်းကတော့ စစ်ပိုင်ဆိုသူနှင့်အတူ လိုက်ရယ်ခြင်းမပြုပါ။ မရိုးသားသည့် အကြည့်အပြောတွေနှင့် စစ်ပိုင်ဆိုသည့်လူနားကသာ အမြန်ဆုံးထွက်သွားချင်နေမိသည်။

ယဉ်ကျေးမှုအရ မကောင်းတတ်၍ စကားအပြန်အလှန် ပြောနေရသော်လည်း ခမ်းစိတ်ထဲမှာတော့ ခွန်ရှေးလတ် သူမနားကို





အမြန်ဆုံးပြန်ရောက်လာပါစေဟု ကျိတ်ဆုတောင်းနေပါသည်။

ခဏဆိုပြီး ခမ်းနားကို အခုချိန်ထိ ပြန်ရောက်မလာသေး ဘဲ တစ်ယောက်တည်းထားခဲ့သူကိုလည်း စိတ်ထဲက လှမ်းအပြစ် ာင်နေမိသည်။ သူမို့ ခမ်းကို သူစိမ်းတွေအလယ်မှာ စိတ်ချလက်ချ ားသွားရက်သည်။ သူသွားနှုတ်ဆက်မည်ဆိုသည့် မိတ်ဆွေဆိုသူ က ယောကျ်ားလား။ မိန်းမလားဆိုသည်ကို ခမ်းလည်းမသိ။ မေးလည်း မကြည့်မိပါ။

မေးကြည့်ရအောင်လည်း ခမ်းတွင် မည်သည့်အခွင့်အရေး မှ မရှိပါ။ သူမှာ ဂျူလိုယာဆိုသည့် မိန်းကလေးရှိနေသည်။ ိုအသိက ခမ်းရင်ကို ဘယ်နေရာကမှန်းမသိ စစ်ခနဲ နာကျင်သွား စေသည်။

"ခမ်း"

"ဟင်"

"ဒီမှာ ကိုယ့်ဗစ်ဆစ်တင်းကဒ်ပါ၊ ခမ်းနဲ့ဆက်သွယ်ချင်ရင် ရော ဘယ်လိုဆက်သွယ်ရမလဲ သိပါရစေဗျာ"

စစ်ပိုင်ဆိုသူ ကမ်းပေးသည့် ကဒ်ဖြူဖြူလေးကို ခမ်း ယူရခက်၊ မယူရခက် ဖြစ်လျက် စိတ်အိုက်နေသလို ခမ်းနှင့် အဆက် အသွယ်မဖြတ်ချင်သူကိုလည်း စိတ်ညစ်နေမိပါသည်။

"ခမ်းက ညှေသည်ပါရှင်၊ ဆက်သွယ်ဖို့လိပ်စာ မပေးနိုင်

တာ ခွင့်လွှတ်ပါ၊ ကိုစစ်ပိုင်ရဲ့ လိပ်စာကဒ်ကိုလည်း မယူပါရစေနဲ့၊ ခမ်းအမျိုးသားက သဝန်တိုတတ်လို့ပါ''

''ခမ်းက အိမ်ထောင်နဲ့လား''

''ဟုတ်ကဲ့''

''ကိုယ်နောက်ကျသွားပြီပေါ့''

''ရှင်''

''ဘယ်လိုပဲဖြစ်ဖြစ် ခမ်းဆိုတဲ့ မိန်းမလှလေးနဲ့ ခင်မင်ခွင့်ရတာကိုပဲ ကျေနပ်ပါတယ်ဗျာ''

''ခမ်းရဲ့အမျိုးသားက ဖိုးကံကောင်းပါ၊ ကိုယ့်ကို ခမ်းအမျိုးသားနဲ့ မိတ်ဆက်ပေးပါလား''

''ဟုတ်ကဲ့…သူပြန်ရောက်လာရင် ကိုစစ်ပိုင်ကို သူနဲ့ မိတ်ဆက်ပေးပါ့မယ်''

''ကျေးဇူးတင်ပါတယ်ဗျာ''

စစ်ပိုင်ဆိုသည့်လူက ခမ်းနားကမခွာတော့ပါ။ ခမ်းမှာ ခင်ပွန်းသည်ရှိသည်ဆိုသော စကားကိုလည်း သိပ်ပြီးယုံကြည်ချင်ပုံမရခြင်းကိုလည်း ခမ်း စိတ်က အလိုလိုသိနေပါသည်။ လူအများကြားမှာ ခမ်း၏ဒုက္ခကို ကယ်တင်မည့် ခွန်ရှေးလတ်ကို လည်လေးဆန့်ပြီး လှမ်းမျှော်ကြည့်သော်လည်း အရိပ်ပင်မမြင်ရဘဲ ရှုပ်ထွေးရောယှက်နေသည့် လူအများကိုကြည့်ကာ ခေါင်းပင်မူးနောက်လာပါ





…ည်။

''ခမ်းအမျိုးသားကို ရှာနေတာလား''

''ဟုတ်ပါတယ်''

''ပုံစံပြောလေ၊ ကိုယ်ပါအတူ ခမ်းနဲ့ရှာပေးမယ်''

''ကျေးဇူးတင်ပါတယ်ရှင်၊ ခမ်းဘာသာပဲ ရှာလိုက်ပါ့ …''

လူအများကြား ဝေ့ဝေ့ဝဲဝဲလေး ဟိုဒီကြည့်ပြီး သူ့ကိုရှာနေ…လေးကို အဝေးကပင် ခွန်ရှေးလတ် လှမ်းပြီးမြင်တွေ့နေရပါသည်။ …ကြီးဟိန္ဒပေးလာသည့် ဖိတ်စာကဒ်အရ ဖေဖေ့ကိုယ်စား ဤဧည့်ခံ… ပထမဆုံး တက်ရောက်လာရသူအဖြစ် ဖေဖေအသိမိတ်ဆွေ…အားလုံးကို ခွန်ရှေးလတ်က ဦးဆောင်နှုတ်ဆက်နေရသူဖြစ်သည်။

သူဌေးကြီး ဦးစိုင်းစံတစ်၏ နေရာသို့ ဆက်ခံရောက်ရှိ…သည့် သူဌေးလေး ခွန်ရှေးလတ်က ရှယ်ယာမင်တွေထဲမှာ …ငွေအများဆုံး ပိုင်ဆိုင်သူအဖြစ် ဥက္ကဋ္ဌနေရာကို ရယူထားသူ…ည်း ဖြစ်သည်။ လူငယ်လူချောလူခန့်တစ်ယောက်လည်း…သဖြင့် ခွန်ရှေးလတ်ကို သမက်ဖမ်းလိုသူတွေကလည်း ဤပွဲမှာ…ကောင်းဆုံး၊ တန်ဖိုးအရှိဆုံး ဝတ်ကောင်းစားလှများဖြင့် သူတို့…းများကို ပွဲထုတ်လာကြသည်။

ခွန်ရှေးလတ်က ဦးကြီးဟိန္ဒ မိတ်ဆက်ပေးသမျှအားလုံး

ကို အပြုံးဖြင့် တုံ့ပြန်နှုတ်ဆက် အသိအမှတ်ပြု ညှော်ခံစကားဆိုနေရပါသော်လည်း သူ့အတွေးအာရုံကတော့ တစ်နေရာထဲမှာသာ စုဝေးရောက်ရှိနေသည်။ နုတ်သမီးလေးတစ်ပါး သူ့နားလာပြီး ကိုယ်ထင်ပြနေမည်ဆိုလျှင်တောင် အခုချိန်မှာ ခွန်ရှေးလတ်ဆိုသည့် သူ့နှလုံးသားကို ဖမ်းစားနေရာယူနိုင်စွမ်း ရှိမည်မဟုတ်ပါ။

ခွန်ရှေးလတ်ကိုရော သူ့နှလုံးသားကိုပါ ပိုင်စိုးနေရာယူထားသည့် အချစ်နုတ်သမီးလေးမှာ ခမ်းဆိုသည့် မိန်းမချောလေးသာဖြစ်ပါသည်။ ခမ်းကလွဲ၍ တခြားဘယ်မိန်းမကိုမှ စိတ်မဝင်စား။ ချစ်၍လည်းမရ။ ခမ်းအချစ်က သူ့အပေါ်မှာ ရိုးသားအပြစ်ကင်းစင်သလို သူ့အချစ်ကလည်း ခမ်းအပေါ်မှာ ဘယ်လိုစွန်းထင်းမှုမျိုးမှမရှိ။

ခမ်းအပေါ်မှာ အဖြူစင် အရိုးသားဆုံး ချစ်ခဲ့သလို ခမ်းကိုယ်တိုင်ကလည်း သူ့ကို ခွန်ရှေးလတ်ဆိုသည့် သူ့ဘဝအစစ်အမှန်ကို ဘာတစ်ခုမှမသိဘဲ ခွန်ရှေးလတ်ဆိုသည့်အမည်နှင့် ခြေသလုံးအိမ်တိုင် မိဘမဲ့တစ်ကောင်ကြွက်ဘဝ အနေအထားဖြင့် ချစ်မေတ္တာအပ်နှင်းခဲ့သူ။

သူတို့နှစ်ယောက်ကြားမှာ မည်သည့်ဂုဏ်ပကာသနမျှ မရှိ။ အချစ်တစ်ခုထဲသာရှိသည်။ အခု သူ့နားမှာ ဝိုင်းဝိုင်းလည်နေသော မိန်းမချောမိန်းမလှတိုင်းက ခွန်ရှေးလတ် ဘာကောင်လဲ၊ ဘယ်သူလဲ





ဆိုတာ သိကြသည်။ လိုချင်တပ်မက်သည့် အကြည့်၊ အတွေးတွေနှင့် အရောတဝင် ချဉ်းကပ်လိုကြသည်။ ပိုင်ဆိုင်ရယူလိုကြသည်။

အချစ်၏တန်ဖိုး၊ အချစ်၏အဓိပ္ပာယ်ကို ငွေကြေးဖြင့် လဲလှယ်ပိုင်းဖြတ်လိုကြသူတွေထဲမှာ ခွန်ရှေးလတ် မပါသလို သူချစ်မြတ်နိုးရသော ခမ်းဆိုသည့် မိန်းမလှလေးလည်း မပါဝင်။ သူတို့နှစ်ယောက်က မေတ္တာကို မေတ္တာဖြင့်သာ ခံစားနားလည် လဲလှယ်ကြသည်။ အချစ်ကို အချစ်နှင့်သာ တန်ဖိုးထားကြသည်။

ခွန်ရှေးလတ်က အခုချိန်ထိ သူ့ဘဝအစစ်အမှန်ကို ခမ်းသိအောင် ဖွင့်ထုတ်ချပြခြင်း မရှိသလို ခမ်းကိုယ်တိုင်ကလည်း စိတ်ဝင်တစား မေးမြန်းစပ်စုခြင်းမရှိ။ ဤသည်ကိုလည်း ခွန်ရှေးလတ်အတွက် ခမ်းက ပိုမြတ်နိုးစရာဖြစ်ရသည်။ ပိုတန်ဖိုးထား စွဲလမ်းရ၏။

ခွန်ရှေးလတ်က ခမ်းကို လှမ်းမြင်တွေ့နေရပေမယ့် ခမ်းက သူ့ကိုမြင်တွေ့နေရသည်မဟုတ်။ ခမ်းနားမှာ ရုပ်ခပ်ဖြောင့်ဖြောင့်နှင့် လူတစ်ယောက် ရောက်နေတာ ခွန်ရှေးလတ် စထိုင်ထဲက မြင်ပါသည်။ စကားအမျှင်မပြတ်ပြောပြီး ခမ်းနားက မခွာတာကို လည်းသိသည်။

သူရောက်မလာ၍ လက်ကနာရီလေးကို ငုံ့တကြည့်ကြည့်နှင့် စိတ်ရှုပ်ထွေးနေရရှာသော ချစ်သူလေးကို ဆွဲယူသိမ်းပွေ့ကာ

ဘယ်သူမှ မမြင်မတွေ့နိုင်သည့်နေရာသို့ ခေါ်ယူသိမ်းဝှက်ထားချင် ပေမယ့် ခွန်ရှေးလတ်နားမှာ ဦးကြီးဟိန္နှင့် ဖေဖေ့မိတ်ဆွေ အပေါင်း အသင်းတွေက တစ်ချိန်လုံးရှိနေတော့ စိတ်သွားတိုင်း ကိုယ်ကမပေါ် နိုင်။ ခွန်ရှေးလတ်ကိုယ်တိုင်လည်း ဖြစ်နိုင်လျှင် နေရာက လစ်ပြေး ချင်နေသည်။

ထူးခြားစွာ ဤလိုပွဲမျိုးကို ဂျူလီယာ ရောက်မလာတာ ကိုလည်း အံ့သြနေသည်။ ဦးကြီးဟိန္ဒက ဂျူလီယာအကြောင်း ဘာမှမပြောသလို ခွန်ရှေးလတ်ကလည်း မမေးပါ။

ခပ်လှမ်းလှမ်းမှာ ရပ်နေသည့် သူ့လူယုံတပည့်ကို ခွန်ရှေး လတ် လှမ်းခေါ်လိုက်ပြီး အနားကပ်ကာ တီးတိုးပြောလိုက်သည်။ ခွန်ရှေးလတ်တပည့် အိုက်စံက သွက်လက်သောခြေလှမ်းများဖြင့် သူ့နားကထွက်သွားသည်။

သိပ်မကြာလိုက် ခမ်းနားကို သူ့တပည့်ရောက်သွားပြီး ခမ်းကို တစ်စုံတစ်ရာပြောနေတာ မြင်နေရသည်။ ခွန်ရှေးလတ် တပည့် အိုက်စံနှင့်အတူ ခမ်းလိုက်သွားမှ စိတ်သက်သာရာရသွား သလို ခွန်ရှေးလတ် သက်ပြင်းတစ်ချက်ရှိုက်လိုက်သည်။

* * *



# အခန်း (၁၉)

ရယ်မြူးရွှင်ပျနေသော တက်ကြွသည့် လူစုလူဝေးနှင့် ဘကွ တေးဂီတသံ ရယ်မောသံတို့က ခမ်း၏ နောက်ပါးတွင် ဘိုးတိတ်လျက် ဝေး၍ကျန်ရစ်၏။ ခွန်ရှေးလတ်မှ အခေါ်လွှတ်လိုက် သည်ဟုဆိုသော လူနောက်ကို ခမ်းအတူ လိုက်ပါလာရာမှ ဤလှပ သော ခန်းမဆောင်တစ်ခုတွင်းသို့ ရောက်ရှိလာရသူဖြစ်သည်။

အဖိုးတန်ကတ္တီပါ ကော်ဇောများ၊ ပရိဘောဂအသုံး အဆောင်များ ပြင်ဆင်ဖွဲ့စည်းထားသည့် ဗိသုကာလက်ရာ၏ ကြီးကျယ်ခမ်းနားမှုအပေါင်းကို တအံ့တသြလေး ငေးမောကြည့်နေ ခိုက်မှာပင် ခမ်းရှိရာသို့ လူတစ်ယောက် လျှောက်လာတာကို မြင် လိုက်ရ၏။

ထိုသူက တခြားသူမဟုတ်။

ခွန်ရှေးလတ်ကိုယ်တိုင် ဖြစ်နေခြင်းတည်း။

ခွန်ရှေးလတ်က မီးရောင်အောက်တွင် အလှကြီးလှပနေသူအား မျက်တောင်မခတ်စတမ်း စူးစိုက်ကြည့်လာသလို ခမ်းမှလည်း ခွန်ရှေးလတ်၏ တည်ကြည်ခန့်ညားသော မျက်နှာချောချောကို ရှုန်းစိုတောက်ပသော မျက်နက်ဝန်းအစုံဖြင့် တုံ့ပြန်ကြည့်ငေးနေမိရှာပါသည်။

"ခမ်း"

"ရှင်"

"တစ်ယောက်တည်းထားခဲ့လို့ စိတ်ညစ်နေလား"

ခမ်း မဖြေဘဲ နှုတ်ခမ်းဖူးဖူးလေးကို ပြုံးသည်ဆိုရုံ ပြုံးထားပုံကို ခွန်ရှေးလတ် စိုက်ကြည့်ပစ်သည်။

"ဟိုလူက ခမ်းကို သဘောကျနေပုံပဲ"

"ခမ်းတို့ ပြန်ကြတော့မလားဟင်"

ခမ်းက သူ့စကားကို ဖြတ်ပြောလိုက်ပုံက ခွန်ရှေးလတ်စိတ်ကို ပို၍မရိုးမရွဖြစ်စေသည်။ ခမ်းဆိုသည့် မိန်းမလှလေးကို သူအပါအဝင် ယောကျ်ားတိုင်း ပိုင်ဆိုင်ရယူချင်ကြမှာ သူသိသည်။

"ခမ်းဟာ လွတ်လပ်သူတစ်ယောက် မဟုတ်ဘူးဆိုတာ ပြောလိုက်ရဲ့လား"

"သူ့ကို ခမ်း စိတ်မဝင်စားပါဘူးရှင်"





"ကိုယ့်ကိုရော"

"ရှင်"

"ကိုယ်ကတော့ ခမ်းကလွဲပြီး ဘယ်မိန်းမကိုမှ စိတ်ဝင်စားလို့မရဘူး"

"ခမ်း"

"အို ကိုရှေးလတ်"

သေးကျဉ်းသော ခမ်း၏ ခါးလေးကို ဆွဲယူရစ်ဖွဲ့သူ၏လက်များကို ဖယ်ရှားရန် ခမ်း ကြိုးစားသည်။

"ဖယ်ပါရှင်၊ တော်ကြာ သူများတွေမြင်သွားမှဖြင့် မသင့်တော်ပါဘူး"

"ဘယ်သူမှ မမြင်ဘူးဆိုရင်ရော"

ခွန်ရှေးလတ်က ခမ်းမျက်လုံးထဲကို စိုက်ကြည့်ရင်းမေးတော့ ခမ်း မဖြေနိုင်။ နီရဲစိုစွတ်သော ခွန်ရှေးလတ်နှုတ်ခမ်းအစုံကို ကြာရှည်မကြည့်ရဲသလို မျက်လွှာချရင်း သူမလက်ကလေးများဖြင့် ခွန်ရှေးလတ်လက်များကို ဖယ်ရှားပါသည်။

"ခမ်း"

"ခမ်းတို့ ပြန်ကြပါစို့ရှင်"

"ဟင့်အင်း"

"ကိုယ်မပြန်ချင်သေးဘူး"

"ချစ်တယ်ခမ်းရယ်"

"အို အို ဒီလိုမလုပ်ပါနဲ့ရှင်"

"ကိုရှေးလတ်"

"အို ဒုက္ခပါပဲရှင်"

"သုခပါဗျာ"

"ခမ်းပြောတာကို နားထောင်ပါဦး ကိုရှေးလတ်ရယ် ခမ်းတို့"

"ရှူး"

"ကိုယ်ပြောတာကို ခမ်း နားထောင်ရင် ရပြီဟုတ်လား"

"အို…ကိုရှေးလတ်"

ခမ်းက ထိုမျှသာ ရှက်လန့်တုန်ရီစွာ ဆိုလိုက်နိုင်ပါသည်။ ခွန်ရှေးလတ်က ခမ်း ဘာပြောပြော သူနှင့်မဆိုင်သူတစ်ယောက်ပမာ ခမ်းထံမှ တားမြစ်ကန့်ကွက်စကားလုံးတိုင်းကို ဂရုမစိုက်ပါချေ ရင်ဖိုမောလှပ်သော အနမ်းတောရှိရာသို့ ခမ်းကို ဦးဆောင်ခေါ်ငင် ပါသည်။

ခမ်းမှာ တအိုအိုတအင်အင်နှင့်ပင် ခွန်ရှေးလတ် ပြုသမျှ နရင်း တစ်စုံတစ်ယောက်ဝင်လာမှဖြင့်ဆိုသည့် အတွေးဖြင့် စိတ် အညစ်ကြီးညစ်လျက် ခွန်ရှေးလတ်ကိုယ်ကြီးကိုသာ ထုရိုက်နေမိ သည်။





"ကိုရှေးလတ် ခမ်းပြောနေတာ မရတော့ဘူးလားရှင်"

"စိတ်ချပါဗျာ၊ ခမ်း စိုးရိမ်သလို မဖြစ်စေရပါဘူး၊ နေရာကိုလည်း ဘယ်သူမှမလာပါဘူး"

"စိတ်ညစ်လိုက်တာရှင်"

"ကိုယ်လည်း စိတ်ညစ်နေတာပါပဲဗျာ"

ခွန်ရှေးလတ်ကို စကားအနိုင်မပြောနိုင်တော့ပြီဟု သိလိုက် ၏။

"ရှင့်ကို ခမ်း အရှုံးပေးပါပြီရှင်"

"ခမ်းအပေါ်မှာ ကိုယ်လည်း အနိုင်မယူရပါလားဗျာ"

"ရှင် ခမ်းစကားကို နားမထောင်တာ အနိုင်ယူတာပဲ ပေါ့"

"ဒါဖြင့် ချစ်တာကရော"

ခမ်းနှင့်ခွန်ရှေးလတ် တစ်ယောက်မျက်နှာကို တစ်ယောက် င့်နှင့်သည်းသည်း စူးစိုက်ကြည့်လိုက်ကြသည်။ ခွန်ရှေးလတ် ိတ်ထဲ ခမ်းအပေါ် မည်သို့မည်ပုံ ခံယူထားသည်မသိရသော်လည်း မ်းအတွက်တော့ ခွန်ရှေးလတ်၏ တစ်ဖက်သတ် အပြုအမူတိုင်း ာ အခံရခက် ရှက်ရွံ့စွာဖြင့် သူမမာနကို လာလာထိနေပါသည်။

အထူးသဖြင့် ခမ်းကို ချစ်သူတစ်ယောက်လို ပိုင်စိုးရဲဝံ့စွာ ပြုမူပြောဆိုဆက်ဆံနေသူထံမှ အခုချိန်ထိ သူ့အပေါ်ထားသည့်

ခမ်း၏သဘောထားကို မမေးမြန်းဘဲ ပြစ်ထားခြင်းဖြစ်သည်။

ခမ်းကိုချည်း သူ့ရင်ထဲက အချစ်အကြောင်းတွေ တွင်တွ ပြောနေသည်။ ခမ်းက သူ့အပေါ်မှာ မေတ္တာသက်ဝင် ချစ်ခင်ပါရဲ့ လား။ သူ့အချစ်ကို လက်ခံတုံ့ပြန်ပါရဲ့လားဟု နှစ်ဦးအတူရှိခိုက်မှ ရော ချစ်အနမ်းတွေ ဖွတ်အတင်းပေးနေချိန်မှာရော တစ်ကြိမ်တစ်ခါ မှ ခမ်း၏သဘောထားကို မေးမြန်းစူးစမ်းခြင်း၊ ချစ်အဖြေတောင်း ခြင်း မရှိခဲ့သလို မေးရန်လည်း သတိမှ ရပါလေစမသိပါ။

ခွန်ရှေးလတ်အတွက် ခမ်းဆိုသည့် မိန်းကလေးမှာ ချစ်သူ ဖြစ်ကောင်းဖြစ်နေနိုင်သော်လည်း ခမ်းအတွက်တော့ဖြင့် ခွန်ရှေးလတ် မှာ သူမ၏ချစ်သူ မဟုတ်သလို ခမ်းနှင့် ဘယ်လိုမှ သက်ဆိုင်ပ သက်သူလည်း မဟုတ်သေးပါ။

"ခမ်း"

"ဒေါက်…ဒေါက်"

"ဟော အပြင်က တံခါးခေါက်နေပြီ၊ ခမ်းကိုလွှတ် ရှင်"

နှုတ်ခမ်းကိုကိုက်ပြီး ခွန်ရှေးလတ် ခမ်းကို လွှတ်ပေးလိုက သည်။ ကြေမွသွားသည့် အဝတ်တွေကို သေသပ်အောင် ပြုပြင်ပြီ ဣန္ဒြေရစွာ ခွန်ရှေးလတ်နားမှာ ရှိနေသည်နှင့်

"ဝင်ခဲ့ပါ"

ဝိုးဝိုးစာပေ



ခမ်း၏အခြေအနေကို စောင့်ကြည့်နေသည့် ခွန်ရှေးလတ် ထံမှ အောင်မြင်ခန့်ညားသော အသံက တိတ်ဆိတ်နေသော ခန်းမ ဆောင်အတိုင်း ပျံ့လွင့်သွားသည်။

"ကျွိး"

"သြော်…ဦးကြီးဟိန္ဒ"

အခန်းဝမှာ ပေါ်လာသူက တခြားသူမဟုတ်။ ဦးကြီးဟိန္ဒ ကိုယ်တိုင် ဖြစ်နေသဖြင့် ခွန်ရှေးလတ်က ခရီးဦးကြိုပြုလိုက်သော် လည်း ဦးကြီးဟိန္ဒက ခွန်ရှေးလတ်ကိုမကြည့်ဘဲ သူ့နားမှာ အတူရှိ နေသော ခမ်းရှိရာသို့ စူးရှစွာစိုက်ကြည့်လာပါသည်။

"မင်းတို့ကိစ္စကို ဘယ်လိုလုပ်မှာလဲ"

"ကျွန်တော်"

"တစ်ခါတည်း ကြေငြာအသိပေးလိုက်တော့ ခွန်ရှေး လတ်"

ဦးကြီးဟိန္ဒစကားက တိကျသည်။ ပြတ်သားသည်။ ခွန်ရှေးလတ်က သူ့ဦးကြီးမျက်နှာကို အဓိပ္ပာယ်များစွာပါဝင်သော အကြည့်တစ်မျိုးဖြင့် ကြည့်လိုက်သည်။ ဂျူလီယာနှင့် လက်မထပ် လျှင် ဟော်နန်းစံအိမ်မှတစ်ပါး တခြားဆက်ခံရရှိမည့် ဖခင်ကြီး၏ အမွေအနှစ်အားလုံး ဆုံးရှုံးရမည်ဟု ပြောခဲ့သူမှာ ဦးကြီးဟိန္ဒဖြစ် သည်။

ဝိုးဝိုးစာပေ

အခုပွဲမှာ ဂျူလီယာမပါ။

ဦးကြီးဟိန္ဒ နှုတ်ဖျားကလည်း ဂျူလီယာအကြောင်း ဘာတစ်ခွန်းမှမပြော။ ခမ်းကို သူ၏ပာရားဝင် ဇနီးမယားအဖြစ် ခွန်ရှေးလတ် အတွက် အထူးပြုလုပ်ပေးသော ဤညည့်ခံပွဲမှာ အများသိအောင် ကြေငြာခိုင်းနေသည်။ ဦးကြီးဟိန္ဒမှာ ခွန်ရှေးလတ် မသိနိုင်သော ဘယ်လိုအကြောင်းတရားတွေ ရှိနေသနည်း။

"မင်းသဘောတူရင် လူထုပရိသတ်ကို ကြေငြာဖို့ အခုပဲ စီစဉ်လိုက်မယ်"

"ကျွန်တော်သဘောတူပါတယ်"

"ခမ်းဘက်ကတော့ ဒီအစီအစဉ်ကို သဘောမတူနိုင်ပါဘူး ကိုရှေးလတ်"

"ဗျာ"

"ဟင်"

ခွန်ရှေးလတ်နှင့် ဦးဟိန္ဒအကြည့်တွေက ခမ်းထံ စုပြုံရောက်လာသည်။

"ခမ်း"

ခွန်ရှေးလတ်အသံက အံ့သြခြင်းတွေနှင့် လှုပ်လှုပ်ရှားရှား။ အနားမှာ အတူရှိနေသည့် ခမ်းလက်ကလေးကို စိတ်လှုပ်ရှားစွာ ဆွဲယူလိုက်တော့ ခမ်းက သူမကိုယ်လေးကိုရှိုပြီး သူနှင့်ဝေးရာကို





ဘိုးရွှေ့သွားပုံက ခွန်ရှေးလတ်ရင်ထဲ ဟာခနဲဖြစ်သွားသည်။

"ခမ်းကိုခွင့်လွှတ်ပါ ကိုရှေးလတ်၊ ကိုရှေးလတ်ကို ဒီထက်ပို မကူညီနိုင်တာ ဝမ်းနည်းပါတယ်ရှင်"

"ဒီနေရာက ခမ်း သွားပါရစေ"

"မင်းတို့ဟာက ဘာတွေလဲ ခွန်ရှေးလတ်၊ ဒီကလေးမ ပြောနေတဲ့စကားတွေကရော ဘာအဓိပ္ပာယ်တွေလဲ"

"သူ ကျွန်တော့်ကို စိတ်ဆိုးနေလို့ပါဗျ"

"အေး...ကလေးဆန်တယ်ဆိုတာ နေရာတိုင်းကောင်းဘာမဟုတ်ဘူးဆိုတာ မင်းမိန်းမကို နားလည်သဘောပေါက်အောင် အခုထဲက သင်ပြထား ခွန်ရှေးလတ်"

"အထူးသဖြင့် ခွန်ရှေးလတ်ရဲ့ ဇနီးမယားဆိုရင် ဘယ်လိုနေတတ်ထိုင်တတ်မှဖြစ်မယ် ဆိုတာမျိုးပေါ့"

"ကျွန်တော်တို့ ညှိနှိုင်းတိုင်ပင်လိုက်ပါဦးမယ် ဦးကြီး"

ဦးဟိန္ဒက ခွန်ရှေးလတ်စကားကို သဘောမကျသလို သက်ခနဲ စူးရှစွာ လှမ်းကြည့်သည်။

"အခုမှ မင်းတို့ခြင်းက ညှိနှိုင်းတိုင်ပင်တဲ့အဆင့်လား"

ခွန်ရှေးလတ် ဦးကြီးဟိန္ဒကို ဘာတစ်ခွန်းမှ ပြန်မပြောနိုင်ဘဲ နှုတ်ဆိတ်နေလိုက်သည်။ ရင်ထဲမှာတော့ ခမ်းစကားတွေနှင့် ပလောင်ဆူနေပြီဖြစ်သည်။

"အေးလေ ဒီနေ့ကိစ္စတော့ ရှိပါစေ၊ နောက်တစ်ခါ တစ်ကြိမ်တစ်ခါဆိုတာ ထပ်ရှိမလာပါစေနဲ့"

"မင်းတို့ ပြန်ချင်ရင်ပြန်နိုင်ပြီ"

"ကျွန်တော်တို့ကို ခွင့်ပြုပါဦးကြီး"

"ခွင့်ပြုပါဦးရှင့်"

"ကောင်းပြီ"

ဦးကြီးဟိန္ဒူရှေ့မှာ တင်းကြပ်မဲမြံစွာ ဆုပ်ကိုင်လာသော ခွန်ရွှေးလတ်လက်များကို ဖယ်ရှားငြင်းဆန်ခြင်းမပြုဘဲ သူဆွဲခေါ်ရာသို့ အလိုက်သင့်ပါလာသူက ခမ်းဖြစ်သည်။ ကားပေါ်ရောက်သည်အထိ ခမ်းကို သူက ဘာစကားတစ်ခွန်းမှ မပြောသလို ခမ်းကိုယ်တိုင်ကလည်း ခန့်မှန်းနားလည်ရခက်သော အမူအရာတစ်မျိုးနှင့် ခွန်ရွှေးလတ်ကို တစ်စုံတစ်ရာပြောဖို့ မကြိုးစားပါ။

နှစ်ယောက်စလုံး အတွေးကိုယ်စီဖြင့် ငြိမ်သက်စွာ လိုက်ပါလာကြသည်။ ထိုနှစ်ခုသော အတွေးတို့၏ခရီးဆုံးက ဆန့်ကျင်ဘက်များချည်း ဖြစ်နေခြင်းကို နှစ်ယောက်စလုံးမသိချေ။

ခွန်ရွှေးလတ်က ခမ်းကို ဤနေ့ဤအချိန်မှစ၍ တခြားဘယ်ကိုမှ သွားလာခွင့်မပြုဘဲ သူ့မျက်စိရှေ့မှာသာထားရန် ဆုံးဖြတ်ချက်ကိုလည်းကောင်း…

ခမ်းထံမှ ခွန်ရွှေးလတ်နှင့် တတ်နိုင်သမျှ ဝေးဝေးနေမှ



ဖြစ်တော့မည်ဆိုသည့် အတွေးကိုလည်းကောင်း၊ နှစ်ဦးစလုံး ကျိတ်၍ ကြံစည်စဉ်းစားလျက်ရှိကြလေသည်။

* * *

## အခန်း (၂၀)

"ခမ်း"

"အိုး…ဒါကဘယ်လိုလုပ်လိုက်တာလဲရှင့်"

ခမ်း၏အိပ်ခန်းထဲအထိ ရဲတင်းစွာလိုက်ဝင်လာသူကြောင့် ခမ်းမှာ မျက်လုံးလေး ဝိုင်းဝိုင်းလည်လျက် ခွန်ရှေးလတ်မျက်နှာချောချောကို အလန့်တကြား မော့အကြည့်မှာ သူက ခမ်း၏ အိပ်ခန်းတံခါးကိုပါ ဖျတ်ခနဲ ဆွဲပိတ်လိုက်ပုံကြောင့် ခမ်းရင်ထဲ ဒိတ်ခနဲ ဆောင့်ခုန်သည့်အထိ ထိတ်လန့်သွားသည်။

"ခမ်း အခန်းထဲက အခုထွက်ပေးပါ ကိုရှေးလတ်"

"ပြောစရာစကားရှိတယ်"

သူ့အသံက တိုပြတ်ပြတ်။

"ပြောစရာရှိရင် အခန်းပြင်မှာပြောပါ"





တုန်ရီချင်နေသော အသံကိုထိန်းပြီး မျက်နှာမပျက်အောင် ကြိုးစားပြောနေသူကို ခွန်ရှေးလတ် စူးရဲစွာ စိုက်ကြည့်ပစ်သည်။

"ခမ်း"

ခမ်း မထူးပါ။

ဤနေရာက ဘယ်လိုလွတ်အောင် ပြေးရမလဲဆိုတာကို သာ စဉ်းစားနေမိသည်။

"ခမ်း သွားပါရစေ"

"သွားပါရစေ ဟုတ်လား၊ ဘယ်ကိုသွားမှာလဲ၊ ကိုယ့်ကို ထားပြီး ခမ်း ဘယ်ကိုသွားမှာလဲ ပြော"

"ခမ်းဘက်က အတတ်နိုင်ဆုံး ကူညီခဲ့ပြီးပါပြီ ကိုရှေး လတ်"

"ဆိုလိုတာက ခမ်းဘက်က တာဝန်ကုန်ပြီလို့ ဆိုလို တာလား"

ခမ်း မဖြေ။

စိတ်ရှုပ်ထွေးစွာ သူ့ကို တစ်ချက်ကြည့်ပြီး မျက်လွှာချ လိုက်တော့ သူက ခမ်းနားကို ဖျတ်ခနဲ ရောက်လာသည်။

"အခု ကိုယ်က ခမ်းကို အကူအညီတောင်းနေတာ မဟုတ်ဘူး၊ ကိုယ်နဲ့ခမ်းတို့ရဲ့ သက်ဆိုင်ပတ်သက်မှုကို လူတွေ အားလုံးသိအောင် အသိပေးကြေငြာမှာ"

"ခမ်းမှ သဘောမတူဘဲ"

"ဒါပေမယ့် ခမ်းဟာ ကိုယ့်ရဲ့ တရားဝင်ဇနီးလေ၊ ဒါ အမှန်တရားမဟုတ်လား"

"အဲဒါ ဟန်ဆောင်တာရှင့်"

"ကိုယ့်ဘက်ကတော့ ဘယ်တုန်းကမှ ဟန်မဆောင်ခဲ့ပါ ဘူး ခမ်း"

"ဟင်"

"ကိုယ် ခမ်းကိုချစ်လို့ မြတ်နိုးလို့ရယူသိမ်းပိုက်ခဲ့တာပါ ခမ်းကို ကိုယ်ချစ်တယ်၊ ကိုယ်တို့နှစ်ယောက်ကြားက ဟန်ဆောင် ခြင်းဆိုတဲ့ စကားကို ဒီနေ့ပဲ ကိုယ်ဖျက်သိမ်းလိုက်ပြီ"

"ကိုယ့်ရင်ခွင်ထဲမှာပဲ ခမ်းနေပါ"

"ဂျောက်"

"ဟာ"

အခန်းတစ်ခုလုံး မီးအမှောင်ကျသွားသလို ခမ်းတစ်ကိုယ် လုံးလည်း သူ့ရင်ခွင်မှာ နွေးထွေးမွှန်းကြပ်သွားသည်။ အိပ်ရာနှင့် ကျောပြင်ထိတာကို သိသည်။ ပြိုကျလာသော အနမ်းတံတိုင်းကို ကာကွယ်ရန် အခွင့်မရှိ။ ခွန်ရှေးလတ်ဆိုသူ၏ ချစ်စည်းကမ်း မညီညွတ်ခြင်းကို ပြစ်တင်လိုသော်လည်း အချည်းနှီး။

"ရှင့်ကို ခမ်းမုန်းမိတော့မယ်နော်"

ဝိုး၊မိုး၊ဝ၇၄ပ



သူက ခမ်းစကားကို ဂရုမစိုက်။

"ခမ်း"

"အိုး"

နံနက်ခင်း၏ ပြိုအံလာသော အလင်းတစ်ဝက်မှာ ခမ်း သူ့ကိုထားပစ်ခဲ့သည်။ မချစ်၍ကမဟုတ်။ ချစ်မိသူ၏ရင်ကို နာကျင်ပင်ပန်းစေသူကြောင့် ဖြစ်သည်။ မည်းနက်သော လမ်း အတိုင်း ခမ်း၏ကားလေးက တရိပ်ရိပ် ပြေးနေ၏။ ပါးပြင်ပေါ် ဝီးကျလာသော မျက်ရည်တို့ကို ဖယ်ရှားခြင်းမပြုမိ။ ခွန်ရှေးလတ်ဆို သည့် လူဆိုးက ခမ်း၏သဘောထားကို တစ်ခုမှ မေးမြန်းခြင်း မပြုဘဲ အချစ်စည်းကမ်းများကို သူ့စိတ်ကြိုက် ရေးဆွဲခဲ့သူအဖြစ် ခမ်းက သူ့ကို အပြစ်ပေးရန်သာရှိသည်။

ခမ်းကို တွင်တွင်ချစ်ရေးဆိုသူ။

ခမ်းဘဝကိုရော ခမ်းနှလုံးသားကိုပါ ပိုင်စိုးသူနှင့် ခမ်းမှာ အခုချိန်ထိ တရားဝင်ချစ်သူများ မဟုတ်ခဲ့ကြခြင်းကို ရင်မှာနာနေ သည်။

"တီ…တီ"

ခမ်းနားက ဖြတ်ကျော်သွားသည့် ကားတစ်စီးထဲက လူကို ခမ်း သတိမထားမိပေမယ့် ကားထဲကလူက ခမ်းကိုမြင် သည်နှင့် သူ့ကားကို ခမ်း၏ကားနောက်မှ တိတ်တဆိတ် လိုက်ပါ ဖို့

ဝိုး၊မိုး၊ဝ၇၄ပ

ကြိုးစားသည်။ ထိုသူက တခြားသူမဟုတ်။ ကိုနန္ဒကိုယ်တိုင် ဖြစ်သည်။

ခမ်း တစ်ယောက်တည်း မည်သည့်အဖော်မှ မပါတာပဲ ရင်တဒိတ်ဒိတ်ခုန်နေသည်။ ဥစ္စာရင်းမှန်၍ ခမ်းကို ပြန်တွေ့ခြင်းဆိုသည့် ကျေနပ်ခြင်းပီတိဖြင့် ခမ်းကို သူနှင့်တစ်ပါတည်း ဆောင်ယူသိမ်းပိုက်ရန် ဆုံးဖြတ်ချက်ပိုင်ပိုင် ချထားနှင့်သူ။

လူရှင်းသည့်နေရာအရောက်မှာ ကိုနန္ဒက သူ့အကြံစတင်သည်။

‘‘ကျွီး’’

‘‘ငူး’’

‘‘အို…ကျွီး’’

ကားနှစ်စီး ရှေ့ဆင့်နောက်ဆင့်ဆိုသလို ရပ်သွားသည်။ တစ်ဖက်ကားကို ခမ်းလှည့်အကြည့်…

‘‘ခမ်း’’

‘‘ဟင်…အစ်ကိုနန္ဒ’’

ပြေးစရာမြေမရှိတော့သလို ခမ်း နှုတ်ဆွံ့အနေချိန် ကိုနန္ဒက ခမ်းကားရှိရာ ဖြိုးဖြိုးဖျတ်ဖျတ် ရောက်လာသည်။

‘‘အစ်ကိုနဲ့ ပြန်လိုက်ခဲ့ပါခမ်း’’

‘‘ရှင် ဘာတွေလာပြောနေတာလဲ ကိုနန္ဒ၊ ခမ်းမှာ





အိမ်ထောင်နဲ့ပါ’’

‘‘ကိုယ်ဂရုမစိုက်ဘူး’’

‘‘ဟင်’’

‘‘ခမ်းမှာရှိသမျှ အပြစ်တွေအားလုံး အစ်ကိုခွင့်လွှတ်ဘယ်၊ အစ်ကို့ကို မသနားဘူးလား ခမ်းရယ်’’

‘‘တီ’’

‘‘ဟော ဟိုမှာ ကားတစ်စီးလာနေပြီ၊ ခမ်းကို ဖွတ်လုပ်ရင် ခမ်းအော်လိုက်မယ်သိလား’’

‘‘ခမ်း’’

‘‘ဟင် ဖွေး’’

အခုမှ ခမ်းရောက်ရှိနေသော နေရာမှာ ဖွေးတို့အိမ်နားဖြစ်နေခြင်းကို သတိပြုမိကာ ခမ်း ပါးပြင်ပေါ် မျက်ရည်တွေ ဝိုးပိုးပေါက်ပေါက်ကျလာပြီး…

‘‘ဖွေး ညီမရယ်၊ အစ်ကိုနန္ဒကို ကူညီပါဦးကွယ်၊ ခမ်းက အစ်ကို့ကို သိပ်နာကြည်းနေတယ်’’

‘‘ခမ်းကို ဆက်မနှောင့်ယှက်ပါနဲ့တော့ အစ်ကိုနန္ဒ’’

‘‘ဖွေး’’

‘‘ခမ်းမှာ သူ့အိမ်ထောင်နဲ့သူပါ၊ ပြီးတော့ အစ်ကိုနန္ဒမှာလည်း တိတ်တိတ်ပုန်းမိန်းမ မချောတင်ဆိုတာရှိနေတယ်လေ’’

"ဟင်"

"ဖွေး…မင်း မင်း ဒါတွေကို ဘယ်လိုသိတာလဲ"

ဖွေးမျက်နှာ တင်းမာသလို ခက်လည်းခက်ထန်နေ သည်။ ဖွေးစကားကြောင့် မျက်နှာမည်းပျက်သွားသူကိုလည်း ရွံ စက်ဆုပ်စွာ ကြည့်သည်။

"ဘယ်လိုသိသိ ရှင့်အပူမဟုတ်ပါဘူး ကိုနန္ဒ၊ အကောင်း ဆုံးက ကိုရှေးလတ် ရောက်မလာခင် ဒီနေရာက ရှင်အမြန်ဆုံးထွက် သွားပါ"

"ခမ်း"

"ရှင့်အသံကို မကြားပါရစေနဲ့ကိုနန္ဒ"

"ဘယ်လိုပဲဖြစ်ဖြစ် အစ်ကို ခမ်းကိုသိပ်ချစ်ခဲ့တယ်ဆိုတာ တော့ ခမ်းယုံပါ"

"ဝူး"

"ကျွီး"

"ဖွေးရယ်"

ဖွေးရင်ခွင်ထဲ ပြေးဝင်ပြီး အားပါးတရ ငိုချလိုက်သည်။ ကံကောင်းလွန်း၍ ကိုနန္ဒဆိုသည့် လူယုတ်မာလက်က လွတ်မြောက် လာရခြင်းပါလား။ ဖွေးသာ အချိန်မီရောက်မလာလျှင် ကိုနန္ဒ လက်ထဲက ခမ်းအဖြစ်ကို ခမ်းဘာသာလည်း မတွေးရဲတော့ပါ။

နိုး မိုး ဝ၁၈ပ



"မငိုပါနဲ့ ခမ်းရယ်၊ ဒီလူကို ဖွေးကိုယ်တိုင်လည်း လောက်ယုတ်မာလိမ့်မယ်လို့ မထင်ခဲ့ဘူး၊ အခု ဖွေးတို့အိမ်မှာ းမောခြံက ကိုနန္ဒဆီမှာ အလုပ်လုပ်ဖူးတဲ့ ညှော်သည်တစ်ယောက် ာက်နေတာလေ၊ သူနဲ့ စကားစပ်မိရာက ကိုနန္ဒအကြောင်း သိရ ာပဲ"

"အခုပဲ ခမ်းတို့အိမ်ကို သွားမယ်ဆိုပြီး ထွက်လာတာ၊ ရှေးလတ်မှုပါဘဲ အဝတ်အိတ်တွေနဲ့ ခမ်းတစ်ယောက်တည်း ယ်ကိုသွားမလို့လဲ"

ခမ်း မဖြေနိုင်။

တသိမ့်သိမ့်သာ ရှိုက်ငိုနေတော့ ဖွေးက သူ့ဘာသာပင် ခ်ပွာယ်ကောက်၍ ဘာသာပြန်ပါသည်။

"ဘာလဲ ကိုရှေးလတ်နဲ့ ခမ်း လင်မယားချင်း စိတ် ာက်ပြီး ဖွေးဆီထွက်လာတာလား"

"ခစ်…ခစ်"

ဖွေးက သူ့စကားသူ သဘောကျစွာ သူမထုံးစံအတိုင်း ့အပင်ကင်းစွာ တခစ်ခစ်ရယ်သည်။

"လင်မယားတွေ စိတ်ကောက်ပြီး ပြန်အချော့ခံရတာ ်ပျော်စရာကောင်းတာပဲဆို"

"တော်ပါဖွေးရယ်၊ သူ့ကိုလည်း ခမ်း မုန်းပါတယ်"

နိုး မိုး ဝ၁၈ပ

''ဘာဖြစ်လို့လဲ''

''ဖွေးအိမ်ကို အရင်သွားကြပါစို့ဖွေးရယ်၊ သူ ဖုန်းဆက်လာရင်လည်း မသိဘူးလို့ပြောလိုက်ပါ''

''အဲမယ် ဒါတော့ဖြစ်မလားရှင့်၊ တော်ကြာ ဆေးရိုးသည်က ကန့်လန့်ဖြစ်နေပါမယ်၊ ဖွေးကတော့ ကိုရှေးလတ်ဖုန်းဆက်လာရင် အဖြစ်မှန်ကိုပြောရမှာပဲ''

''သူလည်း ကိုနှင့်နဲ့ ဘာမှမထူးလှပါဘူးလေ''

''ဘာကိုလဲ''

''သူ့မှာလည်း ဂျူလီယာဆိုတဲ့ မိန်းမရှိနေသားပဲ''

''ဪ…ဒီလိုကိုး၊ ဒါကြောင့် ခမ်းက စိတ်ကောက်တယ်ပေါ့''

ခမ်း မဖြေသဖြင့် ဖွေးက ပြုံးပြီးဘာမှထပ်မမေးပါ။ ကားနှစ်စီးကို ရှေ့ဆင့်နောက်ဆင့် ဖွေးတို့အိမ်ရှေ့မှာအရပ် ဖွေးဖုန်းက အသံမြည်လာသည်။

''ဟဲလို''

''ဪ ကိုရှေးလတ်''

ခွန်ရှေးလတ်ဆိုတာနှင့် ခမ်းမျက်နှာကို ဖျတ်ခနဲ လွှဲပစ်တော့ ဖွေးကရယ်သည်။

''ခမ်း ရှိသလားဆိုတော့ ဖွေးနားမှာ ခမ်းမရှိဘူး ကိုရှေး





က်ရဲ့၊ ဒါပေမယ့် ကိုရှေးလတ်အကြောင်းတော့ ဖွေးဆီကို းဆက်တယ်''

ဖွေးက ခမ်းကို မျက်လုံးတစ်ဖက် မှိတ်ပြသည်။

''ဘာတွေများ ဖုန်းဆက်တာလဲဗျာ၊ ခမ်းကို ကိုယ် ကယ်ချစ်တာပါ''

''ဂျူလီယာဆိုတာကရော''

''ဗျာ''

ခွန်ရှေးလတ်၏ ထူထဲသောမျက်ခုံးနှစ်ဖက် မြင့်တက်သွားည်။ တစ်ဆက်တည်းမှာပဲ ခမ်းနှင့်သူ့ကြားမှာ ဂျူလီယာ ဘာတွေး ပြဿနာရှုပ်ထားပါလိမ့်ဆိုသည့် အတွေးက ချက်ချင်းဝင်လာည်။

''ဂျူလီယာဆိုတာ ကိုရှေးလတ်ချစ်သူလား''

''ဟာ…မဟုတ်ဘူး၊ ကိုယ်နဲ့ဘာမှမဆိုင်ဘူး၊ ခမ်း ကိုယ့်ဲ အထင်လွဲနေတာပါဗျာ''

''ခမ်းရှိတဲ့နေရာ ကိုယ့်ကိုပြောပြပါဖွေး၊ ကိုယ် အခုးဆီလာနေပြီ''

''ခမ်းရေ ရှင့်လူကြီး ဖွေးအိမ်ကိုလာနေပြီတဲ့''

ဖုန်းကိုပိတ်ပြီး ဖွေးက ခမ်းဘက်လှည့်ပြောတော့ ခမ်း

ဝိ:မိ:၀၁၄ပ

ရှောင်ပုန်းဖို့ရာ အခက်တွေ့သွားသည်။

"လုပ်ပါဦး ဖွေးရယ်၊ ခမ်း သူနဲ့မတွေ့ချင်ဘူး"

"အခုမှတော့ ရှောင်ပြေးချင်လို့လည်း မရတော့ဘူးထင်တယ်၊ အချစ်နတ်သမီးလေးရေ အချစ်မင်းသားလေးဆီမှာသာ အမ်ခံလိုက်တော့"

"ခစ်"

"ဖွေးနော် ခမ်းဖက်က ကူညီဖို့တော့ မစဉ်းစားဘူး၊ ခမ်းကိုတစ်ခုခုစီစဉ်ပေးဦးဆို"

"ကဲပါ ဖွေးအခန်းထဲ သွားနေပါ၊ ခမ်းကားကို ဖွေးကားဂိုဒေါင်ထဲ သိမ်းထားပါ့မယ်၊ ကဲ ကျေနပ်ပြီလား"

ခမ်း ဖွေးအခန်းထဲ ရောက်သွားချိန်မှာ ဖွေးက ခမ်းကားကို သူမကားဂိုဒေါင်ထဲကို ပိတ်သိမ်းပါသည်။

"တီ"

ကားဟွန်းသံကြား၍ ခမ်း လိုက်ကြည့်လိုက်တော့ ခွန်ရှေးလတ်၏ ကားကြီးကို မြင်ရသလို ကား၏အရှင်သခင်ကို တွေ့မြင်လိုက်ရခြင်းကလည်း ခမ်းနှလုံးသားကို တသိမ့်သိမ့်ခါသွားစေသည်။ ဖွေးနှင့် ခြံထဲမှာ နာရီဝက်ခန့် စကားပြောပြီး ခွန်ရှေးလတ်ပြန်သွားမှ ခမ်း သက်ပြင်းရှိုက်လိုက်သည်။

* * *

ဝိုးမိုး စာပေ

## အခန်း (၂၁)

"ဂျူလီယာနဲ့တွေ့ချင်တယ် ဦးကြီး"

"ဘာကိစ္စလဲ"

"သူနဲ့ရှင်းစရာရှိလို့ပါ"

ဦးဟိန္ဒက သူ့တူမျက်နှာကို စေ့စေ့ကြည့်ပြီး နှုတ်ဆိတ်နေရာက မျက်ခုံးကို တွန့်ထားသည်။

"ဂျူလီယာမှာတော့ မင်းနဲ့ရှင်းစရာရှိပုံမရပါဘူး"

"သူရှိတဲ့နေရာကိုသာ ပြောပါ ဦးကြီးဟိန္ဒ"

"ဘာလဲ မင်းအမွေကိစ္စအတွက်လား"

"အဲဒါတွေ ကျွန်တော်စိတ်မဝင်စားဘူး၊ ခမ်းနဲ့ ကျွန်တော့်ကြားမှာ သူဘာတွေဝင်ရှုပ်ထားလဲ သိချင်တာ"

"ဩော်"

ဦးဟိန္ဒက သူ့တူတော်မောင် မျက်နှာချောချောကို ကြည့်

ဝိုးမိုး စာပေ

လျက် ဦးခေါင်းကို တဆတ်ဆတ်ညိတ်သည်။ သူ့အဖေနှင့် တူပဲ တူနိုင်လွန်းသော ဤကလေးက သူမှန်သည်ဟုထင်လျှင် ဘာကိုမှ စိတ်မဝင်စား။ ဂရုလည်းမစိုက်။ ဂျူလီယာလို မိန်းမကို မယူချင်တာနှင့် သူပိုင်ဆိုင်ရမည့် စည်းစိမ်ချမ်းသာတွေကို စွန့်လွှတ်ရန် ဝန်မလေးသည့် စိတ်ဓာတ်က ကြောက်စရာကောင်းသလို တစ်မျိုးအားဖြင့်လည်း ချီးကျူးရမည်ထင်သည်။

"မင်းမိန်းမက ဂျူလီယာကြောင့်လို့ ပြောသလား"

"သူမပြောပေမယ့် ကျွန်တော်သိတယ်"

ဦးဟိန္ဒထံမှ ကျယ်လောင်သော သက်ပြင်းရှိုက်သံ ထွက်လာသည်။

"ဂျူလိုယာက သူ့လမ်းသူလျှောက်သွားပြီ ခွန်ရွှေလတ်၊ သူ့^ယ်ရည်းစားဆိုတဲ့ကောင်က ဂျူလီယာဘဝကိုရော စည်းစိမ်ချမ်းသာတွေကိုပါ သိမ်းပိုက်လိုက်ပြီ"

"မင်းလည်း ကြားဖူးမှာပါ၊ ဖရက်ဒီဆိုတဲ့ လူရှုပ်လူပွေကို"

"သူတို့အကြောင်း ကျွန်တော် စိတ်မဝင်စားဘူးဦးကြီး"

"အေး ဟိုကလည်း မင်းတို့အကြောင်း စိတ်ဝင်စားချိန်မရဘူး၊ တစ်ဖက်နိုင်ငံကို သူ့ယောက်ျားနဲ့ ပါသွားပြီလို့ပြောတာ"

"မင်းမိန်းမကို ခေါ်ပြီး ဟော်နန်းကိုပြန်လာခဲ့၊ မင်းအဖေ





ရဲ့ နေရာကို ဆက်ခံပြီး စီးပွားရေးကိစ္စတွေအားလုံး မင်းပဲဦးဆောင်တော့"

"ဦးကြီး"

"မင်းပြောမှာ ငါသိတယ် ခွန်ရွှေလတ်၊ ငါခိုင်းတဲ့အတိုင်းသာလုပ်ပါ၊ ဂျူလီယာကို မင်းလက်မထပ်ဘူး၊ မင်းလက်ထပ်ချင်တဲ့သူကို လက်ထပ်ပြီးပြီ"

"တစ်နည်းပြောရရင် ကိစ္စအားလုံး သူ့နည်းသူဟာနဲ့ ရှင်းသွားပြီလို့ဆိုရမှာပေါ့၊ မင်းပိုင်ဆိုင်ခွင့်အားလုံး မင်းလက်ထဲပြန်ရောက်လာပြီ"

"ကျွန်တော် စဉ်းစားဦးမယ်"

"အခုချိန်ထိ စဉ်းစားဦးမယ်ပဲလား ခွန်ရွှေလတ်၊ မင်းလုပ်ချင်ရာလုပ်ပြီးပြီ၊ ငါပြောတာကို ဒီတစ်ခါနားထောင်ပါ"

"ကျွန်တော်ပြန်တော့မယ်"

ခွန်ရွှေလတ် ဦးဟိန္ဒကို နှုတ်ဆက်လမ်းခွဲလာခဲ့သည်။ ဟော်နန်းစံအိမ်နှင့် ပတ်သက်ပြီး ဦးကြီးကို ဘာကတိစကားမှ မပေးခဲ့ပေမယ့် ဖေဖေ့အမွေအနှစ်တွေကို ဆက်ခံမည့်သူမှာ ခွန်ရွှေလတ်မှတစ်ပါး တခြားသူမရှိခြင်းကို သူနားလည်သည်။

ရှားပါးသော ဆွေမျိုးအုပ်စုမှာ အမွေဆက်ခံရန် ကျန်ရှိသူက အစ်ကိုစိုင်းယီ၏ သမီးငယ်နှင့် ခွန်ရွှေလတ် မွေးဖွားလာမည့်

ရင်သွေးရတနာများသာ။ ခွန်ရှေးလတ်၏သွေး၊ ဖေဖေ၏ အမွေကို ဆက်ခံရမည့်မြေးဟု တွေးလိုက်သည်နှင့် ခွန်ရှေးလတ်တစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်းထသွားသည်။

တစ်ဦးတည်းသောသားလို ဖြစ်ခဲ့ရသော ခွန်ရှေးလတ်မှာ အစ်ကိုတစ်ယောက် ရှိခဲ့သော်လည်း အစ်ကို၏မေတ္တာကို မခံစားခဲ့ရပါ။ ရန်သူတစ်ယောက်ပမာ ပြုမူပြောဆိုဆက်ဆံခြင်းအောက်မှာသာ နှလုံးသားတွေ နာကျင်စွာ ကြီးပြင်းခဲ့ရသည်။

သူ့အလှည့်မှာတော့ ခွန်ရှေးလတ်၏ သားသမီးများကို သူ့လိုဝေဒနာမျိုး မခံစားစေရဟု ဆုံးဖြတ်ထားသည်။ သူ့ဘဝ တစ်သက်တာမှာ တစ်ခါသာ အိမ်ထောင်ပြုမည်။ သူချစ်သော ဇနီးမယားနှင့် သားတွေသမီးတွေမွေးပြီး ဘဝတစ်ခုလုံးကို သာယာ ပျော်ရွှင်သော မိသားစုနှင့်အတူ ရင်ဆိုင်ဖြတ်သန်းမည်။

ပျော်ရွှင်သော မိသားစုဘဝသည်သာ ခွန်ရှေးလတ်၏ စစ်မှန်သောအနာဂတ်ဟု တွေးလိုက်မိသည်နှင့် ခွန်ရှေးလတ်ရင်မှာ ချစ်သော ခမ်း၏မျက်နှာလေးကို မြင်ယောင်ကာ အတိုင်းမသိ ကြည်နူးမိသော်လည်း သူ့အပါးမှာ ချစ်ရသူကမရှိ။

ခမ်း။

ကိုယ့်ရဲ့ချစ်ဇနီးရယ်။

ရင်ခွင်မှာ မြတ်မြတ်နိုးနိုး ထွေးသိပ်ခဲ့သော ချစ်ဇနီးကို





သတိရစိတ်ဖြင့် ရင်တစ်ခုလုံး တမ်းတလှိုက်မောသွားသည်။ ခမ်းကို သူချစ်သည်။ မြတ်နိုးသည်။ တန်ဖိုးထားသည်။ ထိုအချစ်တွေကို ခမ်းဆိုသည့်ချစ်ရသူက နည်းနည်းလေးမှ အသိအမှတ်မပြုနိုင်တော့ပြီလား။

ဖွေးက ခမ်းကို သူ့ထံမလာပါဟုဆိုပေမယ့် ထိုစကားကို ခွန်ရှေးလတ် မယုံပါ။ ဖွေး၏အပြုံးထဲမှာ လျှို့ဝှက်ချက်တစ်ခု ရှိနေခြင်းကို သူသိသည်။ ကားကို ဖွေးတို့ခြံရှိရာသို့ ဦးတည်လိုက်သည်။ အမှောင်ထုအားကိုးဖြင့် ကားကို ခပ်လှမ်းလှမ်းမှာ ရပ်ပြီး ဖွေးတို့အိမ်ကို လှမ်းမြင်နိုင်သည့် နေရာအထိ ခြေလှမ်းကျဲကြီးတွေနှင့် ခွန်ရှေးလတ် လျှောက်ခဲ့သည်။

တိတ်ဆိတ်နေသော ဝန်းကျင်မှာ လူသွားလူလာ ရှင်းနေသည်။ ဖွေးတို့ တစ်အိမ်လုံး မီးတွေထိန်လင်းနေပေမယ့် လှုပ်လှုပ်ရှားရှား မည်သည့်ပုံရိပ်ကိုမျှ မတွေ့ရ။ အမှောင်ရိပ်ကိုခိုပြီး ဖွေးတို့အိမ်ကို မျက်တောင်မခတ် စူးစိုက်ကြည့်နေရင်း သူ့အဖြစ်သူ သဘောကျစွာ ခွန်ရှေးလတ် ရယ်လိုက်သည်။

"အဟွန်း...ဟွန်း...ဟွန်း"

သူ့အဖြစ်က ဘာနှင့်တူနေပြီမသိ။

မမလေးကိုခိုးဖို့ တိတ်တခိုးပြင်နေသည့် အချစ်လူဆိုးမှာ ခွန်ရှေးလတ်ကိုယ်တိုင် ဖြစ်နေသည်ဟုပြောလျှင် မည်သူဘာပြော

မည်နည်း။ အချစ်ဆိုသည့်အရာက ထူးခြားဆန်းကျယ်သော ခွန်အား တွေကို ပေးစွမ်းစေခိုင်းသူလား။

ခွန်ရှေးလတ်ဆိုသူက ဖြစ်ချင်တာကို ဖြစ်ရမှ ကျေနပ်သူ။ သူအလိုရှိတာကို မရရအောင် ယူငင်တတ်သော ဖွဲ့လူသား။ တိတ်ဆိတ်ခြင်းကို ပထမဆုံး ဖြိုခွင်းသည်က ဖွေး၏ရယ်သံစူးစူး လေးဖြစ်ပြီး လှုပ်ရှားသက်ဝင်လာသော ပုံရိပ်တချို့ ခွန်ရှေးလတ် မြင်ကွင်းထဲ ရောက်လာသည်။

"ဟော"

ခွန်ရှေးလတ် ရင်တို့ ဒိတ်ခနဲခုန်သွားစေသော ပုံရိပ်တစ်ခု။ ဖွေးနှင့်အတူ ခြံထဲဆင်းလာနေပါပြီ။ ထိုပုံရိပ်ရှင်က ခွန်ရှေးလတ် ချစ်မြတ်နိုးသော မိန်းမချောလေး ခမ်း၏ပုံရိပ်။ ချစ်စနိုး သူ တစ်ချက်ပြုံးလိုက်သည်။

ခွန်ရှေးလတ်ဆိုတဲ့ လူတစ်ယောက်ကို ခမ်း နှလုံးသားထဲ က အလွယ်တကူ ထုတ်ပစ်နိုင်လောက်အောင် ခမ်းဆိုတဲ့ မိန်းမ ချောလေးရဲ့ နှလုံးသားတွေဟာ မာကျောအေးစက်နိုင်မှာမို့လား အချစ်ရယ်။

ကိုယ်သိပါတယ်။

ကိုယ့်ကို ခမ်း မမုန်းပါဘူးဗျာ။

ဒါပေမယ့် ဂျူလီယာကြောင့် ကိုယ့်ကို ခမ်း မယုံကြည်ရဲ





ဘူးမဟုတ်လား။ တစ်နည်းပြောရရင် ချစ်တဲ့စိတ်နဲ့ သဝန်တိုခြင်း လို့ပဲ ဆိုရမလား။

"ခမ်း"

"ဟင်"

"အခုလို မှုံမှုံဖျဖျလလေးသာနေတော့ ခမ်းယောက်ျား ကို သတိမရဘူးလား"

"ရပါဘူး"

"တကယ်"

"တကယ်ပေါ့"

ဖွေးအမေးကိုဖြေရင်း ခမ်းစိတ်မှာ ဖျတ်ခနဲ ခွန်ရှေးလတ် ရှိရာ ရောက်သွားခြင်းအဖြစ်ကိုတော့ ခမ်းလည်း မတတ်နိုင်ပါ။ စိတ်၏လျှင်မြန်မှုနှုန်းကို ခမ်း လိုက်မမှီ။

"ဖွေးတော့ မယုံပါဘူး၊ ချစ်လို့ယူထားကြတာပဲ စိတ်ဆိုး စိတ်ကောက်တာကတခြား ကိုယ့်ချစ်သူ ကိုယ်လွမ်းနေတာကတခြား ဟုတ်တယ်မဟုတ်လား"

ခမ်းထံမှ ဘာသံမှထွက်မလာ။

မိုးကောင်းကင်ကြီးကို ရွှန်းလက်မည့် နက်သောမျက်လုံး တွေနှင့်သာ စူးစိုက်ကြည့်ငေးနေပုံက ချစ်စရာ။ မြတ်နိုးစရာ။ လရောင်လွှံ့နေသော အချစ်နတ်သမီးမှာ ခမ်းကိုများ ညွှန်းထားသည်

လား မဆိုနိုင်။

“အခုနေ ကိုရှေးလတ် ရောက်လာရင် ဘယ့်နှယ်လုပ်မလဲ”

“ထွက်ပြေးမှာပေါ့”

“ခမ်”

“အဟွန်း”

ဖွေးထံမှ ခစ်ခနဲရယ်သံ ထွက်လာသလို ခွန်ရှေးလတ်ထံမှ ချစ်ဖနီးအဖြေကို ချစ်စနိုးရယ်သံ ခပ်တိုးတိုးထွက်လာပါသည်။

“ကိုယ့်ယောကျ်ားကို ထွက်ပြေးစရာလားဟယ်”

“ကိုရှေးလတ်ကို ချစ်ဘူးလား”

“ချစ်ပါဘူး”

“ကြောက်တောင်ကြောက်သေးတယ်”

“ဘာလို့လဲ”

“ကြောက်စရာကောင်းလို့ပါ”

“မဖြစ်နိုင်ပါဘူးဟယ်၊ ချစ်စရာကောင်းတာပဲနေမှာပါ ဟုတ်တယ်မဟုတ်လား၊ ကိုယ့်ယောကျ်ားပဲ”

“ဘာကိုယ့်ယောကျ်ားလဲ”

“ခမ်းနဲ့ ဘာမှမဆိုင်ဘူး”

“ကိုရှေးလတ်လာရင် ဆိုင်ကြောင်း သက်သေပြနိုင်းမှ





ထင်တယ်”

“ဖွေးနော် တော်တော်အူမြူးနေတယ်၊ သူ့အကြောင်း ဘာမှမပြောနဲ့၊ တခြားအကြောင်းပဲပြော”

“ဘာလဲ ပြောရင်းက သတိရလာရင်ပြောနော်၊ ရှင့် ချစ်ချစ်ကြီးကို အခုပဲလာခေါ်ပါလို့ ဖုန်းဆက်လိုက်မယ်”

“ခမ်းတော့ မလိုက်ဘူး၊ ဖွေးပဲလိုက်သွား”

“ကိုရှေးလတ်က ဒီမျက်နှာလေးကိုမှ ချစ်တာတဲ့”

“သွား”

သူငယ်ချင်းနှစ်ယောက် ခိုးခိုးခစ်ခစ်ရယ်သံလေးတွေက ညလေပြေညှင်းမှာ မျောလွင့်သွားသလို ချစ်သူ၏ ရယ်သံသာသာ လေးကလည်း ခွန်ရှေးလတ်၏ ပူလောင်သော နှလုံးသားကို လန်းဆန်းအေးမြစေနိုင်စွမ်းပါသည်။

ချစ်လိုက်ရတာ ခမ်းလေးရယ်။ ခမ်းက ကိုယ့်ကိုမချစ်ဘဲ ကြောက်တယ်တဲ့လား။ ခမ်းကို ကိုယ်ချစ်တာပါဗျာ။ ကြောက်စရာ မဟုတ်ပါဘူး။ ချစ်စရာပါ။

ကိုယ့်ကို ခမ်း မချစ်ဘူးလား။

ပထမဆုံး ခွန်ရှေးလတ် နှလုံးသားထဲ ဝင်ရောက်လာသော ချစ်စရာအတွေးစိတ်ကူးဖြစ်ပါသည်။ သူ့ရင်ထဲက အချစ်တွေကို သွင်သွင်ပြောကြားနေသော်လည်း ခမ်းဆိုသည့် ချစ်သူလေးထံမှ

ချစ်အဖြေကို တစ်ကြိမ်တစ်ခါမှ မမေးဘူးတာကို သတိရသွားသည်။

သူ့ကို ခမ်း ချစ်နေလိမ့်မည်ဟု ဘာကြောင့် ယုံကြည် စိတ်ချနေရသနည်း။ စိမ်းနှုတ်ဖျားက ချစ်အဖြေကို ကြားနာလိုစိတ် ခွန်ရှေးလတ်ရင်မှာ ပြင်းပြင်းပျပျ ဖြစ်ပေါ်လာသည်။

"ခမ်း"

ချစ်သူအမည်ကို တိုးဖွဖွာ သူခေါ်လိုက်သည်။ ခမ်းက မကြား။ သူ့ကိုယ်သူ သတိမထားမိခင်မှာပင် ခွန်ရှေးလတ် ခြေလှမ်း အစုံက ခမ်းရှိရာသို့ လျှောက်မှန်းမသိ လျှောက်သွားနေမိသည်။

"ခမ်း"

"ဟင်"

"ဟိုမှာလာနေတာ ကိုရှေးလတ်မဟုတ်လား"

"ဟယ်…ဟုတ်တယ်တော့၊ ကိုရှေးလတ်ကြီး ခမ်းတို့ လာခေါ်နေပြီ"

"အို"

ခမ်းထံမှ ဘာစကားမှမပြောနိုင်ဘဲ လရောင်ပျပျအောက်က ခွန်ရှေးလတ်ကို ငေးကြောင်တွေဝေစွာ ကြည့်နေမိနိုက်

ဖွေးက ခွန်ရှေးလတ်ရှိရာသို့ ခပ်သွက်သွက်လေး လျှောက်သွားတာ မြင်လိုက်ရသည်။

"ခမ်းကို လာခေါ်တာလားဟင် ကိုရှေးလတ်"

8:8 | ၀၁၆ပ



"ဟုတ်ပါတယ်ဗျာ"

"ထင်သားပဲ၊ မနက်ထဲက ဖွေးပြောတာ ကိုရှေးလတ် မယုံဘူးဆိုတာ"

ပြောပြီး ဖွေးက ခစ်ခနဲရယ်သည်။

ပြုံးနေသည့် ခွန်ရှေးလတ်အပြုံးများနှင့် စူးရှတောက်ပသည့် မျက်ဝန်းအစုံက ခမ်းရှိရာမှာသာ တည်တံ့ရောက်ရှိလျက်။

"အိမ်ထဲဝင်လေ ကိုရှေးလတ်၊ ကားရောမပါဘူးလား"

"ဟိုမှာလေ"

ရပ်ထားသည့် ကားရှိရာသို့ ဖွေးကို လက်ညှိုးညွှန်တော့ ခမ်းကို တိတ်တိတ်ကလေး လှမ်းသိသူမသိ လာချောင်းသည့် ခွန်ရှေးလတ်အကြံကို ဖွေး ရိပ်မိသွားဟန်ဖြင့် နှုတ်ခမ်းအစုံ ပြုံးနေသည်။

"ခမ်းရေ ဒီမှာ ကိုရှေးလတ်လာတယ်"

"ခမ်း"

"ဟော့တော့ အိမ်ထဲကို တကယ်ဝင်ပြေးသွားပြီ ကိုရှေးလတ်ရေ၊ လိုက် လိုက်"

"ကိုရှေးလတ်ကို ခမ်းက ကြောက်တယ်ချည်းပြောနေတယ်သိလား"

"ကိုယ့်ရုပ်က ဒီလောက်တောင် အကြည့်ရဆိုးနေပြီလား ဗျာ"

8:8 | ၀၁၆ပ

''သိချင်ရင် ခမ်းနဲ့တွေ့မှ မေးကြည့်လေ''

ပြောပြီး ဖွေးရယ်သည်။

လှပသော ချစ်သူငယ်ချင်း ခမ်းနှင့် ချောမောခန့်ညားသော ခွန်ရှေးလတ်ကို ဖွေးက ပြေလည်စေချင်သူဖြစ်သည့်အတိုင်း သူငယ်ချင်းခမ်းဘက်ကချည်းမနေဘဲ ခမ်းအလစ်မှာ ခွန်ရှေးလတ်၏ ဘက်တော်သားအဖြစ် အငှားရှေ့နေလည်း လုပ်ပါသည်။

''ခမ်းနောက်လိုက်သွားလေ ကိုရှေးလတ်၊ ဖွေးအိမ်မှာ လူကြီးတွေမရှိဘူး၊ အိမ်ဖော် အစမ်းနဲ့ ဖွေးပဲရှိတာ''

''အပေါ်ထပ် လှေကားထိပ်ညာဘက်ကအခန်းမှာ ခမ်း ရှိလိမ့်မယ်၊ ရှင်တို့အချင်းချင်း ပြေလည်အောင်သာ ဆွေးနွေးကြ ဖွေး ဒီကပဲစောင့်မယ်''

''ကျေးဇူးတင်ပါတယ် ဖွေး''

''ဖွေးသူငယ်ချင်းအတွက်ပဲရှင့် ဒီလောက်တော့ ကူညီ မှာပေါ့''

''သွားလေ''

ဟန်ဆောင်ပင် ငြင်းဆန်ခြင်းမပြုနိုင်တော့ဘဲ ခြေလှမ်းကျ ကြီးတွေနှင့် အိမ်ထဲဝင်ရောက်ကွယ်ပျောက်သွားသူ ခွန်ရှေးလတ်၏ နောက်ကျောပြင်ကိုကြည့်ကာ ပခုံးလေးတစ်ချက် တွန့်ပြီး လမင်းကြီး ကို ပြုံးလျက် မော့ကြည့်နေလိုက်သည်။

* * *

ဝိုး : မိုး : ၀၇၆ပ

## အခန်း (၂၂)

ခမ်းမှာ တစ်ချိန်လုံး ဖွေးကိုချည်း စိတ်ထဲက အပြစ်တင် နေမိ၏။ သူမနား ဖွေးရောက်လာလျှင် ခမ်း၏သဘောထားကို ...စ်ချက်မေးဖော်မရဘဲ ခွန်ရှေးလတ်ဆိုသည့်လူကို အပြေးအလွှား ...ရီးဦးကြိုပြုသမျှ ဖွေး၏ကျောပြင်ကို ဖျောတင်မည်ဟု တေးထား ...သည်။

ခွန်ရှေးလတ်ဆိုသည့် လူကိုလည်း ဤကဲ့သို့ ခိုးကြောင် ...ဝှက်ပုံစံဖြင့် ခမ်းရှိရာရောက်လာလိမ့်မည်ဟု ထင်မထားခဲ့ပါ။ ...တ်တရက်ကြီး သူ့ကိုမြင်လိုက်ရတော့ ခမ်းတစ်ကိုယ်လုံး ထူပူကာ ...ရာက ချာခနဲ လှည့်ပြေးခဲ့သည်။

သူ ဘယ်အချိန်ထဲက ဖွေးတို့အိမ်ရှေ့နားမှာ ရှိနေသည် ...သိပါ။ သူငယ်ချင်းနှစ်ယောက် အတူခြံထဲဆင်း လမ်းလျှောက်ရင်း ...တ်လွှတ်လက်လွှတ်ပြောနေသည့် စကားတွေကို ခွန်ရှေးလတ်

ဝိုး : မိုး : ၀၇၆ပ

ကြားမှာပဲဟုတွေးကာ ဖွေးကိုသာ ထုရိုက်ချင်နေသည်။

ဖွေးတော့လား လာပလေ့စေဦး။ သူငယ်ချင်းဘက်ကမပါဘဲ ဟိုလူဘက်တော်သား တော်တော်လုပ်ချင်နေတယ်။

မနက်ခင်းထဲက ခမ်းမရှိဘူးလို့ ပြောလိုက်တာရော တကယ်မှ ဟုတ်ရဲ့လားမသိဘူး။

ဖွေးမျက်နှာ ပြုံးစိစိလုပ်နေမှတော့ ဟိုက ရိပ်မိသွားမှာပေါ့ဟုတွေးကာ အခန်းထဲ တစ်ယောက်တည်း ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း ခမ်းရှိရာလိုက်လာသည့် ခွန်ရေးလတ်ကြောင့် ခမ်းစိတ်တွေ လှုပ်ရှားနေ၏။

"ခေါက် ခေါက်"

"ဟော ဖွေးလာပြီ"

"လာပါ လာပါ၊ သူငယ်ချင်းဘက်ကမပါဘဲ ဟိုလူဘက်ကပါတဲ့ ဖွေးကို"

"ခမ်း"

"ဟင်"

အခန်းတံခါးကို ချောက်ခနဲ ဆွဲဖွင့်ပြီး သူငယ်ချင်းမဖွေးကို ရန်တွေ့စကားနှင့် အပြေးကြိုလိုက်မိသူ ခမ်းမှာ အိပ်ခန်းဝတွင် မားမားကြီးရပ်နေသော ခွန်ရေးလတ်ကို တွေ့မြင်လိုက်ရသဖြင့် အံ့သြထိတ်လန့်စွာ ငေးကြောင်ကြည့်နေပြီးမှ…



"ရှင် ရှင် ဘယ်လိုလုပ်ပြီး ဒီအထိအောင် ရောက်လာရ…လဲဟင်"

"ဖွေးက လွှတ်လိုက်လို့ပါ"

"ဘာ"

"ခမ်း"

"အို…ဟင့်အင်း၊ ဟင့်အင်း၊ ရှင့်ကို ခမ်း မတွေ့ချင်ဘူး"

"ဟိတ်…အဲဒီလိုမလုပ်ရဘူးလေ"

ခမ်းက သူမအိပ်ခန်းတံခါးကို ဖွတ်အတင်းပြန်ပိတ်ဖို့ …းစားတော့ ခမ်းအကြံကို ကြိုတင်ရိပ်မိသိရှိထားသည့် ခွန်ရေးလတ် ခမ်း၏ အိပ်ခန်းတံခါးချပ်ကို သူ့လက်များဖြင့် ဆွဲယူထားမြစ်ပါသည်။

"ခမ်း"

"ရှင် ပြန်ပါ"

"ပြန်စေချင်ရင် ခမ်းပါလိုက်ခဲ့၊ ခမ်းမပါဘဲ ဒီနေ့ရာက…ယ်ပြန်မှာမဟုတ်ဘူး"

"ဟင်"

"ကိုယ့်အကြောင်း ခမ်းသိပါတယ်"

"ဘာမှမသိဘူးရှင့်၊ ရှင့်နာမည် ခွန်ရေးလတ်ဆိုတာကလွဲ… ရှင်ဘယ်သူဘယ်ဝါဆိုတာ ခမ်းမသိဘူး၊ စိတ်လည်းမဝင်စား

ဘူး"

"ကိုယ်ကတော့ ခမ်းကို စိတ်ဝင်စားတယ်၊ ခမ်းနဲ့ မခွဲနိုင်ဘူး"

"ခမ်း"

"အို ရှင်ဘယ်လိုဖြစ်နေတာလဲ၊ ဒါ သူများအိမ်ရှင့်၊ ဖွေးကိုအားနာ"

"စိတ်ချပါဗျာ၊ အိမ်ရှင်ကိုယ်တိုင် ခွင့်ပြုချက်နဲ့ ရောက်လာသူပါ"

"အို"

ဖွေးကို အပြစ်တင်ပါသည်။ ခွန်ရှေးလတ်ဆိုသည့်လူ ဤမျှရဲတင်းအောင် ဖွေးကိုယ်တိုင် သွေးထိုးမြှောက်ပင့်သူအဖြစ် စိတ်ဆိုး၍မဆုံးသော်လည်း ခမ်းနှင့် ဆန့်ကျင်ဘက် ခွန်ရှေးလတ်ကတော့ ဖွေး၏အလိုက်သိမှုကို အထပ်ထပ် ကျေးဇူးတင်နေပါသည်။

"အိမ်ပြန်ကြမယ်"

"ခမ်း မလိုက်ဘူး"

"လိုက်တဲ့နည်းနဲ့ခေါ်ရမှာပေါ့"

"ရှင်ဘယ်လိုလူလဲရှင့်"

"ခမ်းကို ချစ်တဲ့လူလေ"

ရွှန်းလဲ့စွာ ညှို့ငင်သော မျက်ဝန်းများက ခမ်းမျက်နှာလှလှလေးကို တစ်ရှိုက်မက်မက် နှစ်ရူးစွာ စိုက်ကြည့်နေပုံက ခမ်းအသည်းနှလုံးတွေ ဖြောင်းဆန်ကုန်သည်အထိ ဖြစ်သည်။ ခွန်ရှေးလတ် ရင်ခွင်ထဲမှာ ခမ်းက သူ့စိတ်ကြိုက်ဆော့ကစားချင်စရာ မိန်းမလှလေးဖြစ်နေရခြင်းကိုလည်း ရှက်လန့်နေပါသည်။





"ကိုယ်တစ်ယောက်တည်း မနေတတ်တော့ဘူးခမ်းရယ်၊ ကိုယ့်နားမှာ ခမ်းရှိမှဖြစ်မယ်၊ ကိုယ်ပြောတာ ခမ်း နားလည်ပါတယ်နော်"

တိုးရှိုက်သည့် သူ့အသံက ခပ်ရှရှသူ့စကားကြောင့် ခမ်းတစ်ကိုယ်လုံး ထူပူသွားလျက် သူ့မျက်နှာကို မော့မကြည့်ရဲအောင် ဖြစ်သွားသည်။

"ညက"

"အို ဘာတွေပြောနေတာလဲ"

"ဆောရီး ကိုယ်ပြောချင်တာက ခမ်းပျောက်သွားတော့ ကိုယ့်ရင်ထဲ ဘယ်လောက်နာကျင်ပူလောင်သွားရတယ်ဆိုတာ ခမ်းသိစေချင်တာပါဗျာ"

ရှက်မွှန်ပြာဝေနေသော ခမ်း၏သွင်ပြင်လှလှကို မြတ်နိုးချစ်မဝသော မျက်လုံးလက်လက်များဖြင့် စိုက်ကြည့်ရင်း ခွန်ရှေးလတ် ရင်ထဲမှာ အချစ်တွေပြည့်သိပ်လာခြင်းကို ခမ်း နားမလည်။

"ခမ်း"

"ရှင်ဘာပြောပြော ရှင့်နောက်ကို ခမ်းပြန်မလိုက်ဘူးလို့ ဆုံးဖြတ်ပြီးပြီ"

"ကိုယ်က ခမ်းအတွက် ကြောက်စရာလူလား"

"ရှင့်ကိုယ်ရှင်သိမှာပေါ့"

"သိတယ်"

"ခမ်းအတွက် ကိုယ်က ချစ်စရာအကောင်းဆုံးလူ၊ ခမ်းကိုချစ်တာ အပြစ်လား၊ ချစ်သူနှစ်ယောက် တစ်ယောက်ကို တစ်ယောက် သိပ်ချစ်လာရင်"

"ခမ်းချစ်သူက ရှင်မှမဟုတ်ပဲ"

"ကိုယ့်ချစ်သူကတော့ ခမ်းပဲ၊ နေဦး အခုကိုယ်တို့အခြေအနေက ချစ်သူအဆင့်မှမဟုတ်တော့ဘဲ၊ ခမ်းက ကိုယ့်ဇနီး၊ ကိုယ်နဲ့ တရားဝင်လက်ထပ်ထားတဲ့ မိန်းမ"

"ရှင် ရှင် တော်တော့လို့ပြောနေတယ်နော် ခမ်း၊ ရှင့်ကို မုန်းတယ်သိလား"

"ကဲ ကဲ"

ပြောရဲသူက ပြောရဲပေမယ့် ကြားရသည့်သူမှာ မျက်နှာတစ်ခုလုံး နီရဲထူပူကာ မကြားရဲအောင်ဖြစ်လျက် သူ့ကိုယ်ကို ရှက်ရွံ့စွာ ထုရိုက် ၊တော့ သူ့ကို ထုရိုက်မိတော့ သူက ခမ်းကို အနမ်းဖြင့် ချော့မြှူနှစ်သိမ့်ပါသည်။



"ခမ်းလေးရယ်"

"သူများအိမ်ကြီးမှာ ရှင်နော်"

"ချစ်တယ်ခမ်းရယ်"

အချစ်ဆိုတာ ဒါပဲလား။

ရုန်းထွက်မရနိုင်တဲ့ နှောင်ကြိုးတွေ အထပ်ထပ်ရစ်ပတ် ံရသူအဖြစ် နောက်ဆုံးမှာ အချစ်ကို လက်မြှောက်အရှုံးပေးရသည် ာ နုနယ်သော နှလုံးသားပိုင်ရှင်အတွက်သာ ဖြစ်ပါသည်။

"ဂျူလီယာဆိုတာ ကိုယ်နဲ့ ဘာမှမဆိုင်တဲ့ မိန်းမ ာစ်ယောက်ပါဗျာ၊ ပြီးတော့ သူက ကလေးတစ်ယောက်အမေ ှဆိုးမ၊ အခုတော့ အိမ်ထောင်သစ်ထူလိုက်ပြီ"

"ပြန်ကြမယ်"

"ဘယ်ကိုလဲ"

"ရှင့်အိမ်ကိုပေါ့၊ အချိန်အကြာကြီး ဆွဲနေရင် မွေးအထင် ွဲမှာကြောက်တယ်"

"ကိုယ့်ကိုရော မကြောက်ဘူးလား"

"မေးနေစရာတောင်မလိုဘူး"

"အဟွန်း…ဟွန်း…ဟွန်း"

ဒိုင်းခနဲ ကျရောက်လာသည့် အချစ်မျက်စောင်းဆုကို ကျေနပ်စွာ ခံယူရင်း ခမ်းလက်ကလေးဆွဲယူလာခဲ့သည်။ လရောင်

အောက်မှာ ဖွေး တစ်ယောက်တည်း လမ်းလျှောက်နေဆဲ။

"ပြန်လိုက်သွားတော့မလား ခမ်း"

"အစထဲက နှင်ချင်နေတာ အခုမှသိတယ်"

ခမ်းအသံက မကျေမနပ်။

ဖွေးကတော့ ခမ်းနှင့်ဆန့်ကျင်ဘက် ခစ်ခနဲ ရယ်မော လျက်

"စေတနာတွေပါဟယ်၊ နောက်မှ ဖွေးကိုကျေးဇူးတင်နေ မယ်"

"ကိုယ်ကတော့ အခုရောနောက်ရော ဖွေးစေတနာတွေကို ကျေးဇူးတင်နေမှာပါဗျာ"

"ကိုယ်တို့ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီရှင်"

ခမ်းက ဖွေးကို နှုတ်ပင်မဆက်။

ခမ်း စိတ်ဆိုးနေတာကို ကြည့်ပြီး ဖွေးမှာ တခိခိနှင့် ကျိတ်ရယ်နေ၏။

"နောက်လည်း ဖွေးဆီကို မကြာခဏလာနော် ခမ်း"

"ဘ်ချ ဒီတစ်သက် ခမ်းမျက်နှာကို မြင်ရမယ်မထင် နဲ့"

"စေတနာကိုဟယ်"





ဖွေး၏ တခစ်ခစ်ရယ်မောသံက လရောင်မှာ ပျံ့လွင့်ကျန် ရစ်သည်။ ခွန်ရှေးလတ်ကားကို ရပ်လိုက်တာနှင့် ခမ်းက ဘာစကား မှမပြောပဲ အပေါ်ထပ်ရှိ သူမအခန်းရှိရာ တောက်လျှောက်တက်သွား သဖြင့် ခွန်ရှေးလတ်ပါ အတူလိုက်ခဲ့သည်။

"မနက်ဖြန် ဦးကြီးလာလိမ့်မယ် ခမ်း"

"အဲဒါ ခမ်းက ဘာလုပ်ရမှာလဲ"

"ခမ်းက ကိုယ့်ရဲ့တရားဝင်ဇနီးဖြစ်ကြောင်း အားလုံးသိ အောင် ကြေငြာရမှာပေါ့ဗျာ"

"ရှင်ပြောချင်တာ ဒါပဲမဟုတ်လား"

"အဲဒီရှင်ကြီးကျန်သေးတယ်"

"ဘာရယ်"

"တစ်အချက်က ကိုယ့်ကို ရှင် ရှင်နဲ့ပြောနေတာ ကိုယ် မကြိုက်ဘူး၊ နှစ်အချက်က အခုချိန်ထိ ကိုယ့်ကိုချစ်တယ်လို့ ခမ်း ပြောတာ တစ်ခါမှ မကြားဖူးသေးဘူး"

ရှင်ကရော ခမ်းကို မေးဖူးလို့လားဆိုသည့်စကားကို ခမ်းရင်ထဲကပဲ ပြောလိုက်ခြင်းကို ခွန်ရှေးလတ် မကြားပါ။ အဆင့် တွေ တစ်ဆင့်ပြီးတစ်ဆင့် ကျော်လွန်ပြီးမှ ဒီလိုစကားကြားရခြင်း အပေါ်မှာ ခမ်းအဖြစ်က ရယ်ရခက်၊ ငိုရခက်ပါ။

အစထဲကသာ ခမ်းကို သူ့ရဲ့တရားဝင်ချစ်သူအဖြစ်

နှစ်ဦးသဘောတူ လက်ခံသတ်မှတ်မည့်အဆင့်ကို ကျော်လွန်ပြီး

""ခမ်း""

""ပြောပါ""

""မောင့်ကို ချစ်လား""

""မချစ်မိပါဘူး""

""ဟာ""

""ဟိတ် နေဦးလေ""

ခွန်ရှေးလတ် အလန့်တကြားလေး လှမ်းအော်ပေမယ့် ခမ်းက သူ့ကို တစ်ချက်လှည့်မကြည့်ဘဲ သူမအိပ်ခန်းထဲ ပြေးဝင်ကာ တံခါးချက်ကို သော့ချပစ်ပါသည်။ သူလိုချင်သောအဖြေကိုမရဘဲ အိမ်မြောင်အမြီးပြတ်သလို ဖြစ်ကျန်ရစ်သူက ခွန်ရှေးလတ်။

""ခမ်း""

""ခမ်း မောင့်ကို တံခါးဖွင့်ပေးပါဦးဗျာ၊ ခမ်း မောင့်ကို မချစ်ဘူးဆိုတာ တကယ်လား""

""တကယ်ပဲ ခမ်းက မောင့်ကိုမချစ်တာလား""

""လုံးဝကိုမချစ်တာ""

""ခမ်း""

""ခမ်းကို မနှောင့်ယှက်ပါနဲ့တော့ရှင်၊ ခမ်း အိပ်ချင်ပြီ""

""ခမ်းရယ်""

[illegible]



အခန်းထဲက အသံလေး တိတ်သွားသလို ခွန်ရှေးလတ်မှာလည်း ဦးခေါင်းငိုက်စိုက်ကျသွားသည်။ သူချစ်သော၊ မြတ်နိုးသောမိန်းမက ခွန်ရှေးလတ်ဆိုသည့် သူ့ကိုလည်း လုံးဝမချစ်ပါ၊ မချစ်နိုင်ပါဆိုတာနှင့် ကမ္ဘာလောကကြီးတစ်ခုလုံး အကြည်းတန်အရုပ်ဆိုးသောအသွင်သို့ ပြောင်းသွားပုံက မယုံကြည်နိုင်စရာဖြစ်သည်။

တကယ်ပဲ ခမ်းက သူ့ကိုမချစ်လျှင် သူဘာလုပ်ရမည်နည်း။ အရူးတစ်ယောက်လို ခမ်းအမည်ကို အကျယ်ကြီးအော်ဟစ်၍ ရင်ဖွင့်ပေါက်ကွဲရမည်လား။ ခွန်ရှေးလတ်ဆိုသည့် သူလိုလူတစ်ယောက်ကို ဘယ်လိုမိန်းကလေးမှ မချစ်မနေနိုင်ဟု သူကိုယ်သူယုံကြည်မှုလွန်ကဲမိခြင်းပေါ်ပဲ အပြစ်ကိုပုံချရမည်လား။

မိန်းမတို့သဘော စောကြောရခက်ခြင်း၊ နားလည်ရခက်ခြင်းသဘောကို မထမဆုံး တွေးဖြစ်ဖို့ဖြစ်လာသည်။ ထိုထက်ပို၍ ထူးဆန်းသည်က ခမ်းက သူ့ကိုမချစ်ပါဟု တိကျစွာအဖြေပေးမှ ခမ်း၏ တုံ့ပြန်ပေးအပ်လာမည့် အချစ်ကို ပို၍ပို၍ လိုချင်တောင့်တလာခြင်းဖြစ်သည်။

မောင့်ကိုသာ ခမ်း တကယ်မချစ်ဘဲ တခြားယောကျ်ားတစ်ယောက်ကိုမှ ချစ်ပါသည်ဟုဆိုလာလျှင် သူဘာဆက်လုပ်ရမည်နည်း။ သေချာသည်က ခမ်းထံမှအချစ်ကို မရလျှင် သူရူးမတတ်ဖြစ်တော့မည်ထင်သည်။ အဆင့်များစွာ ကျော်လွန်ခဲ့သည်က

[illegible]

မှန်၏။

သို့သော် သူနှင့်ခမ်းက အခုချိန်ထိ တရားဝင်ချစ်သူများ မဖြစ်ကြသေးပါလားဟုတွေးမိကာ ရင်ထဲမှာ တိတ်တိတ်နှောင်တရသွား၏။

* * *

# အခန်း (၂၃)

ဦးကြီးဟိန္ဒနှင့် တစ်လျှောက်လုံးစကားပြောနေသည့် ခမ်း၏ သွင်ပြင်လောက် ရင်ခွင်ထဲ ပိုက်ထွေးထားချင်စရာကောင်းလောက်အောင် သိမ်မွေ့လှပနေခြင်းကို မျက်တောင်မခတ်စတမ်း ခွန်ရှေးလတ် လိုက်ကြည့်နေ၏။

တစ်နည်းပြောရလျှင် ကိုယ့်မိန်းမကိုယ် ပြန်ပိုးရန် ကြိုးစားအားထုတ်နေခြင်းဟုဆိုလျှင်လည်း မမှားချေ။ ခမ်းနှင့် မျက်လုံးချင်းဆိုင်ကြည့်ဖို့ ကြိုးစားသော်လည်း သူ့အကြံကို သိထားသည့်အလား ခမ်းက ခွန်ရှေးလတ်နှင့် မျက်လုံးချင်းလုံးဝအဆုံမခံခြင်းကြောင့် ခွန်ရှေးလတ်မှာ ခမ်းကိုသာ အသည်းတယားယားနှင့် မြတ်နိုးစွာ ပြုံးပါသည်။

"အဟွန်း"

ခမ်းက သူ့စိတ်ကို လှုပ်ရှားစေသည်။ သူမ ဘာလုပ်လုပ် ဘာပဲပြောပြော ခမ်းနှင့်နေရတာကို ခွန်ရေးလတ်ရင်ထဲ ကြည်နူးချမ်းမြေ့သည်။ ကျေနပ်ပျော်ရွှင်သည်။ ခမ်းသာ သူနှင့်အတူ ရှိနေလျှင် ခွန်ရေးလတ် ဘဝတစ်ခုလုံး ပြီးပြည့်စုံနေသည်။

"အဲဒီတော့ ခွန်ရေးလတ်ရဲ့ ဇနီးတစ်ယောက်အနေနဲ့ သင်္ဖြစ်စေချင်တာကို ဦးကြီးကိုပြောပါ၊ ဦးကြီး အစီအစဉ်ကတော့ အခု ခမ်းကို ပြောပြတဲ့အတိုင်းပါပဲ"

"ခမ်းဘက်က ကန့်ကွက်စရာရှိသေးလား"

"မရှိပါဘူးဦးကြီး"

"ကောင်းပြီ၊ ခမ်းဘက်က ကန့်ကွက်စရာမရှိဘူးဆိုရင် ဦးကြီး စီစဉ်စရာရှိတာ ဆက်စီစဉ်ရုံပေါ့"

"မောင်ရေးလတ် ဦးကြီးပြန်မယ်"

"ဟုတ်ကဲ့"

ဦးဟိန္န၏ ကားနက်ကြီး ခွန်ရေးလတ်တို့ မျက်စိရှေ့က ဝေါခနဲ ပြေးထွက်သွားသည်။ တိတ်ဆိတ်သော အိမ်ကြီးထဲမှာ သူနှင့်ခမ်း နှစ်ယောက်တည်းကျန်ရစ်သည်။

"ခမ်း"

"ဦးကြီးခိုင်းထားတဲ့ အလုပ်ကိစ္စတွေ ခမ်းမှာရှိသေးတယ်



ကိုရေးလတ်၊ ခဏနေရင် ဧည့်သည်တွေလာကြလိမ့်မယ်"

"တီ"

"ဟော…ဖွေးရောက်လာပြီ"

အနားမှာရှိနေသည့် ခွန်ရေးလတ်ကို ခမ်းက တစ်ချက်မျှပင် လှည့်မကြည့်။ ဂရုစိုက်ဖော်လည်းမရ။ ဖွေးရှိရာသို့ အပြေးရောက်သွားပြီး ချစ်စဖွယ်ရယ်မောကာ သူမသူငယ်ချင်းကို ခရီးဦးကြိုပြုခေါ်ငင်လာသည်။

"ဘယ်လိုလဲ ကိုရေးလတ်၊ ခမ်းရဲ့မင်္ဂလာပွဲမှာ သတို့သမီးအရံအဖြစ် ဖွေးကို သဘောတူပါတယ်နော်"

"သိပ်ကိုတူပါသတဲ့ဗျာ"

"ခစ်…ခစ်"

ဖွေးက သူမထုံးစံအတိုင်း တခစ်ခစ်ရယ်မောလျက် ခမ်းနှင့်အတူ ပါသွားသည်။ ခမ်းက ဖွေးကို တစ်ချိန်လုံး သူမနားမှာ ခေါ်ထားသည်။ ခမ်းအတွက် ဦးကြီးဟိန္န လွှတ်ပေးသည့် ဧည့်သည်တွေကလည်း တစ်ဖွဲ့ပြီးတစ်ဖွဲ့။ ခွန်ရေးလတ် အိမ်မှာ အဝင်အထွက်တွေနှင့် ခြေရှုပ်နေသည်။

အစအနောက်သန်၍ ကိုယ်တိုင်လည်း အရယ်သန်သော ဖွေးနှင့်အတူ ရှိနေရခြင်းကြောင့်လားမသိ ခမ်းထံမှ ကြည်နူးချမ်းမြေ့

ဘရာ ရယ်သံလွင်လွင် ချိုချိုအီအီလေးများ မကြာခဏ ကြားနေရ၏။ ဦးကြီးဟိန္ဒ၏ အစီအစဉ့်ဖြင့် ခွန်ရှေးလတ်နှင့် ခမ်းတို့၏ မင်္ဂလာဆည့်ခံပွဲကို ခွန်ရှေးလတ်ပိုင် ဟိုတယ်ကြီးတစ်ခုတွင် ကြီးကျယ်ခမ်းနားစွာ ကျင်းပမည်ဖြစ်သည်။

ခမ်းလုပ်နေပုံက ခွန်ရှေးလတ်အတွက် အသည်းယားဖွယ်ရာ ဖြစ်သည်။ တစ်ချိန်လုံး ခွန်ရှေးလတ်က ခမ်းနားမှာ တရစ်ဝဲဝဲရှိနေပေမယ့် ခမ်းက သူ့ကိုမခေါ်။ မျက်လုံးချင်းဆုံလျှင် မသိစသလိုဟန်ဆောင်သည်။ နောက်ဆုံး သူ ဘယ်လိုမှမနေနိုင်တော့။ လူအများရှေ့မှာပင် ခမ်းကို ခပ်တည်တည် ခေါ်ထုတ်လိုက်သည်။

"ခမ်း ခဏလာပါဦးဗျာ၊ အရေးကြီးတဲ့စကား ပြောစရာရှိလို့"

"ဘာလဲဟင်"

"သိချင်ရင် ရှင့်မောင်တော်ခေါ်တဲ့နောက် လိုက်သွားလေ ခမ်းရဲ့၊ အရေးကြီးတဲ့စကားဆိုမှတော့ ဖွေးတို့ရှေ့မှာပြောပါ့မလား"

"သွား၊ လိုက်သွားချေ"

ခွန်ရှေးလတ်မျက်နှာက ခပ်တည်တည်။ ပြောမည့်စကားကလည်း အရေးကြီးသည်ဆိုတော့ ဖွေးက ခမ်းကို သူ့နားက အတင်းတွန်းလွှတ်ကာ ကျောခိုင်းထွက်သွားသော ခွန်ရှေးလတ်





နောက်ကို ဖွတ်အတင်းတွန်းလွှတ်သည်။

ခမ်းကိုယ်တိုင်လည်း ခွန်ရှေးလတ်ကို တခြားအချိန်တွေက မသိသလိုသိသလို မထိခလုတ်ထိခလုတ် မမြင်သလို မတွေ့သလို ဟန်ဆောင်နေနိုင်ပေမယ့် အခုချိန်မှာတော့ မသိသလို ဟန်ဆောင်နေ၍ မရတော့ပါ။ ဦးကြီးဦးဟိန္ဒ၏ အစီအစဉ်နှင့် ခမ်းကို နာမည်အကြီးဆုံး အလှဖန်တီးရှင်များလက်သို့ အပ်ကာ မင်္ဂလာဧည့်ခံပွဲအတွက် မိတ်ကပ်အဝတ်အစားမှ ခမ်းစိတ်ကြိုက် ရွေးချယ်စီစဉ်စေပါသည်။

ဦးကြီးဟိန္ဒဆိုသည့် ခွန်ရှေးလတ်၏ ဦးကြီးဆိုသူက ကြီးကျယ်သည်။ ခမ်းနားသည်။ ဝင့်ကြွားတောက်ပြောင်သည်ဆိုပေမယ့် ဦးဟိန္ဒဘယ်သူဆိုခြင်းကို ခမ်း မသိရသေးသလို ခမ်း၏ခင်ပွန်းသည်အဖြစ် လက်ထပ်ထားရသော ခွန်ရှေးလတ်ဘယ်သူဘယ်ဝါဆိုခြင်းကိုပါ အခုချိန်ထိ ခမ်းကိုယ်တိုင် မသိရသေးပါ။ သိအောင်လည်း စကားအရာနှင့်ရော၊ အပြုအမူနှင့်ပါ အစ်အောက်မေးမြန်းလိုစိတ်မရှိ။

ခွန်ရှေးလတ်ဆိုသည့်လူကို စတွေ့ထဲက ဘုမသိဘမသိနှင့် လက်ထပ်ဖြစ်ခဲ့သည်။ အဆိုးဆုံးအနေအထားနှင့်ပင် ခွန်ရှေးလတ်ကို မေတ္တာသက်ဝင် လိုက်လှဲစွာ ချစ်ခင်မြတ်နိုးပြီးသည့်နောက်

ပိုင်း သူ ဘာကြီးပဲဖြစ်နေဖြစ်နေ ခမ်းအတွက် ဘာမှပိုထူးလာခြင်း မရှိတော့သလို သံန်းခေါင်ထက် ညဥ့်မနက်နိုင်သော အခြေအနေကို လက်ခံကျေနပ်ခဲ့သူအဖြစ် ဘာကိုမှ ထူးခြားပြီး မခံစားမိတော့တာလည်းပါသည်။

ခွန်ရှေးလတ်ဆိုသည့်လူကို ခွန်ရှေးလတ်အဖြစ်ပဲ နားလည်သည်။ ထိုထက်ပိုသော ခံစားချက်လည်းမရှိ။ တစ်ခုတော့ ခမ်းအသည်းနှလုံးထဲမှာ စွဲနေအောင် နာကျင်သည်။ ထိုအရာက တခြားမဟုတ်။ အခုချိန်ထိ ခမ်းနှင့်သူ တရားဝင်ချစ်သူများအဖြစ် ခွန်ရှေးလတ်ဘက်က အသိအမှတ်မပြုရသေးသလို ခမ်းဘက်ကလည်း လက်ခံတုံ့ပြန်ထားခြင်း မရှိပေ။

"ခမ်းကို ဘာပြောမလို့လဲ"

ခွန်ရှေးလတ် အိပ်ခန်းတံခါးပေါက်ဝမှ ထွက်ပေါ်လာသော ခမ်း၏အသံလေးကြောင့် ကျောခိုင်းအနေအထားဖြင့် ပြတင်းပေါက်ဘောင်ကို လက်ထောက်မှီလျက် မြဲအပြင်ဘက်ကို ငေးနေရာက ခွန်ရှေးလတ် ခပ်ဖြည်းဖြည်း လှည့်ကြည့်သည်။

"လာ ဒီမှာထိုင်ဦး"

"ခမ်း မထိုင်တော့ပါဘူး၊ ပြောစရာရှိတာသာပြောပါ"

အခန်းပေါက်ဝမှာ ကြွေရုပ်ကလေးရှိရာ တစ်ချက်စိုက်





ကြည့်လိုက်တော့ ခမ်းက သူ့အကြည့်ကို ရင်ဆိုင်ခြင်းမပြုဘဲ ချက်ချင်း မျက်လွှာချ အကြည့်လွှဲပါသည်။

"အဟွန်း"

ခွန်ရှေးလတ် တစ်ချက်ရယ်လိုက်ပြီး ခမ်းရှိရာ လျှောက်လာသည်။

"မောင်တို့နှစ်ယောက်အတွက် အရေးအကြီးဆုံးစကားကို ဒီလိုပဲ အခန်းပေါက်ဝမှာ ပြောကြမလား"

"ခမ်း နားထောင်နေပါတယ်"

"ခမ်း"

"ပြောပါ"

"ဘယ်အချိန်ကြမှ မောင့်ကို စိတ်ဆိုးပြေမှာလဲ"

"ကိုရှေးလတ်ကို ခမ်း ဘယ်တုန်းကမှ စိတ်မဆိုးပါဘူး"

"စိတ်တော့ ကောက်တယ်မဟုတ်လား"

"ခမ်းကို ပြောစရာရှိတာ ဒါပဲဆိုရင် ခမ်းသွားတော့မယ်"

"ခမ်း"

"အို ကိုရှေးလတ်"

နေရာက ချာခနဲလှည့်ပြေးမည့် ခြေလှမ်းများကို ခွန်ရှေးလတ်က အရင်ဦးအောင် သိမ်းပိုက်ပါသည်။

"မောင်လို့ခေါ်ပါ"

"ရှင်နော်"

"ပြီးတော့ မောင့်ကိုချစ်တယ်လို့ပြော ချစ်"

"ချစ်မှမချစ်ဘဲ"

"မင်းနော်"

ခမ်းလေသံကိုလိုက်တုပြီး ပြောလာတော့ ခမ်း နှုတ်ခမ်းတွေ ပြုံးမသွားအောင် မနည်းသတိထားလိုက်ရသည်။

"နောက်တစ်ခါ မောင့်ကိုမချစ်ဘူးလို့ ပြောကြည့်"

"ဘာဖြစ်လဲ"

"ဒါဖြစ်တယ်"

"အို အမေ့"

ရွှေ့ခနဲ ခမ်းကိုယ်လေး မြောက်တက်သွားသည်အထိ ခွန်ရှေးလတ်က ချစ်အသည်းယားစွာ ကြမ်းပါရမ်းပါသည်။ အတိုးချ အနမ်းတွေအောက်မှာ ခမ်းနှုတ်ခမ်းလေးအစုံ နာကျင်ရွှေးထွေးရသလို တင်းကြပ်သော တုပ်နှောင်မှုအောက်မှာ ခမ်းရင်တွေ တဒိတ်ဒိတ် လှိုက်ခုန်နေသည်။

"ချစ်တယ်ကွာ"

သူ့အသံက တုန်ရီနေသလို အနမ်းတွေကလည်း ပလူပုံ



နေသည်။

"မောင့်ရင်ထဲ ဘယ်လောက်ခံစားနေရတယ်ဆိုတာ သိလား"

"ရှင်တစ်ယောက်တည်း ခံစားနေရတာမဟုတ်ပါဘူးရှင်၊ ခမ်းကိုယ်တိုင်လည်း ခံစားနေရတဲ့သူပါ"

"မောင့်ကြောင့်လား"

"ရှင့်ကြောင့်ပေါ့"

"မောင်လို့ပြော"

ခမ်းက မပြောပါ။

နူးညံ့ရွှန်းလဲ့သော မျက်ဝန်းကြီးများဖြင့်သာ ခွန်ရှေးလတ် မျက်နှာချောချောကို ဖျတ်ခနဲ မော့ကြည့်ပါသည်။

"ခမ်း"

"ရှင်"

"မောင့်ကိုချစ်တယ်မဟုတ်လားဟင်"

"ချစ်တယ်လို့ပြောပါလား အချစ်ရယ်၊ ခမ်းဆီက မောင့်ကို ချစ်တယ်ဆိုတဲ့စကားကို မောင်ကြားချင်တယ်"

"အစထဲက အဲဒီလိုပြောခဲ့လား"

"ချစ်က မောင့်ကိုမကျေနပ်တာ ဒါကြောင့်လား"

“ခမ်း မောင့်အသက်ရယ်”

“မောင်ရယ်”

ဒီတစ်ကြိမ်မှာတော့ ခမ်းကိုယ်တိုင် မောင့်အပေါ်မှာ ဟန်မဆောင်ချင်တော့ပါ။ လှိုက်လှဲစွာ ပေးအပ်လာသော မောင့်ထံမှ ချစ်အနမ်းများကို ကျေနပ်နှစ်သိမ့်စွာ ခံယူရင်း မောင့်ကိုယ်ကြီးကို သူမလက်ကလေးများဖြင့် မမှီမကမ်း ပြန်လည်ဖက်တွယ်ထားလိုက်မိပါပြီ။

“ခမ်း”

“မောင်”

“ချစ်တယ်နော်”

“ချစ်ပါတယ်မောင်ရယ်”

“ခမ်းရယ် မောင်ဝမ်းသာလိုက်တာ အချစ်ရယ်၊ ခမ်းနှုတ်ဖျားက မောင့်ကိုချစ်ပါတယ်ဆိုတဲ့ စကားကိုသာ မကြားရရင် မောင်တော့ ရူးမယ်ထင်တယ်”

“တော်ပါ၊ အခုမှ ဒီစကားတွေပြောနေတယ်၊ အစထဲကသာ ခမ်းင ဒီလိုမေးခဲ့ရင် ခမ်းတို့ အခုလိုခံစားရမှာမဟုတ်ဘူး”

“ခမ်းလည်း ခံစားရတယ်”

“ခံစားရတာပေါ့ မောင်၊ မောင်က ခမ်းအပေါ်မှာ အချစ်



စည်းကမ်းတွေ တစ်ခုပြီးတစ်ခု ချိုးဖျက်ခဲ့ပေမယ့် မောင်နဲ့ခမ်းရဲ့ ပတ်သက်မှုက တရားဝင်မှုမဟုတ်ဘဲ”

“တရားဝင်မဟုတ်ဘူး၊ ဟုတ်လား”

ခွန်ရှေးလတ်က ခမ်းစကားကို နားမလည်နိုင်သလို တအံ့တသြလေး ဆိုလိုက်ရင်း ချစ်ဇနီးမျက်နှာကို ချစ်မြတ်နိုးစွာ ငုံ့မိုးစူးစိုက်အကြည့်မှာ ခမ်းထံမှ လှပစွာ ဝဲပျံရောက်ရှိလာသော အချစ်မျက်စောင်းဆုကို ရရှိပါသည်။

“မောင့်စိတ်ထဲမှာ ခမ်းကို အလေးအနက်မထားခဲ့လို့လား”

“ဘယ်လိုပြောလိုက်တာလဲဗျာ မောင့်ချစ်သူကို အလေးအနက်ထား မြတ်နိုးရလွန်းလို့ မောင့်မျက်စိရှေ့မှာ ခေါ်ထားတာပဲ ကြည့်ပါလား”

“အဲဒါ မောင်က ခမ်းကို မောင့်ပိုင်ပစ္စည်းတစ်ခုလို သဘောထားတာ ခမ်းကိုတကယ်ချစ်ရင် မောင့်အပေါ်ထားတဲ့ ခမ်းရဲ့သဘောထားကို မေးရမယ်”

“ခမ်းဆီက ချစ်အဖြေတောင်းရမယ်၊ ဒီလိုမဟုတ်လား”

ခမ်းစကားမဆုံးခင် ခွန်ရှေးလတ်က ဝင်ပြောလိုက်တာမို့ ခွန်ရှေးလတ်ရင်ခွင်ကို ခမ်းက လက်သီးဆုပ်ကလေးများဖြင့် ချစ်စနိုး

ထုပါသည်။

"သွားပါ၊ မောင်က ကိုယ့်ကိုယ်ကို အထင်ကြီးနေတာ ခမ်းသိသားပဲ၊ ပြီးတော့ ခမ်းအချစ်ကိုလည်း အထင်သေးတယ်"

ပြောရင်း ခမ်းအသံလေးတွေ တုန်ရီကာ ငိုသံစွက်လာတော့ ချစ်ဇနီးကို ခွန်ရှေးလတ်က အနမ်းဖြင့်နှစ်သိမ့်ရင်း…

"ခမ်းရဲ့အချစ်ကို မောင် တစ်ခါမှ အထင်မသေးခဲ့ပါဘူးဗျာ၊ အထင်ကြီး တန်ဖိုးထားလွန်းလို့ ခမ်းဆီက အချစ်ကို မရအရတောင်းခံနေရတာပေါ့"

"ပြောပါဦး၊ မောင့်ကိုချစ်တယ်လို့"

"သိပြီးပြီပဲ"

"ထပ်ကြားပါရစေဦး မောင့်အချစ်ရယ်"

"မောင့်ကိုချစ်လား"

"အင်း"

"ချစ်တယ်"

"တရားဝင်သွားပြီနော်"

"သွား"

"သွားမှာပါ၊ ပိုပြီးတရားဝင်တဲ့ဆီကိုလေ"

"မောင်"

ဦးမိုး၀၁၆ပ



"သိပ်ချစ်တယ်ခမ်းရယ်"

"အို့ကွယ်"

လေအနေ့မှာ ပြာဖျော့ကြည်လင်သော ခန်းဆီးလိုက်ကာအစုံက တဖျပ်ဖျပ်လွင့်မျောလှုပ်ရှားလျက် ကျန်ရစ်သည်။ တရားမဝင်သော ချစ်သူအဖြစ် ရင်ထဲက အချစ်ကို ထုတ်ဖော်ခွင့်မပေးဘဲ တစ်ဘက်သတ်အချစ်နှင့် ခမ်းရင်ကို နာကျင်ပန်းလျစေသူ၏ ရင်ခွင်မှာ အခုတော့ နှစ်ဦးနှစ်ဘက် တရားဝင်ချစ်သူများအဖြစ် ကျေနပ်ပြုံးပျော်စွာ သတ်မှတ်ခိုဝင်လိုက်ချိန်။

တရားဝင်ချစ်သူအဖြစ် အကြိမ်ကြိမ်ခပ်နှိပ်လာသော အချစ်အမှတ်တံဆိပ်များက ဟိုတစ်စ ဒီတစ်စ မှတ်သိပ်စွာ ပွံ့လွင့်လျက်။

ချစ်သူတိုင်းပျော်ရွှင်ကြည်နူးနိုင်ကြပါစေ။

ချစ်ခြင်းမေတ္တာဖြင့်

မြပုလဲသွယ်

ဦးမိုး၀၁၆ပ